# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်

## အစီရင်ခံစာ

၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်

# ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဥယျောဇဉ်............................................................................. | | |
| | စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ၏အမည်စာရင်းနှင့်လက်မှတ်များ.. | | |
| | အကျဉ်းချုပ်............................................................................. | | |
| ၁။ | နိဒါန်း..................................................................................... ...... | | ၁ |
| | ၁.၂။ | သုတေသနလုပ်ထုံးလုပ်နည်း................................................... | ၁ |
| | ၁.၃။ | လေ့လာမှုအတိုင်းအတာ........................................................ | ၂ |
| | ၁.၄။ | ကန့်သတ်ချက်များ................................................................ | ၃ |
| ၂။ | ရခိုင်ပြည်နယ်၏ နောက်ခံသမိုင်းအကျဉ်း................................................ | | ၆ |
| | ၁.၇။ | အစိုးရ၏ နိုင်ငံခြားသားများကိုစိစစ်ရေးဆောင်ရွက်မှု.................... | ၈ |
| | ၁.၈။ | ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးတို့အကြား ပဋိပက္ခဖြစ်ပွားမှုများ အကျဉ်း.................................................................................. | ၁၁ |
| ၃။ | ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းနှစ်ခုတို့အကြား တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် အခြေအနေများနှင့် ၂၀၁၂-ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များ................................................................... | | ၁၃ |
| | ၃.၁။ | လူ့အဖွဲ့အစည်းနှစ်ခုအကြား အပြန်အလှန်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို လေ့လာခြင်း............................................................. | ၁၃ |
| | ၃.၂။ | ၂၀၁၂-ခုနှစ် ပဋိပက္ခများစတင်ဖြစ်ပွားပုံအဆင့်ဆင့် ပထမအကြိမ်ဖြစ်ပွားခဲ့သော ဖြစ်စဉ်များ.................................. | ၁၃ |
| | ၃.၃။ | ဒုတိယအကြိမ်ဖြစ်ပွားခဲ့သောဖြစ်စဉ်များ.................................... | ၂၀ |
| | ၃.၄။ | အာဏာပိုင်များ၏တည်ငြိမ်မှုပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ချက်များ.............................................................. | ၂၀ |
| ၄။ | ရခိုင်ပြည်နယ်အတွင်းပဋိပက္ခဖြစ်ပွားရသည့်အကြောင်းရင်းများ................ | | ၂၂ |
| ၅။ | ရခိုင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများကြောင့်ဆုံးရှုံးမှုများ.............. | | ၂၉ |
| | ၅.၂။ | အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု.............................. | ၂၉ |
| | ၅.၃။ | ရခိုင်နှင့်ဘင်္ဂါလီတို့မှပေးပို့သော ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်သည့် အချက်အလက်များ................................................................ | ၃၃ |
| | ၅.၄။ | စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုများ................. | ၃၄ |
| | ၅.၅။ | လူမျိုးစုတစ်စုချင်းစီနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ | |

| | | | |
|---|---|---|---|
| | | ပိုင်းဆိုင်ရာ ထိခိုက်မှု......... | ၃၉ |
| | ၅.၆။ | စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများ......... | ၄၁ |
| ၆။ | | လက်ရှိလူမှုရေးနှင့် စီးပွားရေးအခြေအနေများ......... | ၄၄ |
| ၇။ | | အရေးပါသည့်စီးပွားရေးလုပ်ငန်းများ | |
| | ၇.၁။ | လယ်ယာလုပ်ငန်း......... | ၄၈ |
| | ၇.၂။ | ရေလုပ်ငန်း......... | ၄၉ |
| | ၇.၃။ | ဈေးရောင်းချခြင်းနှင့်ကုန်သွယ်ခြင်း......... | ၅၁ |
| | ၇.၄။ | ဝန်ဆောင်မှုနှင့်ခရီးသွားလာရေးလုပ်ငန်း......... | ၅၂ |
| | ၇.၅။ | အသေးစားစက်မှုလက်မှုလုပ်ငန်းများ......... | ၅၃ |
| | ၇.၆။ | စီးပွားရေးဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည့် အကြောင်းအရာများ......... | ၅၃ |
| | ၇.၆.၂။ | မြေဩဇာကောင်းမွန်သောစိုက်ပျိုးမြေများ နည်းပါးခြင်း......... | ၅၄ |
| | ၇.၆.၃။ | လမ်းပန်းဆက်သွယ်ရေး......... | ၅၅ |
| | ၇.၆.၄။ | ခေတ်မီနည်းပညာများ အသုံးပြုမှုနည်းပါးခြင်း......... | ၅၅ |
| | ၇.၆.၅။ | စက်မှုလက်မှုလုပ်ငန်းများနည်းပါးခြင်း......... | ၅၆ |
| | ၇.၆.၆။ | ချေးငွေအရင်းအမြစ်နည်းပါးခြင်း......... | ၅၇ |
| | ၇.၆.၇။ | လူ့စွမ်းအားအရင်းအမြစ် မလုံလောက်ခြင်း......... | ၅၇ |
| | ၇.၇။ | စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ဆောင်ရန်လိုအပ်ချက်များ......... | ၅၈ |
| | ၇.၈။ | စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်အကြံပြုချက်များ......... | ၆၂ |
| ၈။ | | ရခိုင်ပြည်နယ်အတွင်း အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ......... | ၆၆ |
| | ၈.၁။ | အဟာရနှင့် အစားအစာဖူလုံမှုအခြေအနေ......... | ၆၆ |
| | | အကြံပြုချက်......... | ၆၇ |
| | ၈.၂။ | အမိုးအကာအခြေအနေ......... | ၆၈ |
| | | အကြံပြုချက်......... | ၆၉ |
| | ၈.၃။ | ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ......... | ၆၉ |
| | | အကြံပြုချက်......... | ၇၂ |
| | ၈.၄။ | ပညာရေးအခြေအနေ......... | ၇၃ |
| | | အကြံပြုချက်......... | ၇၅ |
| | ၈.၅။ | အထွေထွေအကြံပြုချက်......... | ၇၆ |
| ၉။ | | တည်ငြိမ်အေးချမ်းမှုရရှိနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များ......... | ၇၇ |
| | ၉.၁၆။ | တရားဥပဒေစိုးမိုးရေးအတွက် အကြံပြုချက်များ......... | ၈၅ |

၁၀။ ရိုဟင်ဂျာအခေါ်အဝေါ်ပြဿနာ.......................................................... ၉၂

၁၁။ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြည်သူများ၏အမြင်........................................... ၉၇

၁၂။ ရခိုင်တိုင်ရင်းသားများနှင့်ဘင်္ဂါလီများ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် အကြံပြုချက်........................................................ ၁၀၄

၁၃။ သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်သည့် အကြံပြုချက်များ...................... ၁၁၆

၁၄။ နိဂုံး..................................................................................... ၁၁၈


**ကျမ်းကိုးစာရင်း..............................................................................**

**နောက်ဆက်တွဲများ**


၁။ မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများရှိ လူဦးရေ စာရင်း.................................................. နောက်ဆက်တွဲ (က - ၁)

၂။ မြို့နယ်အလိုက်၊ မျိုးနွယ်စုအလိုက် လူဦးရေ စာရင်း....... နောက်ဆက်တွဲ (က - ၂)

၃။ မြို့နယ်အလိုက်၊ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေ စာရင်း..................................................... နောက်ဆက်တွဲ (က - ၃)

၄။ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်၊ ၅၈/၂၀၁၂ ဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့်လုပ်ငန်းတာဝန် (၈) ရပ်.. နောက်ဆက်တွဲ (ခ)

၅။ ပဋိပက္ခများအတွင်းရခိုင်နှင့်ဘင်္ဂါလီများ၏ သေဆုံး၊ ပျက်စီးဆုံးရှုံးမှုစာရင်း................................ နောက်ဆက်တွဲ (ဂ)

၆။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက် (ကောက်နုတ်ချက်)များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာန/လုပ်ငန်းကော်မတီများ............. နောက်ဆက်တွဲ (ဃ)

၇။ ရခိုင်ပြည်နယ်မြေပုံ............................................... နောက်ဆက်တွဲ (င)

၈။ စုံစမ်းစစ်ဆေးရေးကော်မရှင် ရုံးအဖွဲ့ဝင်များ................ နောက်ဆက်တွဲ (စ)


**ဇယားများ**


၁။ ဇယား (၁) - ဘင်္ဂါလီလူမျိုးများ သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုစာရင်း................................................ . ၃၁

၂။ ဇယား (၂) - ရခိုင်လူမျိုးများ သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုစာရင်း.................................................. ၃၁

၃။ ဇယား (၃) - ပဋိပက္ခများကြောင့် မြို့နယ်အလိုက် နစ်ဖက်
သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုစာရင်း............................ ၃၂
၄။ ဇယား (၄) - ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်
အဆောက်အဦများစာရင်း............................................. ၃၃
၅။ ဇယား (၅) - မြို့နယ်အလိုက် ရခိုင်နှင့်ဘင်္ဂါလီတို့မှ
တင်ပြလာသော သေဆုံး၊ ဒဏ်ရာရစာရင်း....................... ၃၄

# ဥပဒေါ့ဂျာဇင်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော လူမျိုးရေးပဋိပက္ခများ၏ ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် အနာဂါတ်တွင် ထိုပဋိပက္ခမျိုး ထပ်မံမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန်နှင့် လုပ်ဆောင်ရမည့် အချက်များကို သိရှိနိုင်ရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေး ရေးကော်မရှင်တစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ(၁၇)နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး လိုအပ်သည့်လေ့လာမှုများကိုပြုလုပ်ကာ အစီရင်ခံစာကို ရေး သားခဲ့ခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် လူမျိုးစုတစ်စု (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို ဦး တည်၍ အပြစ်တင်ခြင်းမျိုးမပြုလုပ်ဘဲ၊ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးကို ဦးတည်ကာ အကြံပြုချက်များကို တင်ပြထားပါသည်။

ကော်မရှင်အဖွဲ့ဝင်များထဲတွင် သမိုင်းပညာရှင်များ၊ လူမှုရေးသိပ္ပံပညာရှင်များ၊ ဥပဒေပညာရှင်များ နှင့် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအဖွဲ့ခေါင်းဆောင်များ ပါဝင်ပါသည်။ ကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျနိုင်သမျှကျစေရန် ကောက်ယူရရှိသည့် သတင်း အထောက်အထားများကို ကြိုးပမ်း၍ ဝေဖန်ဆန်းစစ်ထားပါသည်။ ဤအစီရင်ခံစာတွင် တင်ပြထား သည့်အကြံပြုချက်များသည် အစိုးရနှင့် ပြည်သူလူထုတို့၊ အတူတကွပူးပေါင်းဆောင်ရွက်ရမည့် အကြံပြုချက်များဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်အတွင်း ရေရှည်ငြိမ်းချမ်းသာယာဝပြောရေး အတွက် ပြည်သူ/ပြည်သားများအားလုံးမှ မေတ္တာရှေ့ထား၍ ပူးပေါင်းဆောင်ရွက်ကြရန် အထူးလို အပ်လှပါသည်။

ဤအစီရင်ခံစာအား ပြီးမြောက်အောင် ရေးသားနိုင်ရန်အတွက် ကော်မရှင်အနေဖြင့် အစိုးရအဖွဲ့ အစည်းများ၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတို့ထံမှ အကူအညီများစွာ ရယူခဲ့ရပါသည်။ ဤနေရာတွင် ထိုပုဂ္ဂိုလ်များအားလုံးအား အမည်နာမဖြင့် တစ် ယောက်ချင်းစီ ဖော်ပြခြင်းငှာ မဖြစ်နိုင်သည့်အတွက် ထိုကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာဖော်ပြလိုပါသည်။ သို့ရာတွင် ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ ကူညီခဲ့သူအချို့ကို ဤနေရာတွင် မဖြစ်မနေ ဖော်ပြမှတ်တမ်းတင်လိုပါသည်။

ပထမဦးစွာ ယခုကဲ့သို့ မြန်မာ့သမိုင်းတွင်အရေးပါသည့် အစီရင်ခံစာတစ်စောင်ကို ရေးသားပြုစုခွင့် ရရှိရန် တာဝန်ပေးအပ်ခဲ့သည့်အပြင် လိုအပ်သည့်အကူအညီများအားလုံးကို ရရှိစေရန် အထောက် အပံ့ပြုပေးခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် လိုအပ်သည့်ကိစ္စများကို ဆောင်ရွက်ရာတွင် အထူးအကူအညီများပေးခဲ့ကြသော သမ္မတရုံးဝန်ကြီး များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် ဝန်ကြီးဦးအောင်မင်း၊ ယခင်နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊

ယခုလက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်သန်းသင်း၊ နိုင်ငံတော် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ သမ္မတဦးစီးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦး၊ ပြည်ထောင်စုအမျိုးသားမှတ်တမ်း မော်ကွန်းတိုက်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မျိုးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီးကျော်စိုးဝင်း တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် ကော်မရှင်၏ စုံစမ်းရေးနှင့်ပတ်သက်သော လုပ်ငန်းကိစ္စအရပ်ရပ်နှင့် ကော်မရှင်၏ ရုံးလုပ်ငန်းကိစ္စအဝဝတို့ကို ချောမောလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ထွန်းဖေါင်ဒေးရှင်းဘဏ်လီမီတက်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဘဏ်လုပ်ငန်းရှင်များ၊ ဒေါ်ဝါဝါထွန်း၊ ဦးသိန်းမြင့်၊ ဦးသောင်းတင် (ဒုတိယဝန်ကြီး)နှင့် ဦးကျော်ဝင်း၊ Federal Department of Foreign Affairs of Switzerland တို့အပြင် ဤအစီရင်ခံစာကို စိစစ်တည်းဖြတ်ပေးသည့် ဒေါ်ဝင်းသဇင်ထွန်း (Principle of Myanmar Minerva) တို့အား အထူးပင်ကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထပ်မံဖေါ်ပြလိုသည်မှာ ဦးထန်ကျင်ထောင်းနှင့် ဦးအောင်ထွန်းတို့ ဦးဆောင်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုတေသနအဖွဲ့အား အထူးကျေးဇူးတင်ရှိပါသည်။ ဤသုတေသနအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကြောင့်သာလျှင် ယခုကဲ့သို့ ပြည့်စုံသည့်အစီရင်ခံစာကို ရေးသားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ဤကော်မရှင်အနေဖြင့် နိုင်ငံတော်၏အကျိုးကို ဦးထိပ်ထားလျက် ဤအစီရင်ခံစာကို နိုင်ငံတော်သမ္မတကြီးမှတစ်ဆင့် ပြည်သူတို့ထံ တင်ပြလိုက်ရပါသည်။

ဒေါက်တာမျိုးမြင့်
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်ပဋိပက္ခများ
စုံစမ်းစစ်ဆေးရေးကော်မရှင်

| စဉ် | အမည် | တာဝန် | လက်မှတ် |
|---|---|---|---|
| ၁ | ဒေါက်တာမျိုးမြင့် | ဥက္ကဋ္ဌ | |
| ၂ | သိက္ခာတော်ရဆရာတော် ဦးကျော်ညွန့် | အဖွဲ့ဝင် | |
| ၃ | သိက္ခာတော်ရဆရာတော် ဦးစောမာဂကြီး | အဖွဲ့ဝင် | |
| ၄ | ဦးသိန်းထွန်း | အဖွဲ့ဝင် | |
| ၅ | ဦးစိုးသိန်း (ခ) မောင်ဝံသ | အဖွဲ့ဝင် | |
| ၆ | ဦးသူရ (ခ) ဦးဇာဂနာ | အဖွဲ့ဝင် | |
| ၇ | ဦးခွန်ထွန်းဦး | အဖွဲ့ဝင် | |
| ၈ | ဒေါ်သန်းသန်းနု | အဖွဲ့ဝင် | |
| ၉ | ဦးခင်မောင်ဆွေ | အဖွဲ့ဝင် | |
| ၁၀ | ဒေါက်တာအေးမောင် | အဖွဲ့ဝင် | |
| ၁၁ | ဦးအေးသာအောင် | အဖွဲ့ဝင် | |
| ၁၂ | ဦးကိုကိုကြီး | အဖွဲ့ဝင် | |
| ၁၃ | ဒေါက်တာ ဒေါ်ရင်ရင်နွယ် | အဖွဲ့ဝင် | |
| ၁၄ | ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် | အဖွဲ့ဝင် | |
| ၁၅ | ဦးတင်အောင်မိုး | အဖွဲ့ဝင် | |
| ၁၆ | ဦးအောင်နိုင်ဦး | အဖွဲ့ဝင် | |

| | | | |
|---|---|---|---|
| ၁၇ | ဒေါ်ဝါဝါထွန်း | အဖွဲ့ဝင် | |
| ၁၈ | ဒေါ်ဂျာနန် | အဖွဲ့ဝင် | |
| ၁၉ | ဦးထွန်းအောင်ချိန် | အဖွဲ့ဝင် | |
| ၂၀ | ဟာဂျီ ဦးလှဝင်း | အဖွဲ့ဝင် | |
| ၂၁ | ဦးကျော်ခင် | အဖွဲ့ဝင် | |
| ၂၂ | ဟာဂျီ ဦးမြင့်ထွန်း | အဖွဲ့ဝင် | |
| ၂၃ | ဦးလှဝင်း | အဖွဲ့ဝင် | |
| ၂၄ | ဒေါက်တာလှထွန်း | အဖွဲ့ဝင် | |
| ၂၅ | ဒေါက်တာကျော်ရင်လှိုင် | အတွင်းရေးမှူး | |

# အကျဉ်းချုပ်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိပြီး ခရိုင် (၄) ခရိုင်၊ မြို့နယ် (၁၇) မြို့နယ်နှင့် မြို့နယ်ခွဲပေါင်း (၃) မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စုများ ဖြစ်ကြသော သက်၊ ဒိုင်းနက်၊ မြို၊ ခမီး၊ ကမန်နှင့် မရမာကြီး တို့အပြင် ဘင်္ဂါလီလူမျိုးများလည်း နေထိုင်နေကြပါသည်။ လူဦးရေအားဖြင့် (၃.၃) သန်းကျော်နေထိုင်လျှက်ရှိပြီး လူနေထူထပ်မှုနှုန်းမှာ တစ်စတုရန်းမိုင်လျှင် (၂၃၅) ဦးခန့်ရှိပါသည်။

(၁၉) ရာစုအစောပိုင်း၊ အင်္ဂလိပ်နယ်ချဲ့ကိုလိုနီများ ရခိုင်ပြည်နယ်သို့ ဝင်ရောက်လာပြီးနောက် လယ်ယာလုပ်ငန်းအား တိုးချဲ့လာခဲ့သဖြင့် လိုအပ်သောလုပ်အားကို အိမ်နီးချင်းနိုင်ငံများမှ ဘင်္ဂါလီများက ရာသီအလိုက် လုပ်သားများအဖြစ် လာရောက်လုပ်ကိုင်ကြပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း၌ တစတစအခြေချနေထိုင်မှုများ ရှိလာပါသည်။ ထို့နောက်တွင် ဘင်္ဂါလီလူမျိုးများသည် အခြေတကျနေထိုင်ကာ လူဦးရေတိုးပွားမှုများလာခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းတွင် ဒုတိယမြောက် အများဆုံး နေထိုင်သော လူမျိုးစုတစ်စု ဖြစ်လာခဲ့ပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ လူမျိုးစုများ အကြား စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် လွှမ်းမိုးချုပ်ကိုင်လာမှုများနှင့် မကျေနပ်မှုများ တိုးပွားလာ ခဲ့ပါသည်။

သမိုင်းတလျှောက်တွင် ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးများအကြား ပဋိပက္ခများစွာဖြစ်ပွားခဲ့ပါသည်။ နှစ်ဘက်လူ့အဖွဲ့အစည်းကြား ဘာသာအယူဝါဒဓလေ့ထုံးစံများကို အပြန်အလှန်လက်ခံနိုင်မှုမရှိခြင်း၊ အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများ၊ ပြင်းထန်လာသော လူမျိုးရေးစိတ်ဓာတ်များ၊ နိုင်ငံရေးအရ လွှမ်းမိုးလိုမှုများနှင့် လူ့အဖွဲ့အစည်းနှစ်ရပ်ကြားအပြန်အလှန် စွပ်စွဲပြစ်တင်မှုများကို သားစဉ်မြေးဆက် ပြုလုပ်ခဲ့ခြင်းများကြောင့် မကြာခဏဆိုသလိုပင် လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခဲ့ပါသည်။ ယင်းဖြစ်စဉ်များ အတွင်းမှ ၂၀၁၂ ဇွန်လနှင့်အောက်တိုဘာလ များအတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် သမိုင်းတလျှောက်တွင် ကြီးမားသော ပဋိပက္ခတစ်ရပ်ဖြစ်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် ပဋိပက္ခများအတွင်းတွင် လူပေါင်း (၁၉၂) ဦးအသက်ဆုံးရှုံးခဲ့ရပြီး၊ (၂၆၅) ဦး ဒဏ်ရာရရှိခဲ့ရကာ နေအိမ်ပေါင်း (၈၆၁၄) ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ လူပေါင်း (၁) သိန်းကျော်သည်လည်း အိုးမဲ့အိမ်မဲ့ဖြစ်ရကာ ဒုက္ခသည်များ ဖြစ်ခဲ့ကြရပါသည်။ ပဋိပက္ခများကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ထိခိုက်မှု များရှိလာပြီး မိသားစုများ၏ စားဝတ်နေရေးခက်ခဲလာရုံသာမက ရခိုင် ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများပါ ထိခိုက်မှုများစွာ ရှိလာခဲ့ပါသည်။ ထို့ပြင် လူမျိုးစုနှစ်စုအကြား အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် မိသားစုများ၏ လုံခြုံရေးကို စိုးရိမ်ပူပန်ရခြင်း၊ ကြောက် လန့်ခြင်းနှင့် မတည်မငြိမ်မှုကြောင့် အခြေခံလိုအပ်ချက်များ များပြားလာခြင်းတို့ကိုလည်း ဖြစ်ပေါ်စေ ပါသည်။ အထူးသဖြင့် ထိခိုက်လွယ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များတွင် ပဋိပက္ခများကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ တိုးပွားလာသည့်အပြင် လူမျိုးစုနှစ်စု အကြား ဆက်ဆံရေး မှာလည်း အတိုင်းအတာတစ်ခုအထိ ပြတ်တောက်သွားခဲ့ပါသည်။ ထို့ပြင် သမိုင်းဖြစ်စဉ်များ၏ ခါးသီးမှုများ

ကြောင့် လူမျိုးစုတစ်စုနှင့်တစ်စုအကြား ကန့်သတ်တားဆီးမှုများသည်လည်း တဖြည်းဖြည်း မြင့်မားလာသဖြင့် မယုံကြည်မှုများတိုးပွားလာခြင်း၊ ဆက်ဆံရေး ပြတ်တောက်ခြင်းနှင့် တင်းမာမှုများ မြင့်တက်နေခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။ အထက်ပါပြဿနာရပ်များကို အရေးတကြီး ကိုင်တွယ် ဖြေရှင်းရန် အတွက် -

- လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ထားရန်၊
- လုံခြုံတပ်အင်အားများ ရုတ်တရက် များပြားစွာ လျှော့ချခြင်း မပြုရန်၊
- နယ်စပ်လုံခြုံရေးတိုးမြှင့်ထားခြင်းနှင့် ကျွမ်းကျင်သော အဓိကရုဏ်းနှိမ်နင်းရေး တပ်ဖွဲ့များကြိုတင်ဖွဲ့စည်း တာဝန်ပေးအပ်ထားရန်၊ ကျွမ်းကျင်သူများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးထားရန်၊ ပုံးရှင်းလင်းရေးအဖွဲ့ထားရှိပေးရန်နှင့် ခေတ်မီကောင်းမွန်သော အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းကိရိယာများ တပ်ဆင်ပေးထားရန်၊
- အဓိကရုဏ်းနှိမ်နင်းရေးတွင် တပ်မတော်၏အကူအညီ ရယူမည်ဆိုပါက တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား ခေတ်မီ အဓိကရုဏ်း နှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်း၊ မီးကျောက်များကို လုံလောက်စွာ ထုတ်ပေးထားရန်၊
- လုံခြုံရေး တပ်ရင်းတပ်ဖွဲ့များကို ဖွဲ့စည်းပုံအပြည့် အင်းအားဖြည့်တင်းပေးထားရန်နှင့် ပဋိပက္ခဖြစ်ပွားရာ မည်သည့်နေရာဒေသကိုမဆို အမြန်ဆုံး ရောက်ရှိ ထိန်းသိမ်းနိုင်ရေး အတွက် ခေတ်မီသော ဆက်သွယ်ရေးစနစ်၊ ကုန်းလမ်း၊ ရေလမ်း၊ ရာသီမရွေးသွားလာနိုင်သည့် ခေတ်မီသောတပ်ဖွဲ့ပိုင် မော်တော်ကားများ၊ ရေယာဉ်များ၊ အမြန်ရေယာဉ်များ၊ စက်လှေများကို တပ်ဆင်ဖြည့်ဆည်းပေးထားရန်၊
- တပ်မတော်ရေတပ်အင်အား တိုးချဲ့ချထားရန်၊ ကမ်းခြေစောင့်ရေဒါစခန်းများ၊ ကင်းလှည့်လေယာဉ်များ၊ CCTV စောင့်ကြည့်ကင်မရာများ၊ လူလုပ်အတားအဆီးများချထားရန်၊
- ကမ်းခြေစောင့် ရေကြောင်းရဲတပ်ဖွဲ့ (Marine Police/ Coastal Police) ကိုဖွဲ့စည်း၍ Assault Boat ကင်းလှည့် တိုက်ခိုက်ရေးရေယာဉ်များကို ထုတ်ပေးထားပြီး၊ ရေတပ်နှင့် ပူးပေါင်း ကင်းလှည့်ခြင်းများဆောင်ရွက်စေရန်၊
- အကြမ်းဖက်အဖွဲ့အစည်း၊ အစွန်းရောက်အဖွဲ့အစည်းများ၏ အန္တရာယ်မှ ကြိုတင်ကာကွယ်ထောက်လှမ်းသိရှိနိုင်ရန် စစ်ဘက်ထောက်လှမ်းရေး၊ အရပ်ဘက်ထောက်လှမ်းရေးများပါဝင်သည့် Spicial Team တစ်ခုဖွဲ့စည်းတာဝန်ပေးအပ်သွားရန်၊
- ရခိုင်ပြည်နယ်ရှိ လဝက ဝန်ထမ်းအင်အားများကို အထူးကိစ္စရပ်တစ်ရပ် အနေဖြင့် ဖွဲ့စည်းပုံအပြည့် ဖြည့်တင်းပေးရန်၊
- နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာဒေသန္တရအမိန့်များထုတ်ပြန်ပြီး ဆက်လက်ထိန်းချုပ်ထားရန်၊
- ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်အောင် ဆောင်ရွက်ပေးရန်၊
- ယခုနှစ်၊ ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ဖြစ်ပါက ထိစပ်နေသော

နယ်စပ်ဒေသသို့ အကျိုးဆက်များ သက်ရောက်လာနိုင်ပါသည်။ ထိုအတွက် ကြိုတင်စဉ်းစားထားရန်နှင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ထားရန်၊

- ပဋိပက္ခနှင့်ပတ်သက်၍ ဖြေရှင်းမည့် နည်းလမ်းများရေးဆွဲခြင်း၊ ဥပဒေနည်းဥပဒေများအား သုံးသပ်ခြင်းနှင့် ကြိုတင်ကာကွယ်သည့် စနစ်တစ်ရပ်ထူထောင်ရန်အတွက် အစီအမံများ ရေးဆွဲထားရန်၊
- တရားဥပဒေစိုးမိုးရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဖွဲ့စည်းပုံအရ လိုအပ်နေသော ဝန်ထမ်းအင်အားကို ထပ်မံဖြည့်တင်းရန်၊အထူးသဖြင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့အား ဖြည့်တင်းပေးရန်၊
- တရားစီရင်ရေးတွင်လည်း သာတူညီတူနှင့် လျင်မြန်စွာ အရေးယူဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရန်၊
- မည်သို့ပင်ဖြစ်စေ အစိုးရဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူပြည်သားအားလုံးသည် နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ကြရန်ဖြစ်သည်။ အကယ်၍ အဆိုပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတစ်ခုခုကို ဖေါက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေအတိုင်း တိတိကျကျ အရေးယူသွားရန် တို့ကို လုပ်ဆောင်သင့်ပါသည်။

ပြန်လည်ထူထောင်ရေးအတွက် အစိုးရနှင့်အဖွဲ့အစည်းများသည် အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်နှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ဟူ၍ အပိုင်းများခွဲကာ အစားအစာ၊ အမိုးအကာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကိစ္စရပ်များကို တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။ သို့ရာတွင် လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင် အောင်မြင်ခဲ့သော်လည်း လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ အစားအစာကဏ္ဍတွင် စုစုပေါင်းလိုအပ်ချက်၏ (၁၅) ရာခိုင်နှုန်းခန့် ဖြည့်ဆည်းရန် ထပ်မံလိုအပ်နေခြင်းနှင့် အာဟာရမပြည့်ဝခြင်း၊ အမိုးအကာ ကဏ္ဍတွင် လိုအပ်ချက်၏ (၉၀) ရာခိုင်နှုန်းကျော်အကောင်အထည်ဖော်ပေးရန်နှင့် မိုးရာသီမတိုင်မီ ဆောက်လုပ်ရန် လိုအပ်နေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် ကူးစက်ရောဂါများတားဆီးကာကွယ်ရန်နှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအား အဆင့်မြှင့်တင်ရန် လိုအပ်နေခြင်း၊ ပညာရေးကဏ္ဍတွင်လည်း ဆရာဆရာမများ လိုအပ်ချက်ရှိနေခြင်း၊ ကျောင်းသူ ကျောင်းသားများ ကျောင်းပြန်တက်နိုင်ရေးနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို အလျင်အမြန်ဆောင်ရွက်ရန် အစရှိသည့် လိုအပ်ချက်များစွာ ရှိနေပါသည်။ အထက်ပါ ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက် -

- ပြည်နယ်အတွင်း ကလေးများ၏ အာဟာရချို့တဲ့မှုကို လျော့လာရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရေး စီစဉ်ပေးရန်။
- မိုးတွင်းကာလမတိုင်မီ ဒုက္ခသည်များအား ယာယီတဲများမှ လုံခြုံသည့် အဆောက်အဦးများတွင် နေရာချထားရန်နှင့် ဒုက္ခသည်စခန်းများတွင် လူဦးရေ သိပ်သည်းမှုကို လျှော့ချရန်။
- ဒုက္ခသည်စခန်းများတွင်ရေသန့်ရရှိရေးနှင့်အိမ်သာများလုံလောက်စွာ ဆောက်လုပ်ပေးရန်။

- စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများကို ပြန်လည်တည်ငြိမ်လာရေးအား အမြန်ကုစားပေးရန်။
- ပိတ်ထားသောစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေးကို အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်။
- စာသင်ကျောင်းများတွင် ပြည်သူ့နီတိ (Civic Education) နှင့် စာတတ်မြောက်ရေး "အသုံးလုံး" အစီအစဉ်များအကောင်အထည်ဖော်ပေးရန်၊
- ဒေသခံပြည်သူများ၏ ဘာသာစကားဖြင့် ထုတ်လွှင့်သော ရေဒီယိုအသံလွှင့်ဌာန (FM Radio Station) တစ်ခု တည်ထောင်ပေးရန်နှင့် နောင်တွင် TV Channel တစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ထားရန် တို့ကို ပြုလုပ်သင့်ပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးရေးတို့ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ဖော်ထုတ်၍ ဖြည့်ဆည်းသွားရန် လိုအပ်နေပါသည်။ သို့ရာတွင် လူမျိုးစုနှစ်စုအကြား အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အရေးပါပါသည်။ ထို့ကြောင့် အေးချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး ကိစ္စရပ်များကို ဖော်ဆောင်နိုင်ရန် -

- မြန်မာစာ၊ မြန်မာစကားနှင့် ယဉ်ကျေးမှုထုံးစံများကို ပိုမိုတတ်မြောက်အောင် သင်ယူစေခြင်း၊
- ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများအကြား လူမှုဆက်ဆံရေး ပိုမိုထိတွေ့မှုရှိစေရန်နှင့် အပြန်အလှန်နားလည်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊
- မြန်မာနိုင်ငံအပေါ် သစ္စာစောင့်သိမှုများတိုးပွားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း၊
- ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊
- တရားမဝင်နေထိုင်သူများကို ကိုင်တွယ်ရာတွင် အစိုးရအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးနှင့်ပတ်သက်သည်များကို အမြန်စိစစ်ရန်လိုအပ်ခြင်း၊ ၁၉၈၂ ဥပဒေကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရန်လိုအပ်ခြင်း၊
- တရားရေးနှင့်ဥပဒေစိုးမိုးရေးကဏ္ဍသည် ပြဿနာတစ်ရပ်အား ဖြေရှင်းပေးနိုင်သည့် နည်းလမ်း တစ်ခုဖြစ်ရန်လိုအပ်ခြင်း၊
- သဘောထားပျော့ပျောင်းသည့် နှစ်ဘက်ခေါင်းဆောင်များဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းအကောင်အထည်ဖော်စေခြင်း၊
- ဘာသာတစ်ခုမှတစ်ခုအား စော်ကားခြင်း၊ ပုတ်ခတ်ခြင်းနှင့် အစွန်းရောက်ဘာသာရေး အတွေးအခေါ်လုပ်ဆောင်မှုများအား ကာကွယ်တားမြစ်ခြင်း တို့ကို ပြုလုပ်သင့်ပါသည်။

သတင်းအချက်အလက်များစီးဆင်းမှုသည်လည်း ပဋိပက္ခများအပေါ် အကျိုးသက်ရောက်မှုများစွာ ရှိနေသည့်အတွက် သတင်းမီဒီယာများအား -

- ပဋိပက္ခတိုးပွားစေမည့် အပြုအမူနှင့်ပြောဆိုမှုများအား ရှောင်ကြဉ်စေရန်ဆောင်ရွက်ခြင်း၊
- သတင်းအချက်အလက်များကို တိကျမြန်ဆန်စွာထုတ်ပြန်ပေးခြင်း၊
- ကျေးလက်တွင် မှန်ကန်သောသတင်းများရရှိစေရန် ရေဒီယိုမှထုတ်လွှင့်ခြင်း၊ စာစောင်များ ဖြန့်ဝေခြင်းနှင့် အသံချဲ့စက်များဖြင့် ကြေညာခြင်း တို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

# ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ

## ၁။ နိဒါန်း

၁.၁။ မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးများကြား လူမျိုးရေး အဓိကရုဏ်းများသည် ၂၀၁၂ ခုနှစ်၊ ဇွန်လနှင့် အောက်တိုဘာလများအတွင်း ဖြစ်ပွားခဲ့ပါသည်။ ထိုအဓိကရုဏ်းများကြောင့် ရခိုင်နှင့်ဘင်္ဂါလီလူမျိုး စုစုပေါင်း (၁၉၂) ဦး သေဆုံးခဲ့ကြပြီး၊ (၂၆၅) ဦး ဒဏ်ရာရရှိခဲ့ကာ၊ နေအိမ်ပေါင်း (၈၆၁၄) လုံး ပျက်စီးဆုံးရှုံး ခဲ့ပါသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများသာမက နိုင်ငံတော်အနေဖြင့် နိုင်ငံတကာတွင် နားလည်မှုလွဲမှား ခံရခြင်းများ ရှိခဲ့ပါသည်။ ထို့ပြင် ပဋိပက္ခမတည်ငြိမ်မှုများသည် တိုင်းပြည်အတွင်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျှက်ရှိသော နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ထိခိုက်လာနိုင်မည့်အခြေအနေတွင် ရှိနေပါသည်။ ထိုသို့ တိုင်းပြည်အတွင်းရှိ လူမျိုးရေး၊ ဘာသာရေးပြဿနာများကို ငြိမ်းချမ်းစွာဖြေ ရှင်းနိုင်ရန်နှင့် ပြဿနာများ မပေါ်ပေါက်လာစေရန် မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ကို ဆန်းစစ် အဖြေရှာနိုင်ရန်အတွက် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်မှ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ (၁၇) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်မှ ဖွဲ့စည်းတည်ထောင်ထားသည့် သုတေသနအဖွဲ့ဝင်များ သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ (၁၀) ကြိမ်ခန့် သွားရောက်လေ့လာခဲ့ပြီး အစိုးရဝန်ထမ်းများ၊ ဘာသာရေး/လူမှုရေးခေါင်း ဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရခိုင်ပြည်နယ်တွင် နေထိုင်လျှက်ကြရှိသော ပြည်သူများအား စစ်တမ်းများကောက်ယူခြင်း၊ (Focus Group Discussion) များပြုလုပ်ခြင်း၊ အသေးစိတ်အင်တာဗျူးများ ပြုလုပ်ခြင်းနှင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝ ပြောဆိုဆက်ဆံမှုများကို ၎င်းတို့နှင့် အမေး/ အဖြေများ ပြုလုပ်၍ သတင်းအချက်အလက်များ ကောက်ယူခဲ့ပါသည်။ သုတေသနအဖွဲ့သည် ပဋိပက္ခ ဖြစ်ပွားခဲ့သော မြို့နယ် (၁၁) မြို့နယ်တွင် သုတေသနပြုလုပ်ခဲ့ပါသည်။ သုတေသန ပြုလုပ် လေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဖြစ်ပွားနေသည့် အဓိက လူမျိုးစုနှစ်စုကြားရှိ လက်ရှိအခြေအနေကို လေ့လာသုံးသပ်ကာ နိုင်ငံတော်သမ္မတကြီး၏ ညွှန်ကြားချက်များနှင့်အညီ အကြံပြုတင်ပြနိုင်ရန်ဖြစ်ပါသည်။

## ၁.၂။ သုတေသနလုပ်ထုံးလုပ်နည်း

၁.၂.၁။ ကွင်းဆင်းသုတေသနပြုလုပ်ရာတွင် လိုအပ်သောနမူနာအရေအတွက် သတ်မှတ်နိုင်ရန် အတွက် မြို့နယ်အလိုက် လူမျိုးစုများ နေထိုင်မှုအရေအတွက်နှင့် မြို့နယ်အလိုက် လူဦးရေ ပျံ့နှံ့မှုအပေါ် အချိုးချကာ ကောက်ယူမည့်ပမာဏကို ခွဲခြားသတ်မှတ်ခဲ့ပါသည်။ သုတေသန ပြုလုပ်ရာတွင် အိမ်ထောင်စုအလိုက် သုတေသနပြုမေးခွန်း (Household Questionnaire)၊

အသေးစိတ်မေးမြန်းခြင်း (In-depth Interview)၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion) နှင့် မျက်မြင်သုံးသပ်ခြင်း (Observation) တို့ကို ဆောင်ရွက်ခဲ့ပါသည်။ သုတေသနပြုမည့်နေရာများကို ရွေးချယ်ရာတွင်လည်း မြို့ပေါ်၊ မြို့အနီးအနားနှင့် ဆက်သွယ်ရေးခက်ခဲသည့် အဝေးနေရာဟူ၍ အမျိုးအစားသုံးမျိုးကို ရွေးချယ်ပါသည်။ သက်ဆိုင်ရာ သုတေသနပြုမည့် မြို့နယ်နှင့် ကျေးရွာများတွင် နမူနာ (သို့မဟုတ်) ဖြေဆို မည့်သူများအား ရွေးချယ်ကောက်ယူရာတွင် ထိုမြို့နယ်ကျေးရွာများ၏ လူမှုစီးပွားအခြေအနေပြယုဂ် များဖြစ်သော ဝင်ငွေ၊ ပညာရေး၊ ကျား/မ အရေအတွက် အစရှိသည့် အချက်များအပေါ်တွင် အခြေခံမူတည်၍ ရွေးချယ်ကောက်ယူမှု ပြုခဲ့ပါသည်။ ထို့ပြင် သုတေသနတွင် ပါဝင်သည့် ခေါင်းစဉ်များအား မျက်မြင်ကိုယ်တွေ့အဖြစ် ပိုင်နိုင်စွာ ဖြေဆိုနိုင်မည့်သူများကိုလည်း အသေးစိတ်မေးခွန်းများ (Qualitative In-depth Interview) ဖြင့် မေးမြန်းခဲ့ပါသည်။

၁.၂.၂။ ထို့ပြင် ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ လူငယ်အုပ်စုများ၊ အမျိုးသမီးအဖွဲ့များနှင့်လည်း အုပ်စုဖွဲ့ဆွေးနွေး ခြင်း (Focus Group Interview) ကို ပြုလုပ်ခဲ့ပါသည်။ လေ့လာမှုများအတွင် ရခိုင် ( ၁,၂၀၀ ) ဦးနှင့် ဘင်္ဂါလီ (၈၀၀) ဦး၊ စုစုပေါင်း (၂,၀၀၀) ဦးကို သုတေသနမေးခွန်းများအသုံးပြု၍ မေးမြန်းခဲ့သည့်အပြင် ဖော်ပြပါ လူမှုအဖွဲ့အစည်း နှစ်ရပ်လုံးအား အသေးစိတ်မေးမြန်းမှု ( In-depth Interview) များကိုလည်း ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် သုတေသနပြုမည့် မြို့နယ်နှင့်ကျေးရွာများတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို အခြေအနေအပေါ်မူတည်၍ ပြုလုပ်ခဲ့ပါသည်။ ဖြေဆိုသည့်အဖြေများကို ပြန်လည်ဆန်းစစ်နိုင်သည့် အခွင့်အရေးရှိပါက ပဋိပက္ခဖြစ်ပွားခဲ့သည့်နေရာများသို့ သွားရောက်ကာ မြေပြင်အနေအထားကို စစ် ဆေးလေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။

၁.၂.၃။ ထို့ပြင် ကော်မရှင်ထံသို့ တင်ပြလာသော စာအုပ်စာတမ်း၊ အထောက်အထားများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ခွဲခြားထားရှိကာ လေ့လာမှုများလည်း ပြုလုပ်ခဲ့ပါသည်။ ကောင်မရှင်အဖွဲ့ဝင်တစ်ချို့၏ အသိမိတ်ဆွေများ၏ အကူအညီကိုရယူကာ နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ချို့၏ စာကြည့်တိုက်များ၊ မြန်မာနိုင်ငံအမျိုးသားမော်ကွန်းတိုက်၊ ပုဂ္ဂလိကစာကြည့်တိုက်များမှ စုဆောင်းထားသည့် အထောက်အထား၊ အချက်အလက်များကိုလည်း ရယူခဲ့ပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျှက် ရှိကြသူများနှင့် အသင်းအဖွဲ့များမှ ပေးပို့သည့် စာရွက်စာတမ်းများကိုလည်း လေ့လာဆန်းစစ်ကာ အချက်အလက်များ ထုတ်ယူခဲ့ပါသည်။ ဤသို့ ကော်မရှင်အနေဖြင့် အချက်အလက်များကို လေ့လာရယူခဲ့ရာတွင် အောက်ပါအခက်အခဲများစွာကို ကြုံတွေ့ခဲ့ရပါသည်။

## ၁.၃။ လေ့လာမှုအတိုင်းအတာ

၁.၃.၁။ ပြုလုပ်ခဲ့သောလေ့လာမှုတွင် ရခိုင်ပြည်နယ်အတွင်းရှိ နေထိုင်သူများ၏ လက်ရှိအနေအထား၊ ရပ်တည်ချက်နှင့် ခံစားမှုများကိုသာ ဦးတည်လေ့လာနိုင် ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ၏

ပြန်တမ်းပါ အချက် (၈) ချက်အပေါ်မူတည်၍ လက်ရှိအနေအထားအား (Cross Sectional Analysis) နည်းလမ်းကိုအသုံးပြု၍ သာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

## ၁.၄။ ကန့်သတ်ချက်များ

၁.၄.၁။ ရခိုင်ပြည်နယ် ပဋိပက္ခအတွင်း ပါဝင်သောသူများက ကော်မရှင်သည် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများကို ဖြေရှင်းပေးမည့်အဖွဲ့အဖြစ် လွဲမှားစွာထင်မြင်ကြပါသည်။ သို့ဖြစ်ပါ၍ ထိုသူများအနေဖြင့် ၎င်းတို့ကြုံတွေ့ရသည့် အခက်အခဲများကို အမှန်တိုင်းပြောကြားခြင်းထက် ချဲ့ကားပြောဆိုခြင်းများ ပြုလုပ်သည်ကို တွေ့ရှိခဲ့ရပါသည်။ ကော်မရှင်မှမေးသောမေးခွန်းများကို အချိန်ပေး အလေးထား နားထောင်လိုခြင်းပင် မရှိကြသည်ကို တွေ့ကြုံခဲ့ရပါသည်။ အချို့သော ဘင်္ဂါလီလူမှုရေးခေါင်းဆောင်များသည် ရန်ကုန်မြို့ရှိ မူဆလင်ခေါင်းဆောင်များထံမှ ကော်မရှင်အဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များကိုရယူ၍ မကြာခဏဆိုသလို ကော်မရှင်အဖွဲ့ဝင်များထံသို့ ဖုန်းမှတဆင့် ၎င်းတို့၏ဒုက္ခများကို မူလတန်းကျောင်းသားများက ဆရာထံတွင် စာအံသကဲ့သို့ပင် အရေးဆို ပြောပြခြင်းများလည်း ရှိပါသည်။

၁.၄.၂။ ရခိုင်ပြည်နယ်ပြင်ပတွင် နေထိုင်လျက်ရှိသော ဘင်္ဂါလီလူမျိုးများနှင့် အချို့သောမူဆလင်ခေါင်းဆောင်များက စစ်တမ်းကောက်ယူမည့်ဒေသတွင် နေထိုင်လျက်ရှိသော ဘင်္ဂါလီလူမျိုးများအား ကော်မရှင်မှ စစ်တမ်းကောက်ယူသူများကို မည်သို့အဖြေပေးသင့်ကြောင်းကို သင်ကြားမှုများပြုလုပ်၍ ညွှန်ကြားထားကြပါသည်။ ကော်မရှင်၏ သုတေသနအဖွဲ့မှ အင်တာဗျူးများပြုလုပ်တိုင်း၊ ပထမဦးဆုံးဖြေဆိုသူသည် မိမိဖြေပြီးလျှင်ပြီးခြင်း ရန်ကုန်ရှိ ၎င်းတို့၏ခေါင်းဆောင်တစ်ချို့ထံသို့ ဖုန်းဆက်ကာ ကော်မရှင်ကမေးသော မေးခွန်းများကို ပြန်လည်သတင်းပို့ခြင်းများ ပြုလုပ်ကြပါသည်။ ထိုရက်အတွင်း ရန်ကုန်မြို့ရှိ ခေါင်းဆောင်များမှ ကျန်ရှိသည့် ဖြေဆိုမည့်သူများကို မည်သို့ဖြေသင့်ကြောင်းဖြင့် အဖြေများကို ဖုန်းမှတဆင့်နှုတ်တိုက်သင်ကြားပေးခြင်းကို ပြုကြပါသည်။ ထို့နောက်တွင် ကော်မရှင်သုတေသနအဖွဲ့မှတွေ့ဆုံမေးမြန်းသည့်အခါ တွေ့ဆုံမေးမြန်းခြင်းခံရသူများအားလုံးက အဖြေတစ်မျိုးတည်းကိုသာပေးလာကြပါသည်။ အချို့သောဖြေကြားသူများသည် စာရွက်ပေါ်တွင် ကြိုတင်ရေးလာသည့် အဖြေလွှာများကို ဖတ်ရှုခြင်းများပြုကြသည်ကို ကြုံတွေ့ခဲ့ရပါသည်။ အချို့သည်ကော်မရှင်မှ မေးသည့်မေးခွန်းများကိုပင် သေချာစွာနားထောင်ခြင်းမပြုဘဲ အဖြေပေးနိုင်သည်များလည်း ရှိပါသည်။ ထိုသူများအား စစ်တမ်းမေးခွန်းများကို အစီအစဉ်အတိုင်း မေးခြင်းမပြုလျှင် အဖြေများကို မှန်ကန်စွာဖြေဆိုနိုင်မှု မရှိတော့ကြောင်းကို တွေ့ရှိခဲ့ရပါသည်။

၁.၄.၃။ ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများအကြား အဆင်မပြေမှုများသည်လည်း ကော်မရှင်၏လုပ်ငန်းစဉ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိပါသည်။ ကော်မရှင်အနေဖြင့် ဘက်မလိုက်ဘဲ ကြားနေကာဆောင်ရွက်လုပ်ကိုင်မှုများအပေါ် ရခိုင်လူမျိုးခေါင်းဆောင်အချို့က တိုင်းရင်းသားရခိုင်များဘက်မှ မားမားမတ်မတ် ရပ်တည်ခြင်းမပြုဟုဆိုကာ မကျေမနပ် အပြစ်တင်မှုများပြုလုပ်ပြီးကော်မရှင်၏ မေးမြန်းချက်များကို အလေးထားဖြေကြားခြင်းများ မပြုကြသည်ကို ကြုံတွေ့ခဲ့ရ

ပါသည်။ ဘင်္ဂါလီများအနေဖြင့်လည်း ကော်မရှင်မှ အင်တာဗျူးမေးလိုသူများကို ရွေးချယ်ရာတွင် အနှောင့်အယှက်များ ပေးခဲ့ကြပါသည်။ ရန်ကုန်မြို့ရှိ တစ်ချို့သော ဘင်္ဂါလီခေါင်းဆောင်များ၏ တာဝန်ပေးအပ်ခြင်း ခံထားရသူမဟုတ်သူများကို မေးမြန်းတိုင်း ကန့်ကွက်တားမြစ်မှုများ ပြုလုပ်ကြပြီး ထိုသို့ကြားလူများကို မေးမြန်းရာတွင်လည်း ထိုသူများက ကော်မရှင် သုတေသနအဖွဲ့၏ လိုအပ်သည့်အချက်အလက်များကို တမင်ရှောင်လွှဲဖြေဆိုမှုများ၊ ငြင်းဆင်မှုများ ပြုလုပ်ခြင်းတို့ကို ကြုံတွေ့ခဲ့ရပါသည်။

၁.၄.၄။ ဝေးလံသောဒေသများရှိ ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများကို စစ်တမ်းကောက်ယူရာတွင်လည်း အခက်အခဲ များစွာရှိခဲ့ပါသည်။ ဘာသာပြန်များရှိကြသော်လည်း အများစုမှာ မေးခွန်းများကို ကောင်းမွန်စွာပြန်ဆို နိုင်ခြင်းမရှိကြချေ။ ထို့ပြင် မေးခွန်းများနှင့် အဖြေကြားချက်များကို ဘင်္ဂါလီဘာသာဖြင့် ရေလည်အောင် ရှင်းပြနိုင်သူ အလွန်နည်းပါးပါသည်။ ထို့ပြင် ဘင်္ဂါလီတို့၏ ဘာသာပြန်မှုများအား တိကျမှုရှိ/မရှိကို စစ်ဆေးရန်အတွက် ဘင်္ဂါလီဘာသာစကား နားလည်သည့် ရခိုင်လူမျိုးများအား သုတေသနအဖွဲ့နှင့်အတူ ခေါ်ယူသွားခဲ့သည်ကို ဘင်္ဂါလီဒေသခံ အချို့က လက်ခံခြင်းမပြုသည်ကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

၁.၅။ အထက်ဖော်ပြပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် မလိုလားအပ်သည့် အနှောင့်အယှက်များကို မကြုံတွေ့စေရန်အတွက် ကော်မရှင်သုတေသနအဖွဲ့သည် ဒေသခံလူငယ်တစ်ချို့ကို သုတေသနလုပ် ထုံးလုပ်နည်းသင်တန်းပေး၍ ဒေသအတွင်း ဖြစ်ပေါ်နေမှုများကို အလွတ်သဘောလေ့လာမှုများ ပြုလုပ်စေခဲ့ရပါသည်။ ထို့ပြင် သုတေသနအဖွဲ့မှ အဖွဲ့ဝင်အချို့ကိုလည်း လေ့လာရန်လိုအပ်သည့် ဒေသများသို့ တိတ်တဆိတ် သွားရောက်စေပြီး သုတေသနလုပ်ငန်းများကို လုပ်ကိုင်စေခဲ့ရပါသည်။ စစ်တမ်းနှင့် အင်တာဗျူးများတွင် ပါဝင်သူများ၏ ပြောဆိုချက်များ မှန်သည်/မမှန်သည်ကို သိရှိရန် အင်တာဗျူးဖြေဆိုသူများအား အပြန်အလှန်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

၁.၆။ ဤစစ်တမ်းကိုကောက်ယူရာတွင် ကျပန်းနမူနာကောက်နည်း (Random Sampling) နည်းကို သုံးကာ၊ ငြင်းပလွှမ်းမိုးမှုမရှိဘဲ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ခြင်း ပြုလုပ်၍ မရခဲ့ပါ။ ထို့ကြောင့် နမူနာများကို ကောက်ယူရာတွင် နေထိုင်လျှက်ရှိသော လူ့အဖွဲ့အစည်းနှစ်ရပ်၏ နေထိုင်ရာအရပ်ဒေသများ၊ ထိုအရပ်ဒေသများတွင် နေထိုင်လျှက်ရှိသော နှစ်ဖက်လူ့အဖွဲ့အစည်း၏ လူဦးရေအစိပ်အကျဲ၊ လူဦးရေပါဝင်မှုအချိုး ကွဲပြားမှုများကြောင့် အချိုးကျကောက်ယူနည်း (Quota Sampling) နည်းကို အသုံးပြု၍ ကောက်ယူခဲ့ပါသည်။

၁.၇။ ဤစစ်တမ်းများမှ တွေ့ရှိချက်များကို ရခိုင်လူမျိုးအားလုံးနှင့် ဘင်္ဂါလီလူမျိုးများအားလုံးတို့အား ကိုယ်စားပြုသည့် တိကျသောစာရင်းတစ်ခုအဖြစ် မပြောလိုပါ။ သို့ရာတွင် ဤစစ်တမ်းမှ တွေ့ရှိချက်များသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ဖော်ညွှန်းနိုင်သည့် သတင်းအချက်အလက်များအဖြစ် သတ်မှတ်ယူ၍ ရနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဤသုတေသနမှ တွေ့ရှိချက်များသည် ပြည်နယ်အတွင်းရှိ

ပဋိပက္ခများနှင့်ပတ်သက်သည့် အလားအလာများကို ရှင်းလင်းစွာသိရှိနိုင်စေရန် အထောက်အကူပြုသည့် အခြေအနေ (Trend) တွင် ရှိပါသည်။ ကော်မရှင် အနေဖြင့် သုတေသနအဖွဲ့၏ တွေ့ရှိချက်များကိုအခြေပြု၍ စီးပွားရေးဆိုင်ရာအကြံပြုချက်၊ အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ အမိုးအကာ၊ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုနှင့်ပတ်သက်သည့် အကြံပြုချက်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာအကြံပြုချက်များ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးနှင့်ပတ်သက်သည့် အကြံပြုချက်များနှင့် သတင်းပြန်ကြားရေးဆိုင်ရာအကြံ ပြုချက်များကို ဤအစီအရင်ခံစာတွင် တင်ပြထားပါသည်။

## ၂။ ရခိုင်ပြည်နယ်၏ နောက်ခံသမိုင်းအကျဉ်း

၂.၁။ ရခိုင်ပြည်နယ်သည် မြောက်လတ္တီတွဒ် (၁၇ံ- ၁၅”) နှင့် (၂၁ံ-၁၁”)ကြား၊ အရှေ့လောင်ဂျီတွဒ် (၉၂ံ- ၁၁”) နှင့် (၉၄ံ - ၅၅”) ကြားတွင်တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း (၁၄,၂၀၀) ခန့်ရှိပါသည်။ ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်လျှက်ရှိသော ကမ်းရိုးတန်းအရှည် (၄၄၃) မိုင်ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်ကို ခရိုင်ပေါင်း (၄)ခရိုင်၊ မြို့နယ်ပေါင်း (၁၇) မြို့နယ်နှင့် မြို့နယ်ခွဲ (၃) မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ (၂၀၁၁) ခုနှစ် စာရင်းအရ လူဦးရေ (၃,၃၃၈,၆၆၉) ဦး ရှိသည့်အနက် ဗုဒ္ဓဘာသာဝင် (၂,၃၃၃,၆၇၀) ဦး၊ အစ္စလာမ်ဘာသာဝင် (၉၆၈,၂၁၈) ဦး၊ ခရစ်ယာန်ဘာသာဝင် (၂၅,၂၀၆) ဦး၊ ဟိန္ဒူဘာသာဝင် (၈,၆၇၀) ဦး၊ နတ်ကိုးကွယ်သူ (၂,၉၀၅) ဦး ရှိကြောင်း သိရှိရပါသည်။ ရာခိုင်နှုန်းအားဖြင့် ဖေါ်ပြရပါလျှင် ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင် (၆၉.၉၀) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် (၂၉) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာဝင် (၀.၇၅) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာဝင် (၀.၂၆) ရာခိုင်နှုန်းနှင့် နတ်ကိုးကွယ်သူ (၀.၀၉) ရာခိုင်နှုန်း အသီးသီးရှိပါသည်။ လူနေထူထပ်မှုနှုန်းမှာ တစ်စတုရန်းမိုင်လျှင် (၂၃၅) ယောက် နှုန်းဖြစ်ပါသည်။ နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှိုင်းယှဉ်လျှင် (၁၀) ဆကျော် နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်တွင် ရခိုင်၊ သက်၊ ဒိုင်းနက်၊ မြို၊ ခမွီး၊ ကမန်နှင့် မရမာကြီး စသည့် တိုင်းရင်းသားလူမျိုးနွယ်စုများ နေထိုင်လျှက်ရှိရာတွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုမှာ အခြားမျိုးနွယ်စုများထက် အရေအတွက်အားဖြင့် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်သည် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြားလူမျိုးနွယ်စုများပါ နေထိုင်လျှက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားလူမျိုးနွယ်စုများသည် ထေရဝါဒဗုဒ္ဓဘာသာကို ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဦးစွာလက်ခံယုံကြည်ခဲ့ကြသော မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏ လူဦးရေနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ (က) ဖြင့် ဖေါ်ပြထားပါသည်။

၂.၂။ ရခိုင်လူမျိုးများ၏ သမိုင်းကြောင်းကို ပြန်လှေ့လာပါက ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်ဟူ၍ ခေတ်လေးခေတ်ထွန်းကားခဲ့ပြီး၊ ရခိုင်လူမျိုးများသည် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်သော သီးခြားတိုင်းပြည်တစ်ပြည်အဖြစ် နှစ်ပေါင်းအတန်ကြာသည့်တိုင်အောင် ရပ်တည်နေထိုင်နိုင်ခဲ့သော လူမျိုးကြီးတစ်မျိုးဖြစ်ပါသည်။ မြောက်ဦးခေတ်အတွင်း အင်အားကြီးသော ရခိုင်မင်းများလက်ထက်တွင် စစ်တကောင်းဒေသအပါအဝင် ဘင်္ဂါလားနယ် (၁၂) နယ်အထိ သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့သည့် သမိုင်းရှိခဲ့သည်ကို ရခိုင်လူမျိုးအများစုမှ ယုံကြည်ထားကြပါသည်။ အတိတ်သမိုင်းတွင် ရခိုင်လူမျိုးတို့၏ဂုဏ်ရောင် ထင်ရှားတောက်ပြောင်ခဲ့ပုံများကို ယနေ့ထက်တိုင် ဂုဏ်ယူလျက်ရှိကြပါသည်။ *“ရခိုင်မြေ၊ ရခိုင်ပြည်သည် ရခိုင်လူမျိုးများသာလျှင်ပိုင်သည်။ ရခိုင်လူမျိုးများသာလျှင် ရှိရမည်။ ရခိုင်မြေမှထွက်သော သယံဇာတများသည်*

*ရခိုင်ပြည်အတွက်သာလျှင်ဖြစ်ရမည်။"*ဟူသော သဘောထားအမြင်ရှိသူများ တိုးတက်များပြားလာလျှက်ရှိသည်ကို တွေ့ရှိရပါသည်။

၂.၃။ အထူးသဖြင့် ဘာသာအယူဝါဒ၊ ဓလေ့ထုံးတမ်း ကွဲပြားခြားနားသော အစ္စလာမ်ဘာသာဝင် **ဘင်္ဂါလီ**[1]များနှင့်ပတ်သက်ပြီး ၎င်းတို့၏ ဖော်ပြပါသဘောထားမှာ ပိုမိုထင်ရှားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် သမိုင်းကြောင်းများအရ ရခိုင်လူမျိုးများနှင့် အစ္စလာမ်ဘာသာကို ယုံကြည်လက်ခံသူ လူမျိုးစုများအကြားတွင် အေးချမ်းစွာ အပြန်အလှန် ဆက်ဆံမှုပြုခဲ့ကြသည်များ ရှိခဲ့ဖူးပါသည်။ ရခိုင်ပြည်နယ်၏ အတိတ်သမိုင်းတစ်လျှောက်ကို ပြန်ကြည့်ပါက ရခိုင်လူမျိုးစုများကသာ အခြားလူမျိုးစုများအပေါ် အစဉ်အမြဲ လွှမ်းမိုးထားနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ လူဦးရေအားဖြင့်လည်း ရခိုင်လူမျိုးများကသာ သိသာစွာ ပိုမိုများပြားခဲ့ပါသည်။ ထို့ပြင် ရခိုင်လူမျိုးများသည်သာ စီမံသူအုပ်ချုပ်သူ လူတန်းစားများဖြစ်ခဲ့ပြီး မြေယာပိုင်ဆိုင်မှုအပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းများမှာလည်း ရခိုင်လူမျိုးများ၏လက်ဝယ်တွင်သာ ရှိခဲ့ပါသည်။ ဘင်္ဂါလီလူမျိုးများမှာ ရခိုင်လူမျိုးများထံတွင် အစေခံ၊ အလုပ်သမား၊ အခစားသမားများအဖြစ်ဖြင့်သာ နေခဲ့ကြရသည်မှာ အစဉ်အလာတစ်ရပ်ကဲ့သို့ ဖြစ်နေခဲ့ပါသည်။ ထိုအချိန်ထိ လူမျိုးစုအလိုက် ကြီးမားသော မည်သည့်ပဋိပက္ခမှ ဖြစ်ပွားခဲ့ခြင်းမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၂.၄။ ထိုစဉ်က ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရေမြေသဘာဝကောင်းမွန်လှသည့်အပြင် မြေလွတ်မြေရိုင်းများစွာရှိခဲ့ပြီး အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လူဦးရေမှာလည်းများစွာနည်းပါးနေခဲ့ပါသည်။ (၁၉) ရာစုအစပိုင်း အင်္ဂလိပ်ကိုလိုနီနယ်ချဲ့များ ဝင်ရောက်လာပြီးနောက် ၎င်းတို့၏စီးပွားရေးအတွက် လယ်ယာပိုင်ဆိုင်မှုမူဝါဒများ ပြောင်းလဲလုပ်ကိုင်သည့်အချိန်မှစ၍ လယ်ယာမြေတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံခြားမှ အထူးသဖြင့် အိန္ဒိယမှ လုပ်ငန်းရှင်နှင့် အလုပ်သမားအများအပြား ခေါ်ယူလာကာ နေရာချလုပ်ကိုင်ခွင့်ပြုခဲ့ရာမှ ဤဒေသသို့ ဘင်္ဂါလီများအပါအဝင် နိုင်ငံခြားသားမြောက်မြားစွာ ဝင်ရောက်နေထိုင်လာခဲ့ပါသည်။ ဝင်ရောက်လာသော အဆိုပါနိုင်ငံခြားသားများ၏ လူဦးရေတိုးပွားနှုန်းမှာလည်း မူလနေထိုင်လျက်ရှိသော ရခိုင်တိုင်းရင်းသားများထက် အဆမတန်မြင့်မားလာခဲ့ပါသည်။ ထို့ပြင် ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီတို့အကြားတွင် ဘာသာရေး၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအစဉ်အလာများနှင့် လူမှုပေါင်းသင်းဆက်ဆံရေးဓလေ့များအစရှိသည်တို့တွင် သိသာစွာကွဲပြားခြားနားနေသည့်အပြင် နှစ်ဖက်စလုံးမှာ နဂိုရှိရင်းစွဲယုံကြည်မှုဓလေ့ထုံးတမ်းများကို အလွယ်တကူပြောင်းလဲလက်ခံတတ်သူများ မဟုတ်ကြသည်ကို တွေ့ရှိရပါသည်။ (ဥပမာ-မည်သည့်ရခိုင်လူမျိုးမှ အစ္စလာမ်ဘာသာဝင်ဘင်္ဂါလီများအား လက်ထပ်မှုမရှိကြခြင်း၊ လက်တွေ့တွင်လည်း လက်ထပ်ပေါင်းသင်းသူ မတွေ့ရှိရသလောက်ရှားပါးခြင်း)။ ဤသို့အားဖြင့် နှစ်ပေါင်းများစွာကြာ

[1] နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နည်းဥပဒေ နှင့် နိုင်ငံတော်ပိုင် တရားဝင်စာရွက်စာတမ်းများအရ၊ မြန်မာတိုင်းရင်းသားမျိုးနွယ်စု (၁၃၅)မျိုးထဲတွင် မပါဝင်သည့် အခြားလူမျိုးစုများကို ၎င်းတို့ဆင်းသက်လာသည့် မျိုးနွယ်စုဇစ်မြစ်အလိုက် "ဘင်္ဂါလီ"၊ "အိန္ဒိယ"၊ "တရုတ်" ဟူ၍သာ ပညတ်ထားခေါ်ဆိုလေ့ရှိပါသည်။ ဥပမာအားဖြင့်- မြန်မာနိုင်ငံသားခံယူထားသော တရုတ်ဇစ်မြစ် မျိုးနွယ်စုများကို ၎င်းတို့ကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေါ်တွင် "တရုတ်/ မြန်မာ" ဟူ၍သာ သတ်မှတ်ခေါ်ဆိုပါသည်။

သည့်တိုင်အောင် ဤလူမျိုးစုနစ်စုမှာ ရောယှက်ခြင်းမရှိဘဲ မိမိတို့လူမျိုး၊ မျိုးနွယ်စုအလိုက် သီးခြားဂုဏ်အင်္ဂါရပ်ကိုယ်စီဖြင့် နေထိုင်လာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၂.၅။ ရခိုင်လူမျိုးများအနေဖြင့် အစွလာမ်ဘာသာဝင် ဘင်္ဂါလီများကို အသက်မွေးဝမ်းကျောင်းမှု အတွက် အလုပ်လာရှာသူ ဧည့်သည်များအဖြစ်ဖြင့်သာမြင်ကြပြီး ၎င်းတို့ရခိုင်လူမျိုးများမှာ အိမ်ရှင်အစစ်ဖြစ်ကြောင်း စွဲမြဲစွာယုံကြည်ထားကြပါသည်။ ဧည့်သည်သည် ဧည့်သည်ကဲ့သို့သာပြုမူနေထိုင်ရန်နှင့် အိမ်ရှင်ကို အမြဲတမ်းလေးစားရန် စွဲစွဲမြဲမြဲလက်ခံထားခဲ့ကြပါသည်။ တစ်ဖက်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်တွင် ရောက်ရှိနေထိုင်နေကြသည့် ဘင်္ဂါလီများမှာ ကြမ်းတမ်းသောအောက်ခြေသိမ်းအလုပ်များ၊ မည်သူမျှမလုပ်နိုင်သည့် အခကြေးငွေဖြင့် ရရှိသောအလုပ်များကိုပင် မညည်းမညူ လုပ်ကိုင်နိုင်ကြသည့်အပြင် ဘင်္ဂါလီများသည် ရှာဖွေရရှိရသမျှကိုလည်း ခြိုးခြံစုဆောင်းတတ်ကြပါသည်။

၂.၆။ တွေ့ကြုံရသည့် ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးကြားထဲမှ အပင်ပန်းခံနိုင်ကာ အလုပ်မရွေးလုပ်နိုင်သောဘင်္ဂါလီအချို့သည် နောက်ပိုင်းတွင် အဆက်အသွယ်ကောင်းရရှိသူ များပြားလာပြီး ကြီးပွားချမ်းသာလာသူဦးရေ တိုးတက်များပြားလာခဲ့ပါသည်။ ရပ်နီးရပ်ဝေးမှ အဆက်အသွယ်များ၏ နောက်ကွယ်မှ ပံ့ပိုးမှုများကြောင့် အဓိကစီးပွားရေးလုပ်ငန်းကြီး အတော်များများကိုပင် ပိုင်ဆိုင်လုပ်ကိုင်နိုင်လာကြသည်ဟု ရခိုင်လူမျိုးများထံမှ သိရပါသည်။ ထို့ပြင် လုပ်ငန်းကြီးနယ်ပယ်အချို့ကို ထိန်းချုပ်လာနိုင်ကြကာ အချို့မှာ ရခိုင်လူမျိုးများထက် စီးပွားရေး၊ နိုင်ငံရေးတွင် ပိုမိုအကွက်မြင် ခြေလှမ်းသွက်လာကြပါသည်။ ဤသို့သော အခြေအနေများသည် ရခိုင်အမျိုးသားများ၏ ဘင်္ဂါလီများအပေါ်တွင်ရှိနေသော မကျေနပ်စိတ်များနှင့် စိုးရိမ်စိတ်များကို ပိုမိုတိုးပွားလာစေရန် တွန်းအားပေးသကဲ့သို့ ရှိနေပါသည်။

## ၂.၇။ အစိုးရ၏ နိုင်ငံခြားသားများကို စိစစ်ရေးဆောင်ရွက်မှု

၂.၇.၁။ ရခိုင်လူမျိုးများ၏ ဘင်္ဂါလီများအပေါ် စိုးရိမ်စိတ်များပိုမိုတိုးပွားစေသည့် အခြားအကြောင်းအရင်းတစ်ရပ်မှာ ဘင်္ဂါလီများ၏ အဆမတန်တိုးပွားလာသည့် လူဦးရေပမာဏပင်ဖြစ်ပါသည်။ ဘင်္ဂါလီများ၏ ဘာသာ၊ ဓလေ့ထုံးတမ်းများအရ နဂိုကပင် လူဦးရေတိုးပွားနှုန်း မြင့်မားသည့်အပြင် ယခင်ကာလများက အစိုးရ၏အားနည်းချက်များကို အခွင့်ကောင်းယူကာ နယ်မြေချင်းထိစပ်နေသည့် တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာမှုတို့ကြောင့် ဘင်္ဂါလီလူဦးရေ တိုးပွားလာခြင်းဖြစ်သည်ဟု ရခိုင်များက ယူဆထားကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပါရှိလာသည့် ပြည်တွင်းရောင်စုံလက်နက်ကိုင်သောင်းကျန်းမှုများ၊ ပြည်ပမှ လက်နက်ကိုင်ကျူးကျော်ဝင်ရောက်လာမှုများနှင့် နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများကြောင့် ပြည်တွင်းသို့ နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်လာမှုများကို စနစ်တကျ ကိုင်တွယ်စီစစ်နိုင်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်၊ ၁၉၇၈ ခုနှစ်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း နေထိုင်သော နိုင်ငံခြားသားများ

နှင့်ပတ်သက်၍ နဂါးမင်းစစ်ဆင်ရေးဖြင့် စီစစ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးကို မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့ရာ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားခြင်း မရှိခဲ့သော်လည်း ရခိုင်ပြည်နယ်တွင်မူ ပြဿနာများ ဖြစ်ပွားခဲ့ပါသည်။

၂.၇.၂။ နဂါးမင်းစစ်ဆင်ရေးကို ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ တပ်မတော်၊ ရဲတပ်ဖွဲ့၊ လဝကနှင့် အခြားအုပ်ချုပ်ရေးအဖွဲ့အစည်းများပါဝင်ကာ စတင်ခဲ့ပါသည်။ စုစုပေါင်း ဝန်ထမ်းအင်အား (၂၀၀) ဖြင့် စစ်ဆင်ရေးပထမအဆင့်ကို ဆောင်ရွက်ခဲ့ပါသည်။ စစ်တွေမြို့တွင် (၁,၂၅၈) ဦးကို စီစစ်တွေ့ရှိ အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒုတိယအဆင့်အနေဖြင့် ဘူးသီးတောင်တွင် ဆောင်ရွက်ခဲ့ပြီး (၁၃၇) ဦးကို စီစစ်တွေ့ရှိ အရေးယူခဲ့ပါသည်။ စစ်ဆင်ရေးဒုတိယအဆင့်အပြီးတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသများတွင် လုယက်မှုများ တိုးပွားလာမှု၊ တိုင်းရင်းသားကျေးရွာများ ဖျက်ဆီးခံရမှုများနှင့် ကောလာဟလဝါဒဖြန့်ခံရမှုများဖြင့် အစိုးရသည် အိမ်နီးချင်းနိုင်ငံများ၏ သံတမန်ရေးအရ ဖိအားပေးမှုများကို ကြုံတွေ့လာခဲ့ရပါသည်။ ထိုအချိန်ကာလ၌ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်နိမိတ် သတ်မှတ်မှုကိစ္စမှာ မပြီးပြတ်သေးပါ။ မတ်လတွင် ဘင်္ဂလားဒေ့ရှ်အစိုးရမှ မြန်မာနိုင်ငံအား တရားဝင်ကန့်ကွက်မှု စတင်ပြုလုပ်ခဲ့ပါသည်။ ယင်းကန့်ကွက်မှုတွင် ဒုက္ခသည်များ ဖြတ်ကျော်လာခြင်းကိစ္စနှင့် နယ်စပ်ဒေသအခြေအနေကို ထိန်းသိမ်းရန်လိုအပ်နေကြောင်း၊ ယင်းသတင်းများကို ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ထိန်းချုပ်သော်လည်း အတိုက်အခံပါတီများမှ ရေးသားလာဖွယ်ရှိကြောင်းနှင့် မြန်မာဘက်မှ စစ်ဆေးရေးလုပ်ငန်းများကို ရပ်တန့်ရန်လိုအပ်ကြောင်း စသည်တို့ပါရှိခဲ့ပါသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ် မီဒီယာများနှင့် မူဆလင်အဖွဲ့အစည်းများကလည်း ဘင်္ဂါလားဒေ့ရှ်အစိုးရအား မြန်မာအစိုးရအပေါ် ဖိအားပေးမှုများပြုလုပ်ရန်နှင့် ကုလသမဂ္ဂကို တင်ပြရန်အတွက် ဖိအားပေးပြောဆိုမှုများ ရှိလာခဲ့ပါသည်။

၂.၇.၃။ ၁၉၇၈ ခုနှစ် ဧပြီလအတွင်းသို့ ရောက်သောအခါ ဘင်္ဂလားဒေ့ရှ်အစိုးရသည် နယ်စပ်ဒုက္ခသည်များကို မြန်မာနိုင်ငံသားများအဖြစ်လည်းကောင်း၊ မြန်မာဘက်မှ မောင်းထုတ်လိုက်ခြင်းခံရသူများအဖြစ်လည်းကောင်း၊ လုယက်မှုများနှင့် ရက်စက်စွာပြုမူခြင်းများပြုလုပ်ကြောင်း စွပ်စွဲပြောဆိုလာခဲ့ပါသည်။ အစပိုင်းတွင် သံတမန်ရေးအရ ဖြေရှင်းခဲ့သော်လည်း နောက်ပိုင်းတွင် လုံခြုံရေးကို ထိပါးလာနိုင်သည်ဟူသော အဓိပ္ပါယ်သက်ရောက်သည့် အပြုအမူများ ပြုလုပ်လာခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဘက်ကပါ တင်ပြလာမှုများနှင့်အတူ နယ်စပ်တွင် လေ့လာစောင့်ကြည့်မှုများ ပြုလုပ်လာခဲ့ပါသည်။ ထို့ပြင် ရိုဟင်ဂျာမျိုးချစ်တပ်ဦး (Rohingya Patriotic Front) မှ ကုလသမဂ္ဂလူ့အခွင့်အရေးရုံးသို့ တိုင်တန်းမှုများလည်း ရှိခဲ့ပါသည်။ မြန်မာအစိုးရဘက်မှလည်း နှစ်နိုင်ငံအကြားတွင် နယ်နိမိတ်ကိစ္စကိုဦးစွာ ဖြေရှင်းရန်နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပေးအပ်ထားခဲ့သော ကတိများကိုဖောက်ဖျက်ကာ သတင်းဖြန့်ချီမှုများရှိနေကြောင်း၊ ထိုကိစ္စရပ်များသည် မြန်မာအစိုးရ၏ ပြည်တွင်းရေးကိစ္စရပ်များသာဖြစ်ပြီး အထောက်အထား

ပြည့်စုံသောသူများကို ပြန်လည်လက်ခံရန်ရှိကြောင်းတို့ကို တုံ့ပြန်ချေပခဲ့ပါသည်။ ထိုကဲ့သို့ ဖြစ်နေစဉ်အတောအတွင်း မူဆလင်လှုပ်ရှားတက်ကြွသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာသံရုံးကို ဆန္ဒပြတောင်းဆိုမှုများ ပြုလုပ်လာခဲ့ပါသည်။

၂.၇.၄။ အထက်ပါအခြေအနေများသည် လူဝင်မှုကြီးကြပ်ရေးကိစ္စများကို အထင်မှားလာစေနိုင်သည့်အပြင်၊ မူဆလင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာကပါ ပါဝင်ပတ်သက်လာမည်ဖြစ်ကြောင်းကို မြန်မာအစိုးရအနေဖြင့် သတိပြုမိလာခဲ့ပါသည်။ နယ်စပ်တွင်ဖြစ်ပွားနေသော ပြဿနာများကို ဖြေရှင်းရန်အတွက် ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့မှ တာဝန်ရှိသူများပါဝင်သော ဆွေးနွေးပွဲတစ်ရပ်ကို မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲလက်ခံရေးစခန်းတွင် ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် နယ်နိမိတ်သတ်မှတ်ရေးကိစ္စရပ်များကို သဘောတူညီ လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့နောက် ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှစတင်၍ ဟင်္သာစီမံချက်ကို ဖော်ဆောင်ကာ ပြန်လည်ဝင်ရောက်လာသူများကို ရွာသစ်များ ဆောက်လုပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းမှုများအတွက် ပလပ်မြေများနှင့် မြေရိုင်းများ ဖော်ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ပြန်လည်လက်ခံသည့်အရေအတွက်မှာ အိမ်ထောင်စုပေါင်း (၃၁,၅၀၅) စုဖြစ်ပြီး လူဦးရေအားဖြင့် (၁၈၆,၉၆၈) ဦးဖြစ်ပါသည်။ နဂါးမင်းစီမံချက်ကြောင့် ထွက်ပြေးသွားသည့် အိမ်ထောင်စုမှာ (၂၅,၉၀၅) စုဖြစ်ပြီး လူဦးရေ (၁၅၆,၆၃၀) ဦးသာ ဖြစ်ပါသည်။ ထို့ကြောင့် ဟင်္သာစီမံချက်အရ အိမ်ထောင်စု (၅,၆၀၃) စု၊ လူဦးရေအားဖြင့် (၃၀,၃၃၈) ဦးကို ပိုမိုလက်ခံခဲ့ရပါသည်။ အနာဂါတ်တွင် ထိုကဲ့သို့မဖြစ်စေရန် နှစ်နိုင်ငံအကြား သတ်မှတ်မှုများကို ကြိုတင်ပြုလုပ်ထားသင့်ပါသည်။

၂.၇.၅။ ၁၉၈၀ နှစ်ဦးပိုင်းမှစ၍ ရခိုင်ပြည်နယ် နယ်စပ်ဒေသများတွင် တပ်မတော်မှ နယ်မြေလုံခြုံရေးကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သောကြောင့် နယ်မြေစိုးမိုးမှု ရရှိလာခဲ့သကဲ့သို့၊ ပြည်တွင်းတွင်လည်း နိုင်ငံရေးလှုပ်ရှားမှုများကို အစိုးရအနေဖြင့် ထိရောက်စွာ ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း တောင်းဆိုမှုများနှင့် ခွဲထွက်လိုမှုများ ပျောက်ကွယ်သွားခဲ့ကာ လက်နက်ကိုင်လှုပ်ရှားမှုများသည်လည်း ၁၉၇၄ ခုနှစ်တွင် တပ်မတော်၏ထိုးစစ်ကြောင့် ပြိုကွဲခဲ့ပြီး၊ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြေချလှုပ်ရှားမှုများသာ ရှိခဲ့ပါသည်။ ၁၉၈၀ နှစ်ဦးပိုင်းကာလများတွင် ရခိုင်ပြည်နယ်တွင်း၌ "ရိုဟင်ဂျာအမျိုးသားလွတ်မြောက်ရေးတပ်ဦး" နှင့် "ရိုဟင်ဂျာမျိုးချစ်တပ်ဦး" တို့၏ မြေအောက်လှုပ်ရှားမှုများကို ဖော်ထုတ်နိုင်ခဲ့၍ ပြည်တွင်း လှုပ်ရှားမှု မရှိသလောက် အားနည်းစေခဲ့ပါသည်။

၂.၇.၆။ မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ၁၉၄၈ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေတွင် တိုင်းရင်းသားများ၏ ရေရှည်အကျိုးစီးပွားအတွက် အားနည်းချက်များရှိသည်ဟုဆိုကာ နိုင်ငံသားဖြစ်မှုဥပဒေတစ်ရပ်ကို ပြင်ဆင်ပြဌာန်းရန်အတွက် မြန်မာအစိုးရသည် နဂါးမင်းစီမံချက်နှင့် ဟင်္သာစီမံချက်များ အပြီးတွင် အားထုတ်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဖြစ်မှုဥပဒေသစ်ကို

ပြဋ္ဌာန်းကျင့်သုံးစေခဲ့ပါသည်။ ထိုဥပဒေမှာ ယနေ့တိုင် ကျင့်သုံးနေဆဲဖြစ်ကာ ၁၉၈၈ ခုနှစ် အရေးအခင်းကာလများမတိုင်ခင်အထိ အစိုးရသည် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများ၏ လှုပ်ရှားမှုများ မရှိသလောက်ဖြစ်အောင် ကောင်းစွာထိန်းချုပ်ထားနိုင်ခဲ့ပါသည်။

**၂.၈။ ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးတို့အကြား ပဋိပက္ခဖြစ်ပွားမှုများအကျဉ်း**

၂.၈.၁။ ၁၉၄၂ ခုနှစ် မောင်တော၊ ဘူးသီးတောင်ဖြစ်စဉ်နောက်ပိုင်းတွင် ရခိုင်နှင့်ဘင်္ဂါလီတို့အကြား အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်မှုများ ကြုံကြားဖြစ်နေခဲ့ပြီး လူအုပ်စုဖြင့် တိုက်ခိုက်ခြင်းများလည်း ရံဖန်ရံခါဖြစ်ပွားခဲ့ပါသည်။ ၁၉၈၄ ခုနှစ်၊ ဧပြီလအတွင်းတွင် တောင်ကုတ်မြို့နယ်၌ မြန်မာ/ရခိုင် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုနိုင်လျှင် ဆုငွေမည်၍မည်မျှပေးမည်ဟူသော လှုံ့ဆော်လက်ကမ်းစာရွက်များ ကားဂိတ်နှင့် မော်တော်ဆိပ်များတွင် ပျံ့နှံ့သွားသဖြင့် ရခိုင်လူမျိုးများ စုစည်းလာကြပါသည်။ ညအချိန်တွင် လူစုလူဝေးဖြင့် ဗလီများကိုဖြိုဖျက်ခြင်း၊ ဘင်္ဂါလီများကို ခြောက်လှန့်ခြင်း၊ ဘင်္ဂါလီဆန့်ကျင်ရေး စီတန်းလှည့်လည်ခြင်းစသည်တို့ကို ညစဉ်တစ်ပတ်ခန့် ပြုလုပ်ခဲ့ကြရာ တောင်ကုတ်မြို့နယ်၊ ပြည်သူ့ကောင်စီရုံးမှ ပုဒ်မ (၁၄၄) ထုတ်ပြန်ကာ တားမြစ်ခဲ့ရပါသည်။ တစ်စုံတစ်ဦးမျှ ထိခိုက်မှုမရှိခဲ့သော်လည်း ဘင်္ဂါလီများ တောင်ကုတ်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြရပါသည်။

၂.၈.၂။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် မောင်တောမြို့အား ဘင်္ဂါလီလူမျိုးများမှ သိမ်းပိုက်ရန် ရည်ရွယ်လုပ်ဆောင်မှုများ ရှိခဲ့ပါသည်။ ယင်းမှာ ၁၉၈၈ ခုနှစ်၊ မေလအတွင်း မောင်တောမြို့၌ အစိုးရ၏အုပ်ချုပ်ရေးယန္တရား အားနည်းနေသည်ကို အခွင့်ကောင်းယူကာ ဘင်္ဂါလီများက အင်အားဖြင့် မြို့ကိုသိမ်းယူရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ဘင်္ဂါလီအင်အားစုစုပေါင်း (၅၀,၀၀၀) ခန့်ရှိခဲ့သော်လည်း ရဲနှင့်လုံထိန်းတပ်ရင်းတို့က ပြန်လည်ခုခံနိုင်ခဲ့သောကြောင့် ၎င်းတို့၏ကြိုးပမ်းမှု အောင်မြင်ခြင်းမရှိခဲ့ပါ။

၂.၈.၃။ ၁၉၈၈ ခုနှစ်အတွင်းတွင် မောင်တောမြို့နယ်၊ ထေရဝါဒသာသနာပြု မောရဝတီဘုန်းကြီးကျောင်းအား အနီးပတ်ဝန်းကျင်ရှိ ဘင်္ဂါလီများက မီးတင်ရှို့ခဲ့ပြီး ကျောင်းထိုင်ဆရာတော်မှာ အသက်ဘေးမှ လွတ်မြောက်ရန် ထွက်ပြေးခဲ့ရပါသည်။ ယနေ့အချိန်ထိ အဆိုပါ ဘုန်းတော်ကြီးကျောင်းသည် ဘင်္ဂါလီများ၏ မီးရှို့ဖျက်ဆီးခြင်းကို (၃) ကြိမ်တိုင် ခံခဲ့ရပြီးဖြစ်ပါသည်။

၂.၈.၄။ ၁၉၉၄ ခုနှစ်အတွင်းတွင်၊ စစ်တွေမြို့ရှိ ကျောင်းထိုင်ဆရာတော်တစ်ပါးမှ ဘင်္ဂါလီလူမျိုးပိုင်ဆေးဆိုင်တွင်ဆေးဝယ်ရာမှ ကတောက်ကဆဖြစ်ခဲ့ကြရာ အနီးရှိဘင်္ဂါလီများမှ ဝိုင်းအုံလာသဖြင့် ထိုအခင်းဖြစ်ပွားရာသို့ ရခိုင်လူမျိုးများလည်း ရောက်ရှိလာခဲ့ကြကာ အပြန်အလှန်မီးရှို့ခဲ့မှုကြောင့် စစ်တွေမြို့၊ နာဇီဈေး မီးလောင်ကျွမ်းခဲ့ရပါသည်။ ထိုနှစ်အတွင်းမှာပင် ဘင်္ဂါလီများ၏ ဖုံးခွဲတိုက်ခိုက်မှုများကြောင့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ ရခိုင်တိုင်းရင်းသားအချို့သေဆုံးကာ၊ နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထို့အတူ ၎င်းနှစ်ထဲမှာပင် ဘင်္ဂါလား

ဒေ့ရှ်မှ ဝင်လာသော RSO (Rohingya Solidarity Organiztion) အဖွဲ့၊ အင်အား (၈၀) ခန့် သည် လက်နက်မျိုးစုံကိုင်ဆောင်လျက် မောင်တောမြို့နယ်တောင်ပိုင်း၊ မောရဝတီ ရခိုင်ရွာသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် ရခိုင် (၁) ဦးသေဆုံးကာ (၁) ဦးဒဏ်ရာရရှိခဲ့ပါသည်။ မြန်မာ့တပ်မတော်မှ ပြန်လည်၍လိုက်လံတိုက်ခိုက်ရှင်းလင်းခဲ့ရပါသည်။

၂.၈.၅။ ၁၉၉၈ ခုနှစ်တွင်ရိုဟင်ဂျာလွတ်မြောက်ရေးအဖွဲ့ RLO (Rohingya Liberation Organization) ဦးဆောင်သော ဘင်္ဂါလီအင်အား (၅,၀၀၀) ကျော်ခန့်သည် မောင်တောမြို့သို့ ရုတ်တရက် ဝင်ရောက်လာကာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများကို ဖျက်ဆီးခြင်း၊ ဗုဒ္ဓဘာသာဝင်များ နေထိုင်သော ရပ်ကွက်များကို မီးရှို့ခြင်း၊ ရခိုင်လူမျိုးမှန်သမျှကို သတ်ဖြတ်ပြီး မောင်တောမြို့ ကို သိမ်းပိုက်ရန် အပြင်းအထန်စီးနင်းတိုက်ခိုက်ခြင်းများကို ပြုလုပ်လာခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ ပြန်လည်ခုခံတားဆီးကာကွယ်နိုင်ခဲ့ပါသည်။

၂.၈.၆။ အထက်ပါဖြစ်စဉ်များအပြင် ရခိုင်နှင့်ဘင်္ဂါလီလူမျိုးစုတို့အကြား အပြန်အလှန်သတ်ဖြတ်ခြင်း၊ ဘင်္ဂါလီများမှ ရခိုင်များအပေါ် လုယက်၊ မုဒိမ်းကျင့်၊ သတ်ဖြတ်ခြင်းစသည့် ရာဇဝတ်မှုများစွာ ဖြစ်ပွားနေခဲ့သည်ဖြစ်ရာ လူမျိုးစုနှစ်စုအကြားတွင် မယုံကြည်မှုများ၊ အမုန်းတရားများ တစ်စ တစ်စ တိုးပွားလာခဲ့ပါသည်။

## ၃။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းနှစ်ခုတို့အကြား တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် အခြေအနေများနှင့် ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့်ပဋိပက္ခ ဖြစ်စဉ်များ

### ၃.၁။ လူ့အဖွဲ့အစည်းနှစ်ခုအကြား အပြန်အလှန်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို လေ့လာခြင်း

၃.၁.၁။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအနေဖြင့် ၎င်းတို့၏ ရေရှည်ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် ပဋိပက္ခများဖြစ်လာစေရေးကို အစဉ်တစိုက် ကြံစည်နေတတ်သည်ဟု ရခိုင်လူမျိုးများက မှတ်ယူကြပါသည်။ ထိုကဲ့သို့ ရခိုင်များမှတ်ယူရခြင်းမှာ ရှေ့တွင်ဖော်ပြထားခဲ့သည့် အတိုင်း နှစ်ရာချီရှည်လျားခဲ့သော သမိုင်းကြောင်းများအရ နှစ်ဖက်လူ့ အဖွဲ့အစည်းများအတွင်း ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များအပေါ် မြစ်ဖျားခံလာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ ရခိုင်လူကြီး/လူငယ်များအတွက် ဖြစ်ပျက်ခဲ့သမျှ ပဋိပက္ခများအနက် အဆိုးရွားဆုံးနှင့် မမေ့နိုင်ကြသေးသည့် ဖြစ်ရပ်ကြီးတစ်ခုမှာ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အုပ်ချုပ်မှုစနစ်ပျက်ယွင်းနေသည့်အချိန်တွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေးအဓိကရုဏ်းပင်ဖြစ်ပါသည်။ ဘင်္ဂါလီများမှ လက်နက်အင်အား၊ လူအင်အားအလုံးအရင်းဖြင့် မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များရှိ ရခိုင်တိုင်းရင်းသားကျေးရွာများကို တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးပစ်ကာ ထိုရခိုင်ရွာများနေရာတွင် ဘင်္ဂါလီများ ဝင်ရောက်နေရာယူ လိုက်သည်ဟု ရခိုင်များက စွပ်စွဲကြပါသည်။ ထိုတိုက်ခိုက်လုယက်ဖျက်ဆီးမှုကြောင့် ရခိုင်လူမျိုး (၂၀,၀၀၀) ကျော် သေဆုံးခဲ့ရပြီး ရခိုင်ကျေးရွာပေါင်းမြောက်များစွာ ဖျက်ဆီးခံခဲ့ရကာ ယနေ့အချိန်ထိ ပြန်လည်နလန်မထူနိုင်တော့ဘဲ ဘင်္ဂါလီများ ကြီးစိုးရာဒေသဖြစ်သွားရသည်ဟု ရခိုင်လူမျိုးများက နာကျည်းစွာ ပြောဆိုနေကြဆဲဖြစ်ပါသည်။ ထိုအချိန်မှစ၍ နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ပြန်လည်၍ အဖတ်ဆည်မရအောင် ယုံကြည်မှုပျက်ပြားသွားသည်မှာ ယနေ့ကာလမျိုးဆက်များအထိဖြစ်ပြီး ယင်းအဖြစ်သည် ဘင်္ဂါလီတို့က အုပ်ချုပ်ရေးပျက်ပြားမှုကို အခွင့်ကောင်းယူကာ မိမိတို့အား နှိပ်ကွပ်ရန်ကြံစည်ခြင်းဖြစ်သည်ဟု ရခိုင်တို့အား မှတ်ယူသွားစေခဲ့ပါသည်။ ထို့ပြင် ယနေ့ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ လူဦးရေ၏ (၉၀) ရာခိုင်နှုန်းကျော်သည် ဘင်္ဂါလီများဖြစ်နေခြင်းကြောင့် ရခိုင်လူမျိုးများအနေဖြင့် ယင်းကိစ္စကို စိုးရိမ်မကင်း ဖွယ်ရာအဖြစ် ယူဆနေကြခြင်း ဖြစ်ပါသည်။

### ၃.၂။ ၂၀၁၂ ခုနှစ် ပဋိပက္ခများ ဖြစ်ပွားပုံအဆင့်ဆင့် (ပထမအကြိမ် ဖြစ်ပွားခဲ့သောဖြစ်စဉ်များ)

၃.၂.၁။ ၂၀၁၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာမှ ရခိုင်တိုင်းရင်းသူတစ်ဦးအား ဘင်္ဂါလီ လူငယ်သုံးဦးမှ ရက်စက်စွာ မုဒိမ်းကျင့်၊ သတ်ဖြတ်ကာ ပစ္စည်းများပါ လုယက်ခဲ့သည့်ဖြစ်စဉ်မှအစပြု၍ ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီများကြား၊ ပဋိပက္ခများ စတင်ဖြစ်ပွားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ဖြစ်ပွားခဲ့ပြီး မကြာမီမှာပင် ထိုမှုခင်း ဓါတ်ပုံများ

သည် Internet Website များပေါ်သို့ ရောက်ရှိလာရာမှ သတင်းများ တဟုန်ထိုး ပျံ့နှံ့သွားခဲ့ပါသည်။ သတင်းမီဒီယာများ၏ သတင်းဖော်ပြချက်၊ စာသားအသုံးအနှုန်းများနှင့် Online ပေါ်မှ မည်သူရေးသားမှန်းမသိနိုင်သည့် မှတ်ချက်များသည်လည်း မီးလောင်ရာလေပင့် ဖြစ်စေခဲ့ပါသည်။ ဤသတင်းများသည် အင်တာနက်အသုံးမပြုနိုင်သည့် မြို့ပြနှင့် ကျေးလက်ဒေသရှိ ရခိုင်လူထုအကြားသို့ပါ တောမီးပမာ မြန်ဆန်စွာ ပျံ့နှံ့ရောက်ရှိသွားပါသည်။ ထိုအခြေအနေ မတိုင်မီ ရက်ပိုင်းအတွင်းက တာဘလစ် ခေါ် အစ္စလာမ်နယ်လှည့်တရားဟောအဖွဲ့ တစ်ဖွဲ့သည် ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာသို့ရောက်ရှိစဉ် ဗလီတစ်လုံးအမြန် ဆောက်လုပ်ရန်နှင့် လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားသွားသည်ဟု သိရှိရပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ရခိုင်အမျိုးသား အတော်များများက ထိုတာဘလစ်များအပေါ် လုံးဝကျေနပ်မှုမရှိခဲ့ကြကြောင်း ပြောဆိုကြပါသည်။ နဂိုမူလတည်းကပင် ဘင်္ဂါလီများအပေါ် စိုးရိမ်စိတ်၊ သံသယစိတ်တို့ဖြင့် စောင့်ကြည့်နေခဲ့သည့် ရခိုင်လူမျိုးများ၊ အထူးသဖြင့် ရခိုင်မျိုးချစ်စိတ် ပြင်းထန်တက်ကြွ သူများ၏ အမျက်ဒေါသကို ထိုအခြေအနေအရပ်ရပ်က အထွဋ်အထိပ်သို့ရောက်အောင် တွန်းပို့လိုက်သကဲ့သို့ ဖြစ်သွားခဲ့ပါသည်။ ထိုအကြောင်းအရပ်များသည် တစ်ဖက်တွင် ပြဿနာကို ဖန်တီးလိုသူများအား အခွင့်အရေး ပေးလိုက်သကဲ့သို့ ဖြစ်စေခဲ့ပါသည်။ ထိုသို့ လူမျိုးရေး၊ ဘာသာရေးအသွင် လှုံ့ဆော်မှုများ ပြင်းထန်နေစဉ် (၃-၆-၂၀၁၂) ရက်နေ့၌ သံတွဲမှ ရန်ကုန်သို့ ထွက်ခွာလာသော ရိုးမသစ္စာ ခရီးသည်တင်ဘတ်စ်ကားပေါ်တွင် ခရီးသွား အစ္စလာမ်ဘာသာဝင် (၁၀) ဦး ပါရှိလာသည်ဟု ဆိုပါသည်။ တောင်ကုတ်မြို့တွင် လူထုအုံကြွနေသည့် အခြေအနေများကို သိရှိထားသည့် (၂၁) မိုင်စခန်းမှ ရဲအကြပ်တစ်ယောက်က တောင်ကုတ်မြို့၌ အခြေအနေမကောင်းသောကြောင့် ဆက်လက်မသွားသင့်ကြောင်း တားဆီးခဲ့သည်ဟု သိရပါသည်။ သို့ရာတွင် ၎င်းရိုးမသစ္စာဘတ်စ်ကားမှာ တောင်ကုတ်သို့ ဆက်လက်ထွက်ခွာသွားခဲ့သည်ဟု ဆိုပါသည်။ တောင်ကုတ်မြို့အဝင်တွင် ဘီးခွန်စခန်းမှ လူတစ်ယောက်က မြို့ထဲသို့ မဝင်ရန်နှင့် သံတွဲသို့ ပြန်လှည့်မောင်းနှင်ရန် သတိပေးခဲ့သေးသည်ဟု သိရှိရပါသည်။ သို့သော်လည်း ၎င်းဘတ်စ်ကားဆရာက တောင်ကုတ်မြို့ထဲသို့ အတင်းမောင်းဝင်လာခဲ့ရာ အဝေးပြေးကားဝင်းသို့ အရောက်တွင်မှ အခြေအနေမကောင်းသည်ကို သိရှိသွားသဖြင့် ကားဝင်းမှ ပြန်လည်ထွက်ခွာလာစဉ် တောင်ကုတ်မြို့ထဲတွင်ပင် စိတ်ခံစားမှု ပြင်းထန်နေသော လူစုလူဝေးမှ အကျိုးအကြောင်း ဆင်ခြင်စဉ်းစားခြင်း မပြုနိုင်တော့ပဲ ကားပေါ်ပါ အစ္စလာမ်ဘာသာဝင် (၁၀) ဦးအား ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်လိုက်ကြပါသည်။ ထိုဖြစ်စဉ်မှအစပြု၍ ရခိုင်ပြည်နယ်ရှိ မြို့ရွာဒေသအများအပြားတွင် ရခိုင်နှင့် ဘင်္ဂါလီ လူမျိုးစုနှစ်စုအကြား အခြေအနေများမှာ ပိုမိုတင်းမာလာခဲ့ပါသည်။

၃.၂.၂။ ဤဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများ၌ သုံးစွဲခဲ့သော "မူဆလင်ကုလား" ဟူသော အသုံးအနှုန်းကြောင့် အစ္စလာမ်ဘာသာဝင်များအကြား မကျေနပ်မှုများ ပေါ်ပေါက်စေခဲ့ပါသည်။ ထိုအကြောင်းများကြောင့် သောကြာနေ့ ဗလီတက်သည့်အခါ ဘင်္ဂါလီများ၏ ဒေါသစိတ်အဟုန်

ပိုမိုပြင်းထန် စေခဲ့ခြင်းဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်ရှိ ဗလီအသီးသီး၌လည်း တောင်ကုတ်တွင် အသတ်ခံရသည့် အစ္စလာမ်ဘာသာဝင် (၁၀) ဦးတို့အတွက် ဆုတောင်းပွဲများ ကျင်းပလာကြပါသည်။ (၈-၆-၂၀၁၂) ရက်၊ သောကြာနေ့တွင် အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီအများစုရှိနေသော မောင်တောမြို့၊ မြို့မအနောက်ရပ်ကွက်ရှိ ဂျာမေဗလီ (ခေါ်) ကျောက်ဗလီနှင့် မြို့မ၊ ကညင်တန်းအုပ်စုရှိ သုသာန်ဗလီတို့မှ သောကြာနေ့ ဝတ်ပြုဆုတောင်းအပြီးပြန်ထွက်လာသော ဘင်္ဂါလီလူအုပ်ကြီးသည် ကြိုတင်စီစဉ်ထားသည့်အတိုင်း လမ်းမပေါ်သို့ ထွက်လာကာ ဘင်္ဂါလီဘာသာစကားဖြင့် ***"မူဆလင်များ ရှင်သန်ပါစေ၊ ရခိုင်များ သေပါစေ"*** ဟု ကြွေးကြော်အော်ဟစ်ကြကာ မြို့မရပ်ကွက်ရှိ တိုင်းရင်းသားများ၏ နေအိမ်များကို ဖျက်ဆီးမီးရှို့ခြင်း၊ တိုင်းရင်းသားများအား လိုက်လံတိုက်ခိုက်သတ်ဖြတ်ခြင်း၊ ပစ္စည်းဥစ္စာလုယူခြင်းများကို လူအုပ်ဖြင့် အကြမ်းဖက်လုပ်ဆောင်ခဲ့ကြသည်ဟု ဒေသခံရခိုင်လူမျိုးများနှင့် အခြားဘာသာရေးခေါင်းဆောင်များက ပြောဆိုကြပါသည်။

၃.၂.၃။ (၈.၆.၂၀၁၂) နေ့မှာပင် မောင်တောတစ်ဝိုက်နှင့် တောင်ပိုင်းဒေသများသို့ ကူးစက်ကာ တိုင်းရင်းသားကျေးရွာများကို ထောင်ဂဏန်းပမာဏရှိသော ဘင်္ဂါလီအင်အားဖြင့် ပတ်ဝိုင်းကာ ဘင်္ဂါလီဘာသာစကားဖြင့် ***"ရခိုင်တွေ ဒီမြေမှာ မနေနိုင်အောင် အားလုံးသတ်ပစ်ကြ"*** ဟု ကြွေးကြော်အော်ဟစ်ပြီး တစ်ပြိုင်နက်တည်းမှာပင် အကြမ်းဖက်တိုက်ခိုက် မီးရှို့သတ်ဖြတ်မှုများ စတင်ပြုလုပ်ခဲ့ကြသည်ဟု ဒေသခံများက ဆိုပါသည်။ ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ အချို့ရခိုင်နှင့် ဗမာလူမျိုးများက ဘင်္ဂါလီများအနေဖြင့် ယခုကဲ့သို့ပြုမူကြခြင်းသည် တောင်ကုတ်ဖြစ်စဉ်အတွက် လက်တုံ့ပြန်ခြင်းထက် ယခင်ကတည်းက ၎င်းတို့ရည်မှန်းချက်ချထားပြီးဖြစ်ခဲ့သော မောင်တောဒေသတွင် တိုင်းရင်းသားများကိုမောင်းထုတ်ကာ ဘင်္ဂါလီများသာ ရှိစေရေးဟူသော မူလအကြံအစည်များအား အကောင်အထည်ဖော်ခြင်းသာဖြစ်သည်ဟု ယူဆကြပါသည်။

၃.၂.၄။ ထိုသို့ ၈-၆-၂၀၁၂ ရက်နေ့တွင် မောင်တောမြို့၌ ဗလီတွင်ဝတ်ပြုအပြီး လူအုပ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ခဲ့ရာတွင် ရခိုင်လူမျိုးတစ်ဦးပိုင်သော သဇင်တည်းခိုခန်းနှင့် စားသောက်ဆိုင်စျေးတန်းအား မီးတင်ရှို့ခြင်းကြောင့် ရခိုင်များနေထိုင်ရာ ဗိုလ်မှူးရွာကို မီးကူးစက်သွားသဖြင့် အိမ်ခြေ (၁၅) လုံး ဆုံးရှုံးခဲ့ပါသည်။ ထိုနေ့မှာပင် တပြိုင်နက်တည်းဖြစ်ပွားခဲ့သော အခြားဖြစ်စဉ်များမှာ မောင်တောမြို့နယ်၊ အုန်းတောကျေးရွာအုပ်စု၊ မောဝရတီ စံပြကျေးရွာအား ဘင်္ဂါလီများက မီးရှို့ခဲ့သဖြင့် ဘုန်းကြီးကျောင်းအပါအဝင် အိမ်ခြေ (၁၀၉) လုံး (ရွာလုံးကျွတ်နီးပါး) မီးလောင်ခဲ့ခြင်း၊ မောင်တောမြို့မှ (၁၂) မိုင်အကွာ ဂေါ်ဒူသာရ ကျေးရွာအုပ်စု၊ သရေကုန်းဘောင် (နတလ) ရွာအား မီးရှို့သဖြင့် အိမ်ခြေ (၉၇) လုံး ဆုံးရှုံးပြီး ရွာသားတစ်ဦး သေဆုံးခဲ့ခြင်း၊ နစက (၃) မိုင်စခန်းရှိ ဝေသာလီရွာအား မီးရှို့ခဲ့သဖြင့် မီးစက်ရုံနှင့် အိမ်ခြေ (၉) လုံးဆုံးရှုံးခြင်း၊ ရပ်ကွက် (၅) မှ တိုင်းရင်းသားနေအိမ်များအား ဘင်္ဂါလီများက ခဲဖြင့်ပစ်ပေါက်ခဲ့ခြင်း၊ ဒူချီးရားတန်းကျေးရွာအုပ်စု၊ ခရေမြိုင် စံပြကျေးရွာတွင် အိမ်ခြေ (၄၇) လုံး၊ ဗောဓိကုန်းကျေးရွာတွင် အိမ်ခြေ (၃၁) လုံး၊ တပ်ဦးချောင်းကျေးရွာတွင် အိမ်ခြေ (၂၁) လုံး၊ ကင်း

ချောင်းကျေးရွာတွင် အိမ်ခြေ (၂၅) လုံးနှင့် ဒီပီအေ စံပြကျေးရွာတွင် အိမ်ခြေ (၂) လုံး မီးရှို့ ဖျက်ဆီးခံခဲ့ရခြင်း၊ မောင်တောမှ (၃) မိုင်ကွာဝေးသည့် ညောင်ချောင်းကျေးရွာအုပ်စု၊ ရွှေရင်အေး (နတလ)စံပြကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းအပါအဝင် အိမ်ခြေ (၆၇) လုံး၊ မြို့သူကြီး ကျေးရွာအုပ်စု၊ ဝေသာလီစံပြကျေးရွာတွင် အိမ်ခြေ (၇) လုံး၊ ဇော်မတက်ကျေးရွာအုပ်စု၊ ကိုင်းကြီးရွာဟောင်းတွင် အိမ်ခြေ (၃၆) လုံး၊ မောင်တောမြို့ပေါ်ရှိ မြို့မအရှေ့ရပ်ကွက်တွင် အိမ်ခြေ (၃) လုံး မီးရှို့ဖျက်ဆီးခံခဲ့ရခြင်းများ ဖြစ်ပွားခဲ့ပါသည်။

၃.၂.၅ အကြမ်းဖက်မှုဖြစ်စဉ်များကိုကြည့်ပါက ၂၀၁၂ ခုနှစ်၊ ဇွန်လ(၈) ရက်နေ့၌ တစ်ရက်တည်း၊ တစ်ချိန်တည်းတွင် နေရာအနှံ့ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ထိုဖြစ်စဉ်များ အားလုံး၏နောက်ကွယ်တွင် ကြိုးကိုင်ထိန်းချုပ်သူရှိနေကြောင်း သိသာထင်ရှားစေပါသည်။ ထိုဖြစ်စဉ်များမှတစ်ဆင့် ရသေ့တောင်၊ ကျောက်တော်၊ ပေါက်တော၊ စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ရမ်းဗြဲ စသည်ဖြင့် ရခိုင်ပြည်နယ်ရှိ ဒေသအများအပြားတွင် အပြန်အလှန် အကြမ်းဖက်တိုက်ခိုက် မီးရှို့သတ်ဖြတ်မှုများ နေရာအနှံ့ ကူးစက်ပြန့်ပွားခဲ့ရပါသည်။ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ထိန်းသိမ်းမှုကြောင့် လူအုပ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ခေတ္တငြိမ်သက်သွားခဲ့သော်လည်း နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုများ ပျက်ယွင်းသွားခဲ့ပြီး ဖြစ်ခြင်းကြောင့် နှစ်ဖက်ရန်စောင် တင်းမာမှုအရှိန်မှာမူ မြင့်တက်လျှက် ရှိနေခဲ့ကာ အခြေအနေပေးလျှင် ပေးသလို သတ်ဖြတ်မှုများ ရံဖန်ရံခါ ဖြစ်ပွားလျှက် ရှိနေခဲ့ပါသည်။ အထူးသဖြင့် လုံခြုံရေးအားနည်းသော နေရာများတွင် ဖြစ်ပွားလေ့ရှိပါသည်။

၃.၂.၆။ ဆက်လက်၍ ၉-၆-၂၀၁၂ ရက်နေ့တွင် စစ်တွေမြို့ပေါ်ရှိ ကုန်းတန်းရပ်ကွက်၊ တောင်ရှည်ရွာ ဘုန်းကြီးကျောင်းအနီးနှင့် ဘောက်သီးစုရပ်ကွက်အနီးတွင် ဘင်္ဂါလီအချို့မှ တုတ်၊ ဓါးများ ကိုင်ဆောင်လျှက်သွားလာခဲ့ကြခြင်း၊ ဘုမေရပ်ကွက်ရှိ စစ်တွေတက္ကသိုလ်အား ဘင်္ဂါလီအချို့က ကျောင်းဝန်းအပြင်မှ ဝိုင်းထားခဲ့ခြင်း၊ မကျည်းမြိုင်ရပ်ကွက်ရှိ အစိုးရရုံးများကို နောက်ကျောဘက်မှ ခဲဖြင့်ပေါက်ခဲ့ကြခြင်း၊ နေအိမ်တစ်လုံးအား ဘင်္ဂါလီများမှမီးရှို့ခဲ့ပြီး မကျည်းမြိုင်ရပ်ရှိ ဗလီအား ရခိုင်တစ်ချို့မှ မီးရှို့ခဲ့ကြခြင်း၊ ရပ်ကွက်လမ်းမများပေါ်တွင် ရခိုင်နှင့် ဘင်္ဂါလီများ တုတ်၊ ဓါးများကိုင်ဆောင်လျှက် အုပ်စုလိုက် သွားလာလှုပ်ရှားခဲ့ကြခြင်း၊ ၁၀-၆-၂၀၁၂ ရက်နေ့တွင် ရခိုင်များမှ မင်းဂံရပ်ကွက် ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း အနောက်ဘက်ရှိ ဘင်္ဂါလီနေအိမ်များကို မီးရှို့ခဲ့ခြင်း၊ ဘင်္ဂါလီများကလည်း မင်းဂံရပ်ကွက်၊ အကွက် (၁/၂/၈/၉) ရှိ ရခိုင်နေအိမ်များကို မီးရှို့ခဲ့ခြင်း၊ တရားသီးစု ဘင်္ဂါလီ ရပ်ကွက်မှ နေအိမ်များ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း၊ မကျည်းမြိုင်ရပ်ကွက်ရှိ ဘင်္ဂါလီနေအိမ်များကို ရခိုင်များက မီးရှို့ခဲ့ကြသဖြင့် အိမ်ခြေ (၁၀) လုံးမီးလောင်သွားခဲ့ခြင်း၊ အနောက်စံပြရပ်ကွက်တွင် ရခိုင်နှင့် ဘင်္ဂါလီများ ရိုက်နှက်ကြပြီး ရခိုင်နေအိမ်များမီးရှို့ခံရကာ အိမ်ခြေ (၁၂) လုံး မီးလောင်သွားခဲ့ခြင်း၊ စစ်တွေတက္ကသိုလ်ရှေ့ သဲချောင်း(ဘင်္ဂါလီ)ကျေးရွာအား ရခိုင်များက မီးရှို့ခဲ့ရာ အိမ်ခြေ (၆၀) ခန့် မီးလောင်သွားခဲ့ခြင်းစသည့် အကြမ်းဖက်ဆူပူမှုများ ဆက်တိုက်ဖြစ်ပွားနေခဲ့သဖြင့် စစ်တွေ

မြို့နယ်အတွင်းတွင် ၁၀-၆-၂၀၁၂ ရက်နေ့မှစပြီး ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၁၄၄) အရ ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့ရပါသည်။ ထိုသို့ဆောင်ရွက်နေသည့် ကြားမှပင် ၁၁-၆-၂၀၁၂ ရက်နေ့တွင် မကျည်းမြိုင်ရပ်ကွက်တွင် မီးရှို့မှု ထပ်မံဖြစ်ပွားခဲ့ရာ ဘင်္ဂါလီနေအိမ် (၉၀) လုံး၊ ဗလီ (၁) လုံး မီးလောင်ကျွမ်းခဲ့ပြန်ပါသည်။ ထိုနည်းတူစွာ သံတော်လီကျေးရွာ မီးလောင်မှုဖြစ်စဉ်တွင် ဘင်္ဂါလီနေအိမ် (၁၀၀) လုံး မီးလောင်ကျွမ်းခဲ့သည်။ ထိုနေ့တစ်နေ့လုံး နှစ်ဖက်မှ လူအုပ်ဖြင့် အပြန်အလှန် မီးရှို့ရန်ကြိုးစားမှုများ၊ မီးကွင်းပစ်ရန် ကြိုးပမ်းမှုများ ဖြစ်ပွားခဲ့ပြီး ကုန်းတန်းရပ် ဘင်္ဂါလီအိမ်များ မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် မီးဝိုင်းဝန်းငြိမ်းသတ်မှုများ၊ ဆူပူသူများအား ခြောက်လှန့်ပစ်ခတ်မှုများကို ပြုလုပ်ပြီး ထိန်းသိမ်းခဲ့ရကြောင်း သိရှိခဲ့ရပါသည်။ ၁၂-၆-၂၀၁၂ ရက်နေ့တွင် ဆူပူအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ စက်ရုံစုရပ်ကွက်ရှိ စပါးခွဲမီးစက်ရှေ့ ဘင်္ဂါလီနေအိမ်များ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးသတ်ကားများဖြင့် ငြိမ်းသတ်ရခြင်း၊ နာဇီရပ်ကွက်နှင့် ကသည်းရပ်ကွက်များတွင် မီးလောင်သဖြင့် ဘင်္ဂါလီနေအိမ် (၅၀) ခန့် မီးလောင်ကျွမ်းခဲ့ခြင်း၊ နာဇီရပ် အကွက်(၆)ရှိ ရခိုင်အမျိုးသားပိုင် ကွန်ပျူတာ/စာစီစာရိုက် အိမ်ဆိုင်အား ဘင်္ဂါလီ (၅) ဦးခန့်မှ မီးရှို့ခဲ့ရာ အနီးရှိ ရခိုင်နေအိမ် (၂၀) လုံး၊ ဘင်္ဂါလီနေအိမ် (၁၀) လုံး၊ ဗီဒီယိုရုံ (၂) ရုံ မီးလောင်ကျွမ်းခဲ့ခြင်း၊ မကျည်းမြိုင်ရပ်ကွက် စာသင်ကျောင်းအနောက်ဘက် မီးလောင်ခဲ့ရာ ဘင်္ဂါလီ နေအိမ် (၁၀) လုံး၊ ကျောင်းကြီးလမ်းရပ်ကွက် ဘင်္ဂါလီနေအိမ် (၃၆) လုံး၊ ရခိုင်နေအိမ် (၃) လုံး မီးလောင်ကျွမ်းခဲ့ခြင်း၊ ညနေပိုင်းတွင် နာဇီဈေး မီးလောင်သွားခဲ့သောကြောင့် ရခိုင်နေအိမ် (၁၀) လုံး၊ ဘင်္ဂါလီ နေအိမ် (၂၀) လုံး၊ ရခိုင်ပိုင်ဈေးဆိုင်ခန်း (၃၇) ခန်း၊ ဘင်္ဂါလီပိုင်ဈေးဆိုင်ခန်း (၇၀)ခန်း မီးလောင်ကျွမ်းခဲ့ခြင်း၊ တောင်ရှည်ရွာ ဘုန်းကြီးကျောင်းအနောက်ဘက်ရှိ ကုန်းတန်းရပ်(ဘင်္ဂါလီ)ရွာတွင် မီးလောင်မှုဖြစ်ပွားသဖြင့် ရခိုင်နေအိမ် (၁၃၀) လုံး၊ ဘင်္ဂါလီနေအိမ် (၁၄၀) လုံး မီးလောင်ကျွမ်းခဲ့ခြင်း၊ ရခိုင်နှင့် ဘင်္ဂါလီများ တစ်ဖက် (၂၀၀) ခန့်စီဖြင့် အပြန်အလှန်ရိုက်နက်ခဲ့ကြရာ သံဃာ (၁) ပါး၊ ရခိုင် (၂) ဦး၊ ဘင်္ဂါလီ (၂) ဦး ဒဏ်ရာရရှိခဲ့ကြခြင်း၊ မြို့သူကြီးရပ်ကွက်၊ ဖဖြူလမ်းနှင့် မောင်ရွှေလုံးလမ်းကြားရှိ ဘင်္ဂါလီနေအိမ်များအား ၎င်းတို့ကိုယ်တိုင် ကုလားတန်မြစ်ဘက်မှတက်လာပြီး မီးရှို့ခဲ့ကြသဖြင့် တဲအိမ် (၈၅) လုံး မီးလောင်ကျွမ်းခဲ့ခြင်း၊ စစ်တွေမြို့၊ မင်းဂံရပ်၊ ဆက်ရိုးကျ၊ ရွာကြီးမြောက်မှ ရခိုင်ဆူပူသူ (၂၀) ဦးခန့်မှ ဘင်္ဂါလီ နေအိမ်တစ်လုံးအား ဝိုင်းဝန်းမီးရှို့ခဲ့ရာ လုံခြုံရေးအဖွဲ့မှ လူစုကွဲစေရန် သေနတ်ဖြင့် မိုးပေါ်ထောင်ပြီး (၄) ချက်ခန့် ပစ်ခတ်ခဲ့သော်လည်း လူစုမခွဲကြသဖြင့် ခန္ဓာကိုယ်အောက်ပိုင်းသို့ တစ်ချက်ပစ်ခတ်ရာ ရခိုင်လူမျိုးတစ်ဦး ကျည်ဆံထိမှန်သေဆုံးခဲ့ခြင်း စသည့်ဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပွားခဲ့ပါသည်။

၃.၂.၈။ အလားတူစွာ ဆူပူအကြမ်းဖက်မှုများသည် အခြားမြို့နယ်များသို့လည်း တစ်ပြိုင်တည်းနီးပါး ကူးစက်ပျံ့နှံ့ ဖြစ်ပွားစေခဲ့ပါသည်။ ၁၀-၆-၂၀၁၂ ရက်နေ့တွင် ရမ်းဗြဲမြို့အမှတ် (၁) နှင့် အမှတ် (၆) ရပ်ကွက်ရှိ ကမန်နေအိမ် (၃၅) လုံး၊ ဗလီ (၃) လုံးတို့အား ရခိုင်ဆူပူသူအချို့က မီးရှို့ခဲ့ရာ ကမန်လူမျိုးတစ်ဦး သေဆုံးသွားခဲ့ပါသည်။ ၁၁-၆-၂၀၁၂ ရက်နေ့တွင် ပေါက်တောမြို့တွင် ရခိုင်နှင့် ဘင်္ဂါလီတို့ အပြန်အလှန် မီးရှို့ခဲ့ကြရာ ရခိုင်နေအိမ် (၂၁) လုံး၊ ကုန်စုံဆိုင် (၁) ဆိုင်၊

ဘင်္ဂါလီနေအိမ် (၁၄) လုံး မီးလောင်ကျွမ်းသွားခဲ့ပါသည်။ ၁၂-၆-၂၀၁၂ ရက်နေ့တွင် မြောက်ဦး မြို့၊ ရွှေကူတောင်ရပ်ကွက်ရှိ မရမာကြီးနေအိမ် (၁၅) လုံး၊ ကြက်လျှာကျွန်းရပ်ကွက်နှင့် ကသည်းရပ်ကွက်တို့ရှိ မရမာကြီးနေ အိမ် (၁၄) လုံး တို့အား ရခိုင်များမှ ဖျက်ဆီးခဲ့ကြပါသည်။ ထိုနေ့တွင်ပင် ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်ရှိ ဘင်္ဂါလီနေအိမ် (၄၆) လုံး၊ ဗလီ (၁) လုံး တို့အား ရခိုင် (၅၀) ဦးခန့်မှ မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ၁၃-၆-၂၀၁၂ ရက်နေ့တွင် ပေါက်တော မြို့နယ်၊ ဝေက်ချောင်း(ဘင်္ဂါလီ) ရွာအား ရခိုင် (၅၀) ဦးခန့်မှ မီးရှို့ခဲ့သဖြင့် အိမ်ခြေ (၁၀၄) လုံး မီးလောင်ကျွမ်းခဲ့ပါသည်။ ထိုနေ့တွင်ပင် ရသေ့တောင်မြို့နယ်၊ ပန်းကိုင်း(ဘင်္ဂါလီ)ရွာရှိ နေအိမ် (၁၄၀) လုံးအား ရခိုင်ဆူပူသူများက မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ၁၄-၆-၂၀၁၂ ရက်နေ့တွင် ရသေ့တောင်မြို့နယ်၊ ကုန်းတန်း (ဘင်္ဂါလီ)ရွာမှ အိမ်ခြေ (၃၀) လုံး မီးလောင်ခဲ့ပါသည်။ ၁၅-၆-၂၀၁၂ ရက်နေ့တွင် ကျောက်တော် မြို့နယ်၊ အပေါက်ဝကျေးရွာအုပ်စု၊ အလယ်(ဘင်္ဂါလီ) ကျေးရွာတွင် နေအိမ် (၂၁) လုံး၊ ပျား (ဘင်္ဂါလီ)ရွာတွင် နေအိမ် (၉) လုံး၊ အလယ်ကျွန်း (ဘင်္ဂါလီ)ရွာတွင် နေအိမ် (၁၃) လုံးနှင့် ပိုက်သည်ရပ်ကွက်တွင် တဲ (၂၀) လုံးတို့ မီးလောင် ကျွမ်းသွားခဲ့ပါသည်။ ၁၆-၆-၂၀၁၂ ရက်နေ့ တွင် လမ်းမတော်ကျေးရွာအုပ်စု၊ စံကားတောင် (ဘင်္ဂါလီ)ရွာအား ရခိုင်တစ်စုမှ မီးရှို့ဖျက်ဆီးခဲ့ ရာ နေအိမ် (၉၂) လုံးမီးလောင်ကျွမ်းပျက်စီးခဲ့ပြီး လူ (၃) ဦးသေဆုံးကာ (၃) ဦး ဒဏ်ရာရရှိခဲ့ပါ သည်။ ၁၇-၆-၂၀၁၂ ရက်နေ့တွင် အလယ် ကျွန်း(ဘင်္ဂါလီ)ရွာအား ဆူပူသူလူတစ်စုမှ ဖျက်ဆီး ခဲ့ရာ နေအိမ် (၁၃) လုံး မီးလောင်ကျွမ်း သွားခဲ့ပါသည်။ ၁၉-၆-၂၀၁၂ ရက်နေ့တွင် ရသေ့ တောင်မြို့နယ်၊ ကြက်ရိုးကုန်းတန်း (ဘင်္ဂါလီ) ရွာနှင့် အနောက်ပြင်ရွာမှ ရခိုင်လူမျိုးတို့ အပြန်အလှန်တိုက်ခိုက်ခဲ့ကြရာ ရခိုင် (၁၀) ဦးသေဆုံး၊ (၆) ဦးဒဏ်ရာရ၊ ဘင်္ဂါလီ (၂) ဦးသေဆုံး၊ (၂၆) ဦးဒဏ်ရာရခဲ့ပြီး ကြက်ရိုးတန်း (ဘင်္ဂါလီ)တွင် အိမ်ခြေ (၁၆၆) လုံး၊ အနောက်ပြင်တွင် အိမ်ခြေ (၃၁) လုံး မီးလောင်ပျက်စီး သွားခဲ့ပါသည်။ ၂၃-၆-၂၀၁၂ ရက်နေ့တွင် မင်းပြားမြို့နယ်၊ တိမ်သောင်ပြင်တွင် ဘင်္ဂါလီ (၂) ဦးနှင့် ရခိုင်(၅) ဦးတို့ခိုက်ရန်ဖြစ်ကြရာမှ ဘင်္ဂါလီ (၂) ဦး ဒဏ်ရာရ ရှိခဲ့ပါသည်။

၃.၂.၉။ ၅-၈-၂၀၁၂ ရက်နေ့တွင် ဆူပူအကြမ်းဖက်မှုများ တဖန်ဖြစ်ပွားခဲ့ပြီး ကျောက်တော်မြို့နယ်၊ ဂုပ္ပိ တောင် (ဘင်္ဂါလီ) ကျေးရွာအား ရခိုင်ဆူပူသူတစ်စုမှ မီးရှို့ဖျက်ဆီးခဲ့ရာ အိမ်ခြေ (၅၂) လုံး မီး လောင်ကျွမ်းခဲ့ခြင်း၊ အပေါက်ဝအလယ်(ဘင်္ဂါလီ)ရွာတွင် အိမ်ခြေ (၂၅) လုံး မီးလောင်ကျွမ်းခဲ့ ပြီး (၂) ဦး သေဆုံး၊ (၂) ဦး ဒဏ်ရာရရှိခဲ့ခြင်း၊ သဝင်ကိုင်အုပ်စု၊ ရွှေလှိုင်(ဘင်္ဂါလီ)ရွာတွင် အိမ်ခြေ (၁၀၆) လုံး မီးလောင်ကျွမ်းကာ (၆) ဦးသေဆုံး၊ (၂) ဦးဒဏ်ရာရရှိခဲ့ပါသည်။ ၆-၈- ၂၀၁၂ ရက်နေ့တွင် လက်ဆောင်ကောက်(ဘင်္ဂါလီ)ရွာအနီး ရခိုင်အမျိုးသားတစ်ဦးပိုင် ဘွိုင် လာဆန်စက်ကို ဘင်္ဂါလီများမှ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကာလတန်ဘိုး သိန်း (၅၀၀) ခန့် ဆုံးရှုံးခဲ့ ပါသည်။ ထိုနေ့တွင်ပင် ရွာသစ်ကေအုပ်စု၊ ရွာညာ(ဘင်္ဂါလီ)ရွာအား ရခိုင်ဆူပူသူတစ်စုမှ မီးရှို့ခဲ့ပြီး အိမ်ခြေ (၁၀) လုံး ပျက်စီးသွားခဲ့ပါသည်။ ၇-၈-၂၀၁၂ ရက်နေ့တွင် ဒုက္ကံကျေးရွာ အုပ်စု၊ အင်ဘာရီ(ဘင်္ဂါလီ)ရွာအား ဆူပူသူတစ်စုမှ မီးရှို့သဖြင့် အိမ်ခြေ (၂၃၀) လုံး မီးလောင်

ကျွမ်းသွားခဲ့ပါသည်။ ထိုအဖြစ်အပျက်များကြောင့် ကျောက်တော်မြို့နယ်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ (၁၄၄) အရ ညမထွက်ရ အမိန့်ထုတ်ပြန်ထားခဲ့ရပါသည်။

၃.၂.၁၀။ ရခိုင်ပြည်နယ်တစ်လွှား မငြိမ်သက်မှုများ ဆက်လက်ဖြစ်ပွားလာနေသဖြင့် တည်ငြိမ်မှုများ ပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ (၁၄၄) အရ ညမထွက်ရအမိန့်များကို ထုတ်ပြန်ထားရပါသည်။ တစ်ချိန်တည်းတွင် လုံခြုံရေး တပ်အင်အားများကိုလည်း တိုးမြှင့်ချထားပေးနိုင်ရန် စီစဉ်ခဲ့ရပါသည်။ ထိုအခြေအနေတွင် နိုင်ငံတော်သမ္မတမှ ၁၇-၈-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၂) ဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန် (၈) ရပ်ကို ပေးအပ်ခဲ့ပါသည်။ [နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်]။ ကော်မရှင်အနေဖြင့် ပထမအကြိမ် ပဏာမ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၁၂-ခုနှစ်၊ စက်တင်ဘာလ ဒုတိယအပတ် အတွင်း အခင်းဖြစ်ပွားရာဒေသများသို့ သွားရောက်ခဲ့ပါသည်။ ထိုအချိန်တွင် နှစ်ဖက်လူ့အဖွဲ့အစည်းများအတွင်း အခြေအနေမှာ တင်းမာနေဆဲဖြစ်သော်လည်း အပြန်အလှန် တိုက်ခိုက်မှုများ မရှိသလောက် လျော့ကျစပြုနေပြီဖြစ်ပါသည်။ သို့ရာတွင် ၂၄-၈-၂၀၁၂ ရက်နေ့၌ ဘူးသီးတောင်မြို့နယ်၊ တောင်ခြေရွာမှ ဦးထွန်းရွှေလှိုင်(၄၀-နှစ်)သည် ဒုကင်းချောင်းရွာ အနီးရှိ သူပိုင် ဥယျာဉ်ခြံသို့သွားစဉ် ဘင်္ဂါလီများ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရပါသည်။ အခြားဖြစ်စဉ်တစ်ခုတွင်လည်း ရခိုင်အမျိုးသမီးငယ်တစ်ဦးမှာ ဘင်္ဂါလီများ၏လက်ချက်ဖြင့် ဒဏ်ရာရရှိသွားခဲ့ပြန်ပါသည်။ ၁၁-၉-၂၀၁၂ ရက်နေ့တွင်လည်း ကျောက်တော်မြို့နယ်၊ သရက်အုပ်ရွာသား ဦးကျော်မောင်ချေမှာ မြို့မှရွာသို့အပြန် လမ်း၌ ဘင်္ဂါလီများ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရပြန်ပါသည်။ တစ်ဖန် ၁၄-၉-၂၀၁၂ ရက်နေ့တွင် မောင်တောမြို့နယ်၊ ကံသာ (ရွာသာယာ)ရွာနေ ရခိုင်လယ်သမားဇနီးမောင်နှံတို့သည် လယ်တဲ၌ အိပ်နေစဉ် ဘင်္ဂါလီ (၂၀) ဦးခန့်မှ ဝိုင်းလာသဖြင့် ပြန်လည်ခုခံရာ သေနတ်ဖြင့်အပစ်ခံရပြီး လယ်သမားဦးအောင်လှဖြူမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြန်ပါသည်။ နိုင်ငံတော်အစိုးရမှ တည်ငြိမ်မှုပြန်လည်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဘင်္ဂါလီများအနေဖြင့် ဆူပူမှုမဖြစ်-ဖြစ်အောင် တမင်ဖန်တီးနေသည်ဟု ယူဆဖွယ်ရာ ဖြစ်လာပါသည်။ ၂၈-၉-၂၀၁၂ ရက်နေ့တွင်လည်း စစ်တွေမြို့၊ အောင်မင်္ဂလာ (အင်ဘာလာ) ဘင်္ဂါလီ ရပ်ကွက်တွင် ရေခဲချောင်းရောင်းနေသောကလေးငယ်တစ်ဦး အသတ်ခံရသည်ဟူသော ကောလာဟလသတင်းကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ပါသေးသည်။ နောက်တစ်နေ့ဖြစ်သော ၂၉-၉-၂၀၁၂ ရက်နေ့နှင့် ၃၀-၉-၂၀၁၂ ရက်နေ့များတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရခိုင်လူမျိုးများနှင့် ဘုန်းတော်ကြီးများ၊ ရခိုင်နေအိမ်များနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများကို အစွန်းရောက်ဘင်္ဂါလီများမှ တိုက်ခိုက်ခဲ့ကြသဖြင့် ဘုန်းတော်ကြီးတစ်ပါးအပါအဝင် လူများသေကြေ ဒဏ်ရာရခဲ့ရခြင်း၊ အိမ်များနှင့် ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အဦများ၊ ဘုရားပုထိုးများ အများအပြား ပျက်စီးသွားခဲ့ရခြင်းများ ရှိခဲ့သည်ဟု သိရှိရသည်။ ယင်းအခြေအနေ များသည် နှစ်ဖက်လူ့အဖွဲ့အစည်းအကြားရှိ တစ်ဖက်နှင့်တဖက် အမြင်မကြည်လင်မှု၊ ယုံကြည်ခြင်း

နည်းပါးမှု စသည်တို့ကို အခြေခံသော ပဋိပက္ခများကို တဖန်ပြန်လည်၍ အစပြုစေသည့် အကြောင်းအချက်များ ဖြစ်လာခဲ့ပါသည်။

## ၃.၃။ ဒုတိယအကြိမ် ဖြစ်ပွားခဲ့သောဖြစ်စဉ်များ

၃.၃.၁။ ဤသို့အားဖြင့် ၂၁-၁၀-၂၀၁၂ ရက်နေ့တွင် မင်းပြားမြို့၊ ပိုက်သည်ရပ် ဘင်္ဂါလီကျေးရွာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ အပြန်အလှန်စွပ်စွဲခဲ့ကြရာမှ ရခိုင်ပြည်နယ်အနှံ့တွင် အထက်ဖော်ပြပါ လူ့အဖွဲ့အစည်းနှစ်ခုအကြား တစ်ဖက်နှင့်တစ်ဖက် တစ်ကျော့ပြန် တိုက်ခိုက်မှုများ ပြန်လည်စတင် ဖြစ်ပွားလာခဲ့ပါသည်။ ဒုတိယအကြိမ်ဖြစ်ပွားရာတွင် ရခိုင်ပြည်နယ်၊ မြို့ (၇) မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်ဖြစ်ပွားခဲ့စဉ်က မဖြစ်ခဲ့သော ကျောက်ဖြူနှင့် မြေပုံမြို့နယ်များတွင်ပါ ကူးစက်ဖြစ်ပွားလာခဲ့ပါသည်။ ၂၂-၁၀-၂၀၁၂ ရက်နေ့၊ မင်းပြားမြို့နယ်၊ အောင်လှိုင်ကျေးရွာတွင် ဘင်္ဂါလီနေအိမ် (၈၅) လုံးပျက်စီး၊ လူတစ်ဦးသေဆုံး၊ လူ (၂၅) ဦးခန့် ဒဏ်ရာရရှိခဲ့ပါသည်။ အောက်တိုဘာလ (၂၃၊ ၂၄၊ ၂၅) ရက်နေ့များတွင် ကျောက်ဖြူမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာ (၄) နေရာ၌လည်းကောင်း၊ အောက်တိုဘာလ (၂၂၊ ၂၃၊ ၂၄) ရက်နေ့များတွင် မြောက်ဦးမြို့နယ်၊ ပုရိန်နှင့် ယဉ်သယ်ကျေးရွာများ၌လည်းကောင်း၊ ၂၄-၁၀-၂၀၁၂ ရက်နေ့တွင် မြေပုံမြို့နယ်၌လည်းကောင်း၊ ၂၅-၁၀-၂၀၁၂ ရက်နေ့တွင် ရသေ့တောင်မြို့နယ်များ၌လည်းကောင်း ထပ်မံဖြစ်ပွားခဲ့ပါသည်။ ထိုဖြစ်စဉ်များအားလုံးတွင် လူပေါင်း (၈၉) ဦး သေဆုံးခဲ့ပြီး၊ (၁၂၄) ဦးဒဏ်ရာရရှိကာ နေအိမ်၊ အဆောက်အဦပေါင်း (၅,၀၀၀) ကျော် ထပ်မံပျက်စီးဆုံးရှုံးခဲ့ပါသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်တစ်ဝှမ်းဖြစ်ပွားခဲ့သော ပဋိပက္ခများသည် ၂၀၁၂ ခုနှစ်၊ ဇွန်လမှ အောက်တိုဘာလကုန်အထိဆိုပါက အကြမ်းဖျဉ်းအားဖြင့် (၅) လတာခန့်မျှကြာအောင် ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ဖြစ်စဉ်များအတွင်း သေကြေ၊ ပျက်စီး ဆုံးရှုံးမှုများစာရင်းကို နောက်ဆက်တွဲ (ဂ) ဖြင့် တင်ပြထားပါသည်။

## ၃.၄။ အာဏာပိုင်များ၏ တည်ငြိမ်မှုပြန်လည်ရှိရေးအတွက် ဆောင်ရွက်ချက်များ

၃.၄.၁။ ရခိုင်ပြည်နယ်တွင် ဇွန်လအတွင်း ဖြစ်ပွားခဲ့သော အဓိကရုဏ်းများကို ထိန်းသိမ်းရန်အတွက် အာဏာပိုင်များသည် စစ်တွေမြို့၌ ရခိုင်နှင့်ဘင်္ဂါလီများအား သီးခြားစီခွဲ၍ နေထိုင်စေခဲ့ပါသည်။ သြဂုတ်လမှစ၍ ဘင်္ဂါလီများအား စစ်တွေမြို့တွင်းသို့ ဝင်ရောက်သွားလာခွင့်နှင့် ဒုက္ခသည်စခန်းများ၏အတွင်းမှ အပြင်ထွက်ခွင့်အား ပိတ်ပင်တားမြစ်ခဲ့ပါသည်။ ရခိုင်များကိုလည်း ဘင်္ဂါလီများ သီးခြားထားရှိရာ နေရာများသို့ သွားလာခွင့်ကို ပိတ်ပင်ထားခဲ့ပါသည်။ ထို့ကြောင့် ကျောင်းသူ/ကျောင်းသားများ ကျောင်းမတက်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်း စသည့်ပြဿနာများ ပေါ်ပေါက်လာခဲ့ပါသည်။ ယနေ့ဆိုလျှင် ထိုသို့ ပိတ်ဆို့ခွဲခြားထားသည်မှာ (၈) လခန့်ရှိလာပြီ ဖြစ်ပါသည်။ အရေးပေါ်ကာလ တည်ငြိမ်အေးချမ်းရေးအတွက် ထိုကဲ့သို့ဆောင်ရွက်ရန်မှတစ်ပါး အခြားနည်း လမ်းမရှိ၍လည်း ဖြစ်နိုင်ပါသည်။ သို့ရာတွင်

ရေရှည်တွင် ဤကဲ့သို့ထားရန် မဖြစ်နိုင်သကဲ့သို့ ဖြစ်လည်းမဖြစ်သင့်ပါ။ ယခုပင်လျှင် နစ်ဖက်စလုံးထိခိုက်နစ်နာမှု အနည်းနှင့်အများ ရှိနေပြီဖြစ် ပါသည်။ ရေရှည်ပိတ်ဆို့ထားပါက ကောင်းကျိုးထက်ဆိုးကျိုးက ပိုမိုများပြားလာနိုင်ပါသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများတွင် များစွာထိခိုက်မည်ဖြစ်ပြီး အစိုးရိမ်ရဆုံးဖြစ်သော အစွန်းရောက်အန္တရာယ် ပေါ်ထွက်လာနိုင်သည့်အရေးကို ထည့်သွင်းစဉ်းစားထားသင့်ပါသည်။

၃.၄.၂။ ဩဂုတ်လ (၉)ရက်နေ့တွင် မြောက်ဦးရှိ သံဃာတော်များမှ ရခိုင်များအား ဘင်္ဂါလီများနှင့် ရောင်းဝယ်ဖောက်ကား ဆက်ဆံမှုမလုပ်ရန် ကြေငြာချက်ထုတ်ပြန်ခဲ့ပါသည်။ ဩဂုတ်လ ဒုတိယပတ်အတွင်း၌ ဘူးသီးတောင်မြို့နယ်မှစ၍ ရခိုင်နှင့်ဘင်္ဂါလီ လူ့အဖွဲ့အစည်းနစ်ဖက်လုံးမှ ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူမှုများ စတင်ခဲ့ပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ သတင်းများအရ နိုင်ငံခြားအလှူရှင်များအား ရခိုင်ဒေသအတွင်းသို့ သွားလာခွင့်ကိုလည်း ပိတ်ပင်ထားခဲ့ပါသည်။ ထိုအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်တို့၏ လုပ်ငန်းများကိုလည်း လုံခြုံရေးအကြောင်းပြချက်ဖြင့် ကန့်သတ်ခဲ့သည်ဟု သိရှိရပါသည်။ ဩဂုတ်လ ယင်းအပတ်အတွင်း၌ပင် အခြေအနေများမှာ တည်ငြိမ်လာသောကြောင့် မြို့တွင်း၌ လမ်းသွားလမ်းလာများရှိလာပြီး ဈေးဆိုင်များလည်း ပြန်လည်ဖွင့်လှစ်လာခဲ့ပါသည်။ သို့ရာတွင် စက်တင်ဘာလဒုတိယပတ်အတွင်း မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးနေသော အဖွဲ့အစည်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ပေးနေသည့် ရန်ကုန်မှ အိန္ဒိယအနွယ်၊ အစ္စလာမ်ဘာသာဝင် မြန်မာနိုင်ငံသား လူငယ်တစ်ဦးကို ဘင်္ဂါလီထင်မှတ်၍ စစ်တွေမြို့ရှိ ရခိုင်အစွန်းရောက်လူတစ်စုမှ ဝိုင်းဝန်းထိုးကြိတ်သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါသည်။

၃.၄.၃။ အောက်တိုဘာလ (၂၃) ရက်နေ့မှစတင်ပြီး တပ်မတော်မှ အင်အားဖြည့်၍ ဆူပူမှုများဖြစ်ပွားနေသည့်မြို့များကို ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် အောက်တိုဘာလ (၂၇) ရက်နေ့ နောက်ပိုင်းတွင် အခြေနေအရပ်ရပ်ကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ဆက်လက်၍လည်း တပ်မတော်မှ လုံခြုံရေးကို အထူးတင်းကြပ်ထားခဲ့ပါသည်။ တပ်မတော်တပ်ရင်းတပ်ဖွဲ့များအနေဖြင့် အချက်အခြာကျသောနေရာများနှင့် အရေးကြီးသောနေရာများတွင် လုံလောက်သောအင်အားဖြင့် တပ်ဖြန့်ချထားကာ လုံခြုံရေးကို လျင်လျင်မြန်မြန် ဆောင်ရွက်ပေးထားနိုင်ခဲ့ခြင်းကြောင့်သာ ဒေသတစ်ခုလုံး စောလျင်စွာ ပြန်လည်တည်ငြိမ်မှုရရှိခဲ့ခြင်း ဖြစ်ပါသည်။ ကြိုကြားကြိုကြားဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာများကို လေ့လာကြည့်ပါက လုံခြုံရေးနည်းပါးသော၊ လုံခြုံရေးတပ်ဖွဲ့များ ချမထားနိုင်သောနေရာများဖြစ်နေသည်ကို တွေ့ရှိရပါသည်။

## ၄။ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းအရင်းများ

၄.၁။ ရခိုင်လူမျိုးအများစုအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားသောပဋိပက္ခများသည် ဘင်္ဂါလီများမှ ရခိုင်ပြည်နယ်၊ နယ်မြေနှင့် စီးပွားရေးတို့ကို ထိန်းချုပ်ရန်ကြိုးစားခြင်းမှ ဖြစ်ပွားလာသည်ဟု ယုံကြည်ကြပါသည်။ မောင်တော၊ စစ်တွေ၊ ကျောက်တော်၊ ရသေ့တောင်၊ ကျောက်ဖြူ၊ ဘူးသီးတောင်မြို့နယ်များတွင် နေထိုင်သောရခိုင်လူမျိုး (၁,၂၀၀) ဦးအား ပဋိပက္ခများဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းကို မေးမြန်းရာတွင် (၈၄.၇) ရာခိုင်နှုန်းက ဘင်္ဂါလီများ၏ ရခိုင်ပြည်အား သိမ်းပိုက်ရန်ကြိုးစားမှုကြောင့်ဟု ဖြေဆိုကြပါသည်။

၄.၂။ အချို့ရခိုင်လူမျိုးများက ဤဖြစ်ပွားခဲ့သောပဋိပက္ခများသည် ဘင်္ဂါလီများဖက်မှ သေသေချာချာ စနစ်တကျကြံစည်ပြီး ပြုလုပ်သည့်အဓိကရုဏ်းများဖြစ်သည်ဟု ထင်မြင်ကြပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်စစ်တမ်း (Survey) ကောက်ယူမှုတွင် ဖြေဆိုသူများ၏ (၈၀) ရာခိုင်နှုန်းသည် ဘင်္ဂါလီများ၏ ကြိုတင်ကြံစည်မှုဖြစ်သည်ဟု ထင်မြင်ကြပါသည်။ အချို့သောရခိုင်လူမျိုးများက ဘင်္ဂါလီများသည် ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်ရှိ ဘာသာရေးပြင်းထန်သည့်သူများထံမှ အကြံဉာဏ်နှင့် ငွေရေးကြေးရေးအထောက်အပံ့များရယူ၍ ရခိုင်ပြည်နယ်အား မူဆလင်ပြည်နယ် မဖြစ်- ဖြစ်အောင်လုပ်နေကြသည်ဟု ထင်မြင်ကြောင်းဖြေဆိုကြပါသည်။

၄.၃။ ဖြေဆိုသူများ၏ (၉၆) ရာခိုင်နှုန်းကလည်း ပဋိပက္ခဖြစ်ပွားလာခြင်းသည် အစိုးရမှ တိုင်းရင်းသားများအား အကာအကွယ်မပေးနိုင်ခြင်း၊ အကျင့်ပျက်ဝန်ထမ်းများမှ ဘင်္ဂါလီများ၏လာဘ်ငွေများကို ရယူ၍ တရားမဝင်-ဝင်ရောက်လာသူများအား အကာအကွယ်ပေးခြင်း၊ ဒေသအာဏာပိုင်များမှ ဥပဒေနှင့်မညီသည့်လုပ်ရပ်များကို ပြုလုပ်ခြင်းများကြောင့် ပဋိပက္ခများ ဆိုးဝါးစွာပြန့်နှံ့လာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

၄.၄။ စစ်တမ်းကောက်ယူမှုတွင် ပါဝင်ဖြေဆိုသူများ၏ (၈၂) ရာခိုင်နှုန်းကလည်း၊ ကျောက်တော်မှစ၍ အရေးပါသော ရေလမ်းကြောင်းနေရာများတွင် ဘင်္ဂါလီရွာများကြီးစိုးနေကြပြီး၊ တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများ တရားမဝင် အလွယ်တကူဝင်ရောက်လာနိုင်သည်ဟု ယုံကြည်ကြပါသည်။ ၎င်းအပြင် ဘင်္ဂါလီများက စစ်တွေမြို့နှင့် အခြားအချက်အခြာကျသည့်မြို့များကိုလည်း ထိန်းချုပ်ရန် ကြံစည်နေသည်ဟု ထင်မြင်ကြပါသည်။ ထို့ပြင် အစိုးရအနေဖြင့် နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ရှိသည့် ထိုသို့သောအခြေအနေကို မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမရှိသည့်အတွက် ရခိုင်လူမျိုးများသည် မူဆလင်များ၏ ကြီးစိုးရန်လုပ်ဆောင်မှုကို တတ်နိုင်သမျှ ရပ်ဆိုင်းအောင် ကြိုးစားသည့်အနေဖြင့် ဘင်္ဂါလီများကို အင်အားဖြင့် ပြန်လည်တုန့်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုကြသူများလည်း ရှိပါသည်။

၄.၅။ ရခိုင်လူမျိုးများသည် နိုင်ငံတော်အစိုးရ (သို့မဟုတ်) နိုင်ငံရေးပါတီတစ်ခုမှ ဘင်္ဂါလီအရေးကို ၎င်းတို့၏ နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးချခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လူမျိုးရေး

ပြဿနာများ ပိုမိုဆိုးရွားလာသည်ဟု ဆိုပါသည်။ ထိုသူများက ဘင်္ဂါလီများ၏ ၎င်းတို့ကိုယ်ကို ၎င်းတို့ ရိုဟင်ဂျာတိုင်းရင်းသားအဖြစ် တောင်းဆိုမှုကို ယခင်ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး) အစိုးရက ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် လက်ခံခဲ့ဖူးသည်ဟု ဆိုပါသည်။ (၂၀၁၀) ခုနှစ်၊ နိုဝင်ဘာလရွေးကောက်ပွဲတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှတာဝန်ရှိသူများက မိမိတို့ပါတီမဲရရှိရေးအတွက် ဘင်္ဂါလီအများအပြားကို ယာယီမှတ်ပုံတင်အဖြူကတ်များ ထုတ်ပေးခဲ့ခြင်းကြောင့် လူမျိုးရေးပြဿနာများ ပိုမိုရှုပ်ထွေးခဲ့ရကြောင်း ပြောကြပါသည်။

၄.၆။ ဘင်္ဂါလီများကမူ ရခိုင်များ၏ ရခိုင်ပြည်နယ်အတွင်း အတူတကွနေထိုင်လျက်ရှိသော လူမျိုးစုငယ်များကို လက်မခံသည့် လူမျိုးကြီးစိတ်ဓါတ်ကြောင့် ရခိုင်ပြည်အတွင်း ပဋိပက္ခများဖြစ်ပွားရခြင်းဖြစ်ကြောင်း ထင်မြင်ကြပါသည်။ မောင်တော၊ စစ်တွေ၊ ကျောက်တော်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဘင်္ဂါလီ (၈၀၀) ဦးတို့အား မည်သည့်အတွက်ကြောင့် ပဋိပက္ခများဖြစ်ပွားရကြောင်း မေးရာ (၉၂) ရာခိုင်နှုန်းက ရခိုင်လူမျိုးတို့၏ သဘောထားမပြည့်ဝမှုနှင့် လူမျိုးကြီးစိတ်ဓါတ်များကြောင့်ဖြစ်သည်ဟု ဖြေဆိုကြပါသည်။ ဘင်္ဂါလီအများစုအနေဖြင့် ကျောက်နီမော်တွင် ဖြစ်ပွားခဲ့သောမုဒိမ်းမှုသည် အလွန်ဆိုးဝါးသည့် ရာဇဝတ်မှုတစ်ခုဖြစ်သည်ဟု ပြောဆိုပါသည်။ အစိုးရအနေဖြင့် အခြားဖြစ်စဉ်များတွင်လည်း အပြစ်ရှိသူများကို ထိရောက်စွာအရေးယူသင့်ကြောင်း၊ လူမျိုးကြီးစိတ်ရှိသော ရခိုင်လူမျိုးများက ဤကျောက်နီမော်ရွာမုဒိမ်းမှုကိုအသုံးချ၍ ဘင်္ဂါလီများဒုက္ခရောက်အောင် လုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သဘောထားရှိကြပါသည်။ သို့သော်လည်း ဘင်္ဂါလီအများစု နေထိုင်ရာဖြစ်သည့် မောင်တော၊ အုန်းတောရွာနှင့် ညောင်ချောင်းရွာများရှိ ဘင်္ဂါလီရွာသားများကို မေးမြန်းကြည့်ရာတွင်ကျောက်နီမော်၌ ဖြစ်ပွားခဲ့သော မသီတာထွေး ဖြစ်စဉ်ကိုမသိကြဘဲ တောင်ကုတ်တွင် အစ္စလာမ်ဘာသာဝင်(၁၀) ဦး အသတ်ခံရသည့် အကြောင်းကိုသာ သိထားကြကြောင်း ဖြေဆိုချက်များရရှိခဲ့ပါသည်။ အထက်ပါဖြေဆိုမှု နှစ်ရပ်အား နှိုင်းယှဉ်သုံးသပ်ကြည့်ပါက ဖြစ်ပွားခဲ့သော သတင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ဘင်္ဂါလီများဘက်မှ ဖြစ်စဉ်များအား အပြည့်အစုံချပြ အသိပေးခြင်းမျိုး မပြုခဲ့ဘဲ ဖောင်းပေးလိုသော သတင်းများကိုသာ ရွေးချယ်ကောက်နုတ် ဖြန့်ဖြူးခြင်းမျိုးပြုခဲ့သည်ဟု ခန့်မှန်းရပါသည်။

၄.၇။ ထို့ပြင် ဘင်္ဂါလီအများစုသည် ဖြစ်ပွားခဲ့သောကိစ္စရပ်များနှင့် ပတ်သက်ပြီး ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဝင်များကို ပြစ်တင်ရှုတ်ချမှုများ ပြုလုပ်ကြပါသည်။ စစ်တမ်းကောက်ယူမှုတွင် ဖြေဆိုသူများ၏ (၈၃) ရာခိုင်နှုန်းက ရခိုင်အကြမ်းဖက်မီးရှို့ဖျက်ဆီးသူများတွင် ရခိုင်အမျိုးသားတိုးတက်ရေးပါတီဝင်များ ပါဝင်သည်ဟု ပြောဆိုကြပြီး ၎င်းတို့သည် ဘင်္ဂါလီရွာများကို ချီတက်ဝင်ရောက်ဖျက်ဆီးခဲ့သည်ဟုလည်း စွပ်စွဲခဲ့ကြပါသည်။ ထို့ပြင် မကြာမီအချိန်က အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော ရခိုင်လွတ်မြောက်ရေးပါတီကလည်း လူမျိုးရေးလှုံ့ဆော်မှုများ ဖန်တီးခဲ့သည်ဟု စွပ်စွဲမှုများရှိပါသည်။ (ကွင်းဆင်းလေ့လာချက်များအရ သိရှိခဲ့ရသည်မှာ ရခိုင်လွတ်မြောက်ရေးပါတီ၏သဘောထားသည် ***"ရခိုင်လူမျိုးတို့သည် ပြည်ထောင်စုအား ဘင်္ဂါလီတို့၏***

***အဓွန့်ရှည်ရာယမ်မှ ကာကွယ်ရာတွင် ရှေ့တန်းကပါဝင်သူများဖြစ်ကြသည်။ ရခိုင်လွတ်မြောက်ရေးပါတီ အနေဖြင့် ရခိုင်မြေပေါ်တွင်ရှိသော ဘင်္ဂါလီများ၏အဓွန့်ရှည်ရာယမ်မှကာကွယ်ရန် မြန်မာအစိုးရနှင့် ပြည်သူတစ်ရပ်လုံးတို့အား ရခိုင်တို့နှင့် လက်တွဲပူးပေါင်းရန် တိုက်တွန်းခဲ့သည်။ အကယ်၍ မပူးပေါင်းပါကလည်း မိမိတို့အနေဖြင့် လက်ရှိအဓွန့်ရှည်ရာယမ်ကို ဆက်လက်၍ အစွမ်းကုန်ကာကွယ် သွားမည်***" ဟူသောသဘောထားဖြစ်ပါသည်။)

၄.၈။ အချို့ဘင်္ဂါလီများကမူ ပဋိပက္ခများဖြစ်ပွားရခြင်းသည် အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားနည်းမှုကြောင့်ဖြစ်သည်ဟု ပြောဆိုကြပါသည်။ စစ်တမ်းကောက်ယူမှုတွင် ဖြေဆိုသူဘင်္ဂါလီများ၏ (၅၅) ရာခိုင်နှုန်းက အစိုးရရဲများသည် ဘင်္ဂါလီများကို ကာကွယ်ခြင်းမပြုသည့်အပြင်၊ ရခိုင်အကြမ်းဖက်သူများနှင့်ပူးပေါင်း၍ ဘင်္ဂါလီရွာများကို ဖျက်ဆီးရာတွင် ပါဝင်မှုများရှိခဲ့ကြောင်း စွပ်စွဲမှုများရှိပါသည်။ ထိုဖြေဆိုသူများက "***ပဋိပက္ခဖြစ်ပွားမှု၏ အဓိကအကြောင်းရင်းတစ်ခုမှာ အစိုးရက နိုင်ငံသားရသည့်သူများကို နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးမပေးဘဲ မတရားထိန်းချုပ်ထားမှုများကြောင့် မလိုလားအပ်သည့်ပြဿနာများ ပေါ်ပေါက်လာရခြင်းဖြစ်သည်***" ဟုပြောဆိုကြပါသည်။

၄.၉။ ထိုသို့ ရခိုင်နှင့် ဘင်္ဂါလီများ၏ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပြောဆိုချက်များသည် တိကျသည်ဟု ပြောရန်ခက်သော်လည်း လုံးဝမှားသည်ဟု ပြော၍မရပါ။ ဘင်္ဂါလီများအနေဖြင့် ရခိုင်ပြည်နယ်အား သိမ်းပိုက်ရန်ကြိုးစားနေသည်ဟုဆိုရန် ခိုင်မာသောသက်သေမရှိသော်လည်း၊ ၎င်းတို့၏ ရိုဟင်ဂျာတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုရေးနှင့် တိုင်းရင်းသားအခွင့်အရေးရရှိရန် တောင်းဆိုမှုပြုနေခြင်း၊ ရှေ့ကာလများက ရခိုင်ပြည်နယ်မြောက်ပိုင်းနယ်မြေကို အုပ်ချုပ်ခွင့်ရ သီးသန့်နယ်မြေအဖြစ် တောင်းဆိုမှုပြုခဲ့ခြင်းများက ၎င်းတို့၌ ရခိုင်လူမျိုးများလက်ခံနိုင်သည့် အနေအထားထက်ပို၍ နိုင်ငံရေးအရလွှမ်းမိုးလိုမှုနှင့် နယ်မြေထိန်းချုပ်လိုမှုစိတ်ဓါတ်များ ကိန်းအောင်းလျှက်ရှိနေသည်ဟု သုံးသပ်ရသောအနေအထားကိုဖြစ်ပေါ်စေပါသည်။

၄.၁၀။ ရခိုင်လူမျိုးအချို့ကလည်း အစ္စလာမ်ဘာသာဝင်ဘင်္ဂါလီများသည် ယခင်မူဂျာဟစ်သူပုန်များ တောင်းဆိုခဲ့သည့်အချက်များကို ပြန်လည်တောင်းဆိုမှုများ ပြုလုပ်နိုင်သည်ဟု ပြောဆိုကြပါသည်။ တစ်ချို့ဘင်္ဂါလီဒေသခံများသည် တစ်ဖက်နိုင်ငံတွင် RSO (The Rohingya Solidarity Organization) များမှ ဖွင့်လှစ်သောစစ်ရေး၊ နိုင်ငံရေးသင်တန်းများသို့ တက်ရောက်ခဲ့သည်ဟုလည်း ရခိုင်လူမျိုးအချို့က ဆိုပါသည်။ သဘောထားပျော့ပျောင်းသော အစ္စလာမ်ဘာသာဝင်တစ်ချို့ထံမှသိရှိရသည်မှာ ရန်ကုန်မြို့ပေါ်ရှိ အချို့သောဗလီများသည် ပြည်ပနိုင်ငံများမှ ဘာသာရေးအစွန်းရောက်ဂိုဏ်းများနှင့် များစွာနီးစပ်မှုရှိနေပြီး၊ ၎င်းဗလီများမှ ဘာသာရေးအစွန်းရောက် အတွေးအမြင်များကို သင်ကြားမွေးထုတ်ပေးခြင်း၊ သင်ကြားလေ့ကျင့်ပေးထားသော နယ်လှည့်တရားဟောဆရာများစွာကို ရခိုင်ဒေသအပါအဝင် မြန်မာပြည်အရပ်ရပ်သို့ အသုတ်လိုက်စေလွှတ်ခြင်းများ ရှိနေသည်ဟု သိရှိရပါသည်။ ထိုတရားဟောဆရာများသည် နိုင်ငံတော်အစိုးရ၏ ပြည်သူများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ထူထောင်နေမှု

ကို သိနားလည်နိုင်သည့် ဉာဏ်ရည်ပြည့်မီမှုမရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း နားလည်မှုမရှိကြောင်း၊ တိုင်းတစ်ပါး၏ (အစ္စလာမ်နိုင်ငံအများစု၏) ဝတ်စားဆင်ယင်မှုနှင့် နေထိုင်ပုံစနစ်ကို အစ္စလာမ်သာသနာ၏ ပြဋ္ဌာန်းချက်ဖြစ်သယောင် သွန်သင်မှုများ ပြုလုပ်နေကြကြောင်း၊ ခေတ်မီအတွေးအခေါ်နှင့် အသိပညာဗဟုသုတ လွန်စွာအားနည်းကြောင်း၊ ထိုသူတို့ကြောင့် သာမန်အစ္စလာမ်ဘာသာဝင်များ၏ နေ့စဉ်နေထိုင်မှုဘဝများတွင်လည်း ယခင်နှင့်မတူ များစွာအနေအထိုင်တင်းကြပ်လာခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါအစ္စလာမ်ဘာသာရေးဆရာကြီးများ၏ သဘောထားများ၊ အပြုအမူများသည် အလွန်အန္တရာယ်ရှိကြောင်း၊ တစ်ဖက်တွင်လည်း မိမိ၏တမလွန်ဘဝ ချမ်းသာသုခဘုံရရှိရေးအတွက် ရိုးရိုးသားသား ဘာသာရေးလုပ်ငန်းသက်သက်ကို ဆောင်ရွက်သူများလည်းရှိကြောင်း ဝေဖန်ပြောဆိုကြပါသည်။

၄.၁၁။ တစ်ဖက်တွင်လည်း ရခိုင်လူမျိုးများသည် ဘင်္ဂါလီများကို ကျူးကျော်ဝင်ရောက်လာသော နိမ့်ကျသည့်လူမျိုးအဖြစ် မြင်ကြပါသည်။ ထို့ပြင် ရခိုင်လူမျိုးအချို့သည်၊ ဘင်္ဂါလီများအား ရခိုင်ပြည်နယ်အတွင်းမှ ထွက်ခွာသွားစေလိုကြပါသည်။ ရခိုင်လူမျိုးများအနေဖြင့် မိမိတို့နေထိုင်ရာဒေသအား ဘင်္ဂါလီများမရှိသည့်ဒေသ ဖြစ်စေလိုကြပါသည်။ အချို့ရခိုင်လူမျိုးတို့သည် ဘင်္ဂါလီများနှင့် ရင်းနှီးသည့် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင် မရမာကြီး နှင့် တိုင်းရင်းသားမူဆလင်ဘာသာဝင် ကမန်လူမျိုးများကို ရန်ပြုမှုများ ရှိလာပါသည်။ ဖွန်လနှင့် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော အဓိကရုဏ်းများဖြစ်ပြီးနောက်တွင်၊ သံဃာတော်များအပါအဝင် ရခိုင်တိုင်းရင်းသားခေါင်းဆောင်တစ်ချို့သည် ဘင်္ဂါလီလူမျိုးများထံသို့ အစားအသောက် နှင့် ဆေးဝါးထောက်ပံ့မှုများကို ဖြတ်တောက်မှုပြုလုပ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ ဘင်္ဂါလီတို့အား ဆန်ရောင်းချရန် ကြိုးစားခဲ့သည့် ရခိုင်ဆန်ကုန်သည်တစ်ဦး အသတ်ခံရမှုရှိခဲ့ပါသည်။ ထို့ကြောင့် နှစ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်များ၏ လှုံ့ဆော်မှုများသည် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များ၏ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ခဲ့ပါသည်။

၄.၁၂။ ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီသည် ခေတ်အဆက်ဆက်က တရားမဝင်-ဝင်ရောက်လာသော ဘင်္ဂါလီများကို ဥပဒေအရအရေးယူရန်နှင့် ဘင်္ဂါလီများ၏ ရိုဟင်ဂျာတိုင်းရင်းသားအဖြစ်တောင်းဆိုနေမှုကို ဆန့်ကျင်လျှက်ရှိပါသည်။

၄.၁၃။ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဝင်အချို့သည် ရခိုင်ပြည်နယ်အား ဘင်္ဂါလီတို့၏ရန်မှ ကာကွယ်ရန် လုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့မှုများရှိခဲ့ပါသည်။ ထိုပါတီ၏ ဗဟိုဌာနချုပ်မှ ခေါင်းဆောင်များသည် မြို့နယ်မှ ပါတီခေါင်းဆောင်များကဲ့သို့ လူသိရှင်ကြား ဘင်္ဂါလီဆန့်ကျင်ရေးပြောဆိုမှုများ နည်းပါးပါသည်။ ပါတီဌာနချုပ်အနေဖြင့်လည်း ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ကြေငြာစာများထုတ်ဝေခဲ့သည်ကို တွေ့ရပါသည်။ ယင်းပါတီ၏ ခေါင်းဆောင်တစ်ဦးကမူ ၎င်း၏ပါတီအနေဖြင့် ပဋိပက္ခများ ဖြစ်ပွားလာအောင်လှုံ့ဆော်မှုများမရှိဟု ပြောဆိုပါသည်။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများတွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၏ လှုံ့ဆော်မှုများကြောင့် ရခိုင်ပြည်သူ

များမှာ ဘင်္ဂါလီမုန်းတီးမှုစိတ်ဓါတ် လွန်စွာပြင်းထန်နေပါသည်။ သို့ရာတွင် ယင်းကိစ္စနှင့် ပတ်သက်ပြီး ပါတီအနေဖြင့် ထိုသို့မဖြစ်စေရန်ပြောပါက၊ ပြည်သူများက ၎င်းတို့အား ဘင်္ဂါလီများကို ကာကွယ်သူများအဖြစ် သတ်မှတ်ပြီး ဒုက္ခပေးနိုင်သောကြောင့် ၎င်းတို့ပါတီအနေဖြင့် တိုင်းရင်းသားခေါင်းဆောင်အချို့၏ လှုံ့ဆော်မှုများကို ရပ်ရန် ပြောဆိုမှုမပြုခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ သို့ရာတွင် မြို့နယ်နှင့် ကျေးရွာများအတွင်း ဘင်္ဂါလီမုန်းတီးရေးနှင့် ဆန့်ကျင်မှုများကို လှုံ့ဆော်နေသူများတွင် နယ်မြေအတွင်းမှ၊ ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီဝင်များ ပါဝင်သည်ဟု ဒေသခံများမှ အတိအလင်းပြောဆိုမှုများရှိပါသည်။

၄.၁၄။ အစိုးရ၏ ဥပဒေစိုးမိုးရေးလုပ်ဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ အစိုးရဝန်ထမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများဖက်မှ ပြစ်တင်ချက်များ၊ ဘင်္ဂါလီများဖက်မှ စွပ်စွဲချက်များနှင့် ရခိုင်နှင့် ဘင်္ဂါလီများအကြား လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခအပေါ် ဖြေရှင်းနိုင်မှု အားနည်းခြင်းများသည် အဓိကအားဖြင့် အစိုးရဝန်ထမ်းများ၏ အဂတိလိုက်စားပြီး လာဘ်ယူခြင်းများအပေါ်တွင် အခြေခံလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်ရှိ အစိုးရဝန်ထမ်းများတွင် ရခိုင်လူမျိုးများနှင့် အခြားမြန်မာတိုင်းရင်းသားများသာပါဝင်ပြီး ဘင်္ဂါလီများပါဝင်မှုမရှိပါ။ ရခိုင်လူမျိုးဝန်ထမ်းများမှာ ဘင်္ဂါလီများအပေါ် အကောင်းမြင်ခြင်းမရှိဘဲ မုန်းတီးသည့်စိတ်ရင်း အခြေခံရှိသည့်အတွက် နိုင်ထက်စီးနင်းဆက်ဆံမှုများ ရှိပါသည်။ သို့ရာတွင် အခြားသော တိုင်းရင်းသားဝန်ထမ်းများမှာ ရခိုင်တိုင်းရင်းသားဝန်ထမ်းများလောက် ဘင်္ဂါလီများအပေါ် မုန်းတီးမှုမရှိကြပါ။ ထို့ပြင် ဘင်္ဂါလီအပါအဝင် အခြားအစ္စလာမ်ဘာသာဝင်များသည် ရခိုင်မဟုတ်သော အစိုးရဝန်ထမ်းများအား ၎င်းတို့တတ်နိုင်သမျှ ငွေကြေးအကူအညီများပေးပြီး အခြားတစ်ဖက်မှလည်း ၎င်းတို့လိုချင်သော အခွင့်အရေးများကို ရရှိအောင်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြပါသည်။ ဤသို့အားဖြင့် ရခိုင်မဟုတ်သော အခြားတိုင်းရင်းသားအစိုးရဝန်ထမ်းများသည် ဘင်္ဂါလီများအား ဥပဒေနှင့်မကိုက်ညီသော အခွင့်အရေးများဖြစ်သည့် လယ်ယာမြေများကို သေချာစွာစစ်ဆေးမှုမပြုဘဲ လုပ်ကိုင်ခွင့်ပေးခြင်း၊ မှတ်ပုံတင်များထုတ်ပေးခြင်း၊ အချို့သောဘင်္ဂါလီများအား ကမန်လူမျိုးအဖြစ် မှတ်ပုံတင်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးခဲ့ကြပါသည်။ ၎င်းအပြင် ဘင်္ဂါလီများမှ ဥပဒေနှင့်မညီသော လုပ်ရပ်များလုပ်ကိုင်ဆောင်ရွက်ခြင်းရှိခဲ့သော်လည်း ၎င်းတို့ထံမှ ငွေကြေးအကူအညီရယူထားခြင်းကြောင့် ထိုဥပဒေနှင့်မညီသော လုပ်ရပ်များအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်မှုတွင် နှောင့်နှေးကြန့်ကြာစွာ လုပ်ဆောင်ခြင်းနှင့် ဘက်လိုက်မှုပြုခြင်းတို့ကို လုပ်ဆောင်ကြသည်ဟု သိရှိရပါသည်။

၄.၁၅။ ရခိုင်လူမျိုးများ၏ ဘင်္ဂါလီများအပေါ် နာကျည်းမုန်းတီးမှုနှင့် မယုံကြည်မှုများသည် ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ပွားခဲ့သော ရခိုင်နှင့်ဘင်္ဂါလီတို့၏ လူမျိုးရေးအဓိကရုဏ်းမှ စတင်ခဲ့ပါသည်။ ထို့ပြင် အစိုးရမှ ဘင်္ဂါလီများကို အရေးယူဆောင်ရွက်ခြင်းမပြုပါက ရခိုင်တို့အနေဖြင့် မိမိတို့တတ်နိုင်သည်များကို လုပ်ဆောင်သွားရန်နှင့် ဘင်္ဂါလီများကို ရခိုင်ပြည်နယ်အတွင်း၌ ကြီးစိုးမှုမရှိနိုင်အောင် လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြပုံရှိပါသည်။ ၁၉၄၂ ခုနှစ် ဖြစ်ရပ်တွင် ဘင်္ဂါ

လီများက ရခိုင်လူမျိုးအများအပြားကို သတ်ခဲ့ကြပြီး၊ အသက်ရှင်ကျန်ရစ်သော ရခိုင်များမှာ လွတ်ရာသို့ ထွက်ပြေးခဲ့ကြရပါသည်။ ထိုအချိန်မှစ၍ မောင်တော၊ ဘူးသီးတောင်နယ် များတွင် အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီအများစု ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။ လုယက်ဖျက်ဆီးခြင်းခံခဲ့ရသော ရခိုင်ကျေးရွာများ၏အမည်ကို နဂိုမူလရခိုင်နာမည်များအတိုင်း ယနေ့ထက်တိုင် ဆက်လက်ခေါ်ဝေါ်နေဆဲဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ ထိုအဖြစ်အပျက်များကို ရခိုင်လူမျိုး အဘိုး၊ အဘွားများမှ ၎င်းတို့၏မျိုးဆက်သစ်များသို့ နှုတ်တိုက်လက်ဆင့်ကမ်း သတိပေးမှာကြားလေ့ရှိကြသည်ဟု သိရှိရပါသည်။ ထိုမှာကြားချက်များကို ယနေ့ရခိုင်မျိုးဆက်သစ် လူကြီး၊လူငယ်များက သိရှိကြရုံမျှမက အသွေးထဲ၊ အသားထဲထိအောင် ဘင်္ဂါလီများကို အမုန်းကြီးမုန်းတီးသည့်စိတ် ကိန်းအောင်းဖြစ်တည်နေသည်ကို တွေ့ရှိရပါသည်။

၄.၁၆။ ရခိုင်လူမျိုးများ၏ ဘင်္ဂါလီများအပေါ် မုန်းသောအမုန်းသည် မွေးရာပါ အမုန်း၊ အတူနေထိုင်နေသမျှ လွယ်လွယ်နှင့်ပျောက်ကွယ်မသွားနိုင်တော့မည့် အမုန်းအဖြစ် တွေ့ရှိရပါသည်။ ဤအမုန်းသည် ရခိုင်လူမျိုးများအတွက် သမိုင်းကြောင်းအရရော၊ ပထဝီအနေ အထားအရပါ ဆက်ခံရရှိသော အမွေဆိုးတစ်ခုပင်ဖြစ်ပါသည်။ ယင်းအခြေအနေနှင့်ပတ်သက် ပြီး ရခိုင်လူမျိုး (၁,၂၀၀) ဦးအား စစ်တမ်းကောက်ယူကြည့်ရာတွင် ထို (၁,၂၀၀) ဦး လုံးက ၎င်း တို့သည် ငယ်ရွယ်စဉ်မှစ၍ အသက်ကြီးသည်အထိ ၎င်းတို့၏ ဘိုးဘွား၊ မိဘ၊ ဆရာသမားများထံ မှ မူဆလင်များသည် ၎င်းတို့ရခိုင်လူမျိုးများအပေါ် သဘောထားဆိုးရွားစွာထားရှိပြီး မဟုတ်မမှန် ပြောဆိုခြင်းများရှိသည်ဟူသော ပြောစကားများကို ၎င်းတို့အမြဲတမ်းကြားခဲ့ရသည်ဟု ဆိုပါသည်။ ၎င်းအပြင် ရခိုင်လူမျိုးများကြားထဲတွင် မူဆလင်များသည် ဧည့်သည်ကောင်းများမဟုတ်ဘဲ အိမ်ရှင်ဖြစ်သော ရခိုင်လူမျိုးများအား ဖယ်ထုတ်၍ ရခိုင်ပြည်နယ်ကို ထိန်းချုပ်ရန်ကြိုးစားနေသည်ဟုလည်း ၎င်းတို့က ယုံကြည်ကြပါသည်။

၄.၁၇။ အင်တာဗျူးပြုလုပ်ခဲ့သောရခိုင်လူမျိုး (၁,၂၀၀) ယောက်တွင် (၇၅) ရာခိုင်နှုန်းက ၎င်းတို့တွင် မူဆလင်အသိများရှိကြောင်း၊ သို့ရာတွင် ထိုသူငယ်ချင်းအပေါ် ၎င်းတို့အနေဖြင့် ယုံကြည်စိတ်ချမှုမရှိကြောင်းနှင့် ၎င်းတို့နှင့် အပြန်အလှန် အိမ်အလည်အပတ်သွားရောက်မှုလည်း နည်းပါးသည်ဟုဆိုပါသည်။ ထို (၁,၂၀၀) ဦးအနက်မှ (၈)ရာခိုင်နှုန်းလောက်သာ အစ္စလာမ်ဘာသာ၏ အခြေခံသဘောတရားများကို နားလည်ကြပြီး ကျန်လူများမှာ အစ္စလာမ်ဘာသာဆိုသည်မှာ အင်မတန်ဆိုးရွားသောဘာသာဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များမှာလည်း အင်မတန်ဆိုးရွားပြီး ယုံကြည်၍ မရသောလူမျိုးများဖြစ်သည်ဟု ဆိုပါသည်။

၄.၁၈။ ယနေ့အချိန်သည် ရခိုင်လူမျိုးများ၏ရင်ထဲ၌ ဘင်္ဂါလီများကို နာကျည်းမုန်းတီးစိတ် အပြင်းထန်ဆုံး၊ အထွဋ်အထိပ်သို့ရောက်ရှိနေသည့်အချိန်ဟု သတ်မှတ်နိုင်ပါသည်။ တစ်ဖက်တွင်လည်း ရခိုင်လူမျိုးများ အင်အားနည်းပါးပြီး ဘင်္ဂါလီအင်အားသာလွန်သည့်နေရာများတွင် နေထိုင်လျှက်ရှိသော ရခိုင်လူမျိုးများမှာ ကြောက်ရွံ့စိုးရိမ်ထိတ်လန့်စိတ်၊ သိမ်ငယ်စိတ်များ ကြီးမားနေပြီး အစိုးရ၏ လုံခြုံရေးအကာအကွယ်အစောင့်အရှောက်ကို အားကိုးတကြီး တောင်းခံနေကြသည်

ကို တွေ့ရှိရပါသည်။ တတ်နိုင်သောရခိုင်အချို့မှာ လုံခြုံစိတ်ချရမည်ဟုယူဆသည့် အခြားနေရာများသို့ အပြီးပြောင်းရွှေ့နေထိုင်ရန် ပြင်ဆင်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ ရခိုင်လူမျိုးများ၏ ဘင်္ဂါလီများအပေါ် မုန်းတီးမှု၊ မကျေနပ်မှု၊ ကြောက်ရွံ့စိုးရိမ်မှုများ၊ အလိုမပြည့်ဝမှုများနှင့် ၎င်းတို့၏အနာဂါတ်အတွက် မရေမရာမှုများစုပေါင်းကာ ယာယီထွက်ပေါက်များအဖြစ် ခေတ်အဆက်ဆက်ကရှိခဲ့သော အုပ်ချုပ်ရေးယန္တရားကြီးနှင့် ၎င်းယန္တရားကြီးထဲတွင် ပါဝင်တာဝန်ထမ်းဆောင်နေကြသော အရပ်ဘက်၊ စစ်ဘက်အမှုထမ်းများအား အပြစ်ဖို့ခြင်း၊ စွပ်စွဲခြင်းနှင့် ပြစ်ဒဏ်ပေးရန်တောင်းဆိုခြင်း စသည်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။

၄.၁၉။ ထိုနည်းတူစွာပင် ဘင်္ဂါလီများဘက်တွင်လည်း ဘိုးဘွားများက သား၊ သမီး၊ မြေး၊ မြစ်တို့အား ရခိုင်မကောင်းကြောင်း အယူဝါဒများကို ခေတ်အဆက်ဆက်ကပင် ဝါဒဖြန့်လျှက်ရှိနေခဲ့ပါသည်။ ထိုရခိုင်မုန်းတီးရေးအယူဝါဒများသည် ဘင်္ဂါလီများအား ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအပေါ် အကြမ်းနည်းဖြင့် တုံ့ပြန်ရန် အမြဲအဆင်သင့်ဖြစ်စေခဲ့ပါသည်။

၄.၂၀။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းသည် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများဖြစ်ပွားရသည့် အကြောင်းအရင်းတစ်ရပ်ဟု အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ရပ်ရွာခေါင်းဆောင်များက လေ့လာမှုများအတွင်း ပြောဆိုကြပါသည်။ ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့်ရေလုပ်ငန်းဖြစ်ပါသည်။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ လယ်ယာမြေအများစုမှာ ဆားငံရေဝင်ရောက်ခြင်း၊ ဆည်မြောင်းတာတမံ နည်းပါးခြင်း၊ လုံလောက်သော လယ်ယာစိုက်ပျိုးစရိတ်ရရှိရန် အခက်အခဲရှိခြင်းစသည်တို့ကြောင့် စီးပွားဖြစ်ထုတ်လုပ်သော လယ်ယာထုတ်ကုန်မရှိပါ။ ရေလုပ်ငန်းမှာလည်း အရင်းအနှီးလိုအပ်ချက် ကြီးမားသဖြင့် လူတစ်စုကသာ လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်ပါသည်။ အခြားမည်မည်ရရ စီးပွားဖြစ်ကုန်ထုတ်လုပ်မှုလည်း မရှိသဖြင့် ရခိုင်ပြည်နယ်ရှိ ရခိုင်နှင့် ဘင်္ဂါလီလူမျိုး အများစုမှာ စီးပွားရေး ကြပ်တည်းကြပါသည်။ အခြေခံစားဝတ်နေရေး အဆင်မပြေကြသောကြောင့် ၎င်းနှင့်ဆက်စပ်၍ အခြားသောလူမှုရေး၊ပညာရေးအဆင့်အတန်းများသည်လည်းလိုက်၍နိမ့်ကျသွားကြပါသည်။ စစ်တမ်းကောက်ယူမှုအတွင်း အစိုးရအရာရှိများ၊ ရပ်မိရပ်ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရခိုင်ပြည်နယ်အတွင်းပဋိပက္ခများ ပိုမိုကျယ်ပြန့် သွားစေခဲ့ရခြင်းမှာနစ်ဘက်လူ့အဖွဲ့အစည်းအတွင်းရှိ ဆင်းရဲနွမ်းပါးပြီး ပညာအရည်အချင်း နည်းသောသူများ၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု နည်းပါးခြင်း၊ ပြင်ပလှုံ့ဆော်မှုများကို ပိုမိုခံယူရရှိလွယ်ခြင်းနှင့် ယင်းလှုံ့ဆော်မှုတို့အပေါ် ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်သည်ဟု ပြောဆိုကြပါသည်။ စစ်တမ်းများမှ လေ့လာသုံးသပ်မှုများအရ ပဋိပက္ခဖြစ်ပွားရန် ပြင်ပမှလှုံ့ဆော်သူများသည် ပညာအရည်အချင်းနည်းပါးသောသူများသည် ပညာအရည်အချင်းမြင့်မားသူများထက် ပိုမိုများပြားစွာ လှုံ့ဆော် ထားကြောင်း တွေ့ရှိရပါသည်။

## ၅။ ရခိုင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများကြောင့် ဆုံးရှုံးမှုများ

၅.၁။ ရခိုင်ပြည်နယ်တစ်ဝှမ်း၌ ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောပဋိပက္ခများသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်စေခဲ့ပါသည်။ ထို့ပြင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ထပ်မံဖြစ်ပွားခဲ့သော တစ်ကျော့ပြန်ပဋိပက္ခများကြောင့် ဆုံးရှုံးမှုများ ပိုမိုလာသည့်အပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများပါ ပိုမိုမြင့်တက်လာခဲ့ပါသည်။ ပဋိပက္ခဖြစ်ပွားနေသည့် လူ့အသိုင်းအဝိုင်းနှစ်ခုကြားရှိ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု ရေချိန်မှာလည်း အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိသွားခဲ့ပါသည်။ ထိုအကျိုးဆက်ကို ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော နှစ်ဖက်လူ့အဖွဲ့အစည်းများမှာ ဆိုးရွားစွာ ခံစားနေကြရပြီဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း ပျက်စီးဆုံးရှုံးမှုများအား အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ -

(က) အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု

(ခ) စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုများ

(ဂ) လူမျိုးစုတစ်စုချင်းစီနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှု

(ဃ) စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများ တို့ဖြစ်ပါသည်။

### ၅.၂။ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးမှု

၅.၂.၁။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ငြိမ်းချမ်းစွာနေလိုသည့် ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာဖြစ်စဉ်ကြောင့် တောင်ကုတ်မြို့တွင် ပြဿနာတစ်ရပ် ထပ်မံဖြစ်ပွားခဲ့ပါသည်။ ထို့နောက် ပဋိပက္ခအသွင် ပိုမိုဆောင်လာပြီး မောင်တောမြို့နယ်တွင် ရခိုင်လူမျိုးများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ရခိုင်လူမျိုးများအား သတ်ဖြတ်ခြင်းများ ပြုလုပ်လာခဲ့ပါသည်။ မောင်တောတွင် ပဋိပက္ခများကြောင့် လူ (၂၀) ဦး သေဆုံးပြီး၊ (၇) ဦးဒဏ်ရာရရှိခဲ့ကာ နေအိမ်ပေါင်း (၄၇၄) လုံး ပျက်စီးခဲ့ရပါသည်။ ထို့နောက် ပဋိပက္ခများသည် စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ ပေါက်တောမြို့နယ်များသို့ ပြန့်နှံ့သွားကာ ထိုမြို့နယ်များတွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပါသည်။

၅.၂.၂။ ဇွန်လ (၈) ရက်နေ့ မောင်တောဖြစ်စဉ်အပြီး ဒေါသထွက်နေသော ရခိုင်လူမျိုးများသည် စစ်တွေနှင့် အခြားမြို့နယ်များတွင် ဇွန်လ (၁၀) ရက်နေ့မှစတင်ကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ စစ်တွေနှင့် ရသေ့တောင်မြို့နယ်များသည် ရခိုင်နှင့် ဘင်္ဂါလီတို့ကြား အပြန်အလှန်

တိုက်ခိုက်မှု အများဆုံးဖြစ်ပွားခဲ့သည့် နေရာများဖြစ်ကြပါသည်။ ထိုတိုက်ခိုက်မှုများကြောင့် နေအိမ်များပျက်စီးခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများပျက်စီးခြင်းနှင့် သေဆုံးဒဏ်ရာရခြင်း အစရှိသည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါသည်။ ရခိုင်ပဋိပက္ခဖြစ်ပွားခဲ့သည့် မြို့နယ်များအနက် ကျောက်တော်တွင် ပဋိပက္ခဖြစ်ပွားမှုသည် ကာလအပိုင်းအခြားအားဖြင့် အရှည်ကြာဆုံးဖြစ်ပွားခဲ့ပါသည်။ ပဋိပက္ခများအတွင်း သေဆုံးမှုသည် မြောက်ဦးမြို့တွင် အမြင့်ဆုံးဖြစ်ပါသည်။ ပထမအကြိမ် အရေးအခင်းများတွင် စုစုပေါင်း လူ (၉၈) ဦးသေဆုံးခဲ့ပြီး၊ (၁၂၃) ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ်ပေါင်း (၅,၃၀၀) ကျော်ပျက်စီးခဲ့ပါသည်။

၅.၂.၃။ ဖွန်လ ပဋိပက္ခများအတွင်း စစ်တွေမြို့၌ တိုက်ခိုက်ဖျက်ဆီးခဲ့မှုသည် အကြီးမားဆုံးဖြစ်ပါသည်။ စစ်တွေတွင် ဘင်္ဂါလီလူမျိုးများ၏ နေအိမ်ပေါင်း (၃,၆၃၆) လုံးပျက်စီးခဲ့ရပြီး၊ လူ (၃၅) ဦးအသက်ဆုံးရှုံးကာ လူ (၆၀) ခန့် အပြင်းအထန်ဒဏ်ရာရရှိခဲ့ပါသည်။ ကျောက်တော်မြို့ အရေးအခင်းတွင် တိုက်ခိုက်မှုများကြောင့် နေအိမ်ပေါင်း (၆၈၇) လုံး ဖျက်ဆီးခံခဲ့ရပြီး လူ (၂၈) ဦးသေဆုံးခဲ့ကာ (၂၆) ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ရပါသည်။ ရသေ့တောင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော အရေးအခင်းတွင် တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နေအိမ်ပေါင်း (၃၆၇) လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး လူ (၁၆) ဦးအသက်ဆုံးရှုံးခဲ့ရကာ (၄၁) ဦး ဒဏ်ရာရရှိခဲ့ပါသည်။ လူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဒုက္ခသည်စခန်းများတွင် သွားရောက်နေထိုင်ခဲ့ကြရပါသည်။

၅.၂.၄။ ဩဂုတ်လပထမပတ်အတွင်းတွင် ရခိုင်ပြည်နယ်အစိုးရနှင့် တပ်မတော်တို့ပူးပေါင်း၍ အရေးအခင်းများကို ဝင်ရောက်ထိန်းသိမ်းလာသဖြင့် တိုက်ခိုက်မှုများ ခေတ္တရပ်တန့်သွားခဲ့ပါသည်။ သို့သော်လည်း နှစ်ဖက်လူ့အဖွဲ့အစည်းတွင် တစ်ဖက်နှင့်တစ်ဖက် နာကြည်းမှုများမှာ ခိုင်ခိုင်မာမာစွဲထင်လျှက်ရှိပါသည်။ ထို့ကြောင့် အောက်တိုဘာလ ဒုတိယပတ်အတွင်းတွင် ရခိုင်ပြည်နယ်ရှိ မြို့ (၇) မြို့၌ အရေးအခင်းများ တစ်ကျော့ပြန်၍ ဖြစ်ပွားလာခဲ့ပါသည်။ ဒုတိယအကြိမ်ဖြစ်ပွားမှုတွင် ပထမအကြိမ်ဖြစ်ပွားစဉ်က မပါဝင်ခဲ့သော ကျောက်ဖြူနှင့် မြေပုံမြို့နယ်တို့တွင်ပါ ဖြစ်ပွားလာခဲ့ပါသည်။ ထိုအရေးအခင်းအတွင်းတွင် ရခိုင်ပြည်နယ်အစိုးရမှ တရားဝင်ထုတ်ပြန်သော သတင်းအချက်အလက်များအရ လူပေါင်း (၉၄) ဦးသေဆုံးခဲ့ပြီး၊ (၁၃၄) ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ်ပေါင်း (၂,၃၀၀) ကျော် ထပ်မံမီးလောင် ပျက်စီးခဲ့ရပါသည်။

၅.၂.၅။ ဒုတိယအကြိမ် ပဋိပက္ခများတွင် မင်းပြားမြို့နယ်၌ ဘင်္ဂါလီလူမျိုး နေအိမ်ပေါင်း (၆၅၇) လုံးခန့် မီးလောင်ပျက်စီးခဲ့ပြီး လူ (၄) ဦးသေဆုံးကာ လူ (၁၇) ဦးခန့် ဒဏ်ရာရရှိခဲ့ပါသည်။ မြောက်ဦးမြို့နယ်တွင် လူ (၆၃) ဦး အသက်ဆုံးရှုံးခဲ့ကြရပြီး လူပေါင်း (၃၃) ဦး ဒဏ်ရာရရှိခဲ့ ကြပါသည်။ နေအိမ်စုစုပေါင်း (၅၇၉) လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ကျောက်ဖြူမြို့နယ်တွင် ပဋိပက္ခများကြောင့် လူပေါင်း (၁၁) ဦး အသက်ဆုံးရှုံးခဲ့ကြရပြီး လူပေါင်း (၄၂) ဦး ဒဏ်ရာရရှိခဲ့ကြရပါသည်။ နေအိမ်စုစုပေါင်း (၈၆၀) လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ မြေပုံမြို့နယ်တို့တွင်လည်း တိုက်ခိုက်မှုများကြောင့် လူ (၁၈) ဦးခန့် ဒဏ်ရာရရှိခဲ့ပါသည်။ နေအိမ် စုစုပေါင်း (၆၇၄) လုံး မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ပါသည်။ ရသေ့တောင်မြို့နယ်တွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်

များတွင် လူ (၂) ဦး သေဆုံးခဲ့ရပြီး လူပေါင်း (၁၂) ဦးခန့် ဒဏ်ရာရရှိခဲ့ပါသည်။ အလားတူ ပေါက်တောမြို့နယ်တို့တွင် မီးရှို့ဖျက်ဆီးတိုက်ခိုက်မှုများကြောင့် လူ (၁) ဦး ဒဏ်ရာရရှိခဲ့ပါသည်။ နေအိမ်စုစုပေါင်း (၅၀၃) လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

**ဇယား(၁)။ ဘင်္ဂါလီလူမျိုးများ သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုစာရင်း**

| ဘင်္ဂါလီလူမျိုးများ သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံရှုံးမှု | | | | |
|---|---|---|---|---|
| | သေဆုံး | ဒဏ်ရာရ | နေအိမ် | စီးပွားရေးလုပ်ငန်း |
| ပထမအကြိမ် | ၆၆ | ၇၂ | ၄၁၈၈ | ၇၅ |
| ဒုတိယအကြိမ် | ၆၈ | ၄၅ | ၂၃၇၁ | - |

**ဇယား(၂)။ ရခိုင်လူမျိုးများ သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံးရှုံးမှုစာရင်း**

| ရခိုင်လူမျိုးများ သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးဆုံရှုံးမှု | | | | |
|---|---|---|---|---|
| | သေဆုံး | ဒဏ်ရာရ | နေအိမ် | စီးပွားရေးလုပ်ငန်း |
| ပထမအကြိမ် | ၃၂ | ၅၁ | ၁၁၅၀ | ၄၅ |
| ဒုတိယအကြိမ် | ၂၆ | ၉၇ | ၄၂ | - |

၅.၂.၆။ ရခိုင်ပြည်နယ် ပဋိပက္ခများအတွင်း လူပေါင်း (၁၉၂) ဦးသေဆုံးခဲ့ရပြီး (၂၆၅) ဦးနှင့်အထက် ဒဏ်ရာရရှိခဲ့ကာ နေအိမ်ပေါင်း (၈,၆၁၄) လုံးပျက်စီးခဲ့ပါသည်။ ပထမအကြိမ် ဖြစ်စဉ်များတွင် ဘင်္ဂါလီလူမျိုး (၆၆) ဦးနှင့် ရခိုင်လူမျိုး (၃၂) ဦး စုစုပေါင်း (၉၈) ဦး အသက်ဆုံးရှုံးခဲ့ရပါသည်။ ထို့ပြင် ဘင်္ဂါလီလူမျိုး (၇၂) နှင့် ရခိုင်လူမျိုး (၅၁) ဦးလည်း ဒဏ်ရာရရှိခဲ့ပါသည်။ ဘင်္ဂါလီလူမျိုးများ၏ နေအိမ် (၄၁၈၈) လုံးနှင့် ရခိုင်လူမျိုး နေအိမ်ပေါင်း (၁,၁၅၀) လုံး မီးလောင် ပျက်စီးခဲ့ရပါသည်။ ဒုတိယအကြိမ်ဖြစ်စဉ်များတွင် ဘင်္ဂါလီလူမျိုး (၆၈) ဦးနှင့် ရခိုင်လူမျိုး (၂၆) ဦး အသက်ဆုံးရှုံးခဲ့ရပါသည်။ ထို့ပြင် ဘင်္ဂါလီလူမျိုး (၄၅) ဦးနှင့် ရခိုင်လူမျိုး (၉၇) ဦး ထပ်မံ ဒဏ်ရာ ရရှိခဲ့ပါသည်။ ရခိုင်လူမျိုးပိုင်နေအိမ် (၄၂) လုံးနှင့် ဘင်္ဂါလီလူမျိုးပိုင်နေအိမ် (၂,၃၇၁) လုံး ပျက်စီးခဲ့ရပြန်ပါသည်။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း မြို့နယ်အလိုက် ရခိုင်လူမျိုး နှင့် ဘင်္ဂါလီလူမျိုးတို့၏ ပျက်စီးဆုံးရှုံးမှုများကို အောက်ဖော်ပြပါဇယား(၃) တွင် အသေးစိတ်ဖော်ပြထားပါသည်။ ပထမအကြိမ်ဖြစ်စဉ်များထက် ဒုတိယအကြိမ်ဖြစ်စဉ်များတွင် လူသေဆုံး၊ ဒဏ်ရာရရှိမှု ပိုမိုလာခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများတွင် မြောက်ဦးမြို့၌ သေဆုံးသူဦးရေ အများဆုံးဖြစ်ပါသည်။ စုစုပေါင်း သေဆုံးသူ၏ (၃၀) ရာခိုင်

နှုန်းခန့်သည် မြောက်ဦးမြို့တွင် ဖြစ်ပွားခဲ့ပါသည်။ ပဋိပက္ခများအတွင်း ဒုတိယသေဆုံးမှု အများဆုံးမှာ စစ်တွေဖြစ်ပြီး (၂၀) ရာခိုင်နှုန်းခန့်ရှိပါသည်။ နေအိမ်များ ပျက်စီးဆုံးရှုံးမှုနှင့် စီးပွားရေးလုပ်ငန်းများပျက်စီးဆုံးရှုံးမှုတွင် စစ်တွေမြို့သည် အများဆုံးဖြစ်ပါသည်။ နေအိမ်ပျက်စီးမှု စုစုပေါင်း၏ (၄၀) ရာခိုင်နှုန်းကျော်နှင့် စီးပွားရေးလုပ်ငန်း (ဈေးဆိုင်များ) ဖျက်ဆီးခံရမှု စုစုပေါင်း၏ (၉၀) ရာခိုင်နှုန်းကျော်သည် စစ်တွေမြို့တွင် ဖြစ်ပွားခဲ့ပါသည်။

**ဇယား(၃)။ ပဋိပက္ခများကြောင့်မြို့နယ်အလိုက် နစ်ဖက်သေဆုံးပျက်စီးဆုံးရှုံးမှုများစာရင်း**

| မြို့နယ် | သေဆုံး | ဒဏ်ရာရ | နေအိမ် ပျက်စီး | စီးပွားရေးလုပ်ငန်း |
|---|---|---|---|---|
| မြောက်ဦး | ၆၃ | ၃၃ | ၅၉၄ | - |
| စစ်တွေ | ၃၅ | ၆၀ | ၃၆၃၆ | ၁၁၂ |
| ကျောက်တော် | ၂၈ | ၂၆ | ၆၈၇ | ၁ |
| မောင်တော | ၂၀ | ၇ | ၄၇၄ | ၇ |
| ရသေ့တောင် | ၁၆ | ၄၁ | ၃၆၇ | - |
| ကျောက်ဖြူ | ၁၁ | ၄၂ | ၈၆၃ | - |
| တောင်ကုတ် | ၁၀ | - | - | - |
| မင်းပြား | ၄ | ၁၇ | ၆၅၇ | - |
| ပေါက်တော | ၃ | ၁၉ | ၆၂၇ | - |
| ရမ်းဗြဲ | ၂ | ၂ | ၃၅ | - |
| မြေပုံ | - | ၁၈ | ၆၇၄ | - |
| သံတွဲ | | | ၅ | |
| **စုစုပေါင်း** | **၁၉၂** | **၂၆၅** | **၈၆၁၄** | **၁၂၀** |

၅.၂.၇။ ပဋိပက္ခများအတွင်း ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရသည့်အပြင် အများနှင့်သက်ဆိုင်သော အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရခိုင်လူမျိုးများသည် အများပိုင်အဆောက်အအုံများကို ဖျက်ဆီးခြင်းမရှိဘဲ အစ္စလာမ်ဘာသာရေးအဆောက်အအုံများကိုသာ ဦးတည်ဖျက်ဆီးခဲ့ကြပါသည်။ ဘင်္ဂါလီလူမျိုးများမှာ မောင်တောမြို့နယ်ဖြစ်စဉ်များတွင် ရခိုင်တိုင်းရင်းသားပိုင်ပစ္စည်းများ သာမက နိုင်ငံတော်ပိုင်၊ ဘာသာရေးနှင့် အများနှင့်သက်ဆိုင်သည့် အဆောက်အအုံများကိုပါ ဖျက်ဆီးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ပျက်စီးဆုံးရှုံးခဲ့မှုကို အောက်ဖော်ပြပါဇယား (၄) တွင် ဖော်ပြ

ထားပါသည်။ မောင်တောမြို့နယ်တွင် ဘင်္ဂါလီလူမျိုးများသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ မီးစက်ရုံငယ်များ၊ ဓမ္မာရုံများနှင့် အခြားနိုင်ငံပိုင် အဆောက် အအုံအချို့ကို ဖျက်ဆီးခဲ့ပါသည်။ ဘင်္ဂါလီလူမျိုးများသည် ဘုန်းကြီးကျောင်း (၂၂) ကျောင်း၊ မီး စက်ရုံ (၇) ရုံ၊ ဆေးပေးခန်း (၂) ခု၊ စာသင်ကျောင်း (၄) ကျောင်းနှင့် ရဲကင်း (၂) ခုတို့ကို ဖျက် ဆီးခဲ့ကြပါသည်။ ရခိုင်လူမျိုးများသည် နိုင်ငံပိုင်အဆောက်အအုံများကို ဖျက်ဆီးခြင်းမရှိခဲ့သော် လည်း အစ္စလာမ်ဘာသာဗလီ (၃၂) လုံးကို ဖျက်ဆီးခဲ့ကြပါသည်။

**ဇယား(၄)။ ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အဦများစာရင်း**

| စဉ် | အဆောက်အဦ | အရေအတွက် |
|---|---|---|
| ၁ | ဗလီ | ၃၂ |
| ၂ | ဘုန်းကြီးကျောင်း | ၂၂ |
| ၃ | မီးစက်ရုံ | ၇ |
| ၄ | ပညာရေးဝန်ထမ်းအိမ်ရာ | ၇ |
| ၅ | စာသင်ကျောင်း | ၄ |
| ၆ | ဆေးပေးခန်း | ၃ |
| ၇ | ရဲကင်း | ၂ |
| ၈ | ဓမ္မာရုံ | ၂ |
| ၉ | ရှင်းလင်းဆောင် | ၂ |
| ၁၀ | သစ်တောရုံး | ၁ |

## ၅.၃။ ရခိုင်နှင့် ဘင်္ဂါလီတို့မှပေးပို့သော ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်သည့် အချက်အလက်များ

၅.၃.၁။ ရခိုင်လူမျိုးတို့ထံမှလည်းကောင်း၊ ဘင်္ဂါလီလူမျိုးတို့ထံမှလည်းကောင်း ပေးပို့သော ပျက်စီးဆုံးရှုံး မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များသည် ရခိုင်ပြည်နယ်အစိုးရမှ ထုတ်ပြန် သောသတင်းအချက်အလက်များနှင့် ကွာခြားမှုရှိသည်ကိုတွေ့ရပါသည်။ ရခိုင်ပြည်နယ်အစိုးရမှ ထုတ်ပြန်သောစာရင်းများအရ သေဆုံးသူစုစုပေါင်းမှာ ရခိုင် (၅၈) ဦးနှင့် ဘင်္ဂါလီ (၁၃၄) ဦး စုစုပေါင်း (၁၉၂) ဦးဟု ထုတ်ပြန်ခဲ့သော်လည်း ရခိုင်လူမျိုးများဘက်မှ တင်ပြလာသော စာရင်း များအရ ရခိုင်သေဆုံးသူ (၁၂၈) ဦးရှိပြီး ဘင်္ဂါလီလူမျိုးများ တင်ပြလာသောစာရင်းတွင် ဘင်္ဂါလီ သေဆုံးသူ (၂၁၉) ဦးရှိကြောင်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်အစိုးရမှ ထုတ်ပြန်သော ဒဏ် ရာရသူများစာရင်းတွင် ရခိုင် (၁၄၈) ဦးနှင့် ဘင်္ဂါလီ (၁၁၇) ဦး၊ စုစုပေါင်း (၂၆၅) ဦးသာ ရှိပါ သည်။ ရခိုင်လူမျိုးများတင်ပြလာသော ရခိုင်ဒဏ်ရာရသူစာရင်းတွင် (၁၆၉) ဦးနှင့် ဘင်္ဂါလီတို့

တင်ပြလာသော ဘင်္ဂါလီဒုက္ခရာရသူစာရင်းတွင် (၂၄၂) ဦး အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား(၅)။ မြို့နယ်အလိုက်ရခိုင်နှင့်ဘင်္ဂါလီတို့မှတင်ပြလာသော သေဆုံး၊ ဒုက္ခရာရစာရင်း**

| မြို့နယ် | ရခိုင်ဘက်မှတင်ပြစာရင်း | | ဘင်္ဂါလီဘက်မှတင်ပြစာရင်း | |
|---|---|---|---|---|
| | သေဆုံးသူ | ဒုက္ခရာရသူ | သေဆုံးသူ | ဒုက္ခရာရသူ |
| စစ်တွေ | ၃၅ | ၆၀ | ၂၆ | ၃၀ |
| မောင်တော | ၂၀ | ၁၀ | ၃၁ | ၄၅ |
| ဘူးသီးတောင် | ၅ | ၅ | ၃၅ | ၂၃ |
| ရမ်းဗြဲ | ၆ | ၅ | ၁၅ | ၂၀ |
| ပေါက်တော | ၃ | ၁၆ | ၁၇ | ၁၂ |
| ရသေ့တောင် | ၁၅ | ၂၉ | ၃၄ | ၄၂ |
| ကျောက်တော် | ၁၅ | ၂ | ၂၅ | ၁၀ |
| မြောက်ဦး | ၁၀ | ၈ | ၁၀ | ၂၀ |
| ကျောက်ဖြူ | ၇ | ၃ | ၁၃ | ၅ |
| တောင်ကုတ် | - | - | - | - |
| မင်းပြား | ၅ | ၉ | ၅ | ၁၀ |
| မြေပုံ | ၇ | ၁၀ | ၈ | ၁၀ |
| သံတွဲ | - | ၁၂ | - | ၁၅ |
| **စုစုပေါင်း** | **၁၂၈** | **၁၆၉** | **၂၁၉** | **၂၄၂** |

## ၅.၄။ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုများ

၅.၄.၁။ ဇွန်လမှ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော အရေးအခင်းများကြောင့် ဒေသအတွင်း နေထိုင်လျှက်ရှိကြသော နှစ်ဖက်လူ့အဖွဲ့အစည်းတွင် စိုးရိမ်ပူပန်မှုများတိုးပွားလာခဲ့ပါသည်။ ငြိမ်းချမ်းစွာနေလိုသည့် လူ့အဖွဲ့အစည်းအတွင်း လူတစ်ဦးတစ်ယောက်ချင်းစီ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ များပြားလာခဲ့ပါသည်။ ထိုအကျိုးသက်ရောက်မှုများသည် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ်တွင် ပိုမိုသက်ရောက်စေခဲ့ပါသည်။ နှစ်ဖက်လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာနေထိုင်လိုသောသူများစွာရှိပါသည်။ ရန်လိုစိတ်များသော အကြမ်းဖက်လိုသည့်သူများ၏ အပြန်အလှန်တိုက်ခိုက်လာမည့်ရန်များကြောင့် နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်းတွင် နေ့/ညစိုးရိမ်ပူပန်မှုများစွာရှိနေပါသည်။ ထိုသို့သော စိုးရိမ်ပူပန်မှုများသည် ရခိုင်နှင့် ဘင်္ဂါလီနယ်မြေချင်း ထိစပ်နေသည့်နေရာများတွင် ပိုမိုများပြားပါသည်။ အပြန်အလှန်ဝါဒဖြန့် ပြစ်တင်ပြောဆိုရင်း နှစ်ဖက်

လူ့အဖွဲ့အစည်းတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုလုံးဝပျက်ပြားသွားကာ မသွားရဲ၊ မလာရဲ၊ မဆက်ဆံရဲတော့သည့် အခြေအနေများ ဖြစ်လာပါသည်။

၅.၄.၂။ ရန်လိုတိုက်ခိုက်မှုများ၊ အမျိုးသားရေးအယူဝါဒများအကြားတွင် ငြိမ်းချမ်းစွာနေထိုင်လိုသည့် လူ့အသိုင်းအဝိုင်းမှာ ဒုက္ခများစွာကြုံတွေ့နေရပါသည်။ နှစ်ဖက်ယုံကြည်မှုလုံးဝပျက်ပြားသွား ခဲ့ရသည့်အတွက် လွတ်လပ်စွာသွားလာနေထိုင်ရန်အတွက်လည်း ကန့်သတ်ချက်များ ပေါ်ပေါက်လာပါသည်။ ကလေးလူငယ်များ၏ လုံခြုံရေးအတွက် မိခင်များမှာ ပိုမိုစိုးရိမ်နေကြပါသည်။ ထို့ကြောင့် ကျောင်းသူ/ကျောင်းသားများပါ ကျောင်းမတက်နိုင်သည့်ပြဿနာများ ဖြစ်လာပါသည်။ နေ့စဉ်လူနေမှုဘဝတွင်လည်း အပြန်အလှန်တိုက်ခိုက်လာမည်ဟူသော ကောလာဟလသတင်းများ မကြာခဏထွက်ပေါ်လေ့ရှိပါသည်။ ထိုသို့ ကောလာဟလ သတင်းများထွက်ပေါ်လာတိုင်း အမျိုးသမီးများနှင့် ကလေးများသည် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ကြရပါသည်။ ထို့ပြင် ရခိုင်ကလေးငယ်များတွင်လည်း **"ကုလားလာရင်ကြောက်တယ်"** ဟူသော အကြောက်တရားများ ခိုင်ခိုင်မာမာ ရှိနေသည်ကိုတွေ့မြင်ရပါသည်။ ကလေးငယ်များတွင် လက်ရှိ ဖြစ်ပေါ်ခံစားနေရသော ဘင်္ဂါလီများနှင့်ပတ်သက်သည့် ခံစားချက်များကို ကြည့်ခြင်းအားဖြင့် ရခိုင်ပြည်နယ်၏ အနာဂါတ်လူမှုဆက်ဆံရေးပုံစံကို ခန့်မှန်းတွက်ဆ၍ ရနိုင်ပါသည်။ အနာဂါတ်တွင် ပခုံးထမ်းတာဝန်များကို လွှဲပြောင်းယူကြရမည့် လူငယ်လူရွယ်များ၏ စိတ်ပိုင်းဆိုင်ရာယုံကြည်မှုနှင့် ခံစားချက်များကို တည့်မတ်ပေးရန် လိုအပ်ပါသည်။

၅.၄.၃။ စစ်တမ်းတွင်ပါဝင်ခဲ့သည့် ရခိုင်နှင့်ဘင်္ဂါလီလူများအားလုံးမှ ၎င်းတို့၏ မိသားစုဝင်များနှင့်အသိမိတ်ဆွေအများအပြားသည် ပဋိပက္ခများကိုကြုံတွေ့ခဲ့ရသည့် အချိန်မှစ၍ စိတ်ချောက်ခြားခြင်း၊ အိပ်မက်ဆိုးများမက်ခြင်းနှင့် တစ်နေရာမှတစ်နေရာသို့တစ်ယောက်တည်း မသွားနိုင်ခြင်းများဖြစ်ကြရသည်ဟု ပြောဆိုကြပါသည်။ လက်ရှိအခြေအနေတွင် နှစ်ဖက်လူ့အဖွဲ့အစည်းအား လုံခြုံရေးပေးနိုင်သည့်အင်အား လုံလောက်မှုမရှိသည်မှာ ထင်ရှားပါသည်။ လုံခြုံရေးစိတ်မချရတော့သည့်အတွက် မိမိ၏မိသားစုဝင်အများစုအတွက် အန္တရာယ်ရှိမည်ကို ပူပန်ရခြင်း၊ သားသမီးများ ကျောင်းတက်ကျောင်းဆင်း လုံခြုံရေးအတွက်စိတ်မချနိုင်ခြင်း၊ ကုန်စည်စီးဆင်းမှုမမှန်တော့ခြင်းကြောင့် အခြေခံစားနပ်ရိက္ခာရှားပါးခြင်းအတွက် ပူပန်ရခြင်း အစရှိသည့် ပြဿနာများကို တွေ့ကြုံနေကြရပါသည်။

၅.၄.၄။ မောင်တောမြို့နယ်၊ သရေကုန်းဘောင်ကျေးရွာတွင် ရခိုင်ကျောင်းဆရာ ဦးအောင်ချမ်းသာအား ၎င်း၏အရင်းနီးဆုံးတပည့် ဘင်္ဂါလီလူမျိုး (၃) ဦးက သတ်ဖြတ်ခဲ့ခြင်းသည် ရခိုင်နှင့် ဘင်္ဂါလီများအကြား လူမှုဆက်ဆံရေးတွင် ကြီးစွာသောဆုံးရှုံးမှုကို ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ဝေးလံသည့်ဒေသများတွင် တာဝန်ထမ်းဆောင်မည့် ဆရာ/ဆရာမများအနေဖြင့် အထူးသဖြင့် ဘင်္ဂါလီလူမျိုးများအပေါ်တွင် ယုံကြည်မှုမရှိတော့ဘဲ ကျေးလက်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် ဝန်လေးလာကြကြောင်း ပြောဆိုကြပါသည်။ ရခိုင်အပါအဝင် အခြားတိုင်းရင်းသားများသည် ဘင်္ဂါလီလူမျိုးများအပေါ် ယုံကြည်မှု နည်းပါးကြပါသည်။ အကြောင်းအရင်းမှာ

ရခိုင်နှင့် အခြားတိုင်းရင်းသားများသည် လူမှုရေးအရ ထိတွေ့ဆက်ဆံမှုများရှိနေသော်လည်း၊ ဘင်္ဂါလီလူမျိုးများ၏ လူမှုရေးဆိုင်ရာအမူအကျင့်ကို အခြားတိုင်းရင်းသားများက ကြိုက်နှစ်သက်ခြင်းလုံးဝမရှိပါ။ ထို့ကြောင့် ဘင်္ဂါလီလူမျိုးများနှင့် အခြားတိုင်းရင်းသားများ၏ ဆက်ဆံရေးသည် မဖြစ်မနေ အဖြစ်သဘောသာ ဆက်ဆံခြင်းမျိုးဖြစ်ပါသည်။ ဇွန်လနှင့် အောက်တိုဘာလ ဖြစ်စဉ်များဖြစ်ပွားပြီးသောအခါ နှစ်ဖက်လူမှုဆက်ဆံရေးမှာ လုံးဝနီးပါးပျက်ပြားသွားသည်အထိ ဖြစ်ပွားခဲ့ပါသည်။

၅.၄.၅။ ရခိုင်ပြည်နယ်တောင်ပိုင်းမြို့နယ်များတွင် နေထိုင်ကြသောရခိုင်လူမျိုးများသည် တိုက်ခိုက်ဖျက်ဆီးမှုများမခံခဲ့ရသော်လည်း မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောဖြစ်ရပ်နှင့် သတင်းများကို မီဒီယာများမှတဆင့် သိရှိရခြင်းကြောင့် ၎င်းတို့အနေဖြင့်လည်း ဘင်္ဂါလီလူမျိုးများနှင့် ဆက်လက်အခြေချနေထိုင်ရန် မဖြစ်နိုင်တော့ကြောင်း တစ်ညီတစ်ညွတ်တည်း တောင်းဆိုလာကြပါသည်။ ဘင်္ဂါလီလူမျိုးများအနေဖြင့်လည်း ပဋိပက္ခမဖြစ်ပွားမီနေထိုင်ခဲ့သော နေရာများတွင် နေထိုင်လိုကြပါသည်။ သို့သော်လည်း ဘင်္ဂါလီအနည်းစုနေထိုင်သည့် မြေပုံကဲ့သို့သောနေရာများတွင် ၎င်းတို့အနေဖြင့် ရခိုင်တို့နှင့် ဆက်လက်နေထိုင်ရန် လုံခြုံမှုမရှိတော့ပါသဖြင့် အခြားတစ်နေရာ (မြန်မာပြည်တွင်း)သို့ ပြောင်းရွှေ့နေထိုင်ခွင့်ရရန် လိုလားနေကြပါသည်။ ဇွန်လနှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်သောလျှက်ရှိသော သူများအားလုံးအား ခြောက်ခြားစေခဲ့ပြီး လူတိုင်း၏စိတ်တွင် လုံခြုံမှုကင်းမဲ့သွားသကဲ့သို့ ခံစားနေရကြောင်းတွေ့ရှိရပါသည်။ လုံခြုံရေးအင်အားများတိုးချဲ့ချထားသော်လည်း တိုက်ခိုက်တော့မည့် ကောလာဟလသတင်းများ မကြာခဏထွက်ပေါ်နေသဖြင့် ပဋိပက္ခများတွင် မပါဝင်သော အေးချမ်းစွာနေလိုသည့် သူများအပေါ် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာစေပါသည်။ ဖော်ပြပါ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၏ အကျိုးဆက်များကြောင့် နှစ်ဖက်လူ့အဖွဲ့အစည်းတွင် လူမှုရေးပိုင်းဆိုင်ရာထိခိုက်မှုများပါ ရှိလာခဲ့ပါသည်။

၅.၄.၆။ လက်ရှိအခြေအနေတွင် ရခိုင်လူမျိုးများ၏ ဘင်္ဂါလီလူမျိုးများအပေါ် ပြင်းထန်သောအမုန်းတရားများကြောင့် လူ့အဖွဲ့အစည်းနှစ်ရပ်၏ အပြန်အလှန်ဆက်ဆံရေး ရပ်တံ့သွားမည့် အနေအထားသို့ ဦးတည်နေပါသည်။ ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီလူမျိုးများနှင့် ဆက်ဆံပါက ပြင်းထန်သည့် ရှုတ်ချမှုများနှင့် လူမှုရေးဆိုင်ရာအပြစ်ပေးမှုများကို ပြုလုပ်လျှက်ရှိပါသည်။ လတ်တလောအခြေအနေတွင် ရခိုင်လူမျိုးလှုပ်ရှားတက်ကြွသူများအနေဖြင့် ပဋိပက္ခထပ်မံမဖြစ်ပွားစေရန်ဟု အကြောင်းပြကာ ရခိုင်လူမျိုးများအား ဘင်္ဂါလီလူမျိုးများကို ရောင်းဝယ်ဖောက်ကားခြင်း၊ ဆက်ဆံခြင်း မပြုလုပ်ရန်တိုက်တွန်းနေပါသည်။ ဘင်္ဂါလီလူမျိုးများနှင့် ဆက်ဆံသည်ကို တွေ့ရှိပါကလည်း ပြင်းထန်သည့်တုန့်ပြန်မှုများကို ပြုလုပ်ကြပါသည်။ မြောက်ဦးမြို့နယ်တွင် ဘင်္ဂါလီလူမျိုးများအား ရောင်းဝယ်ဖောက်ကားသည်ဟု စွပ်စွဲကာ ရခိုင်အချင်းချင်း တိုက်ခိုက်မှုတစ်ခု အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့ပါသည်။ ထို့ပြင် ဘင်္ဂါလီလူမျိုးများအား ဆက်ဆံခဲ့သည့်အတွက် သစ္စာဖောက်ဟု စွပ်စွဲကာ ပြင်းထန်သည့် လူမှုရေးဆိုင်ရာ ချိုးနှိမ်မှုများကိုပါ ပြုလုပ်ခဲ့

ပါသည်။ ထို့ပြင် ဘင်္ဂါလီဒုက္ခသည်စခန်းများသို့ အစားအစာနှင့် ဆေးဝါးပေးပို့ခြင်းများကိုပါ ပိတ်ဆို့တားမြစ်ခြင်းများကို ပြုလုပ်နေကြပါသည်။ ထို့ကြောင့် ဘင်္ဂါလီဒုက္ခသည်များအနေဖြင့်လည်း လိုအပ်သော ဆေးဝါးနှင့် အစားအစာအတွက် အပိုကုန်ကျစရိတ်များစွာ ရှိလာပါသည်။ ဤသို့သောအခြေအနေများသည် ဒေသတွင်းနေထိုင်နေသော နှစ်ဖက်လူ့အဖွဲ့အစည်း၏ လူမှုစီးပွားရေးတိုးတက်မှုအပေါ် ကြီးစွာသောဆိုးကျိုးသက်ရောက်မှုများ ဖြစ်နေပါသည်။

၅.၄.၇။ တစ်ကျော့ပြန်တိုက်ခိုက်မှုများအား ပြန်လည်သုံးသပ်ကြည့်ပါက ဖွန်လအရေးအခင်းတွင် ပါဝင်ခဲ့ခြင်းမရှိသည့် မြို့နယ်များတွင်ပါ ထပ်မံဖြစ်ပွားလာခဲ့သည်ကို တွေ့ရပါသည်။ ကျောက်ဖြူမြို့မှ ထွက်ပြေးလာသော ဒုက္ခသည်များအား တွေ့ဆုံမေးမြန်းချက်အရ ဖွန်လအတွင်းတွင် ကျောက်ဖြူမြို့နယ်၌ ပဋိပက္ခများကို ကြိုတင်တားဆီးရန်အတွက် ရခိုင်နှင့် အစ္စလာမ်ဘာသာဝင်များပါဝင်သည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုပါသည်။ ထိုကော်မတီဝင်ရခိုင်လူမျိုးများထံသို့ စာတိုက်မှတစ်ဆင့် ရှုတ်ချသည့်ပစ္စည်းများပေးပို့ခြင်းနှင့် ဘင်္ဂါလီလူမျိုးများအား တိုက်ခိုက်ရန် လှုံ့ဆော်မှုများပေးပို့ခြင်းခံခဲ့ရကြောင်း သိရှိရပါသည်။ အကျိုးဆက်အားဖြင့် အောက်တိုဘာလအတွင်းတွင် အရေးအခင်းများထပ်မံဖြစ်ပွားသည့်အခါတွင် ကျောက်ဖြူမြို့တွင် အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးများအားတိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရပါသည်။ အချုပ်အားဖြင့်ဆိုရသော် ရခိုင်လူမျိုးများ၏ အမုန်းတရားများသည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများကို ကွဲထွက်သွားစေခဲ့ပါသည်။ ထို့ပြင်တိုင်းရင်းသားအဖြစ် သတ်မှတ်ထားသော အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးများကို တိုက်ခိုက်ခဲ့သည့်အတွက်လည်း တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုကို ဖြစ်စေကာ ဘာသာရေးပဋိပက္ခအသွင်ဆောင်စေခဲ့ပါသည်။

၅.၄.၈။ မောင်တောတွင် ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အအုံများ၊ ရုပ်ပွားဆင်းတုတော်များကို ဖျက်ဆီးခံရမှုများသည်လည်း ဗုဒ္ဓဘာသာဝင်များအား ပိုမိုဒေါသဖြစ်စေခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားလူမျိုးများကပါ ဘင်္ဂါလီလူမျိုးများအပေါ် အမျက်ဒေါသ ဖြစ်လာကြပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တွင်သာမက မြန်မာနိုင်ငံ၏ အခြားဒေသများတွင်ပါဘင်္ဂါလီလူမျိုးများအပေါ် မုန်းတီးမှုများဖြစ်လာခဲ့ပါသည်။ ထို့ပြင် အောက်တိုဘာလအတွင်းဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ၏ ဘုရားကျောင်းကန်များကို မီးရှို့ဖျက်ဆီးခြင်းခံရမှုများသည် ဘင်္ဂါလီလူမျိုးများနှင့် ဗုဒ္ဓဘာသာဝင်များအကြားရှိ တင်းမာမှုကို ပိုမိုတိုးပွားစေကာတစ်ကျော့ပြန်တိုက်ခိုက်မှုများကို ရခိုင်ပြည်နယ်အတွင်း ထပ်မံဖြစ်ပွားစေသည့် အကြောင်းအရင်း တစ်ခုဖြစ်လာခဲ့ပါသည်။

၅.၄.၉။ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်အတွင်း (၉၆၉) လှုပ်ရှားမှုတစ်ရပ်ကို အကောင်အထည်ဖော်နေကြပါသည်။ လှုပ်ရှားမှု၏ အဓိကရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် အစ္စလာမ်ဘာသာဝင်များနှင့် ရောင်းဝယ်ဖောက်ကားမှုပြုလုပ်မည့်အစား (၉၆၉) အမှတ်တံဆိပ်ပါဗုဒ္ဓဘာသာဝင်များရောင်းသည့်ဆိုင်များတွင် အားပေးမှုလုပ်စေခြင်းဖြစ်ပါသည်။ ဤသို့ ပြုလုပ်

ခြင်းဖြင့် နှစ်ဘက်လူ့အဖွဲ့အစည်းဆက်ဆံရေးအား လုံးဝပျက်ပြားသွားစေကာ သီးခြားစီဖြစ်စေမည့်အခြေအနေကို ဖန်တီးနေပါသည်။ ဘင်္ဂါလီလူမျိုးများအနေဖြင့် စားဝတ်နေရေးခက်ခဲလာကာ နေ့စဉ်လူမှုပြဿနာများကို ရင်ဆိုင်နေရလျှက်ရှိပါသည်။ မိမိတို့၏ နေ့စဉ်ဘဝရပ်တည်ရေးကို ထိခိုက်လာသည့်အတွက် ယင်းလှုပ်ရှားမှုကို ဦးဆောင်သည့် ဗုဒ္ဓဘာသာဝင်များအပေါ် မုန်းတီးမှုများ ရှိလာပါသည်။

၅.၄.၁၀။ လက်ရှိလုံခြုံရေးအခြေအနေအရ လူ့အဖွဲ့အစည်းနှစ်ရပ်အား ခွဲခြားထားသည့်အတွက် ပညာရေးကဏ္ဍတွင်လည်း အကျိုးသက်ရောက်မှုများ ရှိလာပါသည်။ လူ့အဖွဲ့အစည်းနှစ်ရပ်အတွင်း အပြန်အလှန်တိုက်ခိုက်မှုများကြောင့် ယုံကြည်မှုပျက်ပြားသွားသဖြင့် အခြားနေရာ ဒေသတစ်ခုတွင် သွားရောက်ပညာသင်ရမည့် လူနည်းစု ကျောင်းသူ/ကျောင်းသားများအနေဖြင့် ကျောင်းမတက်နိုင်သည်များ ရှိလာပါသည်။ ထို့ပြင် မောင်တောဖြစ်စဉ်အတွင်း အတိုက်ခိုက်ခံခဲ့ရသော ဆရာဝန် ဒေါက်တာခင်မောင်လတ်နှင့် သရေကုန်းဘောင်ကျေးရွာတွင် အသတ်ခံခဲ့ရသော ကျောင်းဆရာကြီး ဦးအောင်ချမ်းသာတို့၏ ဖြစ်စဉ်များနှင့်ပက်သက်ပြီး ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများအကြားတွင် ယုံကြည်မှုလုံးဝမရှိတော့သည့်အပြင် တင်းမာမှုကိုလည်း ပိုမိုဖြစ်ပေါ်စေခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဆရာဝန်နှင့် ကျောင်းဆရာ/ဆရာမများကို ရှိသေတန်ဖိုးထား ဆက်ဆံလေ့ရှိသော အလေ့အထကြောင့် ဘင်္ဂါလီလူမျိုးများအား ရိုင်းစိုင်းသူများအဖြစ် ပိုမိုစွပ်စွဲ အမုန်းထားလာပါသည်။ ထို့ကြောင့် ဆရာ/ဆရာမများအနေဖြင့်လည်း ဝေးလံ၍ လုံခြုံရေး အပြည့်အဝမပေးနိုင်သော ဒေသများရှိ စာသင်ကျောင်းများတွင်လည်းကောင်း၊ ဘင်္ဂါလီကျေး ရွာနှင့် ၎င်းရွာများအအနီးရှိကျေးရွာများရှိ စာသင်ကျောင်းများတွင်လည်းကောင်း သွားရောက်ကာ တာဝန်ထမ်းဆောင်ရန် ဆန္ဒနည်းပါးလာကြပါသည်။ ထို့ကြောင့် အထက်ပါနေရာများတွင် နေထိုင်ကြသော ကျောင်းသူ/ကျောင်းသားများသည် ၎င်းတို့၏ ပညာရေးဆိုင်ရာ အခွင့်အလမ်း များကို လက်လွှတ်ဆုံးရှုံးရပါတော့သည်။

၅.၄.၁၁။ ပြန်လည်ထူထောင်ရေးကာလအတွင်း၌လည်း နေအိမ်များဆောက်လုပ်ပေးမည့် နိုင်ငံတကာအလှူရှင်များရှိပါသည်။ သို့ရာတွင် ရခိုင်လူမျိုးများမှ ပြန်လည်နေရာချထားရေးကို အပြင်းအထန်ကန့်ကွက်နေသည့်အတွက် ပြဿနာများ ပြေလည်မှုမရရှိသေးပါ။ ဘင်္ဂါလီများမှာ မိမိတို့ ယခင်နေထိုင်ခဲ့သောနေရာများတွင် ပြန်လည်နေထိုင်ခွင့်ရရှိရန်သာ လိုလားနေကြပါသည်။ ရခိုင်လူမျိုးများဘက်မှ ပြန်လည်နေရာချထားရေးကို လုံးဝဆန့်ကျင်နေမှုသည် ဘင်္ဂါလီလူမျိုးများအား ရခိုင်လူမျိုးများအပေါ် အမုန်းတရားတိုးပွားလာစေပါသည်။

၅.၄.၁၂။ အစ္စလာမ်ဘာသာဝင်(ကမန်) တိုင်းရင်းသားများအနေဖြင့်လည်း စိုးရိမ်သိမ်ငယ်မှုများဖြစ်နေကြောင်း ပြောဆိုကြပါသည်။ ရမ်းဗြဲမြို့တွင် နေထိုင်သော တိုင်းရင်းသား ကမန်လူမျိုးများမှာ ပညာရေးနှင့် ဆက်သွယ်ရေးရုံးများတွင် အစိုးရဝန်ထမ်းများအဖြစ် အစဉ်အဆက် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ယခုအခါ ၎င်းတို့သည် ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရပါသည်။ ၎င်းတို့၏ သွားလာခွင့်များကိုလည်း အကန့်အသတ်များထားရှိထားရှိခြင်းကြောင့် တိုင်းရင်းသား

ကမန်များအနေဖြင့် လွတ်လပ်စွာသွားလာခွင့်ကို အစိုးရမှ ပေးစေလိုသည်ဟု ပြောကြပါသည်။ နိုင်ငံတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအဖြစ်လည်း နိုင်ငံတော်မှ အရေးယူဆောင်ရွက်ပေးမှုတစ်ရပ်ကို ပြုလုပ်ပေးစေလိုကြပါသည်။ လက်ရှိအခြေအနေတွင် နိုင်ငံတော်နှင့် ရခိုင်လူမျိုးတို့မှ ကမန်တိုင်းရင်းသားများအား မည်သည့်အရေးတယူ ဆောင်ရွက်ပေးမှုမျှ မရှိသေးခြင်းသည် ကမန်တိုင်းရင်းသားများက အစိုးရနှင့် ရခိုင်တိုင်းရင်းသားများအပေါ် ယုံကြည်မှုကျဆင်းလာကြောင်း ပြောဆိုကြပါသည်။

## ၅.၅။ လူမျိုးစုတစ်စုချင်းစီနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှု

၅.၅.၁။ ရခိုင်ပြည်နယ်အတွင်းတွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ ပဋိပက္ခဖြစ်ပွားကာ အပြန်အလှန် တိုက်ခိုက်မှုများကြောင့် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများစွာ ဖြစ်စေခဲ့ပါသည်။ ထို့ပြင် ယင်းနှစ်ဖက်လူ့အဖွဲ့အစည်းများအပေါ်လည်း အကျိုးသက်ရောက်မှုအမျိုးမျိုးရှိခဲ့ပါသည်။ ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီအရေးကိစ္စတွင် မြန်မာနိုင်ငံသားများဘက်မှ ထောက်ခံအားပေးမှုများစွာရရှိခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအများစုမှာ ရခိုင်လူမျိုးများသည် တရားမဝင်-ဝင်ရောက် နယ်ချဲ့နေထိုင်သူများ၏ အန္တရာယ်အား ကာကွယ်ပေးသူ၊ ဘာသာရေးအရ နယ်ချဲ့လာသူများအား ကာကွယ်ပေးသူများအဖြစ် အသိအမှတ် ပြုနေကြပါသည်။ ကမ္ဘာအရပ်ရပ်တွင် နေထိုင်နေကြသော ရခိုင်တိုင်းရင်းသားများကလည်း များစွာထောက်ခံအားပေးခဲ့ပါသည်။ သို့သော်လည်း ဘင်္ဂါလီလူမျိုးများနှင့် ကမ္ဘာအရပ်ရပ်မှ အစ္စလာမ်ဘာသာဝင်များကမူ ရခိုင်လူမျိုးတို့အား ရက်စက်ကြမ်းတမ်းသူများအဖြစ် စွပ်စွဲနေကြပါသည်။ အထူးသဖြင့် အစ္စလာမ်မစ်ကမ္ဘာတွင် ရခိုင်လူမျိုးများသည် ဘင်္ဂါလီလူမျိုးများအား လူမျိုးတုံး သတ်ဖြတ်သူများအဖြစ် စွပ်စွဲပြောဆိုနေကြပါသည်။

၅.၅.၂။ မြန်မာပြည်တွင်း၌မူ ဘင်္ဂါလီလူမျိုးများသည် မြန်မာတိုင်းရင်းသားများအား အစ္စလာမ်ဘာသာဝင်များ ဖြစ်လာစေရန်အတွက် ကြိုးပမ်းနေသည့် ဘာသာရေးအစွန်းရောက်သူများအဖြစ် သတ်မှတ်ထားကြပါသည်။ ထို့ပြင် သနားညှာတာမှုကင်းသော၊ တစ်ကိုယ်ကောင်းဆန်သော၊ လူမှုဆက်ဆံရေးမကောင်းသော လူမျိုးများအဖြစ် သတ်မှတ်ကြသည့်အတွက် ဘင်္ဂါလီလူမျိုးများနှင့် အခြားတိုင်းရင်းသားတို့၏ ဆက်ဆံရေးမှာ အဖြစ်သဘောသာဖြစ်ပါသည်။ ထို့သို့ အဖြစ်သဘောသာ ဆက်ဆံကြသည့်အတွက် အချင်းချင်းအပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်နားလည်ပေးနိုင်မှု အတိုင်းအတာမှာ လွန်စွာနည်းပါးပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း ဇွန်လနှင့် အောက်တိုဘာလ အရေးအခင်းများအပြီးတွင် နိုင်ငံတစ်ဝှမ်း၌ အစ္စလာမ်ဘာသာဝင်များအပေါ် အမြင်မကြည်လင်မှုများ တိုးပွားလာပါတော့သည်။ ထိုအချက်သည် အနာဂတ်မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်ကြီးတွင် ကြီးစွာသောအနှောင့်အယှက် ဖြစ်လာနိုင်ပါသည်။

၅.၅.၃။ အပြည်ပြည်ဆိုင်ရာအစိုးမဟုတ်သော အဖွဲ့အစည်းများကိုလည်း ပြင်းပြင်းထန်ထန်ကန့်ကွက်နေသည့်အတွက် ရခိုင်လူမျိုးများအား နိုင်ငံတကာအသိုင်းအဝိုင်းတွင် သဘောထား ပြင်းထန်သည့် လူမျိုးရေးအစွန်းရောက်သူများအဖြစ် မှတ်ယူနေကြပါသည်။ လက်ရှိအခြေအနေတွင် ရခိုင်လူမျိုးများ၏ နိုင်ငံတကာအဖွဲ့အစည်းများအပေါ်တွင် ပြုမူဆက်ဆံနေပုံအား လူသားချင်းစာနာထောက်ထားမှုမရှိသည့် လူ့အဖွဲ့အစည်းအဖြစ် အပြည်ပြည် ဆိုင်ရာအသိုင်းအဝိုင်းက သတ်မှတ်ကာ ပြောဆိုလာမှုများ ရှိလာပါသည်။ ထိုအချက်သည် မြန်မာနိုင်ငံသားများအနေဖြင့် ရင့်ကျက်မှုမရှိကြောင်း ပြသ-သကဲ့သို့ဖြစ်နေသောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာလျော့ပါးလာစေပါသည်။ ထို့ပြင် ပြည်ပမီဒီယာများနှင့် ဘင်္ဂါလီလူမျိုးများက ဖိနှိပ်ခံရမှုများကို ချဲ့ကားပြောဆိုမှုများသည် အုပ်ချုပ်သူအစိုးရအား ပို၍ မကောင်းမြင်သည့်ဘက်သို့ ဦးတည်စေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းအတွင် ဂုဏ်သိက္ခာကျဆင်းရသည့် အခြေအနေမျိုးနှင့် ကြုံတွေ့နေရပြီး အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံးတွင် တရားစွဲဆိုခံရမည့် အခြေအနေအထိ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ဆုံးရှုံးခဲ့ရပါသည်။ ယင်းအခြေအနေသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးသမိုင်းတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်ခဲ့စေနိုင်သည့်သိက္ခာကျဆင်းမှုကို ကြုံတွေ့ရနိုင်ပါသည်။

၅.၅.၄။ နိုင်ငံတကာတွင် ကုလသမဂ္ဂမှပြဋ္ဌာန်းထားသော လူ့အခွင့်အရေးဆိုင်ရာအခြေခံမှုများဖြင့် နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို တိုင်းတာလေ့ရှိပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားမဖြစ်သေးသူများအရေးတွင် အစိုးရအနေဖြင့် သွားလာမှုများ ထိန်းချုပ်ခြင်း၊ လက်ထပ်ခွင့်များ ထိန်းချုပ်ထားခြင်းနှင့် လူဦးရေတိုးပွားလာမှုကို ထိန်းချုပ်ခြင်း လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဘင်္ဂါလီလူမျိုးများအနေဖြင့် နိုင်ငံအတွင်းနေထိုင်သူများ၏ ယဉ်ကျေးမှုနှင့်သဟဇာတ မဖြစ်သေးသည်များရှိနေခြင်း၊ ပျမ်းမျှမိသားစုအရေအတွက်များခြင်း၊ မွေးဖွားနှုန်းမြင့်ခြင်းတို့သည် နိုင်ငံကိုဝန်ထုပ်ဝန်ပိုး ဖြစ်စေသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ယင်းသည်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အနှောင့်အယှက်ဖြစ်စေပါသည်။ သို့သော်လည်း နိုင်ငံတကာအမြင်တွင် မြန်မာနိုင်ငံသည် ဘင်္ဂါလီလူမျိုးများ၏ အခြေခံ လူ့အခွင့်အရေးများကို ကန့်သတ်ထားသည်ဟု စွပ်စွဲမှုများ ရှိနေပါသည်။ ဘင်္ဂါလီလူမျိုးများကလည်း မိမိတို့မည်မျှကန့်သတ်ခံထားရသည်ကို မီဒီယာများမှတဆင့် နိုင်ငံတကာသို့ သတင်းများထုတ်လွှင့်နေကြပါသည်။ ကန့်သတ်မှုများသည် နိုင်ငံ၏လက်ရှိစီးပွားရေးနှင့် လူမှုရေးအခြေအနေအရ ပြုလုပ်ရခြင်းဖြစ်သော်လည်း နိုင်ငံတကာတွင်မူ ဘင်္ဂါလီများအပေါ် ဖိနှိပ်မှုများဟု တစ်ထစ်ချပြောဆိုနေကြပါသည်။ ထို့ကြောင့် နိုင်ငံတော်ဂုဏ်သိက္ခာနှင့် နိုင်ငံတကာ ဆက်ဆံရေးတွင် ထိခိုက်မှုများစွာ ဖြစ်စေခဲ့ပါသည်။

## ၅.၆။ စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများ

၅.၆.၁။ ဖွန်လမှ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော အရေးအခင်းများကြောင့် ဒေသအတွင်း နေထိုင်ကြသော နှစ်ဖက်လူ့အဖွဲ့အစည်းတွင် စိုးရိမ်ပူပန်မှုများတိုးပွားလာခဲ့ကာ လူတစ်ဦးတစ်ယောက်ချင်းစီ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှု များပြားလာခြင်းနှင့်အတူ နှစ်ဖက်လူ့အဖွဲ့အစည်းကြား အပြန်အလှန် နားလည်ယုံကြည်မှု လုံးဝပျက်ပြားသွားခဲ့ရပါသည်။ အကျိုးဆက်အားဖြင့် အခင်းမဖြစ်ပွားမီက နှစ်ဖက်လူ့အဖွဲ့အစည်းအကြား လုပ်ဆောင်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ အားလုံး လည်ပတ်မှုရပ်ဆိုင်းသွားခဲ့ရပါသည်။

၅.၆.၂။ ဈေးများ၊ စီးပွားရေးလုပ်ငန်းများ တိုက်ခိုက်ဖျက်ဆီးခံခဲ့ရသဖြင့် စီးပွားရေးလုပ်ငန်းများအား လုပ်ကိုင်နိုင်ခြင်းမရှိတော့ပါ။ ဒေသတွင်းနေထိုင်သူအများစု၏ လူမှုစီးပွားရေးအဆင့်အတန်းသည် အခြေခံအဆင့်သာ ဖြစ်ကြသောကြောင့် နေ့စဉ်ဝင်ငွေသည် မိသားစုရပ်တည်ရေးအတွက် အဓိကကျ အရေးပါလှပါသည်။ ရခိုင်ပြည်နယ်အတွင်းတွင် အလုပ်သမားဦးရေ (၂၇၀,၀၀၀) ကျော်ရှိသည့်အနက် (၇၇) ရာခိုင်နှုန်းခန့်သည် ကျပန်းအလုပ်လုပ်ကိုင်သူများဖြစ်ကြပြီး ထိုသူများအတွက် အဓိကကျသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ဈေးဆိုင်များ၊ အနေးယာဉ်မောင်းခြင်းလုပ်ငန်းများနှင့် နေ့စားကျပန်းလုပ်ငန်းများဖြစ်ပါသည်။ ထိုလုပ်ငန်းများဖြင့် နေ့စဉ်မိသားစုဘဝ ရပ်တည်ရေးအတွက် ကြိုးပမ်းကြရပါသည်။ ဖွန်လနှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် အရေးအခင်းများကြောင့် ဈေးဆိုင်များစွာ ပျက်စီးခဲ့ရသည့်အပြင် ဝယ်လိုအားထက်ဝက်ခန့်ပင် ကျဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းများကိုမှီခိုကာ နေ့စဉ်အသက်မွေးနေကြရသည့် လက်လုပ်လက်စား ဆင်းရဲသားလူတန်းစားများမှာ စားဝတ်နေရေး ပြဿနာကြီးနှင့် ရင်ဆိုင်လာခဲ့ရပါသည်။

၅.၆.၃။ ထို့ပြင် လူ့ဘောင်အဖွဲ့အစည်းနှစ်ခုအား သီးသန့်ခွဲခြားထားသည့်အတွက် ကုန်စည်ရောင်းဝယ်ဖောက်ကားမှုတွင် ဝယ်လိုအားသိသိသာသာ လျော့ကျသွားခဲ့ပါသည်။ ဝယ်လိုအား ကျဆင်းသွားသည့်အတွက် လုပ်ငန်းများ၏ ဝင်ငွေကျဆင်းမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည့် အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများပါကျဆင်းလာပြီး အလုပ်လက်မဲ့ဦးရေများတိုးပွားလာခဲ့ပါသည်။ အလုပ်လက်မဲ့တိုးပွားလာခြင်းကြောင့် မိသားစုတစ်စုချင်းစီ၏ ဝင်ငွေမှာလည်း ကျဆင်းလာခဲ့ပြီး မိသားစုများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု လျော့နည်းလာပါသည်။ ဝယ်လိုအားကျဆင်းခြင်းကြောင့် ကုန်စည်စီးဆင်းမှုနှေးကွေးလာပြီး ကုန်ပစ္စည်းများသယ်ယူသိုလှောင်ရောင်းချရာတွင်လည်း ကုန်ကျစရိတ် တစ်ဆခန့် ပိုမိုမြင့်တက်လာပါသည်။ ထို့ကြောင် အခြေခံစားကုန်ဈေးများ မြင့်တက်လာသည့်ဒဏ်ကို အခြေခံလက်လုပ်လက်စားနှင့် ဆင်းရဲသားမိသားစုများမှ အဓိက ခံစားလာကြရပါသည်။

၅.၆.၄။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းသည် ဒေသတွင်း နေထိုင်သူများ၏ အဓိကကျသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်ကြပါသည်။ တရားဥပဒေနှင့်

နယ်မြေစိုးမိုးရေးသည် ကျေးလက်ဒေသများတွင် အကျိုးသက်ရောက်မှု အားနည်းသောကြောင့် ရံဖန်ရံခါ ကျေးလက်ဒေသများတွင် အုပ်စုဖွဲ့ အနိုင်ကျင့်မှုများကို တွေ့ကြုံနေကြရပါသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းနစ်ရပ် ထိစပ်နေသော ကျေးလက်ဒေသများတွင် တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုလုံးဝမရှိခြင်းနှင့် လယ်ယာနှင့် ငါးဖမ်းမည့်နေရာများတွင် လုံခြုံရေး စိတ်မချခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ရန် အခက်အခဲများ ဖြစ်လာကြပါသည်။ ထို့ကြောင့် ပဋိပက္ခများအပြီးတွင် ရခိုင်ပြည်နယ်အတွင်း၌ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုကျဆင်းလာနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်လုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့် မိသားစုဝင်ငွေကျဆင်းလာကာ မိသားစုများ၏ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အခက်အခဲများစွာ ရင်ဆိုင်နေကြရပါသည်။ လက်ရှိအခြေအနေတွင် မိသားစုများအနေဖြင့် အာဟာရမပြည့်ဝခြင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းမနေနိုင်ခြင်း၊ မိသားစုလုံခြုံရေးအတွက် ပူပင်သောကရောက်ရခြင်း၊ လုံခြုံသောနေအိမ်များမရှိခြင်းအစရှိသည့် အခက်အခဲများစွာကို နောက်ဆက်တွဲပြဿနာရပ်များအနေဖြင့် ရင်ဆိုင်နေရပါသည်။

၅.၆.၅။ ကွင်းဆင်းလေ့လာချက်များအရ မြေပုံမြို့နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်ပါသည်။ ပဋိပက္ခများ မဖြစ်ပွားမီအချိန်က မြေပုံမြို့တွင်နေထိုင်သော ဘင်္ဂါလီများသည် ရေလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ကြပါသည်။ ၎င်းမြို့ရှိ ဘင်္ဂါလီများနေထိုင်သည့် ဒုက္ခသည်စခန်းတွင် မေးမြန်းချက်များအရ ငါးဖမ်းလှေကြီး (၈၀) ခန့်၊ ငါးဖမ်းလှေ အလတ် (၃၀) ခန့် ပျက်စီးခဲ့သွားကြောင်း ပြောဆိုကြပါသည်။ ထို့ကြောင့် ငါးဖမ်းဆီးနိုင်မှုပမာဏ လျော့ကျနိုင်ကြောင်း တာဝန်ရှိသူများက ကြိုတင်ခန့်မှန်းမှုများ ပြုကြသော်လည်း ပမာဏ အားဖြင့်မူ အတိအကျ တွက်ချက်နိုင်မှုမရှိသေးသည်ကို တွေ့ရှိခဲ့ရပါသည်။ မြေပုံမြို့မှရရှိသော ရေထွက်ပစ္စည်းများ တင်ပို့နိုင်မှုကျဆင်းသွားနိုင်ပြီး မြို့နယ်၏ ထုတ်ကုန်ကျဆင်းနိုင်ကြောင်း ခန့်မှန်းရပါသည်။ အလားတူ ကျောက်ဖြူမြို့နယ်တွင်လည်း ရပ်မိရပ်ဖနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ ကျောက်ဖြူရေလုပ်ငန်း၏ (၈၅) ရာခိုင်နှုန်းကို ဘင်္ဂါလီများက လုပ်ကိုင်ခဲ့ပြီး ယခုအခါ အများစုမှာ ကျောက်ဖြူမြို့နယ်မှ ထွက်ခွာသွားသဖြင့် ရေထွက်ပစ္စည်းထုတ်ကုန်ကျဆင်းနိုင်ကြောင်း ခန့်မှန်းကြပါသည်။

၅.၆.၆။ ရခိုင်ပြည်နယ်တွင် ရေလုပ်ငန်းသည် အဓိကကျသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ပဋိပက္ခများကြောင့် ရေလုပ်ငန်းလုပ်ကိုင်နိုင်မှုများကျဆင်းခြင်း၊ အချို့နေရာများတွင် ရပ်တန့်သွားသည်အထိ အကျိုးသက်ရောက်မှုများရှိပါသည်။ ထို့ကြောင့် ရေလုပ်ငန်းကို မှီခိုအားထားနေရသော မိသားစုများ၏ ဘဝရပ်တည်ရေးကို များစွာအကျိုးသက်ရောက်မှု ဖြစ်လာပါသည်။ အထူးသဖြင့် လက်လုပ်လက်စား ဆင်းရဲသားမိသားစုများ၏ အခြေခံစားဝတ်နေရေးတွင် များစွာချွတ်ခြုံကျလာရသည်များ ရှိလာခြင်းကြောင့် ဝယ်လိုအားကျဆင်းလာပါသည်။ ဝယ်လိုအားကျဆင်းစေသည့် အခြားအကြောင်းအရင်းတစ်ရပ်မှာ လူမျိုးစုများကို သီးသန့်ခွဲခြားထားမှု ဖြစ်ပါ

သည်။ ကွင်းဆင်းလေ့လာမှုများအတွင်း ရခိုင်ကုန်သည်များအား မေးမြန်းချက်များတွင် ဘင်္ဂါလီများအား သီးခြားနေထိုင်စေခြင်းသည် ဈေးရောင်းဈေးဝယ်ကျဆင်းမှုကို ဖြစ်စေကြောင်းပြောဆိုကြပါသည်။ ဝယ်လိုအားများကျဆင်းလာသည့်အတွက် အခြားစီးပွားရေးကဏ္ဍများကို ဆက်နွယ်အကျိုးသက်ရောက်မှုများဖြစ်လာပြီး ပဋိပက္ခများအပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးမှာ ထိခိုက်လာမည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

## ၆။ လက်ရှိလူမှုရေးနှင့် စီးပွားရေးအခြေအနေများ

၆.၁။ လက်ရှိတွင် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သောပဋိပက္ခများကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း၊ ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများသည် အဓိကရုဏ်းများကြောင့် ဖြစ်ပွားခဲ့သည့် ပြဿနာများ၏ အကျိုးသက်ရောက်မှုများကို ပြင်းထန်စွာ ခံစားနေရဆဲဖြစ်ပါသည်။ ပဋိပက္ခများကြောင့် ကျေးရွာများတွင် နေထိုင်ကြသူများအားလုံးအနေဖြင့် အလုပ်အကိုင်များမလုပ်နိုင်ကြတော့ဘဲ ဝင်ငွေများ အထူးကျဆင်းသွားခြင်းကို ရင်ဆိုင်နေကြရပါသည်။

၆.၂။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄)ခုတွင် ဒုတိယမြောက်အဆင်းရဲဆုံး ဒေသတစ်ခုဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏ မြို့နယ် (၁၁) မြို့နယ်သို့ သုတေသနကွင်းဆင်းလေ့လာမှုများအရ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော ရခိုင်နှင့် ဘင်္ဂါလီမိသားစုများ၏ လူမှုစီးပွားရေးအခြေအနေ အဆင့်အတန်းမှာ မြင့်မားခြင်းမရှိလှသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် နေထိုင်ကြသောသူများ၏ လူမှုစီးပွားရေးအခြေအနေမှာ ကွာခြားမှုရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ အိမ်ထောင်စုတစ်စု၏ တစ်လပျမ်းမျှဝင်ငွေသည် ကျပ် (၄၂,၀၀၀) ခန့်ရှိပါသည်။ အဓိကအားဖြင့် လုပ်ကိုင်စားသောက်ကြသော စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ ဈေးရောင်းဈေးဝယ်နှင့်၊ ကုန်သွယ်မှုလုပ်ငန်းများ၊ အစိုးရရုံးများတွင် လုပ်ကိုင်ခြင်းများနှင့် ကျပန်းအလုပ်များဖြစ်ကြပါသည်။ ယင်းအသက်မွေးဝမ်းကျောင်းများအနက် လယ်ယာလုပ်ငန်းသည် အများဆုံးလုပ်ကိုင်သည့်လုပ်ငန်းဖြစ်ကာ အိမ်ထောင်စု စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းကျော်မှာ ယင်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြပါသည်။ အိမ်ထောင်စု စုစုပေါင်း၏ (၂၀) ရာခိုင်နှုန်းကျော်သည် ဈေးရောင်းခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စုများ၏ ပျမ်းမျှမိသားစုဝင် အရေအတွက်မှာ (၆) ဦး ခန့်ရှိပါသည်။ ပညာရေးကဏ္ဍတွင်လည်း ပညာမတတ်သူ (၅) ရာခိုင်နှုန်းရှိပြီး၊ မူလတန်းပညာရေးသင်ကြားဖူးသူ (၁၉) ရာခိုင် နှုန်း၊ အလယ်တန်းပညာသင်ဖူးသူ (၂၈) ရာခိုင်နှုန်း၊ အထက်တန်းပညာသင်ဖူးသူ (၂၆) ရာခိုင်နှုန်းနှင့် တက္ကသိုလ်ပညာရေးသင်ကြားဖူးသူ (၁၉) ရာခိုင်နှုန်း အသီးသီးရှိပါသည်။ ဘာသာရေးကျောင်းပညာသင်ကြားဖူးသူ (၁.၅) ရာခိုင်နှုန်း ရှိပါသည်။

၆.၃။ ကွင်းဆင်းစစ်တမ်းများအရ ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အိမ်ထောင်စုအများစု၏ တစ်လဝင်ငွေမှာ ကျပ် (၅၀,၀၀၀) မှ (၁၀၀,၀၀၀) ကျပ် ကြားတွင်ဖြစ်ပါသည်။ ပျမ်းမျှမိသားစုဝင် အရေအတွက်မှာ (၅) ယောက်ဖြစ်ပါသည်။ အိမ်ထောင်စုတစ်စုတွင် ပျမ်းမျှမှီခိုသူဦးရေမှာ (၃) ဦးခန့်ရှိပါသည်။ ယင်းမှီခိုသူများတွင် ပျမ်းမျှအားဖြင့် သက်ကြီးမှီခိုသူ (၁)ဦး နှင့် ကလေးမှီခိုသူ (၂) ဦး ရှိပါသည်။ ပညာရေးအပိုင်းတွင်လည်း အခြေခံပညာရေးသင်ကြားဖူးသူ (၈၂) ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာသင်ဖူးသူ (၉) ရာခိုင်နှုန်းနှင့် ပညာမတတ်သူ (၉) ရာခိုင်နှုန်း အသီးသီးရှိပါသည်။ အိမ်ထောင်စုတစ်စုတွင် အိမ်ထောင်စုဝင်များမှ ပျမ်းမျှအလုပ်လုပ်သူဦးရေသည် (၂) ဦးခန့် ဖြစ်ပါသည်။ အလုပ်အကိုင်ဘက်တွင်လည်း အရွယ်ရောက်ပြီးသူစုစုပေါင်း၏ (၈၅) ရာ

ခိုင်နှုန်းခန့်မှာ အလုပ်လုပ်ကိုင်နေကြပြီး ကျန် (၁၅) ရာခိုင်နှုန်းခန့်သည် အလုပ်လက်မဲ့များ ဖြစ်ကြပါသည်။

၆.၄။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် နေထိုင်သော ဘင်္ဂါလီလူမျိုးများ၏ လူမှုစီးပွားရေးမှာလည်း နိမ့်ကျမှုနှင့် ပညာမတတ်မှုများရှိသည်ကို တွေ့ရပါသည်။ စစ်တမ်းများအရ အိမ်ထောင်စုအများစု၏ တစ်လဝင်ငွေသည် ကျပ် (၅၀,၀၀၀) အောက်တွင်သာ ဖြစ်ပါသည်။ ပျမ်းမျှမိသားစုဝင် အရေအတွက်မှာ (၉) ဦးခန့်ဖြစ်ပါသည်။ အိမ်ထောင်စုများ၏ ပျမ်းမျှမှီခိုသူဦးရေအရေအတွက်မှာ (၄) ဦး ခန့်ဖြစ်ပြီး ယင်းမှီခိုသူများတွင် ကလေးမှီခိုသူ (၃) ဦးနှင့် လူကြီးမှီခိုသူ (၁) ဦးဖြစ်ပါသည်။ ပညာရေးပိုင်းတွင်လည်း အခြေခံပညာသင်ဖူးသူ (၇၅) ရာခိုင်နှုန်း၊ တက္ကသိုလ်ပညာသင်ဖူးသူ (၁၄) ရာခိုင်နှုန်း၊ ဘာသာရေးကျောင်းနေဖူးသူ (၃) ရာခိုင်နှုန်းနှင့် ပညာမတတ်သူ (၈) ရာခိုင်နှုန်း အသီးသီးရှိပါသည်။ အလုပ်အကိုင်ဘက်တွင်လည်း အရွယ်ရောက်ပြီးသူ စုစုပေါင်း၏ (၂၆) ရာခိုင်နှုန်းခန့်မှာ အလုပ်လုပ်ကိုင်နေကြပြီး ကျန် (၇၄) ရာခိုင်နှုန်းခန့်မှာ အလုပ်လက်မဲ့များ ဖြစ်ကြပါသည်။

၆.၅။ မောင်တော၊ ဘူးသီးတောင်နှင့် ကျောက်တော်တို့မှ ရခိုင် (၁,၂၀၀) ဦးနှင့် ဘင်္ဂါလီလူမျိုး (၈၀၀) ဦး တို့အား အဓိကရုဏ်းကြောင့် ၎င်းတို့၏ဝင်ငွေအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်း မေးမြန်းရာ (နှစ်ဖက်စလုံးမှ ဖြေဆိုသူများပါဝင်သည့်) ရခိုင်လူမျိုး (၂၅) ရာခိုင်နှုန်းနှင့် ဘင်္ဂါလီ (၃၅) ရာခိုင်နှုန်းမှာ ၎င်းတို့၏ဝင်ငွေ (၁၀၀) ရာခိုင်နှုန်း(ရာနှုန်းပြည့်) လျော့ကျသွားသည်ဟု ဖြေဆိုထားကြပြီး၊ အခြားကျန်ရှိသောလူဦးရေက ၎င်းတို့၏ ဝင်ငွေ (၄၀) ရာခိုင်နှုန်းမှ (၈၀) ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်ဟု ဖြေဆိုကြပါသည်။ ထို့ပြင် ပဋိပက္ခများကြောင့် ကုန်စည်စီးဆင်းမှုများလည်း ထိခိုက်ခဲ့ပြီး၊ ကုန်ဈေးနှုန်းများမှာ နေရာဒေသအလိုက် (၂၀) ရာခိုင်နှုန်းမှ (၅၀) ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း တွေ့ရှိရပါသည်။

၆.၆။ ထို့ပြင် အဓိကရုဏ်းများကြောင့် ဒုက္ခသည်ဦးရေသည် ရခိုင်ပြည်နယ်အစိုးရ၏ စာရင်းများအရ နိဝင်ဘာလတွင် ရခိုင်ဒုက္ခသည် (၃,၅၀၀) ဦးခန့်နှင့် ဘင်္ဂါလီဒုက္ခသည် (၁၀၃,၀၀၀) ဦးခန့်အထိ တိုးလာပါသည်။ ထိုဒုက္ခသည်များအတွက် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများပေးထားသော်လည်း ထိုသူတို့၏ အခြေခံလိုအပ်ချက်များမှာ ပြည့်စုံမှုမရှိသေးသည်ကို တွေ့ရှိရပါသည်။

၆.၇။ မြို့ကြီးများနှင့်နီးသော ဒုက္ခသည်စခန်းများတွင် နေထိုင်သူများအနေဖြင့် လိုအပ်သည့် ဆန်နှင့် ပဲကိုရရှိကြသော်လည်း၊ အစွန်အဖျားရွာများတွင် ပိတ်မိနေသူများအနေဖြင့် အစားအသောက်ရရှိရန်အတွက် အခက်အခဲရှိနေကြသည်ကို တွေ့ရပါသည်။

၆.၈။ ကျန်းမာရေးအတွက်လည်း အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းကာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစွာပြုလုပ်ခဲ့ပါသည်။ အခြေအနေများ တည်ငြိမ်မှုရလာပြီးသည့်အချိန်တွင် အခြေခံ

ကျန်းမာရေးစောင့်ရှောက်မှုကိစ္စများ၊ ရေနှင့် သန့်ရှင်းရေးကိစ္စများ၊ ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများ အစရှိသည်တို့ကို လုပ်ဆောင်နေပါသည်။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ လည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ (ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ကျန်းမာရေးကဏ္ဍတွင် ဆက်လက်တင်ပြပါမည်။) ပညာရေး ကဏ္ဍတွင်လည်း ပဋိပက္ခများဖြစ်ပွားပြီးနောက် အခြေခံစာသင်ကျောင်းများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေးကို အစိုးရနှင့် အခြားအကျိုးဝင် ပတ်သက်သူများအားလုံး အတူတကွလုပ် ဆောင်ခဲ့ကြပါသည်။ (ပညာရေးကဏ္ဍတွင်ရှိသော လိုအပ်ချက်နှင့် အကောင်အထည်ဖော်နိုင်မှု များကို ပညာရေးကဏ္ဍတွင် ဆက်လက်တင်ပြပါမည်။) ပဋိပက္ခများအပြီး နေအိမ်ဆုံးရှုံးခဲ့သော ဒုက္ခသည်များအတွက် အရေးပေါ်ကယ်ဆယ်ရေးကာလတွင် မိုးကာ၊ ယာယီတဲများဆောက် လုပ်ပေးခြင်း၊ ယာယီတဲကြီးများဆောက်လုပ်ပေးခြင်းတို့ဖြင့် နေရာချထားပေးခဲ့ပါသည်။ ထိုသို့ ကျန်းမာရေး၊ ပညာရေးနှင့် အမိုးအကာများတည်ထောင်ပေးခြင်းတို့ကို အကောင်အထည်ဖော် ရာတွင်လည်း အစိုးရအပါအဝင် အခြားအဖွဲ့အစည်းများအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများ စွာ ရှိနေပါသည်။ လက်ရှိဒုက္ခသည်များအတွက် လိုအပ်ချက်များစွာ ရှိနေသေးသော်လည်း အရေးတယူဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုမှာ မိုးမကျမီ ဒုက္ခသည်များအား လုံခြုံသောအမိုး အကာအောက်သို့ ရောက်ရှိရေးပင်ဖြစ်ပါသည်။

၆.၉။ မြို့နယ်(၁၁) မြို့နယ်ရှိ ရခိုင်လူမျိုးများကလည်း ၎င်းတို့မြို့နယ်တွင်းရှိ ဘင်္ဂါလီများအား ပြန် လည်နေရာချထားရေးကိစ္စကို ကန့်ကွက်မှုများရှိနေပါသည်။ ကျောက်ဖြူ၊ မြေပုံအစရှိသည့် မြို့ နယ်များတွင် ဘင်္ဂါလီလူမျိုးများသည် လူနည်းစုဖြစ်သောကြောင့် အခြားဒေသသို့ အပြီးပြောင်း ရွှေ့ပေးရန် တောင်းဆိုနေကြပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လအတွင်းတွင် တူရကီနိုင်ငံမှ ဘင်္ဂါလီ လူမျိုးများအတွက် နေအိမ် အလုံး (၅,၀၀၀) တည်ဆောက်ပေးမည့်ကိစ္စရပ်သည် ရခိုင်လူမျိုး များအား မကျေနပ်မှုများကို ဖြစ်ပေါ်လာစေပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များ တွင် ခွင့်ပြုချက်မရဘဲ ထိုကိစ္စအား ဆန္ဒပြမှုများ ထပ်မံဖြစ်ပွားလာခဲ့ပါသည်။ တူရကီမှ နေအိမ် ဆောက်ပေးမည့်ကိစ္စသည် ရခိုင်နှင့် ဘင်္ဂါလီများအကြား မကျေနပ်မှုများကို ဖြစ်ပေါ်လာစေ သည့်အပြင်၊ ဒေသအစိုးရ၏ တည်ငြိမ်ရေးနှင့် ဥပဒေစိုးမိုးရေးကိစ္စကိုပါ ထိပါးလာစေပါသည်။

၆.၁၀။ လက်ရှိအခြေအနေတွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများအကြား အပြန်အလှန် ယုံကြည်မှုမရှိတော့ သည်ကို တွေ့ရှိရပါသည်။ မကြာသေးမီကာလက စစ်တွေ၌ ဘင်္ဂါလီကျေးရွာများမှ စိုက်ပျိုး ရောင်းချသော ဟင်းသီးဟင်းရွက်များသည် အစာအဆိပ်သင့်မှုကို ဖြစ်ပေါ်စေကြောင်း ရခိုင် များအတွင်းမှ သတင်းများထွက်ပေါ်ခဲ့ပါသည်။ အစိုးရအနေဖြင့် အဆိပ်မပါကြောင်းပြောဆို သော်လည်း ရခိုင်များအနေဖြင့် ယုံကြည်မှုမရှိကြောင်း၊ ရခိုင်အသိုင်းအဝိုင်းအတွင်း ရောင်းချမှု လုံးဝမပြုစေလိုကြောင်းကို အရပ်ဘက်အဖွဲ့အစည်းများက ပြောဆိုကြပါသည်။ ထို့ပြင် ဘာသာ ရေးလှုပ်ရှားမှုတစ်ရပ်ဟုပြောဆိုသော "၉၆၉" လှုပ်ရှားမှုသည်လည်း ရခိုင်ပြည်နယ်အတွင်းသို့

ရောက်ရှိလာခဲ့ပါသည်။ ထိုလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ မိမိဘာသာကို စောင့်ထိန်းရန်နှင့် ဗုဒ္ဓဘာသာဝင်ဆိုင်များတွင် ရောင်းဝယ်ကြရန် ဖြစ်ပါသည်။

## ၇။ အရေးပါသည့် စီးပွားရေးလုပ်ငန်းများ

### ၇.၁။ လယ်ယာလုပ်ငန်း

၇.၁.၁။ လယ်ယာလုပ်ငန်းသည် ရခိုင်ပြည်နယ်အတွင်းတွင် အရေးပါသော စီးပွားရေးလုပ်ငန်းကဏ္ဍအဖြစ် ရပ်တည်နေပါသည်။ ကွင်းဆင်းစစ်တမ်းအရ လယ်ယာလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည့် အိမ်ထောင်စုပေါင်းသည် စုစုပေါင်းအိမ်ထောင်စု၏ (၃၀) ရာခိုင်နှုန်းကျော်ရှိပါသည်။ ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုအများစုများသည် အဓိကအားဖြင့် လယ်ယာလုပ်သားများအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေကြရပါသည်။ အခြားအလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးသည့်အတွက်ကြောင့် လယ်ယာလုပ်ငန်း၏ အရေးပါမှုသည် ပိုမိုမြင့်မားလျှက်ရှိပါသည်။

၇.၁.၂။ လယ်ယာကဏ္ဍတွင် စိုက်ပျိုးမြေဧက (၁.၂၅) သန်းသာ စိုက်ပျိုးနိုင်သည်ကို တွေ့ရပြီး ထိုပမာဏသည် ရခိုင်ပြည်နယ်တွင်ရှိသော မြေဧရိယာ၏ (၁၂) ရာခိုင်နှုန်းသာ ရှိပါသည်။ နိုင်ငံသားဖြစ်မှုနှင့် မဖြစ်သေးမှုအပေါ်မူတည်၍ လယ်ယာမြေလုပ်ကိုင်ခွင့် အခွင့်အလမ်းမှာ ကွာခြားမှုရှိပါသည်။ နိုင်ငံသားဖြစ်ပြီးသူများအနေဖြင့် လယ်ယာမြေသီးစားလုပ်ကိုင်ခွင့်ကို အစိုးရထံမှ တရားဝင်ရရှိပြီး နှစ်စဉ်သီးစားကြေးကို အစိုးရထံ ပေးဆောင်ကြရပါသည်။ ရခိုင်လူမျိုးများသည် တိုင်းရင်းသားများဖြစ်သောကြောင့် မူရင်းနိုင်ငံသားအခွင့်အရေးအရ လယ်ယာသီးစားလုပ်ကိုင်ခွင့်ကို ရရှိပါသည်။ ငွေကြေးမတတ်နိုင်သော ရခိုင်လူမျိုးများသည် လယ်ယာနေ့စားလုပ်သားများအဖြစ် အသက်မွေးကြပါသည်။ ဘင်္ဂါလီလူမျိုးများထဲမှ နိုင်ငံသားဖြစ်ပြီးသူများသည် လယ်ယာသီးစားလုပ်ကိုင်ခွင့်ကို အစိုးရထံမှ ရရှိပါသည်။ နိုင်ငံသားမဖြစ်သေးသည့် သူများအားလုံးသည် ငွေကြေးတတ်နိုင်သော်လည်း မြေယာပိုင်ဆိုင်ခွင့်မရရှိကြပါ။ ထို့ကြောင့် မြေယာပိုင်ဆိုင်ထားသည့်သူများထံမှ တဆင့်ခံငှားရမ်းလုပ်ကိုင်ကြကာ ငွေကြေးမတတ်နိုင်သူများက လယ်ယာလုပ်ငန်းတွင် နေ့စားလုပ်သားများအဖြစ် လုပ်ကိုင်ကြပါသည်။

၇.၁.၃။ ရခိုင်လူမျိုးများသည် လွတ်လပ်စွာခရီးသွားလာခွင့် ရထားသည့်အတွက် ထွက်ရှိသောသီးနှံများကို မိမိအဆင်ပြေသော ဈေးကွက်တွင် သွားရောက်ရောင်းချနိုင်ပါသည်။ ဘင်္ဂါလီလူမျိုး များမှာမူ ထွက်ရှိသောကောက်ပဲသီးနှံများကို ၎င်းတို့ကိုယ်တိုင်ဈေးကွက်သို့ သွားရောက် ရောင်းချနိုင်ခြင်းမရှိကြပါ။ အဓိကပြဿနာမှာ ၎င်းတို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိ၍ ၎င်းတို့၏ ခရီးသွားလာခွင့်ကို ကန့်သတ်ထားရှိခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် လယ်သမားများသည်လည်း စိုက်ပျိုးရေးအတွက် လိုအပ်သော ချေးငွေရရှိနိုင်မှု နည်းပါးသည်ကို တွေ့ရပါသည်။

၇.၁.၄။ ပဋိပက္ခများဖြစ်ပွားပြီးနောက် လယ်ယာလုပ်ငန်းတွင် ထိခိုက်မှုများ ပိုမိုဖြစ်ပေါ်လာခဲ့ပါသည်။ လုံခြုံရေးအားနည်းမှုများ၊ လူမျိုးစုနှစ်ခုကြား အပြန်အလှန် ရန်ပြုမည်ဟူသော မယုံကြည်မှုများကြောင့် ဘင်္ဂါလီကျေးရွာအနီးရှိ ရခိုင်လယ်မြေများတွင် ရခိုင်လူမျိုးများ သွားရောက်လုပ်ကိုင်

နိုင်ခြင်း မရှိတော့ပါ။ ထို့ပြင် ဘင်္ဂါလီများအနေဖြင့်လည်း ရခိုင်လူမျိုးများနှင့် ဆက်သွယ်ရေး ပြတ်တောက်သွားသည့်အတွက် လယ်ယာမြေများကို ငှားရမ်းလုပ်ကိုင်နိုင်ရန် အခက်အခဲများ ဖြစ်လာပါသည်။ ရခိုင်ပိုင်လယ်ယာလုပ်ငန်းများတွင်လည်း ဘင်္ဂါလီအလုပ်သမားများအစား ရခိုင်လူမျိုးအလုပ်သမားများကို အစားထိုးသုံးစွဲလာရပါသည်။ ထိုသို့ ပြောင်းလဲသုံးစွဲလာရာတွင် အခက်အခဲတစ်ခုမှာ အလုပ်သမားခ (၁၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအကြား မြင့်တက်လာခြင်းပင်ဖြစ်ပါသည်။ ထိုသို့ မြင့်တက်လာရခြင်းမှာ ယခင်က ဘင်္ဂါလီအလုပ်သမားများအား စရိတ်သက်သာစွာဖြင့် ငှားရမ်းနိုင်ခဲ့သော်လည်း ယခုအခါ ဘင်္ဂါလီအလုပ်သမားများနေရာတွင် ငှားရမ်းသုံးစွဲလာရသော ရခိုင်အလုပ်သမားများ၏ လုပ်ခမှာ ဘင်္ဂါလီအလုပ်သမားများ၏ လုပ်ခထက် ပိုမိုများပြားသောကြောင့်ဖြစ်ပါသည်။

၇.၁.၅။ ရခိုင်ပြည်နယ်အတွင်းတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် မြေဧရိယာပေါင်း (၁,၃၃၁,၁၅၇) ဧက ရှိပါသည်။ အဓိကပဋိပက္ခများဖြစ်ပွားခဲ့သည့် စစ်တွေနှင့် မောင်တောခရိုင်တွင် လယ်မြေဧရိယာမှာ (၈၈၉,၉၃၀) ဧကရှိပါသည်။ ထို့ကြောင့် ပဋိပက္ခများဖြစ်ပွားခဲ့သော ဒေသများတွင်ရှိသည့် မြေဧရိယာသည် ရခိုင်ပြည်နယ်ရှိ စုစုပေါင်းလယ်မြေဧရိယာ၏ (၆၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ ပဋိပက္ခများဖြစ်ပွားခြင်းကြောင့် လုံခြုံရေးအားနည်းမှုများဖြစ်နေသည့်အတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်နိုင်ရန် အခက်အခဲများ ဖြစ်နေပါသည်။ ထို့ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်ကုန်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်ပမာဏကျဆင်းနိုင်ပြီး ဒေသဝမ်းစာဖူလုံရေးကို ထိခိုက်နိုင်ပါသည်။

## ၇.၂။ ရေလုပ်ငန်း

၇.၂.၁။ ရခိုင်ပြည်နယ်တွင် ငါးသယံဇာတနှင့် ရေထွက်ပစ္စည်းသယံဇာများ ပေါကြွယ်ဝပါသည်။ ထို့ကြောင့် ရေလုပ်ငန်းသည်လည်း ရခိုင်ပြည်နယ်၏ စီးပွားရေးတွင် အရေးပါသော စီးပွားရေးကဏ္ဍအနေဖြင့် ရပ်တည်နေပါသည်။ ရခိုင်ပြည်နယ်၏ သားငါးကဏ္ဍမှ ထုတ်လုပ်နိုင်မှုသည် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး၏ (၁၃.၄) ရာခိုင်နှုန်း ရှိပါသည်။ သားငါးကဏ္ဍတွင် ရေလုပ်ငန်းမှ ပါဝင်မှုသည် (၆၁.၈၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ကွင်းဆင်းစစ်တမ်းအရ ရေလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်နေသည့် မိသားစုပေါင်းသည် စုစုပေါင်းမိသားစု၏ (၄) ရာခိုင်နှုန်းဖြစ်ပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်အတွင်းတွင် နေထိုင်ကြသော အထူးသဖြင့် ကျေးလက်တွင်နေထိုင်သူများသည် ရေလုပ်ငန်းကို အရေးပါသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်လျှက်ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျေးလက်နေပြည်သူများတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ရေလုပ်ငန်းသည် နေ့စဥ်မိသားစုဝမ်းစာအတွက် အရေးပါခြင်း၊ ပိုလျှံသည်ကို ရောင်းချ၍ နေ့စဥ်ဝင်ငွေအရလွယ်ခြင်း အစရှိသည်တို့ကြောင့် ရေလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်လေ့ရှိပါသည်။ ကျေးလက်ဒေသများ၌ လယ်ယာကဏ္ဍတွင် နေ့စားအလုပ် လုပ်ကိုင်ခြင်းတစ်ခုသာလျှင် ကျေးလက်နေအခြေခံမိသားစုများအတွက် အဓိကဝင်ငွေရသည့် လုပ်ငန်းဖြစ်

နေသော်လည်း ယင်းသည် တစ်နှစ်ပတ်လုံး အလုပ်အကိုင်အခွင့်အလမ်း မရရှိသောကြောင့် လယ်ယာအလုပ် အားလပ်သည့်ကာလများတွင် ရေလုပ်ငန်းကို မိသားစု၏ နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်းတွင် နေထိုင်ကြသော ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများသည် ရေလုပ်ငန်းကို ၎င်းတို့မိသားစုများ၏ နေ့စဉ်ဘဝရပ်တည်ရေးအတွက် လုပ်ကိုင်ကြပါသည်။ လက်ရှိရခိုင်ပြည်နယ်၏ ရေလုပ်ငန်းကဏ္ဍတွင် ရခိုင်လူမျိုးများသည် ကိုယ်တိုင်ငါးဖမ်းသည့်အပြင် ဒေသအတွင်းထွက်ရှိသော ရေထွက်ပစ္စည်းများကို အခြားနေရာများသို့တင်ပို့ရောင်းချသည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ဘင်္ဂါလီလူမျိုးများမှာ ကိုယ်တိုင်ငါးဖမ်းခြင်းနှင့် ရရှိလာသောရေထွက်ပစ္စည်းများမှအချို့ကို မိမိကျေးရွာများတွင်လည်းကောင်း၊ ဈေးကွက်ဝင်သည့်ရေထွက်ပစ္စည်းများကို ရခိုင်ကုန်သည်များမှတဆင့်ခံ၍လည်းကောင်း ဈေးကွက်များသို့ တင်ပို့ကြပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်အတွင်းရှိ လယ်ယာမြေများအတွင်းသို့ ပင်လယ်ရေသွင်း၍ ပုဇွန်မွေးမြူသည့် လုပ်ငန်းတစ်ခုမှာလည်း အရေးပါသည့် စီးပွားရေးတစ်ရပ်ဖြစ်ပါသည်။ ထိုလုပ်ငန်းတွင်လည်း ဘင်္ဂါလီလူမျိုးများသည် မြေယာပိုင်ဆိုင်ခွင့်ရရှိသူ နည်းပါးသောကြောင့် ပုဇွန်မွေးမြူရန်အတွက် လယ်မြေများကို လယ်မြေပိုင်ဆိုင်ခွင့်ရသည့် ရခိုင်လူမျိုးများထံမှ အခကြေးငွေပေးကာ ငှားရမ်းလုပ်ဆောင်ရပါသည်။

၇.၂.၂။ မြေပုံ၊ ကျောက်ဖြူနှင့် မင်းပြားမှ ရေလုပ်သား ရခိုင်လူမျိုးများ၏ဖြေကြားချက်များအရ ပင်လယ်နှင့် မြစ်ချောင်းများရှိ ငါးဖမ်းကွက်များတွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ မကြာခဏပြဿနာများဖြစ်ပွားလေ့ရှိကြပါသည်။ ပြဿနာဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းမှာ ငါးဖမ်းမည့်နေရာလုသည့် ကိစ္စဖြစ်ပါသည်။ ထို့ပြင် ငါးဖမ်းသည့်နေများတွင် ဘင်္ဂါလီလူမျိုးများသည် အုပ်စုဖွဲ့၍ ရခိုင်လူမျိုးများအား အနိုင်ကျင့်သည့် အပြုအမူများ ပြုလုပ်လေ့ရှိသည်ဟု သိရှိရပါသည်။ အခြားတစ်ဘက်တွင်လည်း ရခိုင်လူမျိုးများက ဘင်္ဂါလီလူမျိုးများအား ရန်ပြုမှုများရှိနေသဖြင့် ငါးဖမ်းရာတွင် အခက်အခဲများရှိနေသည်ဟု ဒေသခံများမှ ပြောကြားကြပါသည်။[2] ပင်လယ်ပြင်တွင် ငါးဖမ်းရာတွင်လည်း ငါးဖမ်းစက်လှေများမှာ ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားမှုနည်းပါးသည်ကို တွေ့ရပါသည်။ လက်ရှိအခြေအနေတွင် အသုံးပြုနေသောစက်လှေများမှာ သစ်ကိုအခြေခံ၍ မိရိုးဖလာနည်းများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အခက်အခဲတစ်ခု ဖြစ်ပါသည်။ ထို့ပြင် ဈေးငွေရနိုင်မည့်နည်းလမ်းနည်းပါးခြင်း၊ အတိုးနှုန်းမြင့်မားခြင်းတို့သည်လည်း လုပ်ငန်းများချဲ့ထွင်ရန် အားနည်းချက်တစ်ရပ် ဖြစ်နေပါသည်။

၇.၂.၃။ လက်ရှိအခြေအနေတွင် ပင်လယ်ပြင်၌ လုံခြုံရေးအားနည်းခြင်းကြောင့် ငါးဖမ်းရန်အတွက် လွတ်လပ်စွာသွားလာရန် အခက်အခဲများရှိလာပါသည်။ မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့တွင် ဘင်္ဂါလီများအား လုံခြုံရေးအရ ဒုက္ခသည်စခန်းပြင်ပသို့ သွားလာမှုအား ပိတ်ပင်ထားခြင်းကြောင့် ၎င်းတို့အနေဖြင့် ရေလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်းမရှိတော့ကြောင်း ပြောဆိုကြပါ

၁။ တင်ပြစာအမှတ်- ၈၃ (ဘင်္ဂါလီ)

သည်။ မြေပုံမြို့နယ်တွင်နေထိုင်သော ဘင်္ဂါလီရေလုပ်သားများ၏ ပြောဆိုမှုအရ ငါးဖမ်းစက်လှေအားလုံးနီးပါး မီးရှို့ဖျက်ဆီးခံခဲ့ရသည့်အပြင် သွားလာမှုကိုပါ လုံခြုံရေးအရ ပိတ်ပင်ထားသောကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိတော့ကြောင်း သိရှိရပါသည်။

## ၇.၃။ ဈေးရောင်းချခြင်းနှင့် ကုန်သွယ်ခြင်း

၇.၃.၁။ ဈေးရောင်းချခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းများသည်လည်း ရခိုင်နှင့် ဘင်္ဂါလီတို့၏ အရေးပါသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ ကွင်းဆင်းစစ်တမ်းအရ အထက်ပါလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်နေသည့် မိသားစုပေါင်း (၂၅) ရာခိုင်နှုန်းရှိပါသည်။ ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ ဖော်ပြပါစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြခြင်းကို မြို့ပြနှင့်ကျေးလက် နှစ်နေရာစလုံးတွင် တွေ့ရှိရပါသည်။ သို့သော်လည်း ယင်းစီးပွားရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများသည် ရခိုင်နှင့် ဘင်္ဂါလီများအကြားတွင် အနည်းငယ်ကွာခြားမှုရှိပါသည်။

၇.၃.၂။ စစ်တွေမြို့ သဲချောင်းစခန်းရှိ ဘင်္ဂါလီလူမျိုး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ ကုန်သွယ်ခြင်းလုပ်ငန်းများတွင် အထူးသဖြင့် မြန်မာပြည်အတွင်း အခြားဒေသများနှင့် ကုန်သွယ်မှုပြုလုပ်ခြင်း (ဥပမာ-ရေထွက်ပစ္စည်းများကို တင်ပို့ရောင်းချခြင်း၊ အခြားဒေသများမှ စားသောက်ကုန်များကို ရခိုင်ပြည်နယ်တွင်းသို့ တင်သွင်းရောင်းချခြင်း) တို့တွင် ရခိုင်လူမျိုးများကသာ ပိုမိုလုပ်ကိုင်နေကြသည်ဟု သိရပါသည်။ ဘင်္ဂါလီလူမျိုးများအနေဖြင့် လုပ်ကိုင်နိုင်သည့် အခွင့်အလမ်း နည်းပါးကြပါသည်။ အဓိကပြဿနာများမှ နိုင်ငံသားစိစစ်ရေးကတ်များမရှိခြင်း၊ ခရီးသွားလာရန်အတွက် ကုန်ကျစရိတ်ကြီးမားခြင်း (လဝကပုံစံ (၄) လျှောက်ထားရခြင်း)၊ စီးပွားရေးအဆက်အသွယ်နှင့် အလွယ်တကူ ငွေကြေးလွဲပြောင်းပေးနိုင်သည့် စီးပွားရေးကွန်ယက်များနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် ရန်ကုန်နှင့် အခြားဒေသများမှ ဘင်္ဂါလီများ၏ အကူအညီဖြင့် လုပ်ငန်းအချို့ (ဥပမာ-အိမ်ဆောက် ပစ္စည်းများရောင်းချခြင်း)လုပ်ငန်းများကို လုပ်ကိုင်နိုင်ကြသည်ကို စစ်တွေမြို့တွင် တွေ့ရှိရပါသည်။ အခြားသောကုန်ပစ္စည်းများကို ရခိုင်လူမျိုးများထံမှ တဆင့်ဝယ်ယူ၍သော်လည်းကောင်း၊ ရခိုင်ကုန်သည်များအား ကြားခံကာ တင်သွင်း၍သော်လည်းကောင်း မြို့ပေါ်ရှိဈေးများ၊ ရပ်ကွက်နှင့် ကျေးလက်ဈေးဆိုင်များတွင် ပြန်လည်ရောင်းချနေကြပါသည်။ သို့သော်လည်း စစ်တွေမြို့ရှိ ရခိုင်ကုန်သည်များ၏ ပြောဆိုချက်များအရ ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်ကုန်သွယ်ရေးတွင်မူ ဘင်္ဂါလီလူမျိုးများက ရခိုင်တို့ထက် ပိုမိုလုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရှိသည်ဟု သိရပါသည်။ မောင်တောနယ်စပ်ကုန်သွယ်ရေးတွင် ဘင်္ဂါလီလူမျိုး ကုန်သည်များကသာ နယ်စပ်ကုန်သွယ်ရေးအား ဦးဆောင်လုပ်ကိုင်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။

၇.၃.၃။ လက်ရှိအခြေအနေတွင် စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲနှင့် မင်းပြားမြို့နယ်များတွင် သွားလာမှု များ ကန့်သတ်ထားခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် ရောင်းဝယ်ဖောက်ကားမှု မရှိသလောက် နည်းပါးလာပါသည်။ လွတ်လပ်စွာသွားလာခွင့်မရတော့ခြင်း၊ အလုပ်အကိုင်များရပ်တန့်လာ ခြင်းတို့သည် အထက်ပါမြို့နယ်များတွင် စီးပွားရေးထိခိုက်မှုများဖြစ်လာပြီး မိသားစုတစ်ဦးချင်း စီ၏ ဝင်ငွေနှင့် အသုံးစရိတ်ပေါ်တွင်ပါ ထိခိုက်လာကာ ဝယ်လိုအားများ ကျဆင်းလာခြင်းနှင့် စီးပွားရေးတုံ့ဆိုင်းလာခြင်းတို့ကို ဖြစ်ပေါ်လာစေပါသည်။ အောက်တိုဘာလအတွင်း စစ်တွေမြို့ မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ကုန်စည်စီးဆင်းမှုသည် ထက်ဝက်ခန့်အထိ ကျ ဆင်းသွားကြောင်း၊ စစ်တွေသို့ သင်္ဘောဝင်ထွက်သွားလာမှုသည် သုံးပုံတစ်ပုံခန့်အထိ ကျဆင်း သွားကြောင်းပြောဆိုကြပါသည်။ စစ်တွေမြို့တွင် အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံ ရာ၌ ဘင်္ဂါလီများရောင်းချသည့် အသီးအနှံနှင့် အသားများတွင် အစာအဆိပ်သင့်သည့် လက္ခ ဏာများတွေ့ရကြောင်း ထို့ကြောင့် ထိုစားသောက်ကုန်များကို စားသုံးခြင်းမပြုရန် လိုက်လံ အသိပေးနေရခြင်းများရှိကြောင်း ပြောဆိုကြပါသည်။

၇.၃.၄။ ရခိုင်ပြည်နယ်မှနေ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုများ ရှိနေကြောင်းလည်း သိရှိရပါသည်။ တရားမဝင်ကုန်သွယ်ရာတွင် အဓိကတင်ပို့ရောင်းချသည့် ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပါသည်။ အဓိကအားဖြင့် ဆန်ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလများတွင် တရားဥပဒေစိုးမိုးရေးမရှိတော့သဖြင့် ဘင်္ဂလားဒေ့ရှ် သို့ ဆန်တင်ပို့မှုသည် ရခိုင်ပြည်နယ်မှသာမက ဧရာဝတီတိုင်းမှပါ တင်ပို့ရောင်းချမှုများရှိခဲ့ ကြောင်းတွေ့ရပါသည်။ တရားမဝင်တင်ပို့ရောင်းချမှုသည် နယ်စပ်လုံခြုံရေးအပေါ်မူတည်၍ ပြုလုပ်လေ့ရှိပါသည်။ ပဋိပက္ခများဖြစ်ပွားပြီးနောက်ပိုင်းတွင် နယ်စပ်လုံခြုံရေးကို ပိုမိုတင်းကြပ် စွာဆောင်ရွက်လာသောကြောင့် နယ်စပ်မှ တရားမဝင်တင်ပို့ရောင်းချမှုများ ကျဆင်းလာကာ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးပေါများပြီး ဆန်ဈေးနှုန်းကျဆင်းလာသည်ဟု သုံးသပ်ရပါသည်။

## ၇.၄။ ဝန်ဆောင်မှုနှင့်ခရီးသွားလာရေးလုပ်ငန်း

၇.၄.၁။ ရခိုင်ပြည်နယ်သည် ပထဝီနေအထားအရ သဘာဝရှုခင်းအလှအပများ ပေါများခြင်း၊ ယဉ်ကျေး မှု အမွေအနှစ်များစွာရှိခြင်းနှင့် ရှေးရာဇဝင်လေ့များကို ထိန်းသိမ်းထားနိုင်ခြင်းတို့သည် ခရီးသွားလုပ် ငန်းဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းကောင်းများကို ဖြစ်ပေါ်စေပါသည်။ သို့ရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများသည် သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေနှင့် မြောက်ဦးမြို့တွင်သာ အများဆုံးလုပ်ကိုင်မှုရှိပါသည်။ မြောက်ဦးမြို့တွင် ယဉ်ကျေးမှုအမွေအနှစ်များ ရှိသော်လည်း ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးမှုနောက်ကျရခြင်းသည် လမ်းပန်းဆက်သွယ်ရေးအားနည်းမှုကြောင့် ဖြစ် ပါသည်။ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်၌ ဟိုတယ် (၃၁) လုံး၊ မိုတယ် (၃) လုံးနှင့် တည်းခိုခန်း (၉၄) ခုရှိပါသည်။ သံတွဲမြို့နယ်သည် ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးမှု အများဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ ဟိုတယ်စုစုပေါင်း၏ (၅၀) ရာခိုင်နှုန်းသည် သံတွဲမြို့နယ်တွင် ရှိပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု အားနည်းနိုင်ပါသည်။ သို့သော်လည်း ရခိုင်ပြည်နယ် GDP ၏ ထက်ဝက်ခန့်သည် ဝန်ဆောင်မှုကဏ္ဍမှ ရရှိကြောင်း တွေ့ရှိရပါသည်။

၇.၄.၂။ ပဋိပက္ခများ ဖြစ်ပွားခဲ့သည့်အတွက် ဟိုတယ်လုပ်ငန်းများအပေါ် ထိခိုက်မှုများ ရှိလာသည်ကိုလည်း တွေ့ရှိရပါသည်။ အစိုးရအနေဖြင့် လုံခြုံရေးအရ ခရီးသွားလာရေးအတွက် နယ်မြေကန့်သတ်မှုများ ပြုလုပ်လာခဲ့ပါသည်။ ထိုကန့်သတ်မှုများကြောင့်သော်လည်းကောင်း၊ ပဋိပက္ခများဖြစ်ပွားသည့် သတင်းများသည် နိုင်ငံတကာသို့ ပြန့်နှံ့သွားခဲ့သည့်အတွက်ကြောင့်လည်းကောင်း နိုင်ငံခြားခရီးသွားများကို စွဲဆောင်နိုင်မှုများ ကျဆင်းလာသည့်အတွက် ခရီးသွားလုပ်ငန်းများကို ထိခိုက်လာသည်များလည်း ရှိပါသည်။

## ၇.၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းများ

၇.၅.၁။ ရခိုင်ပြည်နယ်အတွင်းတွင် စက်ရုံပေါင်း (၁,၃၃၁) ရုံရှိပါသည်။ ၎င်းတို့အနက် (၉၀) ရာခိုင်နှုန်းကျော်မှာ ပုဂ္ဂလိကပိုင်လုပ်ငန်းများ ဖြစ်ကြပါသည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ်အများစုတွင် လျှပ်စစ်မီးရရှိမှုသည် အကန့်အသတ်များစွာရှိနေသည့်အတွက် လျှပ်စစ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပါသည်။ စက်မှုလက်မှုလုပ်ငန်းအများစုမှာ ထုတ်လုပ်မှုပိုင်းထက် ပြန်လည်ပြုပြင်သည့်လုပ်ငန်းများတွင်သာ များပါသည်။ ထို့ပြင် ကူးသန်းရောင်းဝယ်ရေး တိုးတက်လာသဖြင့် အခြားနိုင်ငံများမှ ထုတ်ကုန်များသည် ဈေးနှုန်းချိုသာစွာဖြင့် ယှဉ်ပြိုင်လာခြင်း၊ ဒေသတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများမှာ နည်းပညာပိုင်းအရ ဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကြောင့် နိုင်ငံခြားထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်း အားနည်းလာပြီး လုပ်ငန်းများရပ်တန့်သွားမည့် အခြေအနေနှင့်လည်း ကြုံတွေ့နေရပါသည်။ ထို့ပြင် လက်ရှိလုပ်ကိုင်နေသော အသေးစားလုပ်ငန်းများသည် မိသားစုလုပ်အားကိုသာ အခြေခံသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖြစ်သည့်အတွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်စွမ်းအားမှာ နည်းပါးနေပါသည်။ ကျောက်ဖြူတွင် ရေနက်ဆိပ်ကမ်းကို တည်ဆောက်နေသော်လည်း ယင်းလုပ်ငန်းများသည် စွမ်းအင်ထုတ်ယူသုံးစွဲရေးနှင့် ပို့ဆောင်ရေးကိုသာ အခြေခံသောကြောင့် ဒေသအတွင်း နေထိုင်သောသူများ၏ ထုတ်လုပ်မှုစွမ်းအား (Productivity) နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အလုပ်အကိုင်ရရှိမှု နည်းနိုင်သည်ဟု ခန့်မှန်းရပါသည်။

## ၇.၆။ စီးပွားရေးဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည့်အကြောင်းအရာများ

၇.၆.၁။ ရခိုင်ပြည်နယ်အတွင်းတွင် နေထိုင်ကြသောသူများသည် ၎င်းတို့၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းမှုများနှင့် ဘဝရပ်တည်ရေးအတွက် သယံဇာတကိုအခြေခံသည့် လုပ်ငန်းများကိုသာ လုပ်ကိုင်အသက်မွေးကြရပါသည်။ ထို့ပြင် သဘာဝတည်နေရာ အနေအထားအရလည်း

ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးကို ဖော်ဆောင်နိုင်ရန် စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းနှင့်ကိုက်ညီသော အလုပ်အကိုင်များကို ဖော်ထုတ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် သယံဇာတနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးမဖွံ့ဖြိုးခြင်း၊ ခေတ်မီနည်းပညာအသုံးပြုမှုနည်းပါးခြင်းနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုအားနည်းခြင်းတို့သည် လူမှုစီးပွားရေး တိုးတက်မှုအပေါ်တွင် အကျိုးသက်ရောက်မှုများစွာ ရှိပါသည်။

## ၇.၆.၂။ မြေသြဇာကောင်းမွန်သော စိုက်ပျိုးမြေများနည်းပါးခြင်း

၇.၆.၂.၁။ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းနှင့် အလွန်နီးကပ်စွာ တည်ရှိနေသောကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများစွာရှိနေပါသည်။ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးမြေဧကပေါင်း (၁) သန်းကျော်ရှိရာ ၎င်းပမာဏသည် ရခိုင်ပြည်နယ် မြေဧရိယာ၏ (၁၂) ရာခိုင်နှုန်းကိုသာ စိုက်ပျိုးမြေအဖြစ် အသုံးချနိုင်သေးသည့်သဘောကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်ပါက ရခိုင်ပြည်နယ်တွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ တစ်နိုင်ငံလုံးစိုက်ပျိုးမြေဧရိယာ၏ (၄) ရာခိုင်နှုန်းသာရှိပါသည်။ စိုက်ပျိုးမြေအများစုမှာ ရေငံဝင်ရောက်သော နေရာများတွင်ရှိသဖြင့် မြေသြဇာကောင်းမွန်သော စိုက်ပျိုးမြေအမျိုးအစားမဟုတ်ပါ။ ထို့ကြောင့် ရခိုင်ဒေသတွင် စိုက်ပျိုးမည့်သီးနှံများကို ရွေးချယ်ရာတွင် အရည်အသွေးကောင်းမွန်သော သီးနှံများအစား ပင်လယ်ဆားငံရေဒဏ်ကိုခံနိုင်သည့် သီးနှံများကို ရွေးချယ်ရလေ့ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ရေချိုရရှိသော ကျောက်တော်မြို့နယ် တစ်မြို့နယ်တည်းတွင်သာ ဈေးကွက်တင်ပို့နိုင်သော အရည်အသွေးရှိသည့် သီးနှံများကို စိုက်ပျိုးနိုင်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ရခိုင်ပြည်နယ်တွင် စိုက်ပျိုးသော သီးနှံများ၏ အရည်အသွေးသည် ကောင်းမွန်ခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်း၏ အရည်အသွေးနှင့် ထုတ်လုပ်နိုင်မှုတွင် နောက်ကျကျန်နေခဲ့ပါသည်။ ဥပမာအားဖြင့်ဆိုရသော် မြန်မာပြည်ရှိအခြားဒေသများတွင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော စပါးအမျိုးအစားများကို ပြောင်းလဲစိုက်ပျိုးနေကြသော်လည်း ရခိုင်ပြည်နယ်တွင် ငစိန်ကဲ့သို့သောစပါးမျိုးကိုသာ ဆက်လက်စိုက်ပျိုးနေကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနောက်ကျကျန်နေရခြင်း၏ အဓိကပြဿနာမှာ ပင်လယ်နှင့်အလွန်နီးကပ်ပြီး လယ်ယာမြေအများစုသို့ ဆားငံရေဝင်ရောက်သောကြောင့် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် စိုက်ပျိုးရေ ကောင်းစွာမရခြင်းကြောင့် သီးနှံများမအောင်မြင်ခြင်း ဖြစ်ပါသည်။ ကျေးလက်တွင် နေထိုင်သူများသည် စိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သော်လည်း ကောင်းမွန်သောစိုက်ပျိုးမြေများမရှိခြင်းသည် ဒေသခံများ၏လူနေမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် နှောင့်နှေးစေပါသည်။

## ၇.၆.၃။ လမ်းပန်းဆက်သွယ်ရေး

၇.၆.၃.၁။ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက်တွင်တည်ရှိပြီး မြစ်ချောင်းများ လွန်စွာပေါများသောကြောင့် ယင်းသည် လမ်းပန်းဆက်သွယ်ရေးအတွက် အခက်အခဲများစွာ ဖြစ်စေပါသည်။ ရခိုင်ပြည်နယ်၌ မြို့တွင်းလမ်း၊ ကတ္တရာလမ်း (၁၁၉)မိုင်နှင့် ကျောက်ခင်းလမ်း (၅၀) မိုင် ရှိပါသည်။ မြို့ချင်းဆက်လမ်းတွင် ကတ္တရာလမ်း (၁၀၈) မိုင်၊ အမာခံကျောက်ချောလမ်း (၄၉) မိုင်၊ ကျောက်လမ်း (၅) မိုင်နှင့် မြေသားလမ်း (၅၃) မိုင် အသီးသီး ဖောက်လုပ်ထားပါသည်။ ကုန်းလမ်းဖြင့် ဆက်သွယ်လိုပါက ကားလမ်းများသည် မြစ်ချောင်းများကို ရှောင်လွှဲသွားလာနေရသဖြင့် အချိန်ပေးသွားလာရပါသည်။ ထို့ကြောင့် ပြည်နယ်အတွင်း တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာဆက်သွယ်ရာတွင် ရေလမ်းကိုသာ အဓိကထား၍ ဆက်သွယ်နေကြရပါသည်။ ထိုသို့ ရေလမ်းဖြင့် ဆက်သွယ်ရာတွင်လည်း အများပြည်သူအသုံးပြုနိုင်သော ရေယာဉ်များမှာ လိုအပ်သည့်အချိန်တွင် လိုသလိုသွားလာနိုင်သည့် အခြေအနေမျိုးတွင် မရှိကြပါ။ ထို့ကြောင့် တစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာမည်ဆိုပါက အချိန်ပေးစီစဉ် လုပ်ဆောင်ရသည်များရှိပါသည်။ ပျမ်းမျှအားဖြင့် ပြည်နယ်အတွင်း တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်သွားလာရာတွင် အနီးဆုံးခရီးအတွက် သွားလာချိန်သည် (၅) နာရီမှ (၇) နာရီခန့် ကြာမြင့်ပါသည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေး ချောမွေ့မှုမရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးကြီးတစ်ရပ် ဖြစ်နေပါသည်။ ထို့ပြင် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိနေပါသည်။ ရခိုင်ပြည်နယ်တွင် ယဉ်ကျေးမှုသမိုင်းနယ်မြေများနှင့် သဘာဝအရ သာယာလှပသော အပန်းဖြေနေရာများရှိသော်လည်း ခရီးသွားလာရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးနိုင်မှုမရှိသေးသည်ကို လေ့လာတွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် တစ်နေရာမှ တစ်နေရာသို့သွားလာရာတွင် အခက်အခဲများစွာရှိနေခြင်းသည် ဒေသတွင်းနေထိုင်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကိုလည်း နည်းပါးစေသောကြောင့်ယင်းသည် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲများ ဖြစ်စေပါသည်။

## ၇.၆.၄။ ခေတ်မီနည်းပညာများ အသုံးပြုမှု နည်းပါးခြင်း

၇.၆.၄.၁။ လက်ရှိအခြေအနေတွင် လုပ်ကိုင်နေကြသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများကို အသုံးပြုမှု မရှိသလောက်နည်းပါးသည်ကို တွေ့ရပါသည်။ လယ်ယာကဏ္ဍတွင် မိရိုးဖလာစိုက်ပျိုးနည်းများနှင့် မျိုးစပါးအဟောင်းများကိုသာ လက်ရှိအချိန်အထိ အသုံးပြုနေကြပါသည်။ ထွန်ယက်စိုက်ပျိုးရာတွင်လည်း ခေတ်မီစက်ကိရိယာများ အသုံးပြုမှု လွန်စွာနည်းပါးသည်ကို တွေ့ရပါသည်။ အထွက်နှုန်းကောင်း၍ ဒေသနှင့်ကိုက်ညီသော သီးနှံမျိုးများကို ပြောင်းလဲအသုံးချခြင်း မရှိသည်ကိုလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ အခြားဒေသများရှိ တောင်သူများသည် ရပ်တည်နိုင်ရုံမျှလုပ်ကိုင်သော လယ်ယာစိုက်ပျိုးရေး

စနစ်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သော လယ်ယာစိုက်ပျိုးရေးစနစ်သို့ပြောင်းလဲရန် ကြိုးစားနေကြသော်လည်း ရခိုင်ဒေသတွင် မိရိုးဖလာဝမ်းစာရရုံ စိုက်ပျိုးထုတ်လုပ်ခြင်းအမူအကျင့်မှာ ယခုထက်တိုင် ပြောင်းလဲမှုမရှိသေးသည်ကို တွေ့ရပါသည်။

၇.၆.၄.၂။ ရေလုပ်ငန်းတွင်လည်း အသုံးပြုနေသော ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များသည်လည်း ခေတ်မီမှုမရှိတော့သည်ကို တွေ့ရပါသည်။ လက်ရှိအသုံးပြုနေသော ငါးဖမ်းလှေများတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားမှု နည်းပါးပါသည်။ ငါးဖမ်းလှေများတည်ဆောက်ရာတွင်လည်း မိရိုးဖလာနည်းအတိုင်း သစ်သားကိုအခြေခံကာတည်ဆောက်ကြသောကြောင့် ငါးဖမ်းသူများအနေဖြင့် ပင်လယ်ပြင်တွင် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိဘဲ ကန့်သတ်ဇရိယာ (အထူးသဖြင့် ကမ်းနီး) တွင်သာ လုပ်ကိုင်စားသောက်ကြရပါသည်။ ခေတ်မီနည်းပညာနှင့် ကိရိယာများကို အသုံးပြုနိုင်ခြင်းမရှိသည့်အတွက် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများဖြစ်စေပါသည်။

၇.၆.၄.၃။ လက်ရှိအခြေအနေတွင် ကုန်ထုတ်လုပ်ငန်းများကိုလည်း မိရိုးဖလာနည်းလမ်းများဖြင့်သာ ထုတ်လုပ်နေကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြင်ပကမ္ဘာနှင့် ဆက်သွယ်မှုနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။ ဂလိုဘယ်လ်လိုက်ဇေးရှင်း (Globalization) ဖြစ်စဉ်များကြောင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်လာသည့်အခါ ယင်းအခြေအနေသည် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသတွင်း ကုန်ထုတ်လုပ်မှုများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။ စီးပွားရေးအရ တွက်ချေကိုက်သော အခြားနိုင်ငံများမှ ကုန်စည်များကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တုံ့ဆိုင်းလာစေပါသည်။

## ၇.၆.၅။ စက်မှုလက်မှုလုပ်ငန်းများနည်းပါးခြင်း

၇.၆.၅.၁။ ရခိုင်ပြည်နယ်အတွင်းတွင် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှာ နည်းပါးနေပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် စက်မှုကိုအခြေခံကာ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နေချိန်တွင် ရခိုင်ဒေသတွင် မိရိုးဖလာလုပ်ငန်းများဖြစ်ကြသည့် လက်မှုလုပ်ငန်းများကိုသာ လုပ်ကိုင်နေကြဆဲဖြစ်ပါသည်။ ဥပမာအားဖြင့် အိမ်နီးချင်းနိုင်ငံတွင် ဒန်သတ္တုဖြင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်နေချိန်တွင် ရခိုင်ဒေသတွင် ရှေးအစဉ်အဆက်အသုံးပြုခဲ့သည့် မြေသားဖြင့်ပြုလုပ်သော အိမ်သုံးပစ္စည်းများကိုသာ ထုတ်လုပ်ကြပါသည်။ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသော အိမ်ထောင်သုံးပစ္စည်းများသည် ဈေးနှုန်းအရသော်လည်းကောင်း၊ ကြာရှည်ခံနိုင်မှု အရည်အသွေးအရသော်လည်းကောင်း ဒေသထွက်ပစ္စည်းများကို ယှဉ်ပြိုင်လာခဲ့သဖြင့် ဒေသအတွင်းတွင် လက်မှုလုပ်ငန်းများကို မလုပ်ကိုင်နိုင်တော့သည့် အခြေအနေများကို ဖြစ်လာစေပါသည်။ ထိုသို့ အိမ်နီးချင်းနိုင်ငံများ၏ထုတ်ကုန်များကို ယှဉ်ပြိုင်ရန်အတွက်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ (Cottage Industry) ဖွံ့ဖြိုးလာရေးသည် အလွန်အရေးကြီးလှပါသည်။ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးမရရှိခြင်းနှင့် နည်းပညာအထောက်အပံ့ လိုအပ်ခြင်းတို့သည် ဒေသအတွင်းစက်မှု

လက်မှုလုပ်ငန်းများတိုးတက်ရေးအတွက် ကြီးစွာသောအဟန့်အတားများကို ဖြစ်လာစေပါသည်။

## ၇.၆.၆။ ချေးငွေအရင်းအမြစ် နည်းပါးခြင်း

၇.၆.၆.၁။ ရခိုင်ပြည်နယ်အတွင်းတွင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများချဲ့ထွင်ရာတွင် လိုအပ်သောငွေကြေးအရင်းအနှီးကို ရရှိရန်ခက်ခဲပါသည်။ မြို့ပေါ်နှင့် ကျေးလက်နှစ်နေရာလုံးတွင် ပုဂ္ဂလိကငွေချေးလုပ်ငန်းများကိုသာ အားကိုးနေကြရကာ လိုအပ်သောငွေကြေးပမာဏကို ချေးယူရရှိရန်လည်း အခက်အခဲရှိပါသည်။ ထို့ပြင် ပုဂ္ဂလိကငွေချေးသူများ၏ ငွေချေးပေးနိုင်သည့်ပမာဏနှင့်အချိန်ကာလမှာ ကန့်သတ်ချက်များစွာရှိပါသည်။ ယေဘူယျအားဖြင့် ငွေချေးပေးသူများသည် ငွေကြေးပမာဏ ကျပ်(၁၀၀,၀၀၀) မှ ကျပ် (၃၀၀,၀၀၀) ကို ကာလအားဖြင့် အများဆုံး (၁) နှစ်ခန့်သာ ချေးပေးနိုင်ပါသည်။ ချေးငွေလိုအပ်မှုများသောကြောင့် အတိုးနှုန်းမှာလည်း မြင့်မားလျက်ရှိပါသည်။ ပျမ်းမျှအားဖြင့် အတိုးနှုန်းမှာ တစ်နှစ်လျှင် (၆၀) ရာခိုင်နှုန်းမှ (၁၂၀) ရာခိုင်နှုန်းအထိ ရှိပါသည်။ ထို့ကြောင့် ယင်းအခြေအနေသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲများစွာဖြစ်စေပြီး ကျေးလက်/မြို့ပြ၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက်လည်း အဟန့်အတားများ ဖြစ်လာစေပါသည်။

## ၇.၆.၇။ လူ့စွမ်းအားအရင်းအမြစ် မလုံလောက်ခြင်း

၇.၆.၇.၁။ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများ အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်သူများ၏ ပညာရေးအဆင့်အတန်းနှင့် လုပ်ငန်းကျွမ်းကျင်မှုသည် အဆင့်မြင့်မားမှု မရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ၎င်းတို့အနေဖြင့် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားကာယလုပ်အားဖြင့် လုပ်ကိုင်ရသော အလုပ်များတွင်သာ လုပ်ကိုင်နိုင်ကြောင်းတွေ့ရပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း၌ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသင်တန်းကျောင်း (Vocational Training School) များ နည်းပါးနေခြင်းသည်လည်း လိုအပ်သော စွမ်းရည်မြင့်လုပ်သားများ မရရှိခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်းတွင် ကုန်ချောထုတ်လုပ်မှုလုပ်ငန်း အထူးသဖြင့် (Value Added) လုပ်ငန်းများပေါ်ပေါက်ရန် အားနည်းနေပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါကလည်း လုပ်သားပဟိုပြုစက်မှုလုပ်ငန်း (Labour Intensive Industry) များဖြစ်မှသာ အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် လုပ်သားကျွမ်းကျင်မှုဖြင့် ထုတ်လုပ်ရသော စက်မှုလက်မှုလုပ်ငန်းများသည် ဒေသအတွက် အဆင်ပြေနိုင်မှု မရှိသေးသည်ကို တွေ့ရှိရပါသည်။

## ၇.၇။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ရန်လိုအပ်ချက်များ

၇.၇.၁။ ရခိုင်ပြည်နယ်အတွင်း လူမျိုးရေးပဋိပက္ခများ ဖြစ်ပေါ်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောင့်နှေးခြင်းတစ်ခုတည်းကြောင့် မဟုတ်သော်လည်း ဆင်းရဲမွဲတေမှုသည် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သူအချို့၏ တွေးခေါ်ဝေဖန်ပိုင်းခြားနိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက ရခိုင်ပြည်နယ်အတွင်းတွင် တည်ငြိမ်မှုကို ပိုမိုလိုလားကာ လူမျိုးစုများအတွင်း ခေတ်မီပညာရေးကို သင်ကြားခွင့်များ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ သို့မှသာ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းလိုသည့် ဆင်ခြင်တုံတရားပိုမိုရှိသောသူများဖြစ်လာစေရန်အတွက် အလားအလာကောင်းများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း စီးပွားရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပဋိပက္ခဖြေရှင်းရေးနည်းလမ်းတစ်ခုအဖြစ် အလေးထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

၇.၇.၂။ ကွင်းဆင်းစစ်တမ်းများအရ အရွယ်ရောက်သူအများစုမှာ အလုပ်လုပ်ကိုင်နေကြသည် ဆိုသော်လည်း နေ့စဉ်ဘဝရပ်တည်ရေးကိုသာ အလေးထားလုပ်ဆောင်နေကြရခြင်း ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် လယ်ယာလုပ်ငန်းကာလများတွင် လယ်ယာအလုပ်သမားများအဖြစ် လည်းကောင်း၊ လယ်ယာလုပ်ငန်းများမရှိသည့်ကာလများ၌ ရေလုပ်ငန်းတွင် ငါးဖမ်းခြင်းဖြင့်လည်းကောင်း လုပ်ကိုင်နေကြရပါသည်။ လယ်ယာလုပ်ငန်းတွင် နှစ်စဉ် လယ်ယာလုပ်သားအဖြစ် အသက်မွေးရာမှ ရရှိသောဝင်ငွေပမာဏသည် နေ့စဉ်နေထိုင်မှုဘဝအတွက် လုံလောက်မှုမရှိသောကြောင့် ရရှိလာသောဝင်ငွေဖြင့် နေ့စဉ်စားဝတ်နေရေးကိစ္စရပ်ကို ဖြေရှင်းရန်အတွက် အခက်အခဲများစွာ ရှိနေပါသည်။ ထို့ကြောင့် မိသားစုဝင်များ၏ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များမှာလည်း အခက်အခဲများကြုံတွေ့နေရပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများ၌ နေထိုင်ကြသူများတွင် မြို့ပေါ်နေထိုင်သူများထက် လူမှုစီးပွားရေးနိမ့်ကျခြင်းနှင့် ပညာရည်နိမ့်ပါးသည့် လက္ခဏာရပ်များကို ထင်ရှားစွာ တွေ့ရပါသည်။

၇.၇.၃။ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းသည် ဒေသတွင်းနေထိုင်သူအများစု၏ စားဝတ်နေရေးအတွက် လုပ်ကိုင်ကြရသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ကြပါသည်။ ဆင်းရဲနွမ်းပါးသော ရခိုင်၊ ဘင်္ဂါလီနှင့် အခြားလူမျိုးစုများအားလုံးသည် အထက်ဖော်ပြပါ လုပ်ငန်းနှစ်မျိုးကို မိသားစုစားဝတ်နေရေးအတွက် အဓိက မှီခိုအားထားပြုကြရပါသည်။ သို့ရာတွင် နိုင်ငံသားဖြစ်ပြီးသူနှင့် မဖြစ်သေးသူတို့အကြား အခွင့်အရေးနှင့် အခွင့်အလမ်းကွာခြားမှုများ ရှိသည်ကို တွေ့ရပါသည်။ ခေတ်ကာလအစဉ်အဆက်တစ်လျှောက်တွင် ရခိုင်လူမျိုးများသည် တိုင်းရင်းသားလူမျိုးများအဖြစ် အသိအမှတ်ပြုထားပြီး နိုင်ငံသားအဖြစ် သတ်မှတ်ထားသောကြောင့် မြေယာနှင့်ပတ်သက်သည့် သီးစားလုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများပိုင်ဆိုင်ခွင့်နှင့် ယာဉ်ပိုင်ဆိုင်ခွင့်များ အစရှိသည်တို့ကို ရရှိထားပြီးဖြစ်ပါသည်။ ဘင်္ဂါလီလူမျိုးများတွင်မူ နိုင်ငံသားအဖြစ် အသိအမှတ်ပြုထားပြီးသူနှင့်

အသိအမှတ်ပြုခြင်းမခံရသေးသူများဟူ၍ အုပ်စုနှစ်စုတွေ့ရပါသည်။ နိုင်ငံသားပြုခြင်းရရှိထားပြီးသူများသည် ရခိုင်လူမျိုးများရရှိသည့် အခွင့်အရေးအားလုံးနီးပါးကို ရရှိကြပါသည်။ သို့သော်လည်း ယခင်အစိုးရလက်ထက်များတွင် ဘင်္ဂါလီများအပေါ် အချို့သောအခွင့်အရေးများ၌ ကန့်သတ်စီစစ်မှုများရှိသည်ကို တွေ့ရပါသည်။ ဥပမာ - ယခင်အစိုးရများလက်ထက်တွင် နိုင်ငံသားပြုပြီးဖြစ်သော်လည်း ခရီးသွားလာရာတွင် နီးစပ်ရာလဝကဌာန၌ ခရီးသွားခွင့် ပုံစံ(၄)ကို လျှောက်ထားကြရပါသည်။ ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတမှ နိုင်ငံသားများသည် နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိစေရမည်ဟူသော မူဝါဒကြောင့် ယခင်ကဲ့သို့ လဝကပုံစံ(၄)အား နိုင်ငံသားဘင်္ဂါလီများအနေဖြင့် ယူဆောင်ရန်မလိုဘဲ လွတ်လပ်စွာသွားလာခွင့်များ ရရှိလာကြပါသည်။ အခြားမရွှေ့ပြောင်းနိုင်သော ပစ္စည်းများပိုင်ဆိုင်ခွင့်တွင် နိုင်ငံသားဖြစ်ပြီး၊ မဖြစ်ပြီးအစရှိသည့် ကိစ္စရပ်များကို စီစစ်မှုများပြုလုပ်ရခြင်းကြောင့် အခြားနိုင်ငံသားများနှင့်နှိုင်းယှဉ်ပါက အခက်အခဲများရှိသည်ဟု ပြောဆိုကြပါသည်။ နိုင်ငံသားပြုခွင့်မရသေးသူများမှာမူ ဖော်ပြထားခဲ့သော နိုင်ငံသားတစ်ဦးရရှိရမည့် အခွင့်အရေးများကို လုံးဝမရှိကြပါ။ ထို့ကြောင့် ဘင်္ဂါလီလူမျိုးများသည် အခြားတိုင်းရင်းသား (သို့မဟုတ်) နိုင်ငံသားများနှင့် နှိုင်းယှဉ်ပါက အခွင့်အရေးအတွက် ခွဲခြားဆက်ဆံရခြင်းများအပေါ်တွင် မကျေနပ်မှုများရှိသည်ကို တွေ့ရပါသည်။

၇.၇.၄။ ကွင်းဆင်းလေ့လာခဲ့သည့် မြို့နယ် (၁၁) မြို့နယ်တွင် ရခိုင်လူမျိုးများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် လိုအပ်သောအခွင့်အရေးနှင့် လိုင်စင်များကို လွယ်ကူစွာရရှိကြောင်း ဖြေဆိုကြပါသည်။ မေးမြန်းခဲ့သော ရခိုင်လူမျိုး စုစုပေါင်း၏ (၆၀) ရာခိုင်နှုန်းကျော်က အခွင့်အလမ်းနှင့် လိုင်စင်ရရှိရန်အတွက် လွယ်ကူကြောင်းဖြေဆိုကြပါသည်။ ဘင်္ဂါလီလူမျိုးစုစုပေါင်း၏ (၃၉) ရာခိုင်နှုန်းကသာ လွယ်ကူသည်ဟု ဖြေဆိုခဲ့ပြီး (၆၀) ရာခိုင်နှုန်းကျော်က အခွင့်အလမ်းနှင့် လိုင်စင်ရရှိရန်အတွက် မလွယ်ကူကြောင်း ဖြေဆိုကြပါသည်။ ကျန်လူမျိုးစုများအနေဖြင့် အခွင့်အလမ်းနှင့် လိုင်စင်တွင် ဘင်္ဂါလီလူမျိုးများလောက် ခက်ခဲမှုမရှိသော်လည်း ရခိုင်လူမျိုးများလောက် မလွယ်ကူကြောင်း ဖြေဆိုကြပါသည်။ စီးပွားရေးလုပ်ပိုင်ခွင့်များရရှိမှုကို နယ်မြေဒေသအားဖြင့်ကြည့်ပါက ဘင်္ဂါလီလူမျိုးများသည် မောင်တောမြို့နယ်တစ်ခုတည်းတွင်သာ စီးပွားရေးလုပ်ကိုင်ခွင့်ကို လွယ်ကူစွာရရှိကြောင်း ဖြေဆိုကြပါသည်။ မောင်တောတွင် ဘင်္ဂါလီ ဖြေဆိုသူစုစုပေါင်း၏ (၅၇) ရာခိုင်နှုန်းကျော်က လွယ်ကူသည်ဟု ဖြေဆိုကြပါသည်။ ဘင်္ဂါလီလူမျိုးများအနေဖြင့် ငွေကြေးတတ်နိုင်ပါကလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်၊ နစကများထံမှ (အထူးသဖြင့် မောင်တောမြို့နယ်တွင်) လယ်ယာလုပ်ငန်းလုပ်ကိုင်ခွင့်၊ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွင့်များကို တံစိုးလက်ဆောင်များပေးကာ ရယူမှုများရှိကြောင်း ပြောဆိုကြပါသည်။

၇.၇.၅။ ငွေကြေးအရင်းအနှီးမတတ်နိုင်သူများမှာမူ စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအငှားလုပ်သားများအဖြစ် လုပ်ကိုင်ကြရပါသည်။ အရင်းအနှီးတတ်နိုင်သော်လည်း ပိုင်ဆိုင်ခွင့်အတွက် လိုအပ်

သော အထောက်အထားများမရှိပါက ပိုင်ဆိုင်ခွင့်ရရှိထားသော တိုင်းရင်းသားများထံမှ ပြန်လည်ငှားရမ်းလုပ်ကိုင်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကွင်းဆင်းလေ့လာမှုများအရ လုပ်သားခန့်ထားမှုအပိုင်းတွင် ရခိုင်လူမျိုးပိုင် စီးပွားရေးလုပ်ငန်းများ၌ ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများအား လုပ်သားများအဖြစ် ခိုင်းစေလေ့ရှိပါသည်။ သို့သော်လည်း စီမံခန့်ခွဲမှုအပိုင်းတွင် ရခိုင်လုပ်သားများကိုသာ ခန့်ထားလေ့ရှိပြီး၊ ဘင်္ဂါလီလုပ်သားများအား အလုပ်ကြမ်းကာယလုပ်သားများအဖြစ်သာ ခိုင်းစေလေ့ရှိပါသည်။ ထို့သို့ ခိုင်းစေရသည့်အကြောင်းအရင်းမှာ ရခိုင်လုပ်သားများထက် ဘင်္ဂါလီလုပ်သားများက ပိုမိုအလုပ်ဖြစ်သောကြောင့်ဖြစ်သည်ဟူ၍ ဖြေဆိုကြပါသည်။ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ငွေကြေးချမ်းသာသူ ဘင်္ဂါလီလူမျိုးများအနေဖြင့် တစ်ဦးလျှင် ငါးဖမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းသုံး စက်လှေအကြီး (၂) စီးခန့် ပိုင်ဆိုင်ကြပြီး အသားထုတ်လုပ်ခွင့်လိုင်စင်များကိုလည်း ရယူပိုင်ဆိုင်ထားကြပါသည်။ ၎င်းတို့ပိုင်ဆိုင်သော စက်လှေတစ်စီး၏ ခန့်မှန်း ကာလတန်ဖိုးသည် ကျပ်သိန်း (၅၀၀) ခန့်ရှိပါသည်။ သားသတ်လိုင်စင်တစ်ခု၏ ခန့်မှန်းတန်ဖိုးသည် ကျပ်သိန်း (၁၀၀) ခန့်ရှိပါသည်။

၇.၇.၆။ လုပ်ခဈေးနှုန်းနှင့် ကုန်ထုတ်လုပ်အားအရကြည့်ပါက ဘင်္ဂါလီလုပ်သားများသည် ရခိုင်လုပ်သားများထက် များစွာ စီးပွားရေးတွက်ချေကိုက်သည်ကို တွေ့ရပါသည်။ ဘင်္ဂါလီလုပ်သားများသည် ရခိုင်လုပ်သားများထက် လုပ်ခလစာသက်သာစွာဖြင့် ခိုင်းစေနိုင်ခြင်းနှင့် လုပ်ခလစာတူပါကလည်း လုပ်အားပြီးမြောက်မှု တန်ဖိုးမတူညီကြောင်း ပြောဆိုကြပါသည်။ ကွင်းဆင်းလေ့လာချက်များအတွင်း ဘင်္ဂါလီလူမျိုးများ၏လုပ်ခသည် ရခိုင်လုပ်သားများလုပ်ခထက် (၁၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိ သက်သာမှုရှိသည်ဟု လုပ်ငန်းရှင်များက ပြောဆိုပါသည်။

၇.၇.၇။ ဝင်ငွေစီမံခန့်ခွဲမှုအပိုင်းတွင် ဘင်္ဂါလီလူမျိုးမိသားစုများသည် ဝင်ငွေနည်းပါးသော်လည်း ရရှိသောဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို စီမံခန့်ခွဲကာ စုဆောင်းသောအလေ့အထရှိပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း မိသားစုလုပ်အားကိုအပြည့်အဝ အသုံးချသည်ကို တွေ့မြင်ရပါသည်။ အရွယ်မရောက်သေးသော မိသားစုဝင်များကလည်း မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ သားငါးများရှာဖွေပေးခြင်းဖြင့် အိမ်ထောင်မှုစရိတ်ကို သက်သာစေသည့်နည်းလမ်း စသည်တို့ဖြင့် နေထိုင်နေကြပါသည်။ ထို့ကြောင့် ဘင်္ဂါလီလူမျိုးမိသားစုများမှာ မိသားစုစရိတ်နည်းသဖြင့် အပိုငွေကြေးစုဆောင်းကြလေ့ရှိသည်ကို တွေ့ရှိရပါသည်။ ဝင်ငွေစုဆောင်းမိပါကလည်း စီးပွားရေးလုပ်ငန်းများကိုတိုးချဲ့ကြပါသည်။ အထူးသဖြင့် လယ်မြေများကို ရခိုင်များထံမှ တဆင့်ပြန်၍ဝယ်ယူခြင်း၊ ငါးဖမ်းလှေများဝယ်ယူခြင်းနှင့် တည်ဆောက်ခြင်းနှင့် ဈေးဆိုင်ငယ်များ ဖွင့်လှစ်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ လယ်ယာမြေများကို ရခိုင်လူမျိုးများထံမှ ဝယ်ယူရာတွင် နိုင်ငံသားပြုခွင့်မရသေးသူများသည် သက်ဆိုင်ရာအစိုးရဌာနများတွင် အမည်ပြောင်းလဲနိုင်ခြင်းမရှိကြပါ။ မူရင်းသီးစားလုပ်ပိုင်ခွင့် ရထားသူအမည်ဖြင့်သာ အချင်းချင်း နားလည်မှုဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

၇.၇.၈။ ကွင်းဆင်းလေ့လာမှုအရ ရခိုင်လူမျိုးများ၏ တစ်ဦးတစ်ယောက်ချင်းစီ၏ မြေယာပိုင်ဆိုင်မှုသည် တဖြေးဖြေးနည်းပါးလာခြင်းကြောင့် ထုတ်လုပ်မှုတွင် စီးပွားရေးအရ တွက်ချေမကိုက်မှုများဖြစ်ပေါ်လာကြောင်း သိရှိရပါသည်။ ထို့ကြောင့် ရခိုင်လူမျိုး မြေယာအနည်းငယ် ပိုင်ဆိုင်သူများသည် ၎င်းတို့၏ လယ်ယာမြေများကို ရောင်းချပြီး အခြားစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်လာကြပါသည်။ အထက်ပါပြဿနာ၏ အတိတ်သမိုင်းကိုပြန်လည်လေ့လာကြည့်ပါက ဘိုးဘွားများလက်ထက်တွင် ပိုင်ဆိုင်သောမြေယာကေသည် များသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်နိုင်ကြပါသည်။ သို့သော်လည်း သားစဉ်မြေးဆက် အမွေခွဲဝေပေးမှုများကြောင့် ယခင်ပိုင်ဆိုင်ခဲ့သော လယ်ယာမြေများသည် သားမြေးများလက်ထက်တွင် အစိတ်စိတ်ကွဲထွက်သွားခြင်းဖြစ်ပါသည်။ မြေယာပိုင်ဆိုင်မှုများကွဲထွက်ခြင်းနှင့် အထွက်တိုးနည်းပညာများ တိုးတက်မှုမရှိခြင်းတို့ကြောင့် လယ်သမားတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားသည် စီးပွားရေးအရ တွက်ချေမကိုက်တော့သဖြင့် ပိုင်ဆိုင်သောလယ်မြေများကို ရောင်းချကာ အခြားစီးပွားရေးလုပ်ငန်းများတွင် အရင်းအနှီးလုပ်ကြရခြင်းများ ဖြစ်လာရပါသည်။ ရခိုင်တို့ရောင်းချသော လယ်မြေများကို ဘင်္ဂါလီလူမျိုးများက ဝယ်ယူကာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဘင်္ဂါလီလူမျိုးများတွင် မိသားစုဝင်ငွေနှင့် အသုံးစရိတ်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်း၊ မိသားစုလုပ်အားကို အပြည့်အဝအသုံးချကာ ထုတ်လုပ်မှုစရိတ် သက်သာအောင်ပြုလုပ်နိုင်ခြင်း အစရှိသည့် အားသာချက်များကြောင့် လက်ရှိလယ်ယာလုပ်ငန်းတွင် ဆက်လက်လုပ်ကိုင်နိုင်ကြခြင်းဖြစ်ပါသည်။

၇.၇.၉။ ကွင်းဆင်းလေ့လာမှုများအရ မြေပုံမြို့ ပတ်ဝန်းကျင်ရှိ လယ်ယာမြေများ၏ (၈၅) ရာခိုင်နှုန်းခန့်သည် ဘင်္ဂါလီလူမျိုးများလက်တွင် ရောက်ရှိသွားကြောင်း သိရှိခဲ့ရပါသည်။ မောင်တောမြို့နယ်တွင် လယ်ယာမြေများ၏ (၈၅.၆၆) ရာခိုင်နှုန်း၊ ဘူးသီးတောင်မြို့နယ်တွင် လယ်ယာမြေများ၏ (၈၄.၇၅) ရာခိုင်နှုန်းအသီးသီးတို့ကို ဘင်္ဂါလီလူမျိုးများက လုပ်ကိုင်လျှက်ရှိသည်ကို တွေ့ရှိရပါသည်။ ဘင်္ဂါလီလူမျိုးများသည် အစိုးရဌာနများတွင် တရားဝင်အမည် လွှဲပြောင်းနိုင်ခြင်းမရှိသဖြင့် ၎င်းတို့ လယ်ကေမည်မျှပိုင်ဆိုင်သွားသည်ကို တွက်ချက်နိုင်ခြင်းမရှိသေးပါ။ ထို့သို့ လယ်ယာမြေများကို တဖြည်းဖြည်းတိုးချဲ့ ပိုင်ဆိုင်လာမှုအပေါ် ရခိုင်လူမျိုးများက ကျေနပ်မှုမရှိကြောင်း ပြောဆိုကြသည့်အပြင်၊ မြေယာပိုင်ဆိုင်မှုများကို စီစစ်ရန်အတွက်လည်း ရေးသားထုတ်ဖော်မှုများရှိပါသည်။ နိုင်ကျော်ရေးသားသော ဘင်္ဂါလီပြဿနာနှင့် ရခိုင်ပြည်နယ်အရေးစာအုပ်တွင် ဘင်္ဂါလီများကို နိုင်ငံသား၊ နိုင်ငံသားမဟုတ်သူများဟူ၍ တည်ဆဲဥပဒေနှင့်အညီ ခွဲခြားဖော်ထုတ်ဆုံးဖြတ်ပြီး နိုင်ငံသားမဟုတ်သူများ၏ လယ်ယာပိုင်ဆိုင်မှုများ၊ လုပ်ငန်းပိုင်ဆိုင်မှုများအားလုံးကို ရပ်စဲသိမ်းဆည်းရန် အကြံပြုတင်ပြထားသည်ကို တွေ့ရှိရပါသည်။

၇.၇.၁၀။ ကွင်းဆင်းလေ့လာမှုများအရ ရခိုင်လူမျိုးများသည် ထုတ်လုပ်မှုစွမ်းရည်နည်းပါးခြင်း၊ လုပ်အားဂှားရမ်းရခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် စွန့်စားမှုနည်းပါးခြင်းတို့ကြောင့်

ရေရှည်တွင် ဘင်္ဂါလီလူမျိုးများက စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ပိုင်ဆိုင်လာခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။

၇.၇.၁၁။ ရခိုင်ပြည်တွင် နေထိုင်ကြသော ဘင်္ဂါလီလူမျိုးများအား ရခိုင်လူမျိုးများက အခြားတစ်နေရာမှ ပြောင်းရွှေ့လာသူများအဖြစ် ရှုမြင်ကြပြီး စီးပွားရေးလုပ်ငန်းများတွင် ဒေသခံရခိုင်တိုင်းရင်းသားများနှင့် တန်းတူအခွင့်အရေး မပေးလိုကြောင်း ပြောဆိုကြပါသည်။ လက်ရှိတွင် ရခိုင်ပြည်နယ်၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်လည်း အခွင့်အလမ်းနည်းပါးနေပါသည်။ လက်ရှိ ရခိုင်ပြည်နယ်၏ စီးပွားရေးသည် သယံဇာတထုတ်ယူရေးအပေါ်တွင်သာ အခြေခံထားသဖြင့် လူမျိုးစုနှစ်ရပ်ကြား၌ သယံဇာတခွဲဝေရေးသည် အခက်အခဲပြဿနာများစွာရှိနေပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ပါက တောင်ပိုင်းဒေသများတွင်နေထိုင်သော ရခိုင်နှင့် ဘင်္ဂါလီများ၏ လူမှုစီးပွားရေးအခြေအနေသည် မြောက်ပိုင်းထက် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ တောင်ပိုင်းဒေများသည် မြောက်ပိုင်းဒေသများထက် ဝင်ငွေအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ပညာရေးသည် လူတို့၏ အတွေးအခေါ်နှင့် အယူအဆကို လွှမ်းမိုးမှုရှိသဖြင့် ပဋိပက္ခဖြစ်စဉ်များသည် ပညာရေးနိမ့်ပါးသောဒေသများတွင် ပိုမိုဖြစ်ပွားလွယ်ပါသည်။ မြောက်ပိုင်းဒေသများတွင် ဝင်ငွေအားဖြင့် နည်းပါးသည့်အပြင် ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက်များသောကြောင့် လူနေမှုဘဝမှာ တောင်ပိုင်းထက် ဆင်းရဲမည်မှာ သေချာသလောက်ဖြစ်ပါသည်။ ဆင်းရဲ၍ အခွင့်အလမ်းနည်းပါးခြင်းများသည် လူမှုဘဝရပ်တည်ရေးကို အခက်အခဲများဖြစ်လာစေသဖြင့် တင်းမာမှုများဖြစ်လာကာ ပဋိပက္ခများတွင် ပါဝင်လာဖွယ်ရှိသည်ဟု သုံးသပ်ရပါသည်။

၇.၇.၁၂။ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ ကုန်သွယ်ရောင်းဝယ်ရေးနှင့် လက်မှုလုပ်ငန်းတို့သည် ရခိုင်ပြည်နယ်တွင် အရေးပါသော စီးပွားရေးလုပ်ငန်းများဖြစ်ကြပါသည်။ ၎င်းတို့အနက် လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများသည် လူအများစု ပါဝင်လုပ်ကိုင်နေသောလုပ်ငန်းများ ဖြစ်ကြပါသည်။ အထက်ပါ စီးပွားရေးလုပ်ငန်းများတွင် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော လူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်ခန့်က အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ပါဝင်လုပ်ကိုင်လျှက်ရှိပါသည်။ ထို့ပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ဈေးရောင်းကုန်သွယ်ခြင်းလုပ်ငန်းများနှင့် ကာယအင်အားသုံး နေ့စားလုပ်ငန်းများသည်လည်း ဒေသခံများအတွက် အရေးပါသော အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်းများ ဖြစ်ကြပါသည်။

## ၇.၈။ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကြံပြုချက်များ

၇.၈.၁။ ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတအရင်းအမြစ်ကြွယ်ဝမှု၊ လုပ်သားအင်အားလုံလောက်မှုနှင့် လုပ်ခလစာသက်သာမှု၊ ရှေးဟောင်းအမွေအနှစ်များကြွယ်ဝမှု၊ ရေအရင်းအမြစ်နှင့် ရေ

ထွက်ပစ္စည်းသယံဇာတကြွယ်ဝမှု၊ ပင်လယ်ထွက်ပေါက်အခွင့်အလမ်း၊ ပထဝီဝင် တည်နေရာ အရအရေးပါမှု အစရှိသည့် အခွင့်အလမ်းများရှိပါသည်။ လက်ရှိ ရခိုင်ပြည်နယ်တွင် ပဋိပက္ခများဖြစ်ပွားခဲ့သော အကြောင်းအရင်းများတွင် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းနှင့် ဆင်းရဲနွမ်းပါးမှုတို့ကြောင့် ပိုမိုကျယ်ပြန့်သွားခဲ့ရခြင်း ဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားမှုမရှိခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် အသိပညာနည်းပါးခြင်းတို့ကြောင့် လူအများစုမှာ သယံဇာတအပေါ်အခြေခံသည့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကိုသာ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်နေကြရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုကို တိုးမြှင့်နိုင်စေရန် မြန်မာ့မျိုးရင်းစပါးကောင်းများ တိုးချဲ့စိုက်ပျိုးရေးကို အားပေးသင့်ပါသည်။ ထို့ပြင် ဤဒေသနှင့်ကိုက်ညီမည့် နည်းပညာမြင့် အထွက်နှုန်းတိုး မျိုးစပါးများကို ဒေသတွင်း၌ မိတ်ဆက်ဖြန့်ဝေ၊ စိုက်ပျိုးသွားနိုင်စေရေးအတွက် တိုးတက်လုပ်ဆောင်သွားသင့်ပါသည်။ ထို့ပြင် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ငါးဖမ်းဆီးမှုများကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်စေရန် ရေလုပ်ငန်းဆိုင်ရာဥပဒေများပြဌာန်းပေးခြင်း၊ ခေတ်မီနည်းပညာနှင့် ကိရိယာများအသုံးပြုလာစေရန် အထောက်အပံ့များပေးခြင်းနှင့် လုပ်ခြံရေးစနစ်များ ပိုမိုကောင်းမွန်လာအောင် တိုးတက်ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါသည်။

၇.၈.၂။ ရေတိုကာလတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးရှိရန် လိုအပ်ပါသည်။ ထို့ပြင် အများစုမှီခိုနေသော လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းတွင် အငြင်းပွားနေသည့် နစ်ဖက်ပိုင်ဆိုင်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။ ဘင်္ဂါလီလူမျိုး နိုင်ငံသားမဖြစ်သေးသူများအား ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းတွင် မည်သည့်အတိုင်းအတာအထိ ခွင့်ပြုမည်ကို စဉ်းစားသင့်ပါသည်။ နိုင်ငံသားမဟုတ်သူများအား အသက်မွေးလုပ်ငန်းများ ပြုလုပ်ခွင့်မပေးပါက စားဝတ်နေရေးပြဿနာသည် နိုင်ငံတော်အပေါ်သို့ ဝန်ထုပ်ဝန်ပိုးဖြစ်လာမည် ဖြစ်မည့်အပြင် ဆင်းရဲမှုကြောင့် ပဋိပက္ခများ ထပ်မံပေါ်ပေါက်လာနိုင်ပါသည်။ ထို့ပြင် ပျက်စီးသွားသော နေအိမ်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ အခြေခံလိုအပ်ချက်များဖြစ်သည့် ရေမီးတို့ကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ဘာသာရေးနှင့် လူမှုရေးအစွန်းရောက်မှုများကို လျော့ကျစေခြင်း၊ အကူအညီအထောက်အပံ့များကို ညီမျှစွာနှင့် တရားမျှတစွာ ခွဲဝေခံစားရရှိစေခြင်းတို့ကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။ စီးပွားဖြစ်ထွန်းမှုကို ရည်ရွယ်၍ လူမျိုး၊ ဘာသာကွဲပြားသော စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားကုန်သွယ်စီးဆင်းမှု မှန်ကန်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးတို့သည် အထူးပင်လိုအပ်ပါသည်။ လက်ရှိတွင် ကျောက်ဖြူ၌ သဘာဝဓါတ်ငွေ့များကိုတူးဖော်ပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ တရုတ်နိုင်ငံသို့ ရောင်းချမည့်ကိစ္စတွင် ရရှိလာမည့် သဘာဝဓါတ်ငွေ့၏ အစိတ်အပိုင်းတစ်ချို့ကို ဒေသခံများအား အသုံးပြုခွင့်မပေးပါက အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်

လာစေနိုင်ပါသည်။ ထို့ကြောင့် ထိုဒေသမှထွက်သော သဘာဝဓါတ်ငွေ့ဖြင့် ကျောက်ဖြူဒေသအား လျှပ်စစ်မီးပေးရေးကို စီစဉ်ဆောင်ရွက်သင့်ပါသည်။ ဤကျောက်ဖြူစီမံကိန်းတွင် လူမျိုးမရွေး၊ ဘာသာမရွေး ဒေသခံများ အလုပ်အကိုင် ရရှိရေးကိုအထူးဆောင်ရွက်ပေးသင့်ပါသည်။ ထို့ပြင် နိုင်ငံခြားခရီးသွားလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် သင့်တော်သော အသက်မွေးမှုလုပ်ငန်း သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးသင့်ပါသည်။ ထိုသင်တန်းကျောင်းများသည် ရခိုင်ပြည်နယ်အတွင်းရှိ တရားဝင်နေထိုင်သူများအားလုံးကို အခွင့်အရေးများပေးရန် လိုအပ်ပါသည်။

၇.၈.၃။ အခြားတစ်ဖက်မှ စဉ်းစားပါကလည်း ထုတ်လုပ်မှုစွမ်းရည်မြင့်မားသူများကို အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းသည် နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းအား (Productivity) နှင့် ယှဉ်ပြိုင်နိုင်စွမ်း (Competition) ကို လျော့ကျစေမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်လာနိုင်ပါသည်။ ထို့ကြောင့် ထုတ်လုပ်မှုစွမ်းအားမြင့်သူများအား လုပ်ငန်းလုပ်ကိုင်စေပြီး ဝင်ငွေကွာခြားမှု နည်းပါးစေရန်အတွက် အခွန်ပြန်ကောက်ကာ ပြန်လည်ခွဲဝေပေးသည့် ပေါ်လစီတစ်ရပ်ကို အမြန်ဆုံး လုပ်ဆောင်သင့်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ၌ ရခိုင်နှင့် ဘင်္ဂါလီများအား မည်သို့ပါဝင် လုပ်ဆောင်စေမည့်ပုံစံတစ်ရပ်ကို ဖော်ထုတ်ကာ ထိန်းကျောင်းသင့်ပါသည်။

၇.၈.၄။ ရေရှည်လုပ်ငန်းစဉ်များအတွက်လည်း လက်ရှိဒေသတွင်းရှိ နေထိုင်သူများ၏ ထုတ်လုပ်မှုစွမ်းအား (Productivity) ဖြင့် ထိုးချိန်ကာ စဉ်းစားလုပ်ဆောင်မှုများ ပြုသင့်ပါသည်။ လက်ရှိတွင် လုပ်သားများ၏ အခြေအနေမှာ လုပ်အားဖြင့်ထုတ်လုပ်ရသည့် လုပ်ငန်းများတွင် အားသာချက်များရှိပါသည်။ ထို့ပြင် လူဦးရေများပြားသော ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်တည်ရှိနေသဖြင့် လုပ်အားဗဟိုပြုကုန်ထုတ်လုပ်ငန်းများကို တစ်ဖက်နိုင်ငံများ၏ ဝယ်လိုအားနှင့် လိုအပ်ချက်၊ ပိုင်ဆိုင်ထားသည့်လုပ်အား၊ သယံဇာတအရင်းအမြစ်တို့နှင့် နှိုင်းယှဉ်အခြေပြု လေ့လာကာ တည်ထောင်မည့်လုပ်ငန်းများကို ရွေးချယ်အကောင်အထည်ဖော်ဆောင်သင့်ပါသည်။ ထို့ပြင် သမိုင်းအမွေအနှစ်များ၊ သာယာလှပသော ကမ်းခြေများရှိသဖြင့် အပန်းဖြေစခန်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို ဖော်ဆောင်ပါကလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ထို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တိုးတက်စေရန် အထူးလိုအပ်နေပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည့်အပြင် စီးပွားရေးဆက်နွယ် အကျိုးသက်ရောက်မှု (Economic Cycle) ကြောင့် အခြားစီးပွားရေးလုပ်ငန်းများကိုပါ အခွင့်အလမ်းကောင်းမွန်လာစေမည်ဖြစ်ပါသည်။ လက်ရှိ သုံးသပ်မှုများအရ ရခိုင်ပြည်နယ်တွင် လေ့သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ အစိုးရ-ပုဂ္ဂလိက ဖက်စပ်လျှပ်စစ်ဓါတ်အားပေးလုပ်ငန်းများ (Public Private Partnerships)၊ ငါးဖမ်းလုပ်ငန်းများနှင့် အအေးခန်းစက်ရုံများတည်ဆောက်ခြင်းလုပ်ငန်းများ၊ CMP (Cutting, Making and Packing) လုပ်ငန်းများ၊ ရေသွင်းပုဇွန်မွေးမြူ

ရေး၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေဉယျာဉ်များ တည်ထောင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်သော အခွင့်အလမ်းများရှိပါသည်။ ပြည်နယ်အတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဖော်ဆောင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အလုပ်လက်မဲ့ဦးရေလျော့ချရေးအစီအစဉ်များရေးဆွဲအကောင်အထည်ဖော်ဆောင်ခြင်း၊ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် လိုအပ်သောအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရန်အတွက် လုပ်သားဗဟိုပြုစက်မှုလုပ်ငန်းများ တည်ထောင်ပေးခြင်းနှင့် လိုအပ်သော ဘဏ္ဍာရေးအစီအမံများ ရေးဆွဲခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၇.၈.၅။ ရခိုင်ဒေသတွင် ရေလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်နေသည့်အလျောက် ယင်းလုပ်ငန်းများတွင် အတိုးနှုန်းမြင့်မားစွာဖြင့် ချေးငွေရယူနေရခြင်းကို ထည့်သွင်းစဉ်းစားကာ ဒေသအတွင်း လူနေမှုဘဝအဆင်ပြေရေးကိုရှေးရှုပေးနိုင်ပါက လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ၏တစ်စိတ်တစ်ဒေသကို ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်ဟု မျှော်လင့်နိုင်ပါသည်။

## ၈။ ရခိုင်ပြည်နယ်အတွင်း အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေ

### ၈.၁။ အဟာရနှင့်အစားအစာဖူလုံမှုအခြေအနေ

၈.၁.၁။ ရခိုင်ပြည်နယ်တွင် ဇွန်လအတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခ၌လူပေါင်း (၈၃,၄၂၀) ဦး ဒုက္ခသည်များ ဖြစ်ခဲ့ကြရပါသည်။ ဒုတိယအကြိမ် အောက်တိုဘာလတွင် (၃၆,၄၄၀) ဦး ထပ်မံ၍ ဒုက္ခသည်များဖြစ်ခဲ့ကြရပါသည်။ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ပြီး အလုပ်အကိုင်များ လုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့၏ စားဝတ်နေရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ပေးနေရပါသည်။ ယခုအခါတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များ၏ အစားအစာရရှိရေးကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) မှ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ ခန့်မှန်းထားချက်အရ ၂၀၁၃ ခုနှစ်၊ ဇွန်လအထိ ဒုက္ခသည်များအတွက် အစားအစာများ လိုအပ်နေဦးမည် ဖြစ်ပါသည်။

၈.၁.၂။ ရခိုင်ပြည်နယ်အတွင်း ဇွန်လပဋိပက္ခများမှ ဒုက္ခသည် (၁) သိန်းကျော်အတွက် တစ်လလျှင် ရိက္ခာတန် (၁,၉၇၇) မက်ထရစ်တန်ခန့် အနည်းဆုံး လိုအပ်မည်ဖြစ်ပါသည်။ ဇွန်လမှ ဒုက္ခသည်များနှင့် အောက်တိုဘာလဒုက္ခသည်များအတွက် ဖေဖော်ဝါရီလအထိ စားနပ်ရိက္ခာ (၁၅,၃၉၄) မက်ထရစ်တန်ကို ဖြန့်ဝေပေးရန် လိုအပ်မည်ဟု ခန့်မှန်းရပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဖေဖော်ဝါရီလအထိ အစားအစာ မက်ထရစ်တန် (၁၃,၀၀၀) ကျော်ကို ရခိုင်ပြည်နယ်တွင် ဖြန့်ဝေပေးနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် အစားအစာလိုအပ်ချက်နှင့် ဖြန့်ဝေပေးနိုင်မှု ကွာခြားချက်မှာ မက်ထရစ်တန် (၂,၀၀၀) ကျော် ရှိပါသည်။

၈.၁.၃။ ရိက္ခာထုပ်များတွင် WFP မှသတ်မှတ်ထားသည့် စံနှုန်းများအတိုင်း ဆန်၊ ဆီ၊ ပဲ၊ ဆား၊ အာဟာရမှုန့် (Wheat Soy Blend) တို့ ပါဝင်ပါသည်။ ပမာဏအားဖြင့်လည်း တစ်နေ့အတွက် လူတစ်ဦးလျှင် အစားအစာအမယ်စုံ (၅၅၀) ဂရမ်ခန့်စားသုံးရမည်ဟု သတ်မှတ်ထားပြီး သတ်မှတ်အလေးချိန်အတိုင်း ဖြန့်ဝေပေးပါသည်။ WFP မှဖြန့်ဝေပေးသော ရိက္ခာထုပ်များသည် တစ်ဦးချင်းစီ၏ နေ့စဉ်လိုအပ်သော အာဟာရနှင့်အစားအစာအတွက် လုံလောက်ပါသည်။ ဒုက္ခသည်များ၏ အစားအစာလိုအပ်ချက်နှင့် အစားအစာဖြန့်ဝေပေးနိုင်မှုအကြား ကွာခြားချက်မှ မက်ထရစ်တန် (၂,၀၀၀) ရှိသောကြောင့် အချို့သောဝေးလံသည့်နေရာများရှိ ဒုက္ခသည်များထံသို့ အစားအစာများ မဖြန့်ဝေနိုင်သည်များလည်း ရှိနိုင်ပါသည်။ ထို့ပြင် ဒုက္ခသည်မိသားစုများအနေဖြင့် မိသားစုအတွက် အခြားသောလိုအပ်ချက်များရှိနေသဖြင့် မိမိရရှိထားသော ရိက္ခာများကို ချွေတာစားသုံးပြီး ပိုလျှံမှုကို ပြန်လည်ရောင်းချကာ အခြားလိုအပ်ချက်များကို ဖြည့်ဆည်းနေကြပါသည်။ ထို့ကြောင့် ကွင်းဆင်းလေ့လာမှုအတွင်း ဒုက္ခသည်အချို့မှ အစားအစာ လုံလောက်မှုမရှိကြောင်း ပြောဆိုကြပါသည်။

## အကြံပြုချက်

၈.၁.၄။ ရခိုင်ပြည်နယ်တွင် နေထိုင်သူများအနေဖြင့် အစားအစာ ဝတ်မွတ်ခေါင်းပါးမှုကို မကြုံတွေ့ရသော်လည်း၊ အချို့သောနေရာများ အထူးသဖြင့် ဒုက္ခသည်စခန်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် အာဟာရချို့တဲ့မှုများ ရှိနေပါသည်။ ၂၀၁၇ ခုနှစ်၊ ဖေဖဝါရီလတွင် UNOCHA မှ ဖော်ပြသော သတင်းအချက်အလက်အရ ဒုက္ခသည်စခန်းများ၌ အာဟာရချို့တဲ့မှု GAM (Global Acute Malnutrition) (၁၄.၄) ရာခိုင်နှုန်းနှင့် ပြင်းထန်စွာချို့တဲ့မှု (Severe Acute Malnutrition) မှာ (၄.၅) ရာခိုင်နှုန်းရှိသည်ဟု ဆိုပါသည်။ အာဟာရချို့တဲ့မှုသည် ဒုက္ခသည်စခန်းတွင်သာမက ကျေးလက်ဒေသများတွင်လည်း ရှိနေပါသည်။ အဓိကအားဖြင့် ကလေးငယ်များတွင် ကိုယ်အလေးချိန်မပြည့်ဝခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အာဟာရချို့တဲ့မှုနှင့်ပတ်သက်၍ ပြည်နယ်တစ်ခုလုံးကို လေ့လာသင့်ပါသည်။ သို့မှသာ အမျိုးသားကျန်းမာရေးစီမံကိန်းများကို ပိုမိုထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၈.၁.၅။ ဒုက္ခသည်များအနေဖြင့် ယခုအခါ လုံခြုံရေးကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ခြင်းမရှိတော့ပါ။ ဒုက္ခသည်များအများစုသည် တစ်နေ့တာရပ်တည်ရေးကိုသာ ကြိုးပမ်းနေရသော ကျပန်းအလုပ်သမားများ ဖြစ်ကြပါသည်။ ထို့ကြောင့် နေ့စဉ်အခြေခံလိုအပ်ချက်များအတွက် အထောက်အပံ့များပေါ်တွင်သာ မှီခိုအသက်ရှင်နေရပါသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်မရမချင်း ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးသည် အစိုးရအပေါ်တွင်သာ တာဝန်ပုံကျလာမည်ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ရေရှည်အလားအလာကိုကြည့်ကာ ဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးနိုင်မှသာလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ဆင့်ချင်း ဆက်လက်အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါသည်။

၈.၁.၆။ ဒုက္ခသည်များ၏ အခြေခံစားဝတ်နေရေးအတွက် အစိုးရအနေဖြင့် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းတို့နှင့်ပတ်သက်သော အသက်မွေးဝမ်းကျောင်းမှုများ ပြန်လည်ထူထောင်ရေးကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် အစိုးရမှ အခြားဆက်စပ်ပတ်သက်သူများနှင့် ပူးပေါင်းကာ လုပ်ဆောင်ရမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖော်ထုတ်ခြင်း၊ ဒုက္ခသည်များကို ၎င်းတို့ကျွမ်းကျင်သည့် လုပ်ငန်းများလုပ်ကိုင်နိုင်မည့်ဒေသများသို့ ပြန်လည် နေရာချထားရေးနည်းလမ်းများဖော်ထုတ်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်နိုင်ရန်အတွက် မလိုအပ်သော ကန့်သတ်ချက်များကို ဖယ်ရှားပေးခြင်းနှင့် အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများကိုပါ ပူးပေါင်းပါဝင်လာအောင် ဖိတ်ခေါ်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။

## ၈.၂။ အမိုးအကာအခြေအနေ

၈.၂.၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပထမအကြိမ်ပဋိပက္ခများတွင် ရခိုင်နှင့်ဘင်္ဂါလီ အိမ်ထောင်စုပေါင်း (၁၃,၄၆၄) စုမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြပါသည်။ ဒုတိယအကြိမ်ဖြစ်စဉ်တွင်လည်း ရခိုင်နှင့်ဘင်္ဂါလီ အိမ်ထောင်စုပေါင်း (၅,၉၆၄) စု ထပ်မံ၍ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါသည်။ ထိုဒုက္ခသည်များအား သက်ဆိုင်ရာ မြို့နယ်များအလိုက် ဒုက္ခသည်စခန်းများဖွင့်လှစ်၍လည်းကောင်း၊ မူရင်းကျေးရွာများတွင် ယာယီတဲများဆောက်လုပ်၍လည်းကောင်း နေရာချထားပေးခဲ့ပါသည်။

၈.၂.၂။ အစိုးရအနေဖြင့် ဒုက္ခသည်စခန်း (၈၁) ခု အား ပဋိပက္ခဖြစ်ပွားခဲ့သည့် နေရာများတွင် ဖွင့်လှစ်ကာ ယာယီနေရာချထားခြင်းလုပ်ငန်းများကို ဇွန်လမှ စတင် ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ မိုးကာယာယီတဲများဖြင့် ဒုက္ခသည်များအား နေရာချထားပေးခဲ့ပါသည်။ စက်တင်ဘာလအထိ ရခိုင်ပြည်နယ်အတွင်း မြို့နယ် (၁၁) မြို့နယ်တွင် မိုးကာယာယီတဲပေါင်း (၂,၀၁၅) လုံးကို စတင်ဖြန့်ဝေ နေရာချပေးခဲ့ပါသည်။ ထို့နောက် မိသားစု(၁၀)စု နေထိုင်နိုင်သော ယာယီတဲကြီးများကို ဆောက်လုပ်ကာ နေရာချပေးခဲ့ပါသည်။

၈.၂.၃။ ပြန်လည်နေရာချထားပေးရေးကိစ္စတွင် အခြေတကျ ပြန်လည်နေထိုင်နိုင်ရေးအတွက် တန်ဖိုးနည်းအိမ်များကို ပြန်လည်ဆောက်လုပ်ပေးခဲ့ပါသည်။ စစ်တွေ၊ ပေါက်တောနှင့် မောင်တောမြို့နယ်များတွင် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးလျှက်ရှိပါသည်။ ထိုသို့ ဆောက်လုပ်ပေးရာတွင် ရခိုင်လူမျိုးတို့အတွက် အိမ်ရာလိုအပ်ချက် (၁,၅၄၇) လုံးရှိပြီး ဘင်္ဂါလီတို့အတွက် လိုအပ်ချက် (၁၇,၈၈၀) လုံး ရှိပါသည်။ ၎င်းလိုအပ်ချက်များမှ လက်ရှိတွင် ရခိုင်လူမျိုးများအတွက် အိမ်ယာ (၉၉၀) လုံးကိုသာ ပြန်လည်ဆောက်လုပ်ပေးနိုင်ပါသေးသည်။ ယင်းသည် ရခိုင်ဒုက္ခသည်များ လိုအပ်ချက်စုစုပေါင်း၏ (၆၄) ရာခိုင်နှုန်း၊ ဒေသတွင်းစုစုပေါင်းလိုအပ်ချက်၏ (၅) ရာခိုင်နှုန်းကိုသာ အကောင်အထည် ဖော်နိုင်သေးခြင်းဖြစ်သည်ကို တွေ့ရပါသည်။

၈.၂.၄။ ပြန်လည်နေရာချထားရေးတွင် ဘင်္ဂါလီလူမျိုးများအတွက် နေအိမ်ဆောက်လုပ်ပေးရေးကို လုပ်ဆောင်ပေးနိုင်ခြင်းမရှိသေးသည်ကြောင်းတွေ့ရှိရပါသည်။ အစိုးရအနေဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် ဘဏ္ဍာရေးအခက်အခဲကို အဓိကတွေ့ကြုံနေရကြောင်း ပြောဆိုပါသည်။ ဒေသဆိုင်ရာအစိုးရအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီပေးမည်ဟု ကတိကဝတ်များရရှိထားသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။ လက်ရှိအခြေအနေတွင် တူရကီနိုင်ငံမှ နေအိမ် အလုံး (၅,၀၀၀) ဆောက်လုပ်ပေးမည်ဟု အစိုးရထံတင်ပြခဲ့သော်လည်း ရခိုင်လူမျိုးများက ဘင်္ဂါလီများကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ စီစစ်မှုများပြုလုပ်ပြီးမှသာ အခိုင်အမာနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးရန်အတွက် ဆန္ဒပြမှုများ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျှက်ရှိနေပါသည်။ ဒုက္ခသည်များအတွက် အခြေချရန်နေအိမ်များပြန်လည်ဆောက်လုပ်ပေးရေးတွင် အဖွဲ့အစည်းတစ်ခုတည်းမှ အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်သောကြောင့် နိုင်ငံတကာမှအကူအညီများကို ရယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**အကြံပြုချက်**

၈.၂.၅။ မကြာမီကာလတွင် မိုးရာသီကျရောက်လာတော့မည်ဖြစ်ရာ ဒုက္ခသည်စခန်းများတွင် ယာယီ မိုးကာတဲဖြင့် နေထိုင်နေကြသော ဒုက္ခသည်များအနေဖြင့် အခက်အခဲနှင့် ပြဿနာများကို ရင် ဆိုင်လာရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိုးမကျမီ လုံခြုံသောအမိုးအကာအောက်သို့ ဒုက္ခသည်များ ရောက်ရှိရေးသည် အထူးအရေးကြီးပြီး ကျန်လုပ်ငန်းများထက်ဦးစားပေး လုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။ လက်ရှိတွင် ပြည်နယ်အစိုးရနှင့် အကူအညီပေးသည့် အဖွဲ့အစည်းများ၊ တစ် ယောက်တစ်မျိုးပြောဆိုနေကြသဖြင့် အချိန်သာကုန်ပြီး အလုပ်မတွင်ဖြစ်နေသည်ကိုတွေ့ရှိရပါ သည်။ ဖြစ်သင့်သည်မှာ ပြည်နယ်အစိုးရ၊ နိုင်ငံတကာအကူအညီပေးသည့် အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖတို့ ပူးပေါင်းကာ အမြန်ဆုံးစီစဉ် ဆောင်ရွက်ရန်လိုအပ်ပါသည်။ မိုးတွင်းကာလတွင် အနိမ့်ပိုင်းနေရာများ၌ နေရာချထားသော စခန်းများသည် ရေလွှမ်းမိုးမှုများ ကြုံတွေ့ရမည်ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ရေနှင့်ပတ်သက်သည့် ကူးစက်ရောဂါများ ပြန့်ပွားလာနိုင်ပါသည်။ ကလေးသူငယ်များသည် ထိုအကျိုးဆက်များကို အဓိကခံစားရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဘင်္ဂါလီဒုက္ခသည်များအား အခြေတကျနေအိမ်များ ဆောက်လုပ်ပေးရေးကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။ သို့ဖြစ်၍ ဒုက္ခသည်စခန်းများတွင် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်ပေးရန် လိုအပ်နေပါသည်။ ဒုက္ခသည်စခန်းများတွင် လူဦး ရေသိပ်သည်းနေခြင်းနှင့် အခြေခံလိုအပ်ချက်များမပြည့်စုံခြင်းကို ဖြေရှင်းရန်လိုအပ်ပါသည်။ လက်ရှိတွင် မိုးတွင်းကာလကျရောက်လာပါက ဒုက္ခသည်စခန်းများတွင် သဘာဝဘေး အန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ မြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် စခန်းများ တွင် မိုးရာသီတွင်ဖြစ်ပွားလာမည့် အခြေအနေများကိုခန့်မှန်းကာ ခိုင်မာသောနေအိမ် အ ဆောက်အအုံများ ဆောက်လုပ်ပေးရန် လိုအပ်နေသည့်အပြင်၊ ရေကောင်းရေသန့် လုံလောက် စွာရရှိရေးနှင့် ယင်လုံအိမ်သာများ လုံလောက်စွာစီမံပေးခြင်းတို့ကို ကြိုတင်အကောင်အထည် ဖော် ဆောင်ရွက်သင့်ပါသည်။

၈.၂.၆။ အခြေအနေများပြန်လည်တည်ငြိမ်လာသည့်အခါတွင်လည်း ဘင်္ဂါလီလူမျိုးများ အခြေချနေထိုင် နိုင်မည့်ကိစ္စများကို စီမံဆောင်ရွက်ရန်နှင့် ထိုအစီအမံများကို အကောင်အထည် ဖော်နိုင်ရန် တိကျသော စီမံချက်များကို အစိုးရအနေဖြင့် ရေးဆွဲလုပ်ဆောင်ထားရမည် ဖြစ်ပါသည်။

## ၈.၃။ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ

၈.၃.၁။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုနောက်ကျသောဒေသများအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ လူသားတစ်ဦးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အခြေခံကျန်းမာရေးစောင့်

ရှောက်နိုင်မှု အဆင့်အတန်းသည်လည်း နိမ့်ပါးလျှက်ရှိပါသည်။ ကုလသမဂ္ဂမှထုတ်ပြန်သော အညွှန်းကိန်းများအရ ဘူးသီးတောင်မြို့နယ်တွင် ဆရာဝန်တစ်ဦးလျှင် လူဦးရေ (၇၅,၀၀၀) ကျော်ကို စောင့်ရှောက်နေရပါသည်။ မောင်တောမြို့နယ်တွင်လည်း ဆရာဝန်တစ်ဦးလျှင် လူဦးရေ (၈၃,၀၀၀) ကျော်ကို စောင့်ရှောက်နေရပါသည်။ ပြည်နယ်မြို့တော် စစ်တွေမြို့တွင် ဆရာဝန်တစ်ဦးလျှင် လူဦးရေ (၆၈၁) ဦးကိုသာ စောင့်ရှောက်ရသည်ဟု သိရှိရပါသည်။

၈.၃.၂။ ရခိုင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးနှင့်ပတ်သက်သည့် အခြားအညွှန်းကိန်းများအရ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည်ကို တွေ့နိုင်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုအချိုးသည် လူဦးရေ (၁,၀၀၀) လျှင် (၃.၈) ရှိပြီး အမျိုးသားညွှန်းကိန်းအရ လူဦးရေ (၁,၀၀၀) လျှင် (၃.၁၆) သာရှိပါသည်။ အသက်ငါးနှစ်အောက် ကလေးသူငယ်သေဆုံးမှု အချိုးသည် မောင်တောဒေသတွင် ကလေးဦးရေ (၁,၀၀၀) လျှင် (၂၂၄) ဦးရှိပြီး အမျိုးသားညွှန်းကိန်းအရ ကလေးဦးရေ (၁,၀၀၀) လျှင် (၁၃၅) ဦးသာရှိပါသည်။ [3] ကျန်းမာရေးစောင့်ရှောက်မှု အားနည်းရခြင်းမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်လိုသော ကျန်းမာရေးဝန်ထမ်း နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် သန့်ရှင်းသောရေနှင့် ယင်လုံအိမ်သာ အသုံးပြုမှုသည်လည်း ကောင်းမွန်သည့် အခြေအနေတွင် မရှိသေးပါ။ ရခိုင်ပြည်နယ်တွင် ယင်လုံအိမ်သာသုံးစွဲသည့် အလေ့အထနှင့် အိမ်သာတည်ဆောက်သုံးစွဲသည့် အလေ့အထသည် ကျေးလက်ဒေသများတွင် လွန်စွာနည်းပါးပါသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပြုလုပ်သောလေ့လာချက်အရ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်သည် စနစ်တကျ အိမ်သာတည်ဆောက်၍ သုံးစွဲသည့် အလေ့အထမရှိကြောင်း တွေ့ရှိခဲ့ပါသည်။

၈.၃.၃။ ပဋိပက္ခများဖြစ်ပွားပြီးနောက် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးတို့သည် အိမ်ယာများပျက်စီးခဲ့ရပြီး ဒုက္ခသည်စခန်းများတွင် ဒုက္ခသည်များအဖြစ် နေထိုင်နေကြရပါသည်။ ဒုက္ခသည်စခန်းများတွင် အိမ်ထောင်စု စုစုပေါင်း (၁၉,၄၈၂) စုအနက် အိမ်ထောင်စု (၁,၀၀၀) ခန့်ကို အခြေတကျ ပြန်လည်နေရာချထားပြီးဖြစ်ပါသည်။ ကျန် (၉၅) ရာခိုင်နှုန်း ဒုက္ခသည်မိသားစုများမှာ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရဆဲဖြစ်ပါသည်။ ပထမအကြိမ်ပဋိပက္ခများတွင် ဒုက္ခသည်ပေါင်း (၈၃,၄၂၀) ဦးရှိပြီး၊ ဒုတိယဖြစ်စဉ်များတွင် ဒုက္ခသည်ပေါင်း (၃၆,၄၄၀) ဦးရှိပါသည်။ ဒုက္ခသည်စခန်းများတွင် ရခိုင်စခန်းများသည် လူဦးရေချောင်ချိမှုရှိသော်လည်း ဘင်္ဂါလီစခန်းများသည် လူဦးရေလွန်စွာများပြားပါသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ စာရင်းများအရ ဒုက္ခသည်စခန်းများတွင် အိမ်သာပေါင်း (၃,၁၉၉) လုံးကို တည်ဆောက် ပေးခဲ့ပြီးဖြစ်ပါသည်။ အိမ်သာတစ်လုံးလျှင် လူ (၃၇) ဦးခန့်မျှဝေ သုံးစွဲနေရပါသည်။ ၎င်းအဖွဲ့အစည်းများအနေဖြင့် ရေသန့်ရရှိရေးတွက် လက်နှိပ်ရေတုံကင် (၄၈၆) လုံး၊ ရေကန် (၁၄၃) ကန်ကို တည်

[3] Myanmar Information Management Unit, Snap Shot, NRS June 2010 ( www.themimu.info%20Products%NRS%20snapshot_Jun_2010.pdf )

ဆောက်ထားပေးပြီးဖြစ်ပါသည်။ ထို့ပြင် တစ်ကိုယ်ရည်ကျန်းမာရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေးပစ္စည်း (Hygiene Kit) (၈,၂၀၃) ခု၊ အရေးပေါ်ကျန်းမာရေးပစ္စည်း (၆၅) ခု တို့ကို ဖြန့်ဝေပေးပြီးဖြစ်ပါသည်။ အခြားကူးစက်ရောဂါများ ပြန့်ပွားမှုနည်းစေရန်အတွက် အမိုက်ကန်များ တည်ဆောက်ပေးခြင်း၊ ဆပ်ပြာများပေးဝေခြင်း၊ ကလိုရင်းဆေးများဖြန့်ဝေပေးခြင်း တို့ကိုလည်း ဆောက်ရွက်ခဲ့ပါသည်။ သို့သော်လည်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေသန့်နှင့် သန့်ရှင်းရေးကိစ္စများတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အားနည်းနေသေးသည်ကို တွေ့ရှိရပါသည်။

၈.၃.၄။ ရခိုင်ပြည်နယ် မြို့နယ် (၁၁) မြို့နယ်သို့ ကွင်းဆင်းလေ့လာချက်အရ လူဦးရေ၏ (၃၂) ရာခိုင်နှုန်းသည် သောက်သုံးရေလုံလောက်မှုမရှိကြောင်း ပြောဆိုကြပါသည်။ ရခိုင်ပြည်နယ်သည် ရေချိုအရင်းအမြစ်ရှားပါးသောကြောင့် မိုးရာသီတွင် ရွာသွန်းသောမိုးရေကို ရေလှောင်ကန်များဖြင့် သိုလှောင်သုံးစွဲရပါသည်။ ဆင်းရဲသောမိသားစုများမှာ မိုးရေလှောင်ရန်အတွက် လိုအပ်သော ပစ္စည်းအသုံးအဆောင်များ မပြည့်စုံကြပါ။

၈.၃.၅။ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ကျောက်တော်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ဘူးသီးတောင်နှင့် မောင်တော အစရှိသည့် မြို့နယ် (၉) မြို့နယ်တွင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် WHO, UNICEF, AZG (MSF Holland), UNFPA, ACF, MRF, ICRC/MRCS နှင့် Maltesar စသည့် အဖွဲ့ (၉) ဖွဲ့မှ ဆရာဝန် (၃၂) ဦး၊ သူနာပြု (၂) ဦး၊ ဓါတ်ခွဲဝန်ထမ်း (၂) ဦး၊ ကျန်းမာရေးမှူး (၄၂) ဦးနှင့် ကြက်ခြေနီဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိသည်ကို ပြည်နယ်အစိုးရ စာရင်းများအရ သိရှိရပါသည်။ အဖွဲ့အစည်းများအနေဖြင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကူးစက်ရောဂါများကာကွယ်ရေးဆောင်ရွက်စေခြင်း၊ ရောဂါနိမ်နင်းရေးလုပ်ငန်းများ၊ ကာကွယ်ကုသခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများ၊ အစားအစာထောက်ပံ့ပေးခြင်း၊ ဓါတ်ခွဲစမ်းသပ်၍ရောဂါရှာဖွေပေးခြင်းနှင့် ကယ်ဆယ်ရေးစခန်းမှ လူနာများကို ဆေးရုံတင် ကုသပေးခြင်း တို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

၈.၃.၆။ မျိုးဆက်ပွားကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကြည့်ရှုစောင့်ရှောက်ပေးခြင်းကို စစ်တွေနှင့် ရသေ့တောင်မြို့နယ်များတွင် NGO များက လုပ်ဆောင်ပေးလျှက်ရှိသည်ကို တွေ့ရပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် နေထိုင်သော ဘင်္ဂါလီလူမျိုးများ၏ ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက်သည် (၁၀) ဦးခန့်ရှိသဖြင့် မိသားစုစီမံကိန်းကို မိသားစုအလိုက် အကောင်အထည်ဖော်နိုင်မှသာ ဆင်းရဲမှုသံသရာမှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။ လူဦးရေအလျင်အမြန်တိုးတက်လာမှုသည် ဒေသတွင်း အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် ဖြည့်ဆည်းရေးကို များစွာထိခိုက်လာနိုင်သည့်အတွက် မိသားစုစီမံကိန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလာအောင် လုပ်ဆောင်ရန်လည်း အရေးတကြီးလိုအပ်နေပါသည်။

## အကြံပြုချက်

၈.၃.၇။ အရေးတကြီးအနေဖြင့် ဒုက္ခသည်စခန်းများတွင် ရေသန့်နှင့် ယင်လုံအိမ်သာလုံလောက်မှု ရှိစေရန် ပိုမို ကွပ်ကဲစီမံဆောင်ရွက်သင့်ပါသည်။ ရခိုင်ဒုက္ခသည်စခန်းများသည် လူဦးရေများ ပြားလှသည့်အတွက် အများသုံးအိမ်သာအရေအတွက်မှာ လုံလောက်မှုမရှိသေးသည်ကို တွေ့ရှိ ရပါသည်။ ထို့ပြင် မကြာမီကာလတွင် မိုးရာသီသို့ ဝင်ရောက်တော့မည်ဖြစ်သဖြင့် ရေနှင့် သန့် ရှင်းရေးလုပ်ငန်းများကို ကြိုတင်အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်း မရှိပါက ဒုက္ခ သည်စခန်းများတွင် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါအစရှိသော ရောဂါ များဖြစ်ပွားလာနိုင်ပါသည်။ ထို့ပြင် ရခိုင်ပြည်နယ် ကျေးလက်ဒေသများတွင် နေထိုင်သူ ကလေးငယ်များ၏ အာဟာရပြည့်ဝမှုရှိစေရေးကိစ္စများကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကျေး လက်နေသူများသည် လူမှုစီးပွားရေးအဆင့်နိမ့်ကျမှုကြောင့် ၎င်းတို့၏ အစားအစာ စားသောက် မှုပုံစံသည် အခြေခံလိုအပ်သည့် အဆင့်အတန်းထက် နိမ့်ကျနေပါသည်။ ဒေသတွင်းအနေ အထားဖြင့်ကြည့်ပါက အစားအစာနှင့်ပတ်သက်လျှင် ဝတ်မွတ်မှုမရှိသော်လည်း သန့်ရှင်းသော အစားအစာနှင့် မှန်ကန်သော စားသောက်မှုနည်းလမ်းကို ကျင့်သုံးနိုင်မှုမှာ လွန်စွာ အားနည်းပါ သည်။ ထို့ကြောင့် ကလေးသူငယ်များတွင် ဝတ်မွတ်မှုမရှိနိုင်သော်လည်း အာဟာရ ချို့တဲ့မှု ကိစ္စရပ်များ ရှိနိုင်ပါသည်။

၈.၃.၈။ အစိုးရအနေဖြင့် ဒုက္ခသည်များ၏ စိတ်ဓါတ်ရေးရာမတည်ငြိမ်မှုများ (Frustration) နှင့် အကြောက်တရားများလွှမ်းမိုးနေမှု (Psychological Trauma) များကို ကူညီကုစားပေးရန် အလေးထား၍ အလျင်အမြန် ပြုလုပ်ပေးသင့်ပါသည်။ ထိုသို့ပြုလုပ်ရာ၌ ဘက်စုံကုစားပေးခြင်း စနစ် (Holistic Approach) ကို ကျင့်သုံးသင့်ပါသည်။ အဆိုပါ စိတ်ပိုင်းဆိုင်ရာခံစားချက်များ သည် အခြားကဏ္ဍများဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ တရားမျှတသောအုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်၊ သန့် ရှင်းသောအစိုးရ စသည့်အချက်အလက်များနှင့် ခွဲ၍မရလောက်အောင် အပြန်အလှန် အမှီသဟဲ ပြုနေသောကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် ခြင်း (Cooperation and Coordination) အားဖြင့် ကုစားမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါ သည်။ ရခိုင်အမျိုးသား၊ အမျိုးသမီးတို့အား ပဋိပက္ခများ၏ ၎င်းတို့အပေါ် အကျိုးသက်ရောက်မှု များကို မေးမြန်းရာတွင် ၎င်းတို့အနေဖြင့် စိတ်မတည်မငြိမ်ဖြစ်မှု၊ ဒေါသအလွယ်တကူဖြစ်မှု၊ စိတ် မလုံခြုံမှုနှင့် စိတ်ဓါတ်ကျမှုများ ဖြစ်ပေါ်ခံစားနေရကြောင်း ပြောဆိုကြပါသည်။ ဤသို့သော စိတ် မလုံခြုံမှုများသည် ဒုက္ခသည်များ၏ ဘဝတည်ငြိမ်မှုအပေါ်တွင်သာမက ၎င်းတို့နှင့် အဆင်မပြေ သောအုပ်စုမှ လူများနှင့် ဆက်ဆံရေးကို ပို၍ဆိုးရွားလာစေနိုင်သည့် အခြေအနေတွင်ရှိပါသည်။ ဒုက္ခသည်တစ်ဦးမှ ၎င်း၏ စိတ်ရှုပ်ထွေး၊ မတည်မငြိမ်ဖြစ်မှုသည်၊ ၎င်းအား ဘင်္ဂါလီများကို ထ၍ သတ်ချင်သည့်စိတ်များဖြစ်လာအောင် တွန်းပို့နေသကဲ့သို့ ဖြစ်နေကြောင်း ပြောပြပါသည်။

## ၈.၄။ ပညာရေးအခြေအနေ

၈.၄.၁။ ၂၀၁၂ ခုနှစ်၊ ဇွန်လ နှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဇွန်လ နှင့် ဇူလိုင်လတွင် ရခိုင်ပြည်နယ်ရှိ ကျောင်းအချို့ ခေတ္တပိတ်ခဲ့ရပြီး ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဩဂုတ်လမှစ၍ ပိတ်ထားသောကျောင်းများကို ပြန်လည်ဖွင့်လှစ် သင်ကြား နိုင်ခဲ့ပါသည်။ သို့ရာတွင် စစ်တွေမြို့နယ်ရှိ ဘင်္ဂါလီကျေးရွာများမှ ဘင်္ဂါလီကျောင်းသူ/ ကျောင်း သားများနှင့် ကယ်ဆယ်ရေးစခန်းရောက် ဘင်္ဂါလီကျောင်းသူ/ကျောင်းသားများအတွက်ကိုမူ ကျောင်းများဖွင့်လှစ် သင်ကြားပေးနိုင်ခြင်းမရှိခဲ့ပါ။ ဘင်္ဂါလီကျောင်းသူ/ကျောင်းသားများရှိသော မောင်တော၊ ဘူးသီးတောင်၊ သံတွဲ၊ မြေပုံ၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များတွင် ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး ကျောင်းစစ်စာမေးပွဲများကိုလည်း ကျင်းပနိုင်ခဲ့ ပါသည်။

၈.၄.၂။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလအထိ ရခိုင်ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းပေါင်း (တွဲ ဖက်နှင့် ကျောင်းခွဲများအပါအဝင်) (၁၃၆) ကျောင်း၊ အလယ်တန်းကျောင်းပေါင်း (တွဲဖက်နှင့် ကျောင်းခွဲများအပါအဝင်) (၁၃၆) ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း (၃၁၉) ကျောင်းနှင့် မူလတန်းကျောင်း (၁,၉၀၅) ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်းပေါင်း (၂,၄၉၆) ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရ၏ စာရင်းများအရ သိရှိရပါသည်။ သို့သော် လည်း အချို့သောကျောင်းများမှာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလအထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။ မဖွင့်လှစ်နိုင်သေးသော ကျောင်းများမှာ စစ်တွေမြို့နယ်တွင် မူလတန်းကျောင်း (၂၂) ကျောင်း၊ ကျောက်တော်မြို့နယ်တွင် မူလတန်းကျောင်း (၁၅)ကျောင်း၊ ရသေ့တောင်မြို့နယ်တွင် မူလတန်းကျောင်း (၈) ကျောင်း၊ မောင်တောမြို့နယ်တွင် အလယ် တန်းကျောင်း (၃) ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန် ကျောင်းပေါင်း (၇၁) ကျောင်း၊ ဘူး သီးတောင်မြို့နယ်တွင် အထက်တန်းကျောင်းပေါင်း (၃) ကျောင်း၊ အလယ်တန်းကျောင်းပေါင်း (၄) ကျောင်း၊ မူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းပေါင်း (၉၃) ကျောင်းရှိပါသည်။ ထို့ကြောင့် အဆိုပါမြို့နယ် (၅) မြို့နယ်တွင် အထက်တန်းကျောင်း (၃) ကျောင်း၊ အလယ်တန်း ကျောင်း (၇) ကျောင်း၊ မူလတန်းကျောင်းပေါင်း (၂၀၉) ကျောင်း၊ စုစုပေါင်း (၂၁၉) ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မြို့နယ် (၅) မြို့နယ်၌ အခြေခံပညာကျောင်းပေါင်း (၆၇၆) ကျောင်းရှိရာတွင် ဖွင့်လှစ်ပြီး ကျောင်းအရေအတွက်မှာ (၆၈) ရာခိုင်နှုန်းရှိပြီး၊ မဖွင့်လှစ်နိုင်သည့် ကျောင်းအရေအတွက်မှာ (၃၂) ရာခိုင်နှုန်းခန့် ရှိနေပါ သည်။

၈.၄.၃။ ရခိုင်ပြည်နယ်အတွင်း စုစုပေါင်းကျောင်းများ၏ (၆၈) ရာခိုင်နှုန်းကို ပြန်လည်ဖွင့်လှစ်ထားနိုင်ပြီ ဖြစ်သော်လည်း ကျောင်းများတွင် ကျောင်းသူ/ကျောင်းသားများ ကျောင်းတက်ရောက်မှု ကျ ဆင်းသွားကြောင်း ဆရာ/ဆရာမများက ပြောကြပါသည်။ ကျေးလက်ဒေသများတွင် ကျောင်း တက်ရန်အတွက် ကျောင်းသူ/ကျောင်းသားများသည် ကျောင်းရှိသည့် အခြားတစ်ရွာသို့ သွား ရောက်ရသည်များရှိသောကြောင့် မိဘများက မိမိတို့သား/သမီးများ၏ လုံခြုံရေးကို စိတ်မချသ

ဖြင့် မတက်ရောက်စေတော့ခြင်းများလည်း ရှိပါသည်။ ထို့ပြင် ဆရာ/ဆရာမများ အနေဖြင့်လည်း သွားရောက် တာဝန်ထမ်းဆောင်မည့်နေရာ လုံခြုံရေးမကောင်းပါက သွားရောက်ထမ်းဆောင်ခြင်း မပြုတော့ပါ။ ထိုဒေသများတွင် ကျောင်းများရှိသော်လည်း ဆရာ/ဆရာမ-မရှိသည့် ပြဿနာများကြောင့် ကျောင်းများကို ပိတ်ထားရခြင်းလည်းရှိပါသည်။ ထို့ပြင် မောင်တောမြို့နယ် သရေကုန်းဘောင်ရွာမှ ကျောင်းဆရာတစ်ဦးအား ဘင်္ဂါလီတပည့်များက သတ်ဖြတ်ခဲ့မှုကြောင့် လုံခြုံရေးအားနည်းသည့် လူမျိုးစုနှစ်စု ထိစပ်နေသောဒေသများတွင် ဆရာ/ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်ရန် ဝန်လေးလာသည့်အပြင်၊ ဘင်္ဂါလီကျောင်းသားတပည့်များအား ယုံကြည်မှုနည်းပါးလာကြောင်း ပြောဆိုကြပါသည်။ ဘင်္ဂါလီရွာများတွင် ကျောင်းများမဖွင့်နိုင်ခြင်းမှာ ဆရာ/ဆရာမများ လာရောက်သင်ကြားနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်ကို ကွင်းဆင်းလေ့လာမှုများအရ တွေ့ရှိရပါသည်။ ထို့ပြင် ပဋိပက္ခများအတွင်း ထိုဒေသများတွင် တာဝန်ထမ်းဆောင်ရင်း အကြမ်းဖက်တိုက်ခိုက်မှုများကို မျက်မြင်ကြုံတွေ့ခဲ့ရသည့် ဝန်ထမ်းများသည်လည်း ထိုဒေသများတွင် ပြန်လည်တာဝန် မထမ်းဆောင်လိုတော့ကြောင်း ထုတ်ဖော်ပြောဆိုလာကြပါသည်။ အကျိုးဆက်အားဖြင့် ထိုဒေသများတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများလိုအပ်လာပါသည်။

၈.၄.၄။ ပဋိပက္ခများအတွင်း အိုးအိမ်များပျက်စီးသွားသောကြောင့် ဒုက္ခသည်စခန်းများတွင် သွားရောက်နေထိုင်နေရသည့် ရခိုင်နှင့် ဘင်္ဂါလီဒုက္ခသည်မိသားစုဝင် ကျောင်းသူ/ကျောင်းသားများသည်လည်း အခက်အခဲများ ဖြစ်လာခဲ့ပါသည်။ ရခိုင်ပြည်နယ်တောင်ပိုင်း ကျောက်ဖြူ၊ မြေပုံနှင့် ရမ်းဗြဲရှိ ဒုက္ခသည်စခန်းများတွင် ကျောင်းဆရာ/ဆရာမများပါ ရောက်ရှိနေသောကြောင့် စခန်းအတွင်း၌ ကျောင်းဖွင့်လှစ်သင်ကြားနိုင်ပါသည်။ ဥပမာ - ရမ်းဗြဲ ကမန် ဒုက္ခသည်စခန်းတွင် ကျောင်းသူ/ကျောင်းသားများသည် ကျောင်းသို့သွားရောက်တက်နိုင်ခြင်း မရှိသော်လည်း ဆရာ/ဆရာမများရှိနေခြင်းကြောင့် ဒုက္ခသည်စခန်းအတွင်းမှာပင် ပညာဆက်လက်သင်ယူနိုင်ကြပါသည်။ စာမေးပွဲကိုလည်း သက်ဆိုင်ရာပညာရေးဌာန၏ စီမံပေးမှုဖြင့် စခန်းအတွင်း ဖြေဆိုနိုင်သည်ကို တွေ့ရှိခဲ့ရပါသည်။ သို့သော်လည်း စစ်တွေမြို့ ဘင်္ဂါလီ ဒုက္ခသည်စခန်းများတွင် လာရောက်သင်ကြားမည့် ဆရာ/ ဆရာမများမရှိခြင်းနှင့် စာသင်ကျောင်းများမရှိခြင်းတို့ကြောင့် ကျောင်းသူ/ကျောင်းသားများမှာ ပညာသင်ကြားနိုင်ခြင်းမရှိတော့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဘင်္ဂါလီ တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများကိုလည်း လုံခြုံရေးအပြည့်အဝ မပေးနိုင်ခြင်းကြောင့် ကျောင်းတက်ခွင့် တားမြစ်ထားခြင်းများလည်း ရှိပါသည်။

၈.၄.၅။ ကွင်းဆင်းလေ့လာမှုများအတွင်း ဘင်္ဂါလီလူမျိုး ကျောင်းသူ/ကျောင်းသားများသည် တက္ကသိုလ်တွင် ကြိုက်နှစ်သက်ရာပညာရပ်အား သင်ယူခွင့်မရခြင်းနှင့် ပညာရေးပြီးဆုံးပါကလည်း အထောက်အထားလက်မှတ်များ မရရှိကြောင်း တင်ပြကြပါသည်။ ကျောင်းများသို့သွားရောက်စီစစ်မှုပြုရာတွင်လည်း နိုင်ငံသားမဖြစ်သေးသူများသည် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားခွင့်ရရှိသော်လည်း၊ ဘွဲ့လက်မှတ် အထောက်အထားကိုမူ နိုင်ငံသားစိစစ်ရေး

ကတ်ပြားမှုရင်း တင်ပြနိုင်မှသာလျှင် ထုတ်ပေးသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များတွင် အောင်မြင်ပါက ဘွဲ့လက်မှတ်ထုတ်ပေးသည်ကိုတွေ့ရှိရပါသည်။

၈.၄.၆။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း စစ်တွေမြို့နယ်၌သာ ဘင်္ဂါလီကျောင်းများ ပြန်လည်မဖွင့်နိုင်ခြင်းဖြစ်သောကြောင့် ယူနီဆက်အဖွဲ့သည် ပညာရေးဌာနမှ တာဝန်ရှိသူများကို ၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် သွားရောက်တွေ့ဆုံခဲ့ပြီး စစ်တွေမြို့နယ်ရှိပိတ်ထားရသော ကျောင်းများမှ ဘင်္ဂါလီကျောင်းသူ/ကျောင်းသားများအား စာရင်းကောက်ယူရေး၊ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီကျောင်းသူ/ကျောင်းသားများအား စာရင်းကောက်ယူရေး၊ သက်ဆိုင်ရာတို့၏ ပံ့ပိုးကူညီမှုများနှင့် ယူနီဆက်၏ ဆက်စပ်ပူးပေါင်းအကူအညီတို့ကို ရယူပြီး ကယ်ဆယ်ရေးစခန်းများတွင် ယာယီစာသင်ဆောင်များဆောက်လုပ်ပေးရေး၊ ဘင်္ဂါလီ ဆရာ/ဆရာမများကို စာရင်းကောက်ယူ၍ ရက်တိုသင်တန်းပို့ချပေးရေး၊ လာမည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အစတွင် သင်ကြားနိုင်ရေး စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် ထပ်မံတွေ့ဆုံပြီး စစ်တွေမြို့နယ် ဘင်္ဂါလီကျေးရွာများမှ ဘွဲ့ရနှင့် တက္ကသိုလ်ဝင်တန်းအောင် ဘင်္ဂါလီရပ်ရွာ ဆရာ/ဆရာမ (၄၅) ဦးအား သင်တန်းပို့ချရေးအတွက် ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် မူလတန်းလွန်ကျောင်း (သဲချောင်း) တွင် (၁၁-၃-၂၀၁၃) ရက်မှ (၁၇-၃-၂၀၁၃) ရက်အထိ ယူနီဆက်အဖွဲ့၏အစီအစဉ်ဖြင့် ၎င်းဘင်္ဂါလီ ဆရာ/ဆရာမတို့အား မူလတန်း ပညာသင်ကြားရေးသင်တန်း ပို့ချပေးခဲ့ပါသည်။ ၎င်းဆရာ/ဆရာမများဖြင့် ဧပြီလမှစတင်ပြီး ယူနီဆက်၏ ပံ့ပိုးမှုကိုရယူ၍ သင်ကြားသွားရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ထို့အတူ မြောက်ဦးမြို့နယ်တွင်လည်း ယူနီဆက်အဖွဲ့မှ ကွင်းဆင်းပြီး အထက်ပါအတိုင်း မူလတန်းပညာသင်ကြားရေးသင်တန်းဖွင့်လှစ်ပြီး ဘင်္ဂါလီကျောင်းသူ/ကျောင်းသားများအား သင်ကြားပေးသွားရန် စီစဉ်နေကြောင်း သိရှိရပါသည်။

## အကြံပြုချက်

၈.၄.၇။ ရေရှည်ခိုင်မာသောနားလည်မှုကို အခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို တည်ဆောက်နိုင်ရန်အတွက် လူမျိုးစုနှစ်ဖက်စလုံးရှိ အဖွဲ့ဝင်များ၏ နိုင်ငံရေးနှင့် လူမှုရေးအမြင်များကို ပြောင်းလဲရန်လိုအပ်ပါသည်။ ထို့ပြင် အစိုးရအနေနှင့် လက်ရှိဘင်္ဂါလီများတွင် ရှိနေသော အမြင်ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်များနှင့် ရခိုင်လူမျိုးများအပေါ် အမုန်းတရားများဖြစ်ပေါ်စေသော သင်ကြားမှုများကို ပပျောက်သွားစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဖြစ်လာစေရန် အထူးပညာရေးစနစ်တစ်ရပ်နှင့် ပညာပေးမှုအစီအစဉ်များကို ဖော်ဆောင်ရပါမည်။ ထိုပညာရေးစနစ်သည် နိုင်ငံသားတစ်ယောက် သိသင့်သိထိုက်သော အချက်များကို သင်ကြားပေးနိုင်ရမည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် အစိုးရ၊ NGO နှင့် အခြားလူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း ရခိုင်လူမျိုးများ၏ ဘင်္ဂါလီလူမျိုးများအပေါ်တွင်ရှိနေသော မုန်းတီးမှု၊ မယုံကြည်မှု စသည်များကို လျော့ကျသွားစေရန်နှင့် အတိတ်က လူမျိုးရေးအဓိက

ရဂ်းများ၏လွှမ်းမိုးမှုကို လျော့ကျသွားစေမည့် ပညာပေးမှုအစီအစဉ်များကို အချိန်ယူ၍ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ထို့ပြင် ပညာသင်ကြားနေသောကျောင်းများတွင် ပြည်သူ့ နီတိ (Civic Education) ကိုသင်ကြားပေးခြင်း၊ စာတတ်မြောက်ရေးအတွက် "အသုံးလုံး" အစီအစဉ်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ခြင်း၊ ဒေသခံပြည်သူများ၏ ဘာသာစကားဖြင့် ထုတ်လွှင့်သော ရေဒီယို အသံလွှင့်ဌာန (FM Radio Station) တစ်ခုတည် ထောင်ပေးခြင်းနှင့် TV Channel တစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ပေးခြင်းများဖြင့် ရေ ရှည်တွင် ပြဿနာများကို တစ်စိတ်တစ်ပိုင်းအားဖြင့် လျော့ကျသွားစေမည်ဖြစ်ပါသည်။

၈.၄.၈။ ကျေးလက်ဒေသများရှိ ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ အတူရောနှောတက်ရောက် ပညာသင်ယူ နေရသည့်ကျောင်းများတွင် လုံခြုံရေးအစီအမံများချမှတ်ပေးခြင်း၊ ဝေးလံသီခေါင်သည့်ဒေသ များတွင် ကျောင်းဆရာ/ဆရာမများ ယုံကြည်စွာ တာဝန်ပြန်လည်ထမ်းဆောင်နိုင်စေမည့် အစီ အမံများ၊ အာမခံချက်များ ချမှတ်ပေးခြင်းတို့ကို အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

## ၈.၅။ အထွေထွေအကြံပြုချက်

၈.၅.၁။ လက်ရှိအခြေအနေတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များသည် ၎င်းတို့ အဖွဲ့အ စည်း၏ ထားရှိသောဦးတည်ချက်နှင့် စိတ်ဝင်စားမှုရှိသည့်ကဏ္ဍများကိုသာ အထောက်အပံ့နှင့် အကူအညီများ ပေးနေခြင်းဖြစ်ပါသည်။

၈.၅.၂။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အစိုးရ၊ အလှူရှင်အဖွဲ့အ စည်းများနှင့် ဒေသဆိုင်ရာကျွမ်းကျင်သူ၊ ဒေသခံခေါင်းဆောင်များအားလုံး ပူးပေါင်း ဆွေးနွေး လုပ်ကိုင်သင့်ပါသည်။ ထို့သို့ပြုလုပ်ရာတွင် အကောင်အထည်ဖော်လုပ်ဆောင်မည့် ပြန်လည် ထူထောင်ရေးအစီအစဉ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ အ တွက် ရှင်းလင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရန်နှင့် မှန်ကန်သော သတင်းအချက်အ လက်များ မျှဝေပေးမှုရှိရန်လည်း လိုအပ်ပါသည်။

၈.၅.၃။ ပြည်ထောင်စုအစိုးရအနေဖြင့် ဒေသဆိုင်ရာအစိုးရ၊ NGO၊ CSO များနှင့် အကျိုးဝင်ပတ်သက် သူများအားလုံး ပါဝင်စေနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့အစည်းများအကြား နားလည်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည့်အပြင်၊ အခြေခံရမည့် နိုင်ငံတကာစံနှုန်းများကို လိုက်နာ၍ ပြန် လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ဤသို့အားဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာမည် ဖြစ်ပါသည်။

## ၉။ တည်ငြိမ်အေးချမ်းမှုရရှိနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များ

၉.၁။ ရခိုင်ပြည်နယ်တစ်ခုလုံးအတွင်း စီမံခန့်ခွဲအုပ်ချုပ်ရေးနှင့်၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်နိုင်ရန် ခရိုင် (၄) ခရိုင်၊ မြို့နယ် (၁၇) မြို့နယ်နှင့် မြို့နယ်ခွဲ (၃) ခု တို့ဖြင့် ဖွဲ့စည်းထားလျှက်ရှိပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ရာ ယခင်အစိုးရအစဉ်အဆက်က ကျင့်သုံးလာခဲ့သော အုပ်ချုပ်ရေးပုံစံများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အနည်းနှင့်အများ ပြောင်းလဲလာရပါသည်။ နယ်မြေဒေသလုံခြုံရေး၊ စီမံခန့်ခွဲအုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများ အသီးသီးမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်နေကြရပါသည်။ ယနေ့အချိန်ခါသည် နှစ်ပေါင်းအတန်ကြာ ကျင့်သားရလာခဲ့သည့် အုပ်ချုပ်ရေးစနစ်ပုံစံအဟောင်းမှ အုပ်ချုပ်ရေးပုံစံအသစ်တစ်ရပ်သို့ ကူးပြောင်းဆဲကာလဟု ဆိုနိုင်ပါသည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အတူ သက်ဆိုင်သူအားလုံး (Stakeholders) မှ ညီတူညာတူ တစ်ပြိုင်တည်း လိုက်ပါမလာနိုင်ခြင်းကို လက်ခံပေးနိုင်ကြပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် စနစ်သစ်နှင့် အသားမကျတတ်သေးသဖြင့် စီမံခန့်ခွဲမှုအပိုင်းတွင် ပျော့ကွက်ဟာကွက်များ ရှိနေနိုင်၍လည်းကောင်း၊ ယခင်စနစ်ဟောင်း၏ ဆိုးမွေများကြောင့်သော်လည်းကောင်း၊ ပြဿနာအကြီး/အသေးများ ပေါ်ပေါက်လာတတ်လေ့ရှိပါသည်။ နယ်မြေဒေသတစ်ခုအတွင်း မှုခင်းများထူပြောလာခြင်း၊ မတည်ငြိမ်မှုများဖြစ်ပေါ်လာခြင်း၊ အဓိကရုဏ်းများဖြစ်ပွားလာခြင်းစသည်တို့မှာ စီမံခန့်ခွဲအုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့၏ အားနည်းခြင်းကို ပြဆိုနေသော လက္ခဏာရပ်များဖြစ်ပါသည်။ ကြီးကျယ်သောပဋိပက္ခတိုင်းတွင် ဖြစ်ပွားရသည့် အရင်းခံအကြောင်းအရာများနှင့် စတင်ဖြစ်ပွားရသည့် လတ်တလောအကြောင်းအရင်းများဟူ၍ ရှိစမြဲဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသည်လည်း ထိုနည်းတူပင်ဖြစ်ရာ ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ရှုထောင့်မှ ကွင်းဆင်းတွေ့ရှိချက်များကို တင်ပြသွားမည်ဖြစ်ပါသည်။

၉.၂။ ရခိုင်ပြည်နယ်တွင် ယုံကြည်ကိုးကွယ်မှုဘာသာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ ခြားနားနေသည့် လူမျိုးနွယ်စုနှစ်စု အတူတကွနေထိုင်လာခဲ့ကြရာမှ ထိုလူမျိုးနွယ်စုနှစ်စုတို့အကြား ပဋိပက္ခများမကြာခဏဆိုသလို ဖြစ်ပွားနေခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအနက် သေကြေပျက်စီးမှု အများဆုံးဖြစ်စဉ်မှာ ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်အတွင်း ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းပင်ဖြစ်ပါသည်။ တဖန် ၁၉၈၈ ခုနှစ်၊ မေလအတွင်းတွင် (ထိုစဉ်က တစ်နိုင်ငံလုံးအတိုင်းအတိုင်းအတာဖြင့် ဒီမိုကရေစီအရေးအုံကြွမှုများ ဖြစ်နေစဉ်) ဖြစ်ပွားခဲ့သော ဘင်္ဂါလီများ၏ အင်အားအလုံးအရင်းဖြင့် မောင်တောမြို့ကိုသိမ်းရန် လုပ်ဆောင်မှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံထိန်းတပ်ဖွဲ့တို့က အောင်မြင်စွာခုခံနိုင်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပါသည်။ ထိုဖြစ်စဉ်များကို သုံးသပ်ရပါက အစိုးရ၏ အုပ်

ချုပ်ရေးယန္တရားပျက်ယွင်းနေချိန်နှင့် အားနည်းနေချိန်များတွင် ဖြစ်ပွားလေ့ရှိခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားဥပဒေစိုးမိုးမှု အားနည်းနေချိန်တွင် ကြီးကျယ်သောအဓိကရုဏ်းများ ဖြစ်ပွားလေ့ရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများသည်လည်း ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးမှု အားနည်းနေခဲ့၍သာယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

၉.၃။ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်ဒေသများသို့ ကွင်းဆင်းစစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ရာတွင် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများကိုကိုင်တွယ်ကျင့်သုံးရသူများအပိုင်း(အာဏာပိုင်များ)နှင့် တရားဥပဒေစိုးမိုးရေးအတွက် ထိုဥပဒေများကို လိုက်နာကျင့်သုံးရသူ(ပြည်သူများ)အပိုင်းဟူ၍ အကြမ်းအားဖြင့် အပိုင်းနှစ်ပိုင်းခွဲကာချဉ်းကပ်လေ့လာခဲ့ပါသည်။ တွေ့ရှိချက်များအရ နှစ်ဖက်စလုံးတွင် အားနည်းချက်များရှိနေကြောင်း တွေ့ရှိရပါသည်။

၉.၄။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများကို ကိုင်တွယ်ကျင့်သုံးသူများမှာ အဓိကအားဖြင့်တပ်မတော်အပါအဝင် အဆင့်ဆင့်သော ဒေသအာဏာပိုင်များဖြစ်ကြပါသည်။ ရခိုင်ပြည်နယ်၏ ထူးခြားချက်တစ်ခုမှာ နစက ခေါ် နယ်စပ်ဒေသလူဝင် မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကိုဖွဲ့စည်းတာဝန်ပေးအပ်ခြင်းပင် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏ နယ်စပ်ဒေသလုံခြုံရေး လိုအပ်ချက်အရ အထူးတာဝန်တစ်ရပ်အဖြစ် ၎င်းဌာနချုပ်အား ၁၉၉၂ ခုနှစ်အတွင်း မောင်တောနှင့်ဘူးသီးတောင်ဒေသများ၌ စတင်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ နစက၏အဓိကတာဝန်မှာ နယ်စပ်ဒေသကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသများတွင် လူဝင်လူထွက် စစ်ဆေးခြင်းနှင့် လူဦးရေဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဒေသတွင် အကောက်ခွန်မဲ့ပစ္စည်းများနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရန်ဖြစ်သည်ဟု သိရှိရပါသည်။ မောင်တောနှင့် ဘူးသီးတောင်ဒေသတို့တွင် နစက နယ်မြေ (၁) မှ နယ်မြေ (၉) အထိ သတ်မှတ်ထားပြီး ၂၀၁၂ ခုနှစ် ပဋိပက္ခများဖြစ်ပွားသည့်နောက်ပိုင်းတွင် နယ်မြေ (၁၀) နှင့် နယ်မြေ (၁၁) တို့အား စစ်တွေ (သဲချောင်း) နှင့် ပေါက်တော (အရှေ့ခြမ်း) တို့တွင် တိုးချဲ့တာဝန်ယူစေသည်ကို တွေ့ရှိရပါသည်။ နစက အနေဖြင့် အထက်ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရာတွင်ဒေသန္တရအမိန့်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကာ အထူးသဖြင့် ဘင်္ဂါလီများအပေါ်လူဦးရေထိန်းချုပ်ရေးကိစ္စများနှင့် နယ်စပ်ဒေသ လူဝင်လူထွက် ထိန်းချုပ်ရေးကိစ္စရပ်များကိုနယ်မြေအလိုက် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ နစက ကို ဖွဲ့စည်းရာတွင် တပ်မတော်၊ ပြည်သူ့ရဲ၊ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဝန်ထမ်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး တပ်မတော်အရာရှိများက ထိပ်ပိုင်းရာထူးများကို ရယူလေ့ရှိကြောင်း သိရှိရပါသည်။ နစက ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိကြောင်းသိရှိရပါသည်။ စတင်ဖွဲ့

စည်းတာဝန်ပေးအပ်ခဲ့စဉ်က ယခင်တပ်မတော်ထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်အရာရှိများနှင့် အခြားအဆင့်များကိုသာ တာဝန်ပေးခန့်အပ်ခဲ့သည်ဟု ဆိုပါသည်။ ထိုအချိန်ကာလ အခြေအနေများအရ တပ်မတော်ထောက်လှမ်းရေးမှဦးဆောင်သည့် အဖွဲ့အစည်းဖြစ်သဖြင့် လုပ်ပိုင်ခွင့် အပြည့်အဝရရှိထားကာ အခြားအစိုးရဌာနများအပေါ် ဩဇာလွှမ်းမိုးထားကြောင်း ဒေသခံများနှင့် အစိုးရဝန်ထမ်းများ၏ ပြောဆိုချက်များအရ သိရှိရပါသည်။ ယခုလက်ရှိ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ကွင်းဆင်းသည့်အချိန်တွင်မူ ယခင်နှင့်မတူ၊ များစွာကောင်းမွန်လာခဲ့သည်ဟု ဆိုသော်လည်း ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကြီးကြပ်ကွပ်ကဲမှုလမ်းကြောင်းများမှာ အခြားသောအစိုးရဌာနများနှင့်မတူဘဲ၊ သီးခြားဖြစ်နေသည်ဟု သိရပါသည်။ သို့ဖြစ်၍ အချို့သော စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် နစကအဖွဲ့၏ လုပ်ငန်းလုပ်ဆောင်ချက်များသည် ဌာနဆိုင်ရာအဖွဲ့အစည်း အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ထိန်းကျောင်းမှု စသည့်အပိုင်းများတွင် အားနည်းသွားစေသည်ဟု ပြောဆိုကြပါသည်။

၉.၅။ အဖွဲ့အစည်းတစ်ခုတည်းမှ လုပ်ပိုင်ခွင့်အာဏာများစွာ ရရှိထားခြင်းသည် ဒေသအတွင်း တရားဥပဒေစိုးမိုးရေးကို အားနည်းစေသော အကြောင်းချက်တစ်ရပ် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ပေးအပ်ထားသောတာဝန်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများနှင့်၊ ဒေသန္တရအမိန့်ထုတ်ပြန်ချက်များသည်ပင်လျှင် ပွင့်လင်းမြင်သာမှုနှင့် အပြန်အလှန်ထိန်းကျောင်းမှုစနစ်များ မရှိပါက ရရှိထားသော လုပ်ပိုင်ခွင့် အာဏာများကို အလွဲသုံးစားပြုလုပ်ရန် အခြေအနေများ ဖန်တီးပေးနိုင်သည်ကို သတိပြုသင့်ပါသည်။ နစကအဖွဲ့ ထားရှိခြင်းနှင့်ပတ်သက်၍ ဒေသခံလူထု၏ သဘောထားအမြင်များကို ကောက်ယူခဲ့ရာ၊ စစ်တမ်းတွင်ပါဝင်သော ဘင်္ဂါလီ (၈၀၀) အနက် (၃၃) ရာခိုင်နှုန်းသည် ရခိုင်ပြည်နယ်တွင် နစက ထားရှိရန် မလိုအပ်ဟု ဖြေဆိုခဲ့ကြပြီး၊ (၄၄) ရာခိုင်နှုန်းသည် နစက ထားရှိရန် လိုအပ်သည်ဟု ဖြေဆိုကြကာ၊ (၂၃) ရာခိုင်နှုန်းသည် နစက လိုအပ်/မလိုအပ်ကို မသိဟု ဖြေဆိုသွားကြပါသည်။ ရခိုင်လူမျိုး ဖြေဆိုသူ (၁,၂၀၀) အနက် (၆၈) ရာခိုင်နှုန်းက ရခိုင်ပြည်နယ်တွင် နစက ဆက်လက်ထားရှိရန် လိုအပ်ကြောင်း ပြောဆိုထားကြပါသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် ဒေသခံပြည်သူများအနေဖြင့် လက်ရှိ နစက အပေါ် ယုံကြည်အားထားမှုများ ရှိနေကြကြောင်း တွေ့ရှိသုံးသပ်ရပါသည်။

၉.၆။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောပြဿနာများသည် ရခိုင်ပြည်နယ်တွင် အစဉ်အဆက်တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဝန်ထမ်းများ၏ တရားဥပဒေများကို လေးစားလိုက်နာမှု မရှိခဲ့ကြခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ ထိုအားနည်းချက်များကို ကုစားရန်အတွက် နစက အပါအဝင် ရခိုင်ပြည်နယ်ရှိ အရေးပါသော အစိုးရဌာနများ၊ ရာထူးနေရာများတွင် ရခိုင်လူမျိုးများကို ဦးစားပေးခန့်အပ်စေလိုကြောင်း၊ သို့ဖြစ်ပါက ရခိုင်အမျိုးသားများသည် အခြားလူမျိုးများထက် မိမိရခိုင်လူမျိုး၊ ရခိုင်မြေကို ပိုမိုမြတ်နိုးမည်မှာသေချာသဖြင့် ရခိုင်အကျိုးကို ပိုမိုကာကွယ်ပေး

နိုင်မည်ဖြစ်ကြောင်း၊ ဘင်္ဂါလီများထံမှ လာဘ်စားမှုများလည်း ပပျောက်ကာ တရားဥပဒေ ပိုမို စိုးမိုးလာနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ အနောက်ဖက်တံခါးသည်လည်း ယခုထက် ပိုမို လုံခြုံစိတ်ချရမည်ဖြစ်ကြောင်း ရခိုင်ရပ်မိရပ်ဖများက ပြောဆိုကြပါသည်။ သို့ရာတွင် အစိုးရဌာန များ၌ အဆင့်မြင့်အရာရှိများအဖြစ် နှစ်ပေါင်းများစွာ တာဝန်များကို ထမ်းဆောင်ခဲ့ကြပြီး၊ သက် ပြည့်ဖြင့် အငြိမ်းစားယူသွားကြပြီးဖြစ်သော ရခိုင်လူမျိုး မြို့မိ/မြို့ဖများက ရခိုင်ပြည်နယ်တွင် နစက ဆက်လက်ထားရှိရန် လိုအပ်နေပြီး၊ ဖြစ်ပွားခဲ့သည့် အခြေအနေများအရ နစက၏ အင် အားကိုထပ်မံဖြည့်တင်းပေးရန်နှင့် တိုးချဲ့နေရာချထားပေးရန် လိုအပ်သည်ဟုထင်မြင်ကြောင်း၊ ယခုထက် ပိုမိုထိရောက် ကောင်းမွန်သော အဖွဲ့အစည်းတစ်ခုဖြစ်စေရန် နစက ၏ဖွဲ့စည်းမှုကို ပြန်လည်သုံးသပ်ရန်နှင့် ကွပ်ကဲမှုစနစ်ကိုလည်း ပြောင်းလဲရန်လိုအပ်သည်ဟု ယူဆကြောင်း၊ နစက အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ တိုက်ရိုက်တာဝန်ကိုခံစေခြင်း စနစ်မျိုးဖြစ်ပါက အကောင်းဆုံးနှင့် လက်တွေ့အကျဆုံးဖြစ်မည်ဟု ယူဆကြောင်း ပြောဆိုကြပါသည်။

၉.၇။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ပါက တရားဥပဒေစိုးမိုးမှု၏ အတိမ်အနက်၊ အတိုင်းအတာများကို မြင်တွေ့နိုင်ပါသည်။ ၂၀၀၅ ခုနှစ်အတွင်းတွင် မောင် တောမြို့နယ်၊ ကပ္ပကောင်းကျေးရွာမှ ရယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၉) တို့သည် တာဝန်အရ ဧည့် စာရင်းစစ်ဆေးရန် စီစဉ်နေစဉ် ကပ္ပကောင်းရွာသားဘင်္ဂါလီများက တုတ်၊ ဓါးများကိုင်ဆောင် ကာ လိုက်လံဝိုင်းခုတ်ကြသဖြင့် ရယကဥက္ကဋ္ဌသေဆုံးသွားခဲ့ပြီး ကျန်လူများဒဏ်ရာများဖြင့် ထွက်ပြေးလွတ်မြောက်လာသည့် အဖြစ်အပျက်၊ များစွာသောရာဇဝတ်မှုများတွင် တရားခံ ဘင်္ဂါ လီလူမျိုးများ အလွယ်တကူထွက်ပြေးတိမ်းရှောင်သွားနိုင်ခဲ့ကြပြီး တရားဥပဒေရှေ့မှောက်တွင် ဥပဒေအရ တရားစီရင်ရန် မဆောင်ရွက်နိုင်ခဲ့ခြင်းများ၊ သက်ဆိုင်ရာမှ မည်မျှပင် စည်းမျဉ်းစည်း ကမ်းများနှင့် အမိန့်များ ထုတ်ပြန်ထားစေကာမူ ဘင်္ဂါလီများနယ်စပ်ဖြတ်ကျော်ကာ ဥဒဟိုသွား လာနေဆဲဖြစ်သည့်အပြင်၊ ရခိုင်ပြည်နယ်ကိုကျော်လွန်၍ မြန်မာပြည်အနှံ့ ပြောင်းရွှေ့နေထိုင် မှုများရှိနေခြင်း၊ မိမိပါတီ မဲအနိုင်ရရှိရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမှ ဘင်္ဂါလီများသို့ အဖြူရောင်မှတ်ပုံတင်ကတ်ပြားများစွာ ထုတ်ပေးခဲ့ခြင်း၊ ထိုကတ်ပြားဖြင့် အစစ် ဆေး အမေးမြန်းခံစရာမလိုဘဲ လိုရာခရီးကို သွားလာနိုင်ခြင်း၊ အချို့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ဖြင့်ပင် အရွေးချယ်တင်မြှောက်ခံနိုင်ခဲ့ခြင်း၊ နှစ်ပေါင်းများစွာကတည်းက ဖြေရှင်းနေခဲ့ရသော တရားမဝင်ခိုးဝင်လာသည့် ဘင်္ဂါလီများနှင့်ပတ်သက်၍ သေချာစနစ်ကျ သော မှတ်တမ်းမှတ်ရာ ထားရှိခြင်းမျိုးမရှိခြင်း၊ ယခုအရေးအခင်း စတင်ဖြစ်ပွားစေခဲ့သော ကျောက်နီမော်ဖြစ်စဉ်တွင် တရားခံများကို ဖေါ်ထုတ်အရေးယူနိုင်ခဲ့သော်လည်း တောင်ကုတ် ဖြစ်စဉ်တွင် လူသတ်တရားခံများကို ယနေ့အချိန်ထိ ဖေါ်ထုတ်အရေးယူနိုင်မှုမရှိခြင်း၊ ရခိုင်ပြည် နယ်တစ်ဝှမ်း ဆူပူမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ပြစ်မှု ကျင့်ထုံးဥပဒေ ပုဒ်မ (၁၄၄) ကို ထုတ်ပြန်ထားသည့်တိုင် လူစုလူဝေးများဖြင့် နေရာအနှံ့ ဆူပူမှု များ ဆက်လက်ဖြစ်ပေါ်နေခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဆန္ဒဖေါ်ထုတ်ခွင့်၊ စီတန်းလှည့် လည်ခွင့်များကို ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက ခွင့်ပြုထားခဲ့ပြီးဖြစ်သော်လည်း မည်သူကမျှ

တလေးတစားလိုက်နာကျင့်သုံးမှု မရှိကြခြင်း၊ ထိုသူများထဲတွင် ဥပဒေသဘောကို ကောင်းစွာ နားလည်နိုင်သည့် ပုဂ္ဂိုလ်များပါရှိနေသော်လည်း ထိုသို့သောသူများကို ထိရောက်စွာ အပြစ်ပေး ရန် ပျက်ကွက်ခြင်း၊ မောင်တော ဆူပူမှုဖြစ်စဉ်များတွင် ဘင်္ဂါလီလူမျိုးအချို့ မှားယွင်း ဖမ်းဆီး ထောင်ချခံရခြင်း၊ အမှန်တကယ် ပြစ်မှုကျူးလွန်သူအချို့မှာမူ အဖမ်းမခံရဘဲ လွတ်နေခြင်း၊ ပြစ်မှုကျူးလွန်သူအချို့အား တရားရုံးတွင် အမှုစီရင်ရာ၌ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားခံများကို ပေးသင့်ပေးထိုက်သည့် အကျိုးခံစားခွင့်များမပေးခြင်း၊ ဒေသခံ ရဲအများစုသည် ဒေသခံရခိုင်လူမျိုးများဖြစ်ကြသဖြင့် ဘက်လိုက်မှုများရှိနေခြင်း၊ ထိုသို့ ဖြစ်ပျက်နေသော်လည်း တာဝန်ရှိသူများမှ တိတိကျကျ တစ်စုံတစ်ရာ အရေးယူမှုမရှိခဲ့ခြင်း၊ အချို့သော ဆူပူမှုဖြစ်စဉ် များတွင် မဖြစ်မီသတင်းများ ကြိုတင်ရရှိထားသော်လည်း လုံလောက်သော ဟန့်တားအရေးယူ မှုများ မပြုလုပ်ခဲ့သဖြင့် ပြဿနာများပိုမိုကြီးထွားလာကာ သေကြေပျက်စီးဆုံးရှုံးမှု ပမာဏကြီး မားသွားရခြင်း၊ ဘင်္ဂါလီကျေးရွာများတည်ဆောက်ပုံသည် ၎င်းတို့၏ ကျေးရွာများကို အပြင် ဘက်မှမမြင်နိုင်အောင် အလုံပိတ်ကာထားသည့်အပြင် ရွာတွင်းနှင့် ရွာတွင်းရှိအိမ်များ၏ ဖွဲ့ စည်းပုံမှာလည်း အပြင်လူစိမ်းများအတွက် တမင်ရှုပ်ထွေးအောင် ရည်ရွယ်ချက်ရှိရှိ တည် ဆောက်ထားသည်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စီစစ်ရန်လိုအပ်ခြင်း၊ ဗလီများ နှင့် အာရဗီစာသင်ကျောင်းများကို သက်ဆိုင်ရာ၏ခွင့်ပြုချက်များနှင့်အညီ ဖြစ်စေရန်လိုအပ် ခြင်း၊ အထူးသဖြင့် ဘာသာရေးနှင့်သက်ဆိုင်သောနေရာဖြစ်သည့် ဗလီများသည် မည်သူမဆို အချိန်မရွေး နားခို၊ တရားအားထုတ်နိုင်သောနေရာဖြစ်စေသင့်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအကြောင်းကို အများစုက မကြားဘူးခြင်း စသည်ဖြင့် တရားဥပဒေစိုးမိုးမှုနှင့် ပတ်သက် ၍ ကိုင်တွယ်ကျင့်သုံးရသူ (အာဏာပိုင်များ)နှင့် လိုက်နာကျင့်သုံးရသူ (ပြည်သူများ) နှစ်ဖက် စလုံးမှ အားနည်းချက်များစွာရှိနေသည်ကို တွေ့ရှိရပါသည်။

၉.၈။ တရားဥပဒေစိုးမိုးမှုရှိမှသာ တည်ငြိမ်အေးချမ်းမှုရရှိနိုင်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရရှိမှသာ ရပ်ရွာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တရားဥပဒေစိုးမိုးမှုရရှိစေရန် အားလုံးကိုယ်စီတာဝန်ရှိကြောင်းကိုလည်း လူတိုင်းကိုအသိပညာ ပေးသင့်ပါသည်။ တရားဥပဒစိုးမိုးမှုရရှိစေရန် အာဏာပိုင်များဘက်မှ တိကျစွာလိုက်နာကျင့်သုံး ရန်လိုအပ်ပါသည်။ ထိုသို့ တိကျစွာ လိုက်နာကျင့်သုံးနိုင်ရန်အတွက် ဥပဒေကိုကိုင်စွဲအသုံးပြု သူများအနေဖြင့် ဥပဒေ၊ ကျင့်ထုံးများကို ကောင်းစွာကျေညက်ထားရန်လည်း လိုအပ်ပါသည်။ ကြီးမားကျယ်ပြန့်သော ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့ပါက အမြန်ဆုံးတည်ငြိမ်မှုများကို ပြန်လည်ရရှိရန်အတွက် တပ်မတော်၏အကူအညီကို လိုအပ်ပါက ရယူနိုင်ကြောင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းထားပြီးဖြစ်ပါသည်။ တပ်မတော်အရာရှိတိုင်းအားလည်း အရပ် ဘက်အုပ်ချုပ်ရေးသို့ အကူအညီပေးခြင်း ( Aid to Civil Power) ကို စနစ်တကျ သင်ကြားလေ့ ကျင့်ပေးထားသည်ဟု သိရှိရပါသည်။ ရခိုင်ပြည်နယ်တွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့စဉ် တွင်း လက်နက်များကိုင်ဆောင်လျှက် ဆူပူအကြမ်းဖက်ရန်စုဝေးချီတက်လာသော လူစုလူဝေး ကြီးအား ထိန်းချုပ်ဖြိုခွဲရန် တပ်မတော်ခြေလျင်တပ်ရင်းမှူးတစ်ဦးမှ Aid to Civil Power အရ

စနစ်တကျစီမံခဲ့သော်လည်း ထိုမြို့နယ်ရှိ တရားသူကြီးမှ လိုအပ်သည့် စာရွက်စာတမ်းများ အဆင်သင့်ပါရှိမလာသဖြင့် နှောင့်နှေးသွားခဲ့ရကြောင်း ပြောပြခဲ့ပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျေညက်ရန် လိုအပ်သကဲ့သို့ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ပြင် အရာရှိတစ်ဦးကလည်း ဥပဒေလုပ်ထုံးလုပ်နည်းများကို တိတိကျကျကျင့်သုံးနိုင်ပါကြောင်း၊ ထိုသို့ ကျင့်သုံးပြီးပါကလည်း တိတိကျကျကျင့်သုံးသူကို ဥပဒေဖြင့်အကာအကွယ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထိရောက်သော တရားဥပဒေစိုးမိုးမှုများ ရှိစေရန် အောက်ခြေသို့ အာဏာများဖြန့်ဝေပေးရန် လိုအပ်နေကြောင်း၊ ချက်ချင်းအရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လက်ငင်းဆုံးဖြတ်ချက်ချရမည့်ကိစ္စရပ်များတွင် အဆင့်ဆင့်တင်ပြ၍ အမိန့်တောင်းခံနေခြင်းမျိုးလည်း မဖြစ်သင့်ကြောင်း ပြောပြကြပါသည်။ ရခိုင်ပြည်နယ်အတွင်း အခြားဖြစ်စဉ်တစ်ခုတွင် ကျေးရွာတစ်ရွာကိုမီးတင်ရှို့ရန် ချဉ်းကပ်လာသော လူစုလူဝေးအား မည်သို့မျှ ပြောဆိုထိန်းသိမ်း၍ မရတော့သည့် အချိန်၌ ထိုတပ်မတော်အရာရှိမှ စနစ်တကျကွပ်ကဲကာ ကိုယ်တိုင်ပစ်မိန့်ပေးခဲ့ရကြောင်း၊ ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူ (၂) ဦး သေဆုံးခဲ့သော်လည်း အကြမ်းဖက်လိုသူ လူစုလူဝေးများ ပြန်လည်ဆုတ်ခွာ လူစုကွဲသွားသဖြင့် လူအများအပြားသေဆုံး၊ ထိခိုက်ပျက်စီးမှု ဖြစ်ပွားမည့်အန္တရာယ်မှ လွတ်ကင်းသွားခဲ့သည်ဟု သိရှိရပါသည်။ မောင်တောဖြစ်စဉ်တွင် ထိုစဉ်က နစက အကြီးအကဲ လုပ်သူက ပြတ်သားစွာ ကိုင်တွယ်အရေးယူဆောင်ရွက်ခဲ့မည်ဆိုပါက ယခု ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများစွာ ဖြစ်ပေါ်လာမည်မဟုတ်ကြောင်း ရခိုင်ရပ်မိ/ရပ်ဖများမှ ဝေဖန်သုံးသပ်ခဲ့ကြပါသည်။ ထိုကဲ့သို့သော တရားဥပဒေစိုးမိုးကိစ္စရပ်များ ဆောင်ရွက်သည့်အခါတွင် အောက်ခြေရှိ တာဝန်ရှိသူ အရာရှိများထံသို့ လုပ်ပိုင်ခွင့်အာဏာများ ကြိုတင်ပေးထားပါက ပြဿနာများစွာကို ထိန်းချုပ်ထားနိုင်မည်ဖြစ်ပါသည်။ အောက်ခြေသို့ အာဏာဖြန့်ဝေထားခြင်းမရှိခဲ့သောကြောင့် ရခိုင်ပြည်နယ်၏ ပဋိပက္ခများ ကျယ်ပြန့်သွားရသည့်အပြင် ကာလရှည်ကြာသွားရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးဆောင်ရွက်ထိန်းသိမ်းနေရသူများကိုပင် လူအုပ်မှ အန္တရာယ်ပြုခံရခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအပြင် အဖွဲ့အစည်းတစ်ခုလုံးနှင့် နောက်ဆုံးတွင် အစိုးရအထိပါ ပြစ်တင်ခြင်းခံရသည်အထိ ဖြစ်သွားခဲ့ရကြောင်း၊ ဖြစ်သင့်သည်မှာ ပြဿနာစ-စချင်းပင် ပြတ်သားစွာ အရေးယူကိုင်တွယ်သွားသင့်ကြောင်း ပြောဆိုသုံးသပ်ကြပါသည်။

၉.၉။ ဘူးသီးတောင်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်များသည် အခြားဒေသများနှင့် မတူသည်ကို တွေ့ရှိရပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးသည် ရခိုင်ဒေသခံတစ်ဦးဖြစ်ပြီး ဘင်္ဂါလီများ၏ သဘောသဘာဝကို နားလည်သောကြောင့် သောကြာနေ့ဝတ်ပြု ဆုတောင်းပွဲမတိုင်ခင် လုံထိန်းတပ်ဖွဲ့ဝင်များကို ကြိုတင်စုစည်းထားခဲ့ကာ မြို့၏အရေးကြီး အချက်အခြာကျသည့်နေရာများကို လုံခြုံရေးယူထားနိုင်ခဲ့ပါသည်။ တပ်မတော်တပ်ရင်းများသည် မြို့၏မြောက်ခြမ်းတွင် ရှိနေပါသည်။ မြို့မရပ်ကွက် (၃) ရှိ မြို့မဗလီတွင် ဝတ်ပြုဆုတောင်းချိန်၌ အချို့လုံထိန်းတပ်ဖွဲ့ဝင်များက ဗလီကို ကင်းပုန်းဝပ်၍ ဝိုင်းထားခဲ့ပါသည်။ ဗလီဆင်းချိန်တွင်

ဆူပူမှုပြုလုပ်ရန် မြို့သို့ တက်ရောက်လာသည့် နယ်များမှ ဘင်္ဂါလီများလည်းရှိပါသည်။ မြို့နယ် အုပ်ချုပ်ရေးမှူးမှ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဆက်သွယ်ပြီး အခြေအနေကို တင်ပြကာ ပုဒ်မ (၁၄၄) ကိုထုတ်ပြန်ခဲ့ပါသည်။ ထိုအချိန်တွင် တပ်မှ မြို့တွင်းသို့ဝင်ရောက်၍ လုံခြုံရေး လက်ဦး မှုကို ရယူနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဘူးသီးတောင်မြို့နယ်တွင် ပဋိပက္ခဖြစ်ပွားမှုများသည် အခြားဒေသများထက် ပိုမိုနည်းပါးခဲ့သည်ကို တွေ့ရှိရပါသည်။

၉.၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်များနှင့် အညီတရား ဥပဒေစိုးမိုး ရေးနှင့် ငြိမ်ဝပ်ရေးများ ဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်အတွင်းရှိ တပ်မတော်၊ ရဲတပ်ဖွဲ့၊ နစက၊ အထွေထွေအုပ်ချုပ်ရေး၊ လဝက၊ အကျဉ်းဦးစီး၊ တရားရေးနှင့် ဥပဒေစသည့်ဌာနများ သည် ဖွဲ့စည်းပုံအင်အားအပြည့်အဝမရှိခြင်း၊ ပဋိပက္ခကိုင်တွယ်ခြင်း၊ နှိမ်နင်းခြင်းစသည့်နည်း ပညာများတွင် အားနည်းခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို ထိ ရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ဥပမာ - မောင်တောမြို့တွင် ဥပဒေစိုးမိုးရေးဆောင်ရွက်သည့် အဖွဲ့ဝင်များသည် အင်အားလုံလောက်မှု မရှိခြင်းနှင့် ကြိုတင် ပြင်ဆင်မှုအားနည်းခြင်း၊ အခင်းဖြစ်ပွားသည့်အခါအတိုင်း ရင်ဆိုင်ရသည့်အင်အားနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏အင်အား မညီမျှခြင်းတို့ကြောင့် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်း နိုင်ခြင်းမရှိခဲ့ ခြင်းဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

၉.၁၁။ အခြားတစ်ချက်မှာ ရခိုင်ပြည်နယ်၏ သဘာဝ ပထဝီအနေအထားအရ တစ်နေရာနှင့်တစ်နေရာ အလွယ်တကူသွားရောက်နိုင်ရန် ခက်ခဲခြင်းကြောင့် ပဋိပက္ခဖြစ်ပွားသည့်အခါတိုင်း ထိရောက် စွာ အရေးယူဆောင်ရွက်နိုင်ရန် အခက်အခဲများစွာ ဖြစ်ခဲ့ပါသည်။ ဥပမာ- ရသေ့တောင်မြို့ နယ်အတွင်းရှိ မေယုမြစ်နှင့် မြစ်သွယ်များသည် မြစ်ဝကျွန်းပေါ်ကဲ့သို့ပင် မြစ်ချောင်းများပေါ များသဖြင့် တစ်နေရာမှတစ်နေရာသို့ အမြန်သွားလာပြီး အရေးယူဆောင်ရွက်ရန် လွန်စွာခက်ခဲ ပါသည်။ အလားတူ မောင်တောမြို့နယ်သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့်ကပ်လျှက်ရှိပြီး၊ လမ်း ပန်းဆက်သွယ်ရေးလည်း ဆိုးရွားသည့်အပြင်၊ ဘင်္ဂါလီလူဦးရေထူထပ်မှုကြောင့် ပဋိပက္ခဖြစ် ပွားသည့်အခါတိုင်း လျင်မြန်ထိရောက်စွာ အရေးယူဆောင်ရွက်ရန် ခက်ခဲသည်ကို တွေ့ရှိရပါ သည်။

၉.၁၂။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့်ပဋိပက္ခများနှင့်ဆက်နွယ်ပြီး ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ တစ်လျှောက်တွင် ရာဇဝတ်မှုနှင့် တရားမမှုများစွာကို ရခိုင်ပြည်နယ်ရှိ တရားရုံးအဆင့်ဆင့်မှ စစ်ဆေးစီရင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါအရေးအခင်းကာလအတွင်း ဖြစ်ပွားခဲ့ သည့် အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများတွင် စစ်ဆေးခဲ့သည့်အမှုပေါင်း (၂၂၆) မှု ရှိခဲ့ပြီး၊ စီရင်ပြီးပြတ်ခဲ့သည့် အမှုပေါင်း (၁၄၁) မှု ရှိကာ၊ ကျန်ရှိနေသည့် အမှုပေါင်း (၈၅) မှုရှိကြောင်း ပြည်နယ်တရားလွှတ်တော်ရုံး၏ စာရင်းများအရ သိရှိရပါသည်။ ဆူပူမှုဖြစ်စဉ်တွင် ရခိုင်လူမျိုး များမှ ကျူးလွန်သည့်အမှုပေါင်း (၁၀၀) မှု ရှိပြီး လူပေါင်း (၂၄၆) ဦးကို တရားစွဲဆိုထားပါသည်။ ဘင်္ဂါလီဘက်မှ ကျူးလွန်သည့်အမှုပေါင်း (၁၂၅) မှုရှိပြီး လူပေါင်း (၁,၅၈၉) ဦးကို တရားစွဲဆို

ထားပါသည်။ ကမန်ဘက်မှ ကျူးလွန်သည့် အမှု (၁) မှုရှိပြီး လူ (၈) ဦးအား အမှုဖွင့် အရေးယူထားသည်ကို တွေ့ရှိရပါသည်။

၉.၁၃။ တရားဥပဒေစိုးမိုးရေးဖော်ဆောင်ရာတွင် တရားဥပဒေကို ချိုးဖောက်သည်ဟု တရားရုံးမှ သတ်မှတ်ပြီး အပြစ်ပေးခံရသည့်ရာဇဝတ်သားများ၏ အကျင့်စရိုက်ကို ပြင်ဆင်ပြုပြင်ပြီး လူ့ဘောင်အဖွဲ့အစည်းသို့ ပြန်လည်ဝင်ဆန့်နိုင်စေရန် လုပ်ဆောင်ပေးခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် အရေးပါသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် လက်ရှိအကျဉ်းထောင်များ၏ ဝန်ထမ်းအင်အားများသည် ဖွဲ့စည်းပုံအရ ပြည့်မီခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ထောင်များ၏ လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် ဖွဲ့စည်းပုံအရ အဆောက်အဦးတို့ကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ အရေးအခင်းဖြစ်ပြီးနောက်ပိုင်း အကျဉ်းသားဦးရေ (၁,၅၀၀) ကျော်ခန့်တိုးလာသဖြင့် အကျဉ်းထောင်၏ သတ်မှတ်လူဦးရေထက် ကျော်လွန်လက်ခံထားရသည်ကို တွေ့ရှိရပါသည်။ အကျဉ်းသားများထဲတွင် လူမျိုးစုံ၊ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံပါဝင်လျှက်ရှိရာ အကျဉ်းဦးစီးဝန်ထမ်းများသည် ဘာသာစကားအခက်အခဲနှင့် ကြုံတွေ့နေရသည်များရှိပါသည်။ ရခိုင်ပြည်နယ်တွင် "က" အဆင့်အကျဉ်းထောင် (၄) ခုရှိပြီး အကျဉ်းဦးစီးဝန်ထမ်း စုစုပေါင်းမှာ (၃၁၃) ဦးရှိပါသည်။ လက်ရှိအချုပ်နှင့် အကျဉ်းသား/အချုပ်သားဦးရေသည် (၁၁.၂.၂၀၁၃) ရက်နေ့ထိ (၃,၆၇၈) ဦး ရှိပါသည်။ အကျဉ်းသားများပြားသည့် အကျဉ်းထောင်နှစ်ခုမှာ စစ်တွေနှင့် ဘူးသီးတောင်ထောင်တို့ဖြစ်ပြီး အဆိုပါအကျဉ်းထောင်များတွင် ဝန်ထမ်း (၁) ဦးလျှင် အကျဉ်းသား (၁၄) ဦးနှုန်းဖြင့် တာဝန်ယူနေရသည်ကို တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ပျမ်းမျှခြင်းအားဖြင့် ဝန်ထမ်းအင်အားနှင့် အကျဉ်းသားအချိုးမှာ (၁း၁၂) ရှိနေသည်ကို တွေ့ရှိရပါသည်။

၉.၁၄။ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် တရားရုံး၌ မှတ်ပုံတင်ထားသည့် ရှေ့နေ (၂၀၄) ဦးသာရှိကြောင်း ရခိုင်ပြည်နယ် ဘားကောင်စီစာရင်းအရ သိရှိရပါသည်။ ရခိုင်ပြည်နယ်ရှိ လူထုအတွက် ရှေ့နေများ လုံလောက်မှုမရှိသည်ကိုတွေ့ရပြီး လူထုများအနေဖြင့် ရှေ့နေများအပေါ်တွင် ယုံကြည်မှုကင်းမဲ့နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီစကားပြောတတ်သည့် ရှေ့နေမရှိသကဲ့သို့၊ ဆင်းရဲနွမ်းပါးသူများအနေဖြင့်လည်း ရှေ့နေများကို လူတိုင်းမငှားနိုင်ခြင်းတို့ကြောင့် တရားဥပဒေ၏ အခွင့်အရေးများရရှိခွင့်တွင် အဟန့်အတားသဖွယ် ဖြစ်နေပါသည်။ ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်သည့် အမှုများတွင် လုံခြုံရေးအခြေအနေကြောင့် ရှေ့နေများသည် လိုက်ပါလိုခြင်းမရှိသည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် တရားဥပဒေအရ ရသင့်ရထိုက်သည့်အခွင့်အလမ်းများကို လူထုအနေဖြင့် ရရှိရန် နှောင့်နှေးစေခြင်းက တရားဥပဒေစိုးမိုးရေးအား အဟန့်အတားဖြစ်စေသည်ကို တွေ့ရှိရပါသည်။

၉.၁၅။ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများသည် ဒေသခံတိုင်းရင်းသားများနှင့် လူပို့ဆောင်ပေးသောသူများ၏ အကူအညီများဖြင့် ဆော်ဒီအာရေဗျ၊ မလေးရှား စသောနိုင်ငံများနှင့် ရန်ကုန်နှင့် အခြားမြို့များသို့ သွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။ မောင်တောမှတဆင့် ရေကြောင်းဖြင့်

သွားလိုသူတစ်ဦးသည် ကျပ်ငွေ (၅) သိန်းနှင့် (၁၀) သိန်းကြား အကုန်အကျခံ၍ သွားကြရကြောင်း ဘင်္ဂါလီရွာသားများမှ ပြောကြပါသည်။ ဘူးသီးတောင်နှင့် မောင်တောရှိ ဘင်္ဂါလီလူမျိုးများ၏ မော်လဝီဆရာများ၏ (၇၅) ရာခိုင်နှုန်းသည် ဆော်ဒီအာရေဗျနှင့် မလေးရှားနိုင်ငံ တို့ကိုရောက်ဖူးသူများဖြစ်ကြသည်ကို တွေ့ရပါသည်။ အဆိုပါ မော်လဝီဆရာများသည် ရန်ကုန်ရှိမူဆလင်ဘာသာရေးအဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် သွားသည်များရှိသကဲ့သို့ မိမိအစီအစဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်မှတဆင့် တရားမဝင်သွားကြခြင်းများလည်း ရှိပါသည်။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နှင့် စစ်တွေမြို့တို့တွင် တရားမဝင် လူမှောင်ခိုကူးမှုများ ရှိနေပါသည်။ လူကုန်ကူးမှုနည်းလမ်းတစ်ခုမှာ ပိုက်ဆံတတ်နိုင်သူများက အာဏာပိုင်များကို ငွေပေးပြီး လေကြောင်းဖြင့်သွားကြခြင်း၊ အချို့မှာ ဆေးကုသရန်ဟု အကြောင်းပြကာ အထူးထောက်ခံချက်ဖြင့် ရန်ကုန်သို့သွားကြခြင်း၊ ရန်ကုန်သို့ ရောက်ရှိပြီးနောက် သေဆုံးပြပြီး အခြားနာမည်အသစ်ဖြင့် ဆက်လက်နေထိုင်ကြခြင်း၊ တပ်မတော်အစိုးရလက်ထက်က ထောက်လှမ်းရေးအဖွဲ့နှင့်ညှိကာ ရန်ကုန်သို့သွားရောက်ခြင်းများ ရှိပါသည်။ အခြားနည်းလမ်းတစ်ခုမှာ နယ်ခံလူကုန်ကူးသူများမှ လူတစ်ဦးလျှင် ကျပ်ငွေ (၅) သိန်းတောင်းပြီး လူတစ်ရာခန့်စုကာ သင့်တင့်သောသင်္ဘောတစ်စီးဝယ်ယူပြီး ပင်လယ်ဘက်မှတဆင့် မော်တင်စွန်းသို့သွားပြီးနောက် ထိုမှတဆင့် နယ်ခံများ၏အကူအညီဖြင့် ပုသိမ်၊ ရန်ကုန်မြို့နှင့် အခြားဒေသများသို့ မော်တော်ကားဖြင့် ပို့ဆောင်ပေးကာ လူတင်ဆောင်လာသော သင်္ဘောကို လိုရာခရီးသို့ရောက်ပြီးလျှင် လှေဝမ်းပိုက်ဖောက်၍ မြုပ်ပစ်လေ့ရှိကြောင်း တွေ့ဆုံမေးမြန်းချက်များအရ သိရှိရပါသည်။ ရသေ့တောင်မြို့နယ်မှ မော်လဝီဆရာတစ်ဦးက  ပြည်နယ်အစိုးရရုံးတွင် ဆေးဝါးကုသရန်အတွက် ထောက်ခံချက်ယူပြီး၊ ရန်ကုန်သို့သွားရောက်ခဲ့ကြောင်း၊ ရန်ကုန်တွင် ဗလီအတွက် အလှူခံပြီး ရွာသို့ပြန်လာခဲ့ကြောင်း ပြောပြပါသည်။ မောင်တောမြို့နယ် ကျေးရွာတစ်ရွာမှ မော်လဝီဆရာ (၃) ဦးကို အင်တာဗျူးရာတွင် (၃) ဦးစလုံးမှာ ဆော်ဒီအာရေဗျနိုင်ငံသို့ ဘာသာရေးအဖွဲ့များ၏ အကူအညီဖြင့် သွားရောက်ခဲ့ကြောင်း ပြောပြပါသည်။  ဘင်္ဂါလီကျေးရွာမှ ရွာသားများသည် ဘင်္ဂလားဒေ့ရှ်မှတဆင့် ဆော်ဒီအာရေဗျနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်လေ့ရှိကြကြောင်းကို တွေ့ဆုံမေးမြန်းမှုများမှတဆင့် သိရှိရပါသည်။

## ၉.၁၆။ တရားဥပဒေစိုးမိုးရေးအတွက်အကြံပြုချက်များ

၉.၁၆.၁။ ရခိုင်ပြည်နယ်အတွင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားများနှင့် နိုင်ငံသား မဟုတ်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်များကို သိရှိနားလည်မှု အလွန်နည်းပါးနေပါသည်။ "ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ စိတ်ချမ်းသာ" ဟူသည့် ဆောင်ပုဒ်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များကို သိရှိနားလည်ပြီး၊ အဆိုပါဥပဒေများ၏ အကာအကွယ်ပေးမှုကို ရရှိခံစားနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ ရခိုင် ပြည်နယ်အစိုးရဌာနများ၊ စစ်တွေတက္ကသိုလ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘားကောင်စီ)၊ မြန်မာနိုင်ငံ

တက္ကသိုလ်များရှိ ဥပဒေပညာသင်ကြားနေသည့် ကျောင်းသူ/ကျောင်းသားများ ပူးပေါင်းကာ နွေရာသီဥပဒေပညာအသိပေးသင်တန်းများကို ပုံမှန်ဖွင့်လှစ်ပေးနိုင်ရန် လိုအပ်ပါသည်။

၉.၁၆.၂။ ရခိုင်ပြည်နယ်အတွင်းရှိ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တရားစီရင်ရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ အကျဉ်းဦးစီးဌာန၊ ရှေ့နေချုပ်ရုံး စသည်တို့၏ ဖွဲ့စည်းပုံအင်အားနှင့် လက်ရှိအင်အားကွာဟနေမှုများသည် ပဋိပက္ခများဖြစ်ပွားသည့်အခါ ထိရောက်စွာကိုင်တွယ်ဖြေရှင်းခြင်း၊ တရားဥပဒေစိုးမိုးရေးအား ဖော်ဆောင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုဖော်ဆောင်ခြင်း စသည့်လုပ်ငန်းများလုပ်ဆောင်ရာတွင် နှောင့်နှေးခြင်းနှင့် မအောင်မြင်ခြင်းများကို ဖြစ်စေပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် အချိန်မရွေး ပဋိပက္ခပြန်လည်ဖြစ်ပွားနိုင်သဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ လုံခြုံရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့အား ဖွဲ့စည်းပုံအင်အားနှင့်အညီ အပြည့်အဝ ဖြည့်ဆည်းပေးထားသင့်ပါသည်။ ယခုကဲ့သို့သောအခြေအနေမျိုးတွင် ရခိုင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအသီးသီးရှိ လဝက အင်အားကို အထူးကိစ္စရပ်အနေဖြင့် အပြည့်အဝ ဖြည့်တင်းပေးကာ ကျေးရွာများအထိ လုံလောက်သောအင်အားဖြင့် ကွင်းဆင်းစီစစ်ခြင်းလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်စေသင့်ပါသည်။ ထိုနည်းတူစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့ကိုလည်း အင်အားဖြည့်တင်းပေးသင့်ပြီး ကျေးရွာများအထိ ကွင်းဆင်းလုပ်ငန်းများကို ဆောင်ရွက်စေသင့်ပါသည်။

၉.၁၆.၃။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိခင်ကတည်းက ယခုအချိန်အထိ ရခိုင်အမျိုးသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ပဋိပက္ခများစွာ ဖြစ်ပွားခဲ့ပြီးဖြစ်ပါသည်။ ပဋိပက္ခများဖြစ်ပွားလေ့ရှိသည့် အခြားနိုင်ငံများထံမှ သင်ခန်းစာယူ၍ Conflict Management Center ကဲ့သို့သော ဌာနတစ်ခုအား ဖွဲ့စည်းထားပြီး ပဋိပက္ခများဖြစ်ပွားစေနိုင်သည့် အချက်အလက်များ စုဆောင်းခြင်း၊ ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများ ရေးဆွဲပြုစုခြင်း၊ ပဋိပက္ခများ ဖြစ်ပွားပြီးသည့်နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြင်ဆင်ပြုစုခြင်း အစရှိသည့် လုပ်ငန်းများကို လုပ်ဆောင်ထားသင့်ပါသည်။ ထို့ပြင် ပြဿနာများဖြစ်ခါနီးအချိန်တွင် ကြိုတင်ခန့်မှန်းသိရှိ၍ လိုအပ်သည့် ကြိုတင်ကာကွယ်သည့်စနစ် (Early Warning System) တစ်ခုကိုလည်း တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၉.၁၆.၄။ ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများသည် ရခိုင်လူမျိုးအရာရှိများသာဖြစ်ပါက ပြည်နယ်အတွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုများသည် ရခိုင်များကို မျက်နှာသာပေးသည်ဟု ပြောလာနိုင်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရသည့်အဖွဲ့များတွင် ရခိုင်အမျိုးသားများသာမက တိုင်းရင်းသားပေါင်းစုံကို တာဝန်ပေးအပ် ခန့်ထားသင့်ပါသည်။

၉.၁၆.၅။ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် (နစက) သည် မတူညီသော ဝန်ကြီးဌာန (၄)ခုမှ ထုတ်နုတ်ပေါင်းစပ် ဖွဲ့စည်းထားသောဌာနချုပ်ဖြစ်ကြောင်းနှင့် ကက(ကြည်း)၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိနေကြောင်း သိရှိရပါသည်။ ၎င်းဌာနချုပ်အား တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရန် ဖွဲ့စည်းမှုများကို ပြန်လည်သုံးသပ်သင့်ပါသည်။ လက်ရှိ နစကသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ဟု ဒေသခံများမှပြောကြပါသည်။ သို့ရာတွင် ကွပ်ကဲမှုလမ်းကြောင်းမတူညီမှုကြောင့် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်ရှိ တပ်မတော်မှအပ နယ်ဘက်အုပ်ချုပ်ရေးနှင့်ဆက်စပ်သော ဌာနအားလုံးသည် ပြည်နယ်ဝန်ကြီးချုပ်ကို အပြည့်အဝတာဝန်ခံမှုမျိုးဖြစ်သင့်ပါသည်။ လုံခြုံရေးအဖွဲ့အစည်းများသည် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် နယ်မြေဒေသအတွင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လုံခြုံရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အမိန့်ကိုသာနာခံရပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေးဆောင်ရွက်သူများ၏ အမိန့်ကို နာခံနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လုံခြုံရေးအဖွဲ့အစည်းများသည် ပဋိပက္ခများကို မဖြစ်ခင် ကြိုတင်ကာကွယ်ရာတွင်လည်းကောင်း၊ ဖြစ်ပြီးချိန်တွင် အခြေအနေကို ထိန်းချုပ်နိုင်ရေးအတွက် ထမ်းဆောင်ရာတွင်လည်းကောင်း ၎င်းတို့၏တာဝန်များကို အချိန်မီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်ပူးပေါင်းကာ ဆောင်ရွက်နိုင်မည့်နည်းလမ်း (Mechanism) များထားရှိရန် လိုအပ်ပါသည်။

၉.၁၆.၆။ လက်ရှိနယ်စပ်အခြေအနေများကြောင့်၊ နစက အနေဖြင့် နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရအမိန့်များထုတ်ပြန်ကာ ဆက်လက် ထိန်းချုပ်ထားသင့်ပါသည်။ သို့ရာတွင် နစကအဖွဲ့များသည် နယ်မြေဒေသ အေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို ဦးတည်၍ တာဝန်များကို ဆောင်ရွက်သင့်ပါသည်။ နစက အဖွဲ့ဝင်များသည် တရားဥပဒေဘောင်အတွင်း နေထိုင်နေသော ပြည်သူလူထု၏အကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ရပါမည်။ တရားဥပဒေကို ချိုးဖောက်သူများအား ဆက်ဆံရာတွင်လည်း တရားဥပဒေအရ အရေးယူမှုမျိုးကိုသာ ပြုလုပ်သင့်ပါသည်။ နစက အဖွဲ့ဝင်များသည် ဥပဒေနှင့် မညီသောလုပ်ဆောင်မှုများအားလုံးကို ရှောင်ကြဉ်သင့်ပြီး ပြည်သူ့ဆက်ဆံရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံးသင့်ပါသည်။ အကယ်၍ နစက တပ်ဖွဲ့ဝင်တစ်ဦးဦးအနေဖြင့် ဥပဒေချိုးဖောက်မှုရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။

၉.၁၆.၇။ ပဋိပက္ခများဖြစ်ပွားနေစဉ်အတွင်း အခြေအနေကို ထိန်းသိမ်းရာတွင်လည်းကောင်း၊ ပဋိပက္ခများမဖြစ်ပွားမီ ကြိုတင်ကာကွယ်သည့် အရေးယူလုပ်ဆောင်မှုများကို လုပ်ဆောင်ရာတွင်လည်းကောင်း၊ တာဝန်ယူဆောင်ရွက်သည့်ပုဂ္ဂိုလ်များသည် ဆုံးဖြတ်ချက်များကို ခိုင်မာ ပြတ်သားစွာချမှတ်ရန်နှင့် အရေးယူဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်မှုများပြုလုပ်နိုင်ရန် လိုအပ်ပါ

သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်နှင့် ထိရောက်သည့် အရေးယူမှုများကို သင့်တော်သလို ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်အား လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ထားသင့်ပါသည်။ ထို့ပြင် ပြဿနာကို တိုက်ရိုက်ဖြေရှင်းရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အစိုးရများအနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများကို တိုက်ရိုက်အမိန့်ပေး အရေးယူဆောင်ရွက်နိုင်သည့် အခွင့်အာဏာ ရှိသင့်ပါသည်။ သို့မှသာ လိုအပ်သည့်ဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၉.၁၆.၈။ ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေရသူများအား မိမိတို့တာဝန်ကို စနစ်တကျ ရဲဝံ့စွာ အရေးယူဆောင်ရွက်နိုင်ရန် အစိုးရတာဝန်ရှိသူများမှ အားပေးတိုက်တွန်းရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် တရားရုံးနှင့် ရဲအရာရှိများ အနေဖြင့် မိမိတို့တာဝန်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြသော်လည်း အသိအမှတ်ပြုခြင်းမခံရသည့်အပြင် အပြစ်တင်ဝေဖန်ခံနေရမှုများကြောင့် အလွန်စိတ်ဓါတ်ကျရကြောင်း ပြောဆိုမှုများ ရှိနေပါသည်။ အထူးသဖြင့် စစ်တွေမြို့၌ ၂၀၁၂ ခုနှစ်၊ နှစ်လယ်ပိုင်းက စစ်တွေမြို့ ဈေးလေလံနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သော အဓိကရုဏ်းကို ဖြိုခွဲရန် ကြိုးစားခဲ့သည့် ကိစ္စရပ်နောက်ပိုင်းတွင် အခြားလုံခြုံရေးကိစ္စများကို တာဝန်ယူရသူများအနေဖြင့် မလုပ်၊ မရှုပ်၊ မပြုတ်ဆိုသည့် သဘောထားလျှင် ပြဿနာကင်းသည်ဟု ခံယူလာကြကာ အလုပ်ကို ဝတ်ကျေရုံမျှသာ လုပ်ခြင်းများဖြစ်လာစေပါသည်။ သက်ဆိုင်ရာတာဝန်ယူရှိသူများအနေဖြင့် မိမိတာဝန်ကို နည်းလမ်းတကျဆောင်ရွက်သော ဝန်ထမ်းများကို အကာအကွယ်ပေးသွားရန် လိုအပ်ပါသည်။ အကယ်၍ဝန်ထမ်းများအား ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအပေါ် အရေးယူမှုများပြုလုပ်ပါက မည်သည့်အတွက်ကြောင့် အရေးယူရခြင်းဖြစ်သည်ကို ပွင့်လင်းစွာ ရှင်းလင်းထုတ်ပြန်ထားသင့်ပါသည်။

၉.၁၆.၉။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လူမျိုးရေးပြဿနာများအား မိမိတို့အဖွဲ့အစည်း အကျိုးအမြတ်အတွက် အသုံးပြုနေသော မည်သည့်နိုင်ငံရေး အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကိုမဆို ဥပဒေများပြဋ္ဌာန်း၍ ထိရောက်စွာ တားမြစ်သွားသင့်ပါသည်။

၉.၁၆.၁၀။ တရားဥပဒေစိုးမိုးမှုဖြစ်တည်နိုင်ရေးအတွက်၊ ဥပဒေချိုးဖောက်သူများအား တရားရုံးများမှအရေးယူ အပြစ်ပေးခြင်း ပြုလုပ်ရာတွင်၊ ရခိုင်လူမျိုး၊ ဘင်္ဂါလီနှင့် အခြားတိုင်းရင်းသားများဟူ၍ ခွဲခြားဆက်ဆံခြင်းမပြုဘဲ၊ တရားဥပဒေရှေ့တွင် အားလုံးတန်းတူဆက်ဆံခြင်း ပြုနိုင်ရေးကို အလေးထားသင့်ပါသည်။ ပဋိပက္ခများထိန်းသိမ်းကိုင်တွယ်ရန် လိုအပ်သည့်ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ပြန်တမ်းများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအများစု သိရှိနားလည်နိုင်ရန် ထုတ်ဝေသင့်ပါသည်။ (ဥပမာ - ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ သမ္မတမှ ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ/ပြည်သားများ၏ အသက်အိုးအိမ်လုံခြုံရေးအတွက် အရေးပေါ်ထုတ်ပြန်သည့်အမိန့်နှင့် အဆိုပါအရေးပေါ်အမိန့်နှင့် သက်ဆိုင်သည့်ဥပဒေများကို ကျူးလွန်သူများအား မည်သို့အရေးယူခြင်း ပြုနိုင်သည်ဟူသည့် အချက်များ

ကို စာသင်ကျောင်းများ၊ ဗလီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ အစိုးရရုံးများ၊ အသင်းတော်များ စသည်တို့တွင် ဖြန့်ဝေခြင်း၊ စာကပ်ခြင်း၊ အသံချဲ့စက်များဖြင့် လိုက်လံကြေညာစေခြင်း၊ သတင်းစာ၊ ဂျာနယ်၊ ရေဒီယိုများမှ ပုံမှန်ထုတ်ပြန်ခြင်းများကို ပြုလုပ်သင့်ပါသည်။)

၉.၁၆.၁၁။ ရခိုင်ပြည်နယ်အတွင်း၌ ဖြစ်ပွားနေသည့် ပဋိပက္ခများတွင် ပါဝင်သူများ၊ ဥပဒေဖောက်ဖျက်ပြီး ရာဇဝတ်မှုကျူးလွန်သူများကို တရားရုံးများမှ တရားစီရင်ခြင်းပြုလုပ်ရာတွင် အထူးသတိထား လုပ်ဆောင်ရန် လိုအပ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံမှ သဘောတူလက်ခံထားသည့် နိုင်ငံတကာကွန်ဗင်းရှင်းများ၊ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်များကိုပါ ထည့်သွင်းစဉ်းစားပြီး လွတ်လပ်သည့် တရားစီရင်မှုများဖြစ်စေရန် အထူးအရေးကြီးပါသည်။

၉.၁၆.၁၂။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများချုပ်ငြိမ်းစေရန် လုံခြုံရေးတပ်ဖွဲ့အင်အားများကို ရုတ်တရက် များပြားစွာလျော့ချခြင်းမျိုး မပြုလုပ်သင့်သည့်အပြင် လုံခြုံရေးတာဝန်ယူနေသည့် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းနှင့်ထောက်လှမ်းရေး၊ နယ်စပ်ဒေသလူဝင်မှု ကြီးကြပ်ရေး (နစက) စသည့်အင်အားစုများကို အင်အားနစ်ဆအထိ တိုးမြှင့်ချထားပေးရန် လိုအပ်ပါသည်။ အကြမ်းဖက်အဖွဲ့အစည်း၊ အစွန်းရောက်အဖွဲ့အစည်းများ၏ အန္တရာယ်မှ ကြိုတင်ကာကွယ်၊ ထောက်လှမ်းသိရှိနိုင်ရန် စစ်ဘက်၊ အရပ်ဘက်ထောက်လှမ်းရေးများ ပါဝင်သည့် အထူးအဖွဲ့ (Special Team) တစ်ခုကို ဖွဲ့စည်းတာဝန်ပေးအပ်သင့်ပါသည်။ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ထားရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နှင့် အခြားပင်လယ်ကမ်းခြေဒေသများအား တည်ငြိမ်အေးချမ်းမှု တည်ဆောက်နိုင်သည့်အထိ၊ စစ်ဖက်နှင့်အရပ်ဖက် ပူးပေါင်းအုပ်ချုပ်သည့်စနစ်မျိုး ထားရှိသင့်ပါသည်။ မနက် (၆) နာရီမှ ညနေ (၆) နာရီအထိအား အရပ်ဖက်အုပ်ချုပ်ရေး ကျင့်သုံးစေပြီး၊ ညနေ (၆) နာရီမှ မနက် (၆) နာရီအထိအား စစ်ဖက်အုပ်ချုပ်ရေး လက်အောက်တွင် ထားရှိသင့်ပါသည်။

၉.၁၆.၁၃။ ရခိုင်ပြည်နယ်သည် လူဦးရေပေါက်ကွဲနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်း၊ ရေနယ်နိမိတ်များ ထိစပ်နေသည့်အပြင် အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက်ပေါက်ရောက်သည့် ရှည်လျားလှသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ မြန်မာနိုင်ငံသာမက ဒေသလုံခြုံရေး၊ စီးပွားရေးအတွက် အလွန်အချက်အခြာကျနေပါသည်။ သို့ဖြစ်၍ မြန်မာ့ပင်လယ်ပြင်ကို စိုးမိုးထားနိုင်ရေးအတွက် တပ်မတော် (ရေတပ်) အင်အားကို မဖြစ်မနေ တိုးချဲ့ချထားရမည်ဖြစ်ပါသည်။ ထိုနည်းတူ ကမ်းခြေစောင့်ရဲတပ်ဖွဲ့ (Marine Police/ Coastal Police) ကိုလည်း ဖွဲ့စည်းချထားပြီး ကင်းလှည့်တိုက်ခိုက်ရေးရေယာဉ် (Assault Boat) များကို ထုတ်ပေးကာ ရေတပ်နှင့် ပူးပေါင်းကင်းလှည့်ခြင်းများကို ဆောင်ရွက်စေသင့်ပါသည်။ ထို့ပြင် ကမ်းခြေစောင့် ရေဒါစခန်းများ၊ ကင်းလှည့်လေယာဉ်များ၊ CCTV စောင့်ကြည့်ကင်မရာများကိုတပ်ဆင်အသုံးပြုစေသင့်ပါသည်။ လုံခြုံရေးလက်နက်ကိုင်တပ်ပေါင်းစုကို ထိပ်ဆုံးမှတစ်ဦးက ပေါင်းစပ်ညှိနှိုင်းကွပ်ကဲပေးရပါမည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ဘက်စုံလုံခြုံရေး မဟာဗျူဟာစီမံချက်ကို ရေးဆွဲချမှတ်

ထားရှိရမည်ဖြစ်ပါသည်။ Holistic Approach နှင့် Preventive Approach Paradigm ဖြင့် စီမံချက်များကို ရေးဆွဲဆောင်ရွက်ထားသင့်ပါသည်။

၉.၁၆.၁၄။ ယခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပမည် ဖြစ်ရာ နယ်စပ်ဒေသသို့ အနည်းနှင့်အများ ဂယက်ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။ သို့ဖြစ်၍ နယ်စပ်အခြေအနေများကို မျက်ခြေမပြတ် စောင့်ကြည့်ထားသင့်ပါသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နယ်စပ်ခြံစည်းရိုးကာနေသော တပ်မတော်အင်ဂျင်နီယာတပ်မှ စစ်သည် အချို့ကို တစ်ဖက်နိုင်ငံအခြေပြု စစ်သွေးကြွများက အလစ်အငိုက်ယူကာ တိုက်ခိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များနှင့် မကြာခဏ နှောင့်ယှက်မှုများရှိနေခဲ့ကြောင်း ကြားသိရပါသည်။ သို့ဖြစ်ရာ နယ်စပ်လုံခြုံရေးအတွက် ကြိုတင်မျှော်တွေးပြီး လုံခြုံရေးအစီအမံများထားရှိခြင်း၊ လုံခြုံတပ်ဖွဲ့ အင်အားတိုးမြှင့်ချထားခြင်းနှင့် အဝင်အထွက်များ စီစစ်ကြပ်မတ်ခြင်းများကို သေချာစွာဆောင်ရွက်ထားသင့်ပါသည်။

၉.၁၆.၁၅။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ခိုးဝင်လာမှု (Migration) ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် ဘင်္ဂလားဒေ့ရှ်အစိုးရမပါဘဲ ဖြေရှင်းရန် မဖြစ်နိုင်ပါ။ နယ်စပ်တွင်ဖြစ်ပွားသော အခြားပြဿနာများသည်လည်း အလားတူဖြစ်ပါသည်။ လက်ရှိတွင် နစက တစ်ခုတည်းကသာ ၎င်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်း ဆက်ဆံနေခြင်းဖြစ်ပါသည်။ ပိုမိုထိရောက်စေရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးအား နိုင်ငံတော်အဆင့်အနေဖြင့် ဆက်ဆံသွားသင့်ပါသည်။ သို့ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေးကို တိုးမြှင့်ထားသင့်ပါသည်။

၉.၁၆.၁၆။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဓိကရုဏ်းများဖြစ်ပွားသည့်အခါ တာဝန်ယူမည့် အဓိကရုဏ်းကိုင်တွယ်ဖြေရှင်းရေးတပ်ကို ဖွဲ့စည်းခြင်း၊ ထိုတပ်ဖွဲ့များအား လိုအပ်သည့် အဓိကရုဏ်းနှိမ်နင်းရေးသုံးလက်နက်များ အပြည့်အစုံတပ်ဆင်ပေးခြင်း၊ ပုံးရှင်းလင်းရေးအဖွဲ့များ ထားရှိပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ အထူးသင်တန်းများပေးခြင်း၊ အရေးအခင်းဖြစ်သည်နှင့် အဓိကရုဏ်းကိုင်တွယ်ရေးဖြေရှင်းရေးတပ်အား ရှေးဦးစွာတာဝန်ပေးပြီး ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းစေခြင်း၊ အဓိကရုဏ်းနှိမ်နင်းရေးတွင် တပ်မတော်၏အကူအညီ ရယူရမည်ဆိုပါက တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များသို့ အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းများကို ထုတ်ပေးခြင်း စသည်တို့ကို ပြုလုပ်သင့်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခကဲ့သို့ အထူးလေးနက်သိမ်မွေ့သည့် ပြဿနာများအား ဖြေရှင်းရာတွင် အထူးသင်တန်းပေးထားသော အဓိကရုဏ်းကိုင်တွယ်ဖြေရှင်းသည့်တပ်ရှိမှသာ ပဋိပက္ခများကို လျှော့နည်းစေနိုင်မည်ဟု ယူဆပါသည်။

၉.၁၆.၁၇။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ယှဉ်တွဲနေထိုင်သည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ၊ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုစသည်တို့အား အခြေခံပြီး ပဋိပက္ခဖြစ်ရန် (သို့မဟုတ်) အဓိကရုဏ်းများဖြစ်ရန် လှုံ့ဆော်မှုပြုနေသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါ

သည်။ ယင်ကျေးသောလူဘောင်အဖွဲ့အစည်းတွင် အမှန်းတရားကို အခြေခံပြီးဖြစ်ပွားလာသည့် မှုခင်းများ မရှိသင့်သောကြောင့် အပြည်ပြည်ဆိုင်ရာတွင် ယင်းမှုခင်းများကို ထိထိရောက်ရောက် အရေးယူနေပါသည်။ ထို့ကြောင့် လက်ရှိကျင့်သုံးနေသော ပြစ်မှုဆိုင်ရာဥပဒေပါ ပြဌာန်းချက်များအတိုင်း ထိရောက်စွာအရေးယူမှုများကို ပြုလုပ်ရန်လိုအပ်ပြီး၊ ဟန့်တားနိုင်ရန်အတွက် ထိရောက်သည့်ပြစ်ဒဏ်များပေးနိုင်ရေးတို့ကိုလည်း ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ဥပဒေပြုရေးကဏ္ဍမှလည်း ထိရောက်သော အရေးယူမှုများပြုလုပ်နိုင်ရန် လိုအပ်သည့်ဥပဒေများကို ရေးဆွဲပြဌာန်း ပေးသင့်ပါသည်။

၉.၁၆.၁၈။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် (good governance) ဖြစ်စေရန်အတွက် အဆင့်ဆင့်သောအစိုးရအဖွဲ့ရှိ တာဝန်ရှိသူပုဂ္ဂိုလ်များက ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး (law and order) နှင့် ဆိုင်သောကိစ္စများ (ဥပမာ - ကြိုတင် တားဆီးရေး၊ ကန့်သတ်ရေး) ကို ချက်ချင်း အရေးယူပေးရန်လိုအပ်ပါသည်။ ထိုနည်းတူ သန့်ရှင်းသောအစိုးရ ( clean government) ဖြစ်စေရန် အစိုးရဝန်ထမ်းအားလုံး၊ ရဟန်းရှင်လူ၊ ပြည်သူလူထုအားလုံး (အတန်းစားမရွေး၊ လူမျိုးဘာသာမရွေး) တို့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ ကိုယ်တိုင်လိုက်နာခြင်း၊ အများအား ပညာပေးခြင်းများဆောင်ရွက်ရန်လိုအပ်ပြီး ဒေသဆိုင်ရာအစိုးရအဖွဲ့အား ဒေသန္တရ ဥပဒေများနှင့်အညီ လိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ခွင့်ပေးရန် လိုအပ်ပါသည်။

၉.၁၆.၁၉။ မည်သို့ပင်ဖြစ်စေ အစိုးရဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင်နေထိုင်ကြသော ပြည်သူ/ ပြည်သားများအားလုံးသည် နိုင်ငံတော်မှ ပြဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါကလည်း ဖောက်ဖျက်ကျူးလွန်သည့် မည်သူ့ကိုမဆို ဥပဒေအတိုင်း တိတိကျကျ အရေးယူသွားရမည်ဖြစ်ပါသည်။

## ၁၀။ ရိုဟင်ဂျာအခေါ်အဝေါ်ပြဿနာ

၁၀.၁။ ရခိုင်ရာဇဝင်များတွင် ရခိုင်လူမျိုးများနှင့်အစ္စလာမ်ဘာသာဝင် ဘင်္ဂလားနယ်သားများ အပြန်အလှန် ဆက်ဆံခဲ့မှုများ ရှိနေခဲ့ပါသည်။ အချို့အင်အားကြီးသော ရခိုင်ရှင်ဘုရင်များ လက်ထက်တွင် စစ်တကောင်းဒေသအပါအဝင်၊ ဘင်္ဂလားနယ် (၁၂) နယ်ကို အုပ်ချုပ်ခဲ့ခြင်း၊ ဘင်္ဂလားဒေသခံများ၏ ယုံကြည်အားထားမှုရရှိရန် အုပ်ချုပ်ရေးအမြင်အရရခိုင်ရှင်ဘုရင်များက ရခိုင်ဘွဲ့အပြင် အစ္စလာမ်ဘွဲ့အမည်များကိုပါ ခံယူလေ့ရှိခြင်း၊ ဘင်္ဂလားဘုရင်များနှင့် ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံခဲ့ဘူးကြသည်သာမက စစ်ရေးစစ်ရာအကူအညီများကိုပင် ပေးအပ်ခဲ့ကြခြင်း၊ ရခိုင်ရှင်ဘုရင်ထံတွင် လက်နက်ကိုင်လေးသည်တော်များအဖြစ် အစ္စလာမ်စစ်သည်တော်များ အမှုထမ်းခဲ့ခြင်း၊ ထိုသူများမှဆင်း သက်လာသော အစ္စလာမ်ဘာသာဝင် ကမန်လူမျိုးများကို ယနေ့ တိုင်းရင်းသားများအဖြစ်ဖြင့်ပင် သတ်မှတ်ခံရခြင်းစသည့် အချက်များသည် ရှေးနှစ်ပေါင်း ရာနှင့်ချီ၍ ရခိုင်လူမျိုးများနှင့် အစ္စလာမ်ဘာသာဝင်ဘင်္ဂလားအနွယ်များအကြား၊ အတူတကွငြိမ်းချမ်းစွာ နေထိုင်လာခဲ့ကြသည့် ထင်ရှားခိုင်လုံသော သာဓကများ ဖြစ်ပါသည်။ ထိုအကြောင်းအရာများကို ယနေ့ရခိုင်လူမျိုးအများစုက သိရှိလက်ခံထားကြပါသည်။ ထိုကဲ့သို့ ခိုင်မာသောအထောက်အထားများနှင့် ရခိုင်အများစုကပင် လက်ခံထားခဲ့ပြီးဖြစ်သော်လည်း အချို့သော နိုင်ငံတကာနှင့် သံတမန်အသိုင်းအဝိုင်းများအကြားတွင် ကိုလိုနီခေတ်မတိုင်မီ ရခိုင်ဒေသတွင် မူဆလင်များနေထိုင်ခဲ့ဘူးခြင်းမရှိဟု ရခိုင်အများစုက ပြောဆိုနေသယောင် စွပ်စွဲမှုများ ထွက်ပေါ်လာနေခဲ့ပါသည်။

၁၀.၂။ ရခိုင်လူမျိုးများနှင့်ဘင်္ဂါလီလူမျိုးများသည်နှစ်ပေါင်းများစွာအတူတကွ နေထိုင်လာခဲ့ကြပါသည်။ ရခိုင်လူမျိုးများအနေဖြင့် ရိုဟင်ဂျာဟူသော အသုံးအနှုန်းကို လက်မခံကြချေ။ ၎င်းတို့အနေဖြင့် ရိုဟင်ဂျာကိစ္စနှင့်ပတ်သက်၍ သမိုင်းအထောက်အထား အခိုင်အမာ မရှိကြောင်း ယုံကြည်နေကြပါသည်။ သို့သော်လည်း ရိုဟင်ဂျာဟုယူဆဘွယ်ရာ ပထမဦးဆုံးပုံနှိပ် စာလုံးအဖြစ် ၁၇၉၉-ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော အနောက်တိုင်း သုတေသီ Dr. Francis Halmmilton ရေးသားသည့် Volume V of Asiatick Researches, " A Comparative Vocabulary of some of the languages spoken in Burma Empire" စာအုပ်စာမျက်နှာ ၂၃၇ တွင်၊ " Mohammedan who have long settled in Arakan, and who call themselves **Rooinga**, or natives of Arakan" ဟု ဖော်ပြချက်တစ်ခုကို တွေ့ရှိရပါသည်။ ဗြိတိသျှလက်အောက်သို့ ကျရောက်သွားသည့်နောက်ပိုင်း ရခိုင်ဒေသ (မောင်တောနှင့် ဘူးသီးတောင်ဒေသ)ရှိ လယ်ယာလုပ်ငန်းများတွင် စစ်တကောင်းနယ်မှ ဘင်္ဂါလီများက ဝင်ထွက်လုပ်ကိုင်နေခဲ့ပါသည်။ စစ်တကောင်းတောင်ပိုင်းနေ ဘင်္ဂါလီတို့အနေဖြင့် ၎င်းတို့၏ ဘာသာစကားဖြင့်ဆိုပါက "ရိုဟင်မလုတ်ဇာအီဘို၊ ဒါန်းကားရီဘို" ဟု ဆိုကြပါသည်။ အဓိပ္ပါယ်မှာ "ရခိုင်ပြည်ကိုသွားမယ်၊ စပါးရိတ်သိမ်းမယ်" ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စစ်တကောင်းတောင်ပိုင်းသား ဘင်္ဂါလီများသည် ရခိုင်ပြည်နယ်အား 'ရိုဟင်မလုတ်' ဟုခေါ်ခဲ့

ကြပါသည်။ "ရိုဟင်" မှာ ရခိုင်ဟုအဓိပ္ပါယ်ရပြီး "မလုတ်" မှာ တိုင်းပြည်ဟု အဓိပ္ပါယ်ရသည်ဟု ဆိုပါသည်။ ထိုမှ "ရိုဟင်ဂျာ" ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။ ရိုဟင်ဂျာမှာ လူမျိုးတစ်မျိုး၏ အမည်မဟုတ်ဟု ဆိုပါသည်။ 'ဂျာ' ၏အဓိပ္ပါယ်မှာ သွားရောက် နေထိုင်သူဟု အဓိပ္ပါယ်ရသည် ဟု ဆိုပါသည်။

၁၀.၃။ ၁၈၂၆ ခုနှစ် အင်္ဂလိပ်မြန်မာစစ်ပွဲအပြီးတွင် ရခိုင်ပြည်နယ်သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပါသည်။ ၁၈၆၉ စူးအက်တူးမြောင်းဖွင့်လှစ်ပြီးသောအခါ ကမ္ဘာ့ဆန်ဈေးကောင်းမွန် လာသောကြောင့် အင်္ဂလိပ်များသည် စစ်တကောင်းမှ ဘင်္ဂါလီမှုဆလင်များကို အလုံးအရင်းဖြင့် ခေါ်ယူကာလယ်ယာလုပ်ငန်းကိုလုပ်ကိုင်စေခဲ့ပါသည်။ ထိုသို့ရောက်ရှိလာသော စစ်တကောင်း ဘင်္ဂါလီများနှင့် ယခင်ရှိခဲ့သော ရိုဟင်ဂျာဟု ဆိုသူများအကြား မည့်သို့ဆက်စပ်မှုရှိသည် ဟူသော အထောက်အထားများ မတွေ့ရသေးပါ။ ထို့ပြင် အင်္ဂလိပ်ကိုလိုနီလက်အောက်တွင် ရခိုင်ပြည်နယ်၌ ကောက်ယူခဲ့သော သန်းခေါင်စာရင်းများတွင်လည်း ရိုဟင်ဂျာလူမျိုးနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများကို မတွေ့ရှိခဲ့ရပါ။ နယ်စပ်မျဉ်းများတစ်လျှောက်တွင် နေထိုင်ကြသော လူမျိုးစုများအနေဖြင့် နယ်မြေချင်းထိစပ်နေသော တဖက်နိုင်ငံထဲတွင်လည်း နေထိုင်နေကြသည်ကို တွေ့ရှိနိုင်ပါသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ဂျိမ်းဖောလူမျိုး တို့သည် တရုတ်နှင့် မြန်မာနိုင်ငံ၊ နှစ်နိုင်ငံစလုံးတွင် ဂျိမ်းဖောလူမျိုးများအဖြစ် နေထိုင်နေကြ သည်ကို တွေ့ရှိနိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဒေသတွင်လည်း ရခိုင်လူမျိုးများ အများအပြား နေထိုင်နေကြသည်ကိုတွေ့မြင်နိုင်ပါသည်။ ထိုနည်းတူစွာ ဘင်္ဂါလီလူမျိုးများ ကိုလည်း ဘင်္ဂလားဒေ့ရှ်နှင့် ရခိုင်ပြည်နယ်၊ နှစ်နေရာစလုံးတွင် တွေ့မြင်နိုင်ပါသည်။ သို့ရာတွင် ဘင်္ဂါလီလူမျိုးများသည် သူတို့ကိုသူတို့ ရိုဟင်ဂျာလူမျိုးများဟု ပြောဆိုခြင်းကို ဘင်္ဂလားဒေ့ရှ် ထက် မြန်မာနိုင်ငံတွင်သာ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပါသည်။ ထို့ကြောင့် ရခိုင်လူမျိုး များအနေဖြင့် ရိုဟင်ဂျာအဖြစ် တောင်းဆိုခြင်းအား လက်မခံနိုင်ခြင်း ဖြစ်ပါသည်။

၁၀.၄။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးပြန်လည်ရရှိခါစကာလနှင့် ၁၉၅၀ ခုနှစ် အစောပိုင်း ကာလများ အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ် တို့တွင် နေထိုင်သူ ဘင်္ဂါလီအချို့က ၎င်းတို့ကို၎င်းတို့ 'ရိုဟင်ဂျာ' အဖြစ် စတင်ခေါ်ဝေါ်ခဲ့ကြောင်း သိရှိရပြီး ရိုဟင်ဂျာ (Rohingya) ဟူသောစကားလုံးကို မြန်မာပြည်တွင် ပထမဦးဆုံးအကြိမ် ပုံနှိပ်စာလုံးအဖြစ် ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့ထုတ်၊ ဂါးဒီးယန်းနေ့စဉ် (Guardian Daily) မှ ပုံနှိပ်သည့်၊ ဘူးသီးတောင်မှ မူဂျာဟစ်ပါတီဝင်တစ်ဦးဖြစ်သူ အဗ္ဗဒူလာဂါဖာ (Mr. Abdul Gaffar) ရေးသည့် " The Sudeten Muslims" ဆောင်းပါးတွင် စတင်သုံးစွဲဖော်ပြခဲ့ ပါသည်။ ထိုအချိန်နောက်ပိုင်းမှစ၍ ဘင်္ဂါလီများ၏ အမျိုးမျိုးသောတောင်းဆိုမှုများနှင့် အမျိုးမျိုး သောအဖွဲ့အစည်းများတွင် ထိုစကားလုံးကို တစ်စတစ်စအသုံးပြုမှု ရှိလာသည်ကို တွေ့ရှိရပါ သည်။ ထိုတောင်းဆိုမှုများကို ရခိုင်လူမျိုးများက လက်မခံနိုင်ကြကြောင်း ခါးခါးသီးသီး ပြောဆို ကြပါသည်။ ရိုဟင်ဂျာအမည်ခံကာ အမျိုးမျိုးသောတောင်းဆိုမှုများနှင့် အမျိုးမျိုးသော

အဖွဲ့အစည်းများဖွဲ့ကာ လက်နက်ကိုင်ဆောင်လျှက် နိုင်ငံတော်အား ပုန်ကန်တိုက်ခိုက်မှုများပင် ပြုလုပ်ခဲ့ကြသည်မှာ သမိုင်းတွင် အထင်အရှားရှိနေခဲ့ပြီးဖြစ်ပါသည်။

၁၀.၅။ ၂၀၀၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ကျေးရွာတစ်ရွာတွင်နေထိုင်သူ ရွာသူ/ရွာသားပေါင်း (၁၅၀) ကို "မည်သည့်လူမျိုးဖြစ်ကြောင်း" မေးမြန်းခဲ့သောအခါ (၈၅)ရာခိုင်နှုန်းက မူဆလင်လူမျိုးဖြစ်ကြောင်း ဖြေကြားခဲ့ပြီး (၂) ရာခိုင်နှုန်းက ကုလားလူမျိုးဟု ပြောကြားသွားခဲ့ပါသည်။ ကျန် (၁) ရာခိုင်နှုန်းသာ ရိုဟင်ဂျာလူမျိုးဟု ပြန်လည်ဖြေကြားခဲ့ပါသည်။ ၎င်းတို့အနက်မှ (၃၀)ရာခိုင်နှုန်းသည် ရိုဟင်ဂျာဟူသော အဓိပ္ပါယ်ကို နားလည်သဘောပေါက်ကြသူများမဟုတ်ဟု သိရှိရပါသည်။

၁၀.၆။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင်အပါအဝင် ဘင်္ဂါလီနိုင်ငံရေးနှင့် လူမှုရေးခေါင်းဆောင်အချို့သည် ရိုဟင်ဂျာလူ့အခွင့်အရေးလှုပ်ရှားမှုကို ပိုမိုလုပ်ဆောင်လာခဲ့ကြပါသည်။ ဦးရွှေမောင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်စဉ် အချိန်၌ နိုင်ငံခြားသတင်းထောက်များမှ မေးမြန်းစဉ်က ရိုဟင်ဂျာလူမျိုးဆိုသည်မှာ အရေးမကြီးကြောင်း၊ နိုင်ငံသားအခွင့်အရေးရရှိရေးကသာ အရေးကြီးကြောင်း ပြောကြားသွားခဲ့ပါသည်။ ၁၈-၃-၂၀၁၃ ရက်နေ့တွင် ကျင်းပခဲ့သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့အစီအစဉ်တွင် ဘင်္ဂါလီလူမျိုးကို ပြည်ထောင်စုတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုပေးရန် ဦးရွှေမောင် ကိုယ်တိုင် အဆိုတင်သွင်းခဲ့ပါသည်။

၁၀.၇။ ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ၏ ပမာဏစုံစမ်းစစ်ဆေးခြင်းခရီးစဉ်အဖြစ် ၂၀၁၂-ခုနှစ်၊ စက်တင်ဘာလ ဒုတိယအပတ်အတွင်း ပဋိပက္ခများဖြစ်ပွားခဲ့ရာ စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ဘင်္ဂါလီကျေးရွာများနှင့် ဘင်္ဂါလီဒုက္ခသည်စခန်းများသို့ သွားရောက်တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့ရာတွင်လည်းကောင်း၊ ကွင်းဆင်းသုတေသနစစ်တမ်းများ အကြိမ်ကြိမ်ကောက်ယူခဲ့ရာတွင်လည်းကောင်း မေးမြန်းမှုများကို ဖြေဆိုရာတွင် သာမန်အရပ်သားများကို "သင်ဘာလူမျိုးလဲ" ဟုမေးရာ မူဆလင်လူမျိုးဟုသာ ဖြေဆိုသွားကြသည်ကို တွေ့ရှိရပါသည်။ လူအများစုထဲမှ ကျပန်းနမူနာကောက်ယူမေးမြန်းသည့်အခါ လူကြီးလုပ်သူတစ်ဦးဦးမှ ဘင်္ဂါလီစကားဖြင့် တစ်စုံတစ်ခုကို လှမ်းပြောလိုက်ပြီးသည့်နောက်ပိုင်းတွင် ဘာမျှဆက်မေးမြန်း၍မရတတ်တော့သည်ကို ကြုံတွေ့ခဲ့ရပါသည်။ ထိုလူကြီးများရှေ့တွင် စကားပြောအမှားမခံလိုသည့် သဘောမျိုးများစွာကို တွေ့ရတတ်ပါသည်။ စုံစမ်းစစ်ဆေးရေးခရီးစဉ် အစပိုင်းတွင် ဘင်္ဂါလီတစ်ဦးတစ်လေကသာ ၎င်းတို့ကို၎င်းတို့ ရိုဟင်ဂျာဟု ပြောဆိုခဲ့သော်လည်း၊ နောက်ပိုင်းစစ်တမ်း ကောက်ယူရန်သွားသည့်အခါတွင်မူ ရိုဟင်ဂျာဟု ပြောဆိုသူ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုများလာသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင်မူ အများစုက ရိုဟင်ဂျာလူမျိုးဟု ပြောလာကြသည်ကို တွေ့ရှိရပါသည်။ ဖြေဆိုသူ ဘင်္ဂါလီ (၈၀၀) ဦးအနက် (၈၅) ရာခိုင်နှုန်းသည် ၎င်းတို့ကို၎င်းတို့ ရိုဟင်ဂျာလူမျိုးဖြစ်သည်ဟု ထွက်ဆိုတတ်

ကြသော်လည်း ထိုသို့ဖြေဆိုသူထဲမှ (၆၀) ရာခိုင်နှုန်းသည် တွေ့ဆုံမေးမြန်းမှုအစပိုင်းတွင်သာ ရိုဟင်ဂျာလူမျိုးဟု ပြောဆိုကြကာ တွေ့ဆုံမေးမြန်းမှု အချိန်ကြာလာသည်နှင့်အမျှ သတိလက်လွတ်ဖြစ်သွားချိန်တွင် ရိုဟင်ဂျာဟု သုံးနှုန်းမှုပြုမနေတော့ဘဲ ၎င်းတို့ကို၎င်းတို့ မူဆလင်လူမျိုးဟုသာ သုံးနှုန်းသွားကြသည်ကို တွေ့ရှိရပါသည်။

၁၀.၈။ နိုင်ငံတော်အစိုးရအနေဖြင့် ရိုဟင်ဂျာအမည်ကို အသိအမှတ်မပြုသော်လည်း ဘင်္ဂါလီအသိုင်းအဝိုင်းအတွင်းတွင် ယင်းကိစ္စနှင့်ပတ်သက်၍ လှုပ်ရှားမှုကြီးတစ်ရပ်ကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လိုသည့် ပုံစံများရှိနေပါသည်။ ရန်ကုန်၊ နယူးယောက်၊ လန်ဒန်မြို့ကြီးများရှိ ရိုဟင်ဂျာလှုပ်ရှားမှု၏ခေါင်းဆောင်များသည် Mobile Phone များမှတဆင့် သာမန်ပြည်သူ ဘင်္ဂါလီများအား ရိုဟင်ဂျာအဖြစ် မိမိကိုယ်ကို အသိအမှတ်ပြုရန် တိုက်တွန်းမှုများ ပြုလုပ်ကြကြောင်း ကြားသိရပါသည်။ စစ်တမ်းတွင်ပါဝင်ခဲ့သော ရခိုင်လူမျိုး (၁,၂၀၀) လုံးမှ ဘင်္ဂါလီများကို ရိုဟင်ဂျာ ဆိုသည့်အမည်အား သတ်မှတ်ပေးရန် သဘောမတူကြကြောင်း တွေ့ရှိခဲ့ပါသည်။ ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားအဖွဲ့အစည်း အများစုကလည်း ရိုဟင်ဂျာဟူသော အမည်ကို ထောက်ခံခြင်းမရှိကြပါ။ ထို့ပြင် အခြားမြန်မာတိုင်းရင်းသားအများစုကလည်း ရိုဟင်ဂျာဆိုသည့်အမည်ကို လုံးဝမထောက်ခံကြပါ။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေထိုင်သော ရခိုင်မဟုတ်သည့် နိုင်ငံသား (၁,၀၀၀) အား မေးမြန်းရာတွင် အားလုံးက ဘင်္ဂါလီများအား "ရိုဟင်ဂျာ" ဟူသော အမည်ကိုခေါ်ဆိုရန် အသိအမှတ်မပြုနိုင်ကြောင်း ဖြေဆိုကြပါသည်။ သို့ဖြစ်ပါ၍ ရိုဟင်ဂျာဟူသောအမည်အား အသေးအဖွဲကိစ္စတစ်ခုဟု သဘောမထားရန်နှင့် ဆုံးဖြတ်ချက်ချသည့်ကိစ္စကို အလောတကြီးမလုပ်မိရန် လိုအပ်ပါသည်။

၁၀.၉။ အထက်ပါကိစ္စတွင် ဘင်္ဂါလီများသည် မိမိကိုယ်မိမိတို့ ရိုဟင်ဂျာဖြစ်သည်ဟု ဆက်လက်တောင်းဆိုနေမည်ဆိုပါက အများလက်ခံနိုင်သည့်ကိစ္စမဟုတ်သဖြင့် မငြိမ်မသက်မှုများနှင့်သာ တွေ့ကြုံရမည် ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် ဒေသခံရခိုင်တိုင်းရင်းသားတို့၏ ပြင်းထန်သည့် ပြန်လည်ကန့်ကွက်မှုမျိုးကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ဘင်္ဂါလီလူမျိုးများမှ ရိုဟင်ဂျာကိစ္စနှင့်ပတ်သက်ပြီး လှုံ့ဆော်ပြောဆိုနေမှုများသည် ရိုဟင်ဂျာ ဟူသောအမည်ကို လက်မခံနိုင်သော ရခိုင်တိုင်းရင်းသားများအား ပဋိပက္ခလမ်းကြောင်းပေါ်သို့ရောက်အောင် တွန်းပို့သကဲ့သို့ ဖြစ်စေခဲ့ပါသည်။ ဒေသခံဘင်္ဂါလီအချို့ထံမှသာ ရိုဟင်ဂျာတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုရေးကို တောင်းဆိုနေကြသည်ကို တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း ရခိုင်လူမျိုးများက ဤကိစ္စနှင့်ပတ်သက်၍ ရိုဟင်ဂျာဟူသောအမည်ကို အသိအမှတ်ပြုလိုက်ပါက ပြည်နယ်ခွဲထွက်ခွင့်ကိုပါ တောင်းဆိုလိမ့်မည်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုကြပါသည်။ ထို့မျှမက အခြားတိုင်းရင်းသာများကလည်း ပြင်းထန်သည့် ကန့်ကွက်မှုမျိုးဖြင့်သာ ပြန်လည်တုံ့ပြန်လိမ့်မည်ဖြစ်ပါသည်။ တစ်တိုင်းပြည်လုံးနီးပါးမှ ပြင်းထန်သောကန့်ကွက်ပြောဆို ပြုမူမှုများကို ကြုံတွေ့လာမည်ဖြစ်ပါသည်။ ရလဒ်အားဖြင့် လူမျိုးစုနှစ်စုအကြား ပြဿနာမှာ ပိုမိုရှုပ်ထွေးလာမည်ဖြစ်ကာ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အခက်အခဲအဟန့်

အတားများ ဖြစ်လာစေမည်မှာ ကေန်မလွဲဖြစ်ပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး သည်လည်း ပိုမို အလှမ်းဝေးကွာသွားနိုင်သည့်အပြင် အခြားအရေးကြီးသော ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ရန်လည်း ပိုမို အလှမ်းဝေးကွာသွားနိုင်ပါသည်။ လက်ရှိအချိန်တွင် ငြိမ်းချမ်းစွာ ငြင်းခုံဆွေးနွေးမှု (Debate) များမှ အဖြေရှာဖွေခြင်းကို စတင်ပြုလုပ်နိုင်ပါသည်။ နှစ်ဖက်လက်မခံနိုင်သော ရိုဟင်ဂျာကိစ္စအား ဆက်လက်ဆောင်ရွက်နေပါက ပြဿနာအား မဖြေရှင်းနိုင်သည့်အပြင် ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရေးတွင်ပါ ကြီးစွာသောထိခိုက်မှုများ ဖြစ်လာစေမည်ဖြစ်ပါသည်။

## ၁၁။ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြည်သူများ၏ အမြင်

၁၁.၁။ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်တတ်သည့် ဒေသတစ်ခုဖြစ်ပါသည်။ ထို့ပြင် ပထဝီအနေအထားအရ လူဦးရေပေါက်ကွဲနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောကြောင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များကို အစဉ်တစိုက် ရင်ဆိုင်နေရပါသည်။ နဂါးမင်းစီမံချက်၊ ဟသ်ာစီမံချက်တို့ကြောင့်လည်းကောင်း၊ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းတို့ကြောင့်လည်းကောင်း ဒုက္ခသည်စခန်းအများအပြား ပေါ်ပေါက်လာခဲ့ရပါသည်။ ထိုဒုက္ခသည်အရေးကိစ္စများအား ကူညီဆောင်ရွက်ပေးရန်သော်လည်းကောင်း၊ ပျက်စီးသွားခဲ့သည့် လူမှုဘဝများကို ပြန်လည်ထူထောင်ပေးရန်သော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်သော်လည်းကောင်း UN အဖွဲ့အစည်းများဖြစ်သည့် UNDP, UNHCR, UNICEF, WFP, FAO စသည့် အဖွဲ့အစည်းကြီးများသည် ယခင်ကတည်းကပင် ရခိုင်ဒေသအတွင်းသို့ ဝင်ရောက်ကူညီပေးခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ် ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက်တွင် အထက်ပါအဖွဲ့အစည်းများအပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် CARE, Malteser Interntional, ECHO, Danish Refugee Council, Solidarities International, CDN, Action Contre la Faim, MSF, USAID, Medicins Sans Frontieres, Insan Hakve Hurriyetleri, IRW (Islamic Relief Worldwide), AMI, AZG, MRCS, CSSEP အစရှိသည့် အဖွဲ့အစည်းများ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ကြပါသည်။

၁၁.၂။ ရခိုင်လူမျိုးများအနေဖြင့် အစပိုင်းတွင် အချို့သော အဖွဲ့အစည်းများ၏ အကူအညီပေးရေး လုပ်ငန်းစဉ်များမှာ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအကြပ်အတည်းများကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ဟု ယူဆခဲ့ကြသော်လည်း၊ နောက်ပိုင်းတွင် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက်မဟုတ်ဘဲ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသရှိ ဘင်္ဂါလီကျေးရွာများကိုသာ ဦးစားပေးကြောင်း၊ ယင်းအဖွဲ့အစည်းများအနေဖြင့် ပစ္စည်းပစ္စယဝေငှခြင်းမှအစ၊ ရုံးတွင်းအလုပ်အကိုင်များအတွက် ဝန်ထမ်းခန့်အပ်ခြင်းအဆုံး ကိစ္စရပ်များတွင် ဘင်္ဂါလီများကိုသာ ရွေးချယ်ခန့်ထားခြင်းများ ပြုလုပ်လာကြသည်ဟု ရခိုင်လူမျိုးအများစုမှ ပြောဆိုကြပါသည်။

၁၁.၃။ ရခိုင်လူမျိုးများအနေဖြင့် UN အဖွဲ့အစည်းများအပါအဝင် INGO များအပေါ်မကျေမနပ်ဖြစ်ရသည့် အကြောင်းအရင်းများစွာရှိခဲ့သည်ဟု ပြောဆိုကြပါသည်။ ရခိုင်များဖက်မှ ပြောဆိုသောအချက်များမှာ- BAJ (မောင်တော)မှ ဆောင်ရွက်ခဲ့သော စီမံကိန်းများ၏ (၉၀) ရာခိုင်နှုန်းမှာ ဘင်္ဂါလီလူမျိုးများနေထိုင်ရာ ကျေးရွာ/ရပ်ကွက်များတွင်သာ ဖြစ်နေခြင်း၊ AMI (ဘူးသီးတောင်)တွင် ဘင်္ဂါလီလူမျိုးများကိုသာ ရာထူးကြီးနေရာများ ခန့်အပ်ပြီး ၎င်းဝန်ထမ်းများက ရာထူးငယ် ရခိုင်အမျိုးသမီးများကို ကိုယ်၊ နှုတ်အားဖြင့် ထိပါးစော်ကားမှုကြောင့် ၂၀၀၉ ခုနှစ်တွင် မြို့ခံလူထုနှင့် အဓိကရုဏ်းဖြစ်ပွားခဲ့ခြင်း၊ UNHCR – CSSR (မောင်တော)သည် တမန်းသား

ကျေးရွာရှိ ရုံးခန်းကို ဘင်္ဂါလီလူမျိုးတစ်ဦး၏ နေအိမ်တွင် ဖွင့်လှစ်ထားကာ ရခိုင်အမျိုးသမီး ဝန်ထမ်းများကို နိုင်ထက်စီးနင်းဆက်ဆံခဲ့ကြခြင်း၊ တာဝန်ရှိသူအရာရှိများမှ ဝင်ရောက်ဖြေရှင်းမှု မပြုခဲ့ခြင်း၊ ၂၀၁၀ ခုနှစ်၊ ဖွန်လအတွင်းတွင် နေမကောင်းဖြစ်နေသော ရခိုင်အမျိုးသမီးဝန်ထမ်း တစ်ဦးကို ဘင်္ဂါလီလူမျိုးဆိုင်ကယ်ဖြင့် (၁၀) မိုင်ခန့်ဝေးသော မောင်တောသို့ အချိန်မတော် လာရောက်စေခဲ့ရာ လမ်းတွင်ဆိုင်ကယ်မှောက်၍ ထိုရခိုင်အမျိုးသမီး၏ ဦးခေါင်း၌ ဒဏ်ရာရရှိခဲ့သည်ကို ထိရောက်သော ဆေးဝါးကုသမှုပေးခြင်း မပြုခဲ့သည့်အပြင် တိုင်ကြားခြင်းမပြုရန် အကြပ်ကိုင်ပြောဆိုခဲ့ခြင်း၊ ၎င်းရွာမှ ရခိုင်အမျိုးသမီးတစ်ဦးကို ဘင်္ဂါလီလူမျိုးတစ်ဦးမှ စော်ကားမှုကြောင့် ကိုယ်ဝန်ရရှိသွားခဲ့ခြင်း၊ တဖန် မောင်တောမြို့နယ်၊ စေတီပြင်ကျေးရွာရှိ UNHCR – IEYC သည် ဘင်္ဂါလီလူမျိုးများကို ရိုဟင်ဂျာ-မြန်မာတိုင်းရင်းသားများဟု ထင်မြင်စေရန်နှင့် လူမျိုးချင်းရောစပ်ကာ ရခိုင်-ဘင်္ဂါလီလူမျိုးသစ်ပေါ်လာစေရန်တို့အတွက် Peace Building တည်ဆောက်သည်ဟု အကြောင်းပြပြီး ဘင်္ဂါလီလူမျိုးများအား ရခိုင်အမျိုးသမီးများကို စော်ကားစေရန် အားပေးအားမြှောက်ပြုခဲ့ခြင်း၊ ထိုကဲ့သို့ အလားတူကိစ္စရပ်များ ရသေ့တောင်၊ ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်များတွင်လည်း မကြာခဏဖြစ်ပျက်ခဲ့ခြင်း၊ ထိုသို့အစော်ကားခံရသော ရခိုင်အမျိုးသမီးဝန်ထမ်းများမှာ အလုပ်အကိုင်ရှားပါး၍ အလုပ်ပြုတ်မည်ကို စိုးရိမ်ခြင်း၊ ရှက်ကြောက်ခြင်းနှင့် မည်သို့လုပ်ဆောင်ရမည်ကို နားမလည်ခြင်း စသည်တို့ကြောင့် လူထုက လွှန်မှုသိရနေရခြင်း၊ UNHCR, WFP, UNDP စသောအဖွဲ့အစည်းများတွင် Project Manager, Project Assistant Manager, Administrator, Project Coordinator, Field Supervisor စသည့် ရာထူးများတွင် ဘင်္ဂါလီ လူမျိုးများ (သို့မဟုတ်) ဘင်္ဂါလီလူမျိုးများကိုဦးစားပေးမည့် ရခိုင်မဟုတ်သူများကိုသာ ခန့်အပ်လေ့ရှိခြင်း၊ WFP သည်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သည်ဟုဆိုသော်လည်း လက်တွေ့တွင် ဘင်္ဂါလီများကိုသာဦးစားပေးခြင်း၊ ဘင်္ဂါလီကလေးများ၏ မူလတန်းပညာရေးအတွက် အခြေခံထောက်ပံ့ကြေး၊ စာရေးကိရိယာ၊ ဆန်၊ ဆီများကို ထောက်ပံ့ပေးခြင်း၊ မူလတန်းလွန်သွားသည့်တိုင် ထိုကလေးများက အခြားအမည်တစ်ခုဖြင့် အထောက်အပံ့ဆက်လက်ရယူနေကြသည်ကို မသိကျိုးကျွံပြုခြင်း၊ ရခိုင်များ ထိုကဲ့သို့သော အထောက်အပံ့၊ အခွင့်အရေးများမရရှိခြင်း၊ ACF (စစ်တွေ)သည် Project Assistant ရာထူးအတွက် သတ်မှတ်ချက်များနှင့် မညီသော ဘင်္ဂါလီလူမျိုးတစ်ဦးကို ခန့်အပ်ခဲ့ခြင်း၊ ၂၀၀၉ ခုနှစ်တွင် ဝန်ထမ်းလျှော့ချရာတွင် လည်း ရခိုင်ဝန်ထမ်းများကိုသာ လျှော့ချခံရခြင်း၊ ACF နှင့် AZG တို့တွင် ဝန်ထမ်းများ၏ (၈၀) ရာခိုင်နှုန်းမှာ ဘင်္ဂါလီများဖြစ်နေခြင်း၊ အစိုးရထံတင်ပြသည့်အခါ ရခိုင်နာမည်များကို ထည့်သွင်းတင်ပြခြင်း၊ AZG သည်လည်း ဘင်္ဂါလီများကိုသာ ဦးစားပေးခြင်း၊ စည်းကမ်းသတ်မှတ်ချက်များကို ချိုးဖောက်ကာ မိသားစု၊ ဆွေမျိုးသားချင်းများကိုသာ အလုပ်ခန့်ခြင်း၊ ဘင်္ဂါလီလူမျိုးများကို ရိုဟင်ဂျာလူမျိုးအဖြစ်သတ်မှတ်ရေး၊ မြန်မာတိုင်းရင်းသားအဖြစ် သတ်မှတ်ရေးတို့ကို ကူညီဆောင်ရွက်ခဲ့ခြင်း၊ ဘင်္ဂါလီနှင့် ရခိုင်လူနာများကို ခွဲခြားဆက်ဆံခြင်း၊ ငွေကြေးအလွဲသုံးစားပြုမှုများနှင့် စည်းကမ်းဖောက်ဖျက်မှုများကြောင့် ထောင်ကျပြီး အလုပ်မှထွက်သွားရသူ ဘင်္ဂါလီများကို ထောင်မှပြန်လွတ်လာသည့်အခါ အလုပ်ပြန်လည်

ခန့်အပ်ခြင်း၊ AZG သည် နိဘာယ်လ်ဆုရရှိထားသည်နှင့် မထိုက်တန်စွာ ထိုကဲ့သို့ ပြုမူဆောင်ရွက်နေခြင်း စသည်တို့ကြောင့် AZG အပါအဝင် INGO များသည် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးတို့အကြား ပို၍ တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း ပြောဆိုကြပါသည်။

၁၁.၄။ ရခိုင်လူမျိုးတို့အမြင်တွင် အခြားအဆိုးရွားဆုံးအချက်များမှာ တစ်ချိန်က **UNHCR** ရုံးရှိ အခန်းတစ်ခန်းအား ပုဂ္ဂိုလ်ရေးဆန်ဆန် ဗလီအဖြစ် အသုံးပြုခွင့်ပေးထားခြင်းနှင့် ဘင်္ဂါလီလူမျိုးတို့အား **"ကုလား"** ဟု အစဉ်အလာအတိုင်း ခေါ်ဆိုခဲ့သည့် ရခိုင်ဝန်ထမ်းတစ်ချို့အား အထက်လူကြီးကိုယ်တိုင်က အလုပ်ထုတ်လိုက်သည့် ကိစ္စရပ်များပင်ဖြစ်ပါသည်။ ရခိုင်များကမူ ထိုသို့ခေါ်ဆိုလာခဲ့သည်မှာ ယခုမှမဟုတ်၊ ရှေးရှေးကတည်းကပင် အစဉ်အမြဲခေါ်ဆိုလာခဲ့ခြင်းဖြစ်ကြောင်း၊ အလုပ်မထုတ်မီ ထိုသို့မခေါ်ရန် သတိပေးခြင်း၊ ပညာပေးခြင်းမျိုးကို ဦးစွာပြုလုပ်သင့်ကြောင်း ပြောဆိုကြပါသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော (၈.၆.၂၀၁၂) နေ့ ပဋိပက္ခတွင်လည်း မောင်တောမြို့အခြေစိုက် UNHCR ရုံးတွင် ရခိုင်လူမျိုးဒုက္ခသည်များ၏ ခေတ္တခိုလှုံခွင့်တောင်းခံမှုကို ခွင့်ပြုမပေးခဲ့သော်လည်း၊ လူမျိုးရေးလှုံ့ဆော်သူဟု ရခိုင်တို့က ယူဆထားသည့် ဘင်္ဂါလီခေါင်းဆောင်တစ်ဦးကိုမူ ၎င်းရုံးတွင် နေထိုင်ခိုလှုံခွင့်ပေးထားခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် UNHCR/ CSSEP မှ ပဋိပက္ခဖြစ်ပွားရန် လှုံ့ဆော်သူ NGO ဝန်ထမ်းများအား ပြစ်ဒဏ်မှလွတ်ပေးရန် UNHCR က မြန်မာအစိုးရအပေါ် ဖိအားပေးတောင်းဆိုမှုများ ရှိခဲ့ကြောင်း မောင်တောရှိ ရခိုင်လူမျိုးဒုက္ခသည်တို့က စွပ်စွဲပြောဆိုထားကြပါသည်။ ထို့ပြင် INGO ပိုင်ဖြစ်သော အင်တာနက်နှင့် အခြားဆက်သွယ်ရေးကွန်ယက်များအား ဘင်္ဂါလီတို့ကို စိတ်ကြိုက်အသုံးပြုခွင့်ပေးထားသည်ဖြစ်ရာ ထိုသူတို့အနေဖြင့် ပြည်ပမှ လူမျိုးရေးလှုံ့ဆော်သည့်အဖွဲ့အစည်းများအပါအဝင် အခြားဘာသာရေးအစွန်းရောက် အကြမ်းဖက်အုပ်စုများနှင့်ပါ ချိတ်ဆက်မိရန် အကူအညီပေးသကဲ့သို့ဖြစ်နေကြောင်း ဝေဖန်သုံးသပ်ထားသည်များလည်း ရှိပါသည်။ (ဥပမာ- **"ဧရာဝတီတိုင်းတွင် တိုင်းသိပြည်သိ သဘာဝဘေးဆိုး အန္တရာယ်ကြီး ဖြစ်သည့် (NARGIS) ကျရောက်ခဲ့စဉ်က ကုလသမဂ္ဂအဖွဲ့များ အရေးပေါ်သွားရောက်ကူညီခဲ့ပြီး (၃) နှစ်တာကာလနောက်ပိုင်းတွင် ကူညီမှုများကို ရပ်ဆိုင်းခဲ့သော်လည်း၊ မည်သည့်သဘာဝဘေးဆိုးမျှအကြီးအကျယ်ကျရောက်ခြင်းမရှိသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၁၉၉၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လုပ်ငန်းများကို ခေါင်းစီးတပ်လုပ်ကိုင်နေခြင်းမှာ မည်သည့်အတွက်နည်း ဆိုသည်ကို အဖြေထုတ်ရန် အမှန်တကယ် လိုအပ်မည်ဖြစ်ကြောင်း"** ဟူ၍ပင် မောင်တောမြို့နေ ရခိုင်တိုင်းရင်းသား မြို့မိ/မြို့ဖတို့မှ ပြောဆိုကြသည်ကို တွေ့ရှိရပါသည်။ ယခင်က ပြစ်မှုထင်ရှားသဖြင့် ထောင်ကျခဲ့သည့် INGO ဝန်ထမ်းများကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာကြပြီးနောက်တွင် ယခင်အဖွဲ့အစည်းများ၌ ယခင်ရာထူးများအတိုင်းပင် ပြန်လည်ခန့်အပ်ထားခြင်းကြောင့် ဘင်္ဂါလီများက ထိုသူတို့ကို အစိုးရကပင် တို့ထိ၍မရသည့် သူရဲကောင်းများသဖွယ် ဂုဏ်ယူနေကြသည်ကို ရခိုင်များက လုံးဝမကျေနပ်ကြကြောင်း ပြောဆိုကြပါသည်။ ဤအချက်များကြောင့်ပင် ဒေသခံ ရခိုင်ဒုက္ခသည်များသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်း (INGO) များအပေါ်တွင် တဖြည်းဖြည်း ယုံကြည်မှုကင်းမဲ့လာ

ကာ ၄င်းတို့အား ယင်းအဖွဲ့အစည်းများမှ လတ်တလောဆောင်ရွက်ပေးနေသည့် အကူအညီပေးရေး လုပ်ငန်းစဉ်များအပေါ်၌ပင် သံသယရှိလာကြသည်ကို တွေ့ရှိရပါသည်။

၁၁.၅။ ယနေ့အချိန်ထိ ရခိုင်ပြည်နယ်တွင် INGO ပေါင်း (၂၀) ကျော်တို့မှ ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြဆဲ ဖြစ်ပါသည်။ ဖြေဆိုသူရ ခိုင်လူမျိုး (၁,၂၀၀) ဦး အနက် (၂၀) ရာခိုင်နှုန်းသည်သာ INGO များ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကျေနပ်မှုရှိကြပြီး (၈၅) ရာခိုင်နှုန်းသည် INGO များကို အစိုးရ၏ ထိန်းချုပ်ကြီးကြပ်မှုအောက်တွင် ထားရှိစေလိုကြပါသည်။ ဘင်္ဂါလီလူမျိုး ဖြေဆိုသူ (၈၀၀) ဦးအနက် ( ၈၆ ) ရာခိုင်နှုန်းသည် INGO များ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိကြပြီး၊ (၈၀) ရာခိုင်နှုန်းသည် INGO များကို အစိုးရ၏ စွက်ဖက်မှုမပါဘဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်စေလိုကြောင်း ပြောဆိုကြပါသည်။

၁၁.၆။ နိုင်ငံတကာအဖွဲ့အစည်းများအတွက် အဓိကကျသည့်စိန်ခေါ်မှုတစ်ရပ်မှာ ၄င်းတို့၏လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထုအမြင်ရှင်းအောင် ကြိုးပမ်းရသည့်အချက်ပင်ဖြစ်ပါသည်။ အကူအညီပေးရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်သည့်အခါ ၎င်းတို့လုပ်ဆောင်ရသည့်ကဏ္ဍမှာ အဖွဲ့အစည်းတစ်ခုတည်းအတွက်ဖြစ်လျှင် တာဝန်မကြီးလှသော်လည်း၊ ပဋိပက္ခဖြစ်ပွားရာ အဖွဲ့အစည်းနှစ်ခုအကြား အကူအညီပေးမှုများပြုလုပ်ရသည်ဆိုပါက နှစ်ဖက်အမြင်ရှင်းအောင် လုပ်ရသည်မှာပင် ၎င်းတို့အတွက် မူလတာဝန်ထက် ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်လာပါသည်။ ဥပမာ-ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ ဒုက္ခသည်များအတွက် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ခုချင်းစီအတွက်ဖြစ်၍ အပန်းမကြီးလှသော်လည်း၊ ရခိုင်ပြည်နယ်ပဋိပက္ခများအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်မူ အဖွဲ့အစည်းနှစ်ခုကြားမှပြဿနာဖြစ်၍ နှစ်ဖက်အဖွဲ့အစည်းမှ အမြင်ရှင်းအောင် ဆောင်ရွက်ရသည်မှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံတွင် လက်ရှိအကူအညီပေးမှုများပြုလုပ်နေသည့် နိုင်ငံတကာအဖွဲ့အစည်းချင်းတူသော်လည်း၊ ထိုအဖွဲ့အစည်းတစ်ခုချင်းစီ၏ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များပေါ်မူတည်၍ ၎င်းတို့အပေါ်ထားရှိသည့် ဒေသခံတို့၏အမြင်မှာလည်း ကွဲပြားကြခြင်း ဖြစ်ပါသည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရသော UNDP၊ UNICEF၊ WFP နှင့် အခြားအဖွဲ့အစည်းပေါင်းစုံတို့အား ပြည်သူလူထုက အမြင်ကြည်နေချိန်တွင် ရခိုင်ပြည်နယ်ရှိ UNHCR၊ WFP၊ HRW နှင့် အခြားအဖွဲ့အစည်းများစွာတို့အား ပြည်သူလူထုမှ အမြင်မကြည်ကြသည်မှာ ယင်းအချက်ကြောင့်ပင် ဖြစ်ပါသည်။ ထို့ပြင် အဆိုပါအဖွဲ့အစည်းတို့အတွက် အခြားသောစိန်ခေါ်မှုတစ်ရပ်မှာ မတည်ငြိမ်သည့်ကာလအတောအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုမရသည့်အချိန် ကာလအတွင်း ကူညီရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရသည်မှာ ဒေသခံတို့အပေါ်တွင် အကျိုးသက်ရောက်မှု အပြည့်အဝ ဖန်တီးမပေးနိုင်ကြောင်းကို လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများအနေဖြင့် နားလည်သဘောပေါက်ထားပြီးလည်း ဖြစ်ပါသည်။ ဥပမာ-ကချင်ပြည်နယ် တိုက်ပွဲ

ကာလများတွင် ပရဟိတအဖွဲ့အစည်းများအနေဖြင့် ဒေသခံ ဒုက္ခသည်စခန်းတစ်ချို့ဆီသို့ စစ်ပွဲ အန္တရာယ်ကြောင့် တိုက်ရိုက်မသွားရောက်နိုင်သည်များ ရှိသကဲ့သို့ ရခိုင်ပြည်နယ် ပဋိပက္ခ ကာလများတွင်လည်း နှစ်ဖက်အုပ်စု၏ တစ်ဖက်နှင့်တစ်ဖက် အခြေအနေတင်းမာရန်လိုမှုများ ကြောင့်၊ အကူအညီပေးရေးအဖွဲ့အစည်းများ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန် အား ပျော့သွားရသည်များလည်း ရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အကူအညီပေးသည့် အဖွဲ့အ စည်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ ထိုကဲ့သို့သော ပြဿနာအခက်အခဲ အ မျိုးမျိုးနှင့် ကြုံတွေ့နေရသည့်တိုင် လုပ်ငန်းများကို ရေရှည်ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပြဿ နာများ၏ အတိမ်အနက်ကို နားလည်သဘောပေါက်ထားရန် လိုအပ်ပြီး ထိုပြဿနာများကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကိုလည်း ကြိုတင်မျှော်တွေး ပြင်ဆင်ထား သင့်ပါသည်။

၁၁.၇။ "ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ရုံး (UNOCHA)၏ စာရင်းဇယားများနှင့် ရခိုင်ပြည်နယ်အစိုးရ၏ သက်ဆိုင်ရာမှတ်တမ်း မှတ်ရာများကိုကြည့်လျှင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းမှုများမှာ ဒေသခံ ဒုက္ခသည်တို့အတွက် အတိုင်းအတာတစ်ခုအထိ အကျိုးနိုင်သည်ဟု ခန့်မှန်းရပါသည်။ သို့ သော် ရခိုင်တိုင်းရင်းသားတို့ဖက်ကမူ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများ မှာ ၎င်းတို့အတွက် အထောက်အကူမဖြစ်ကြောင်း ဝေဖန်ပြောဆိုထားသည်များ ရှိနေပါသည်။ ဤအခြေအနေများနှင့်စပ်လျဉ်း၍ စစ်တွေမြို့ခံတစ်ဦးက ဝေဖန်ထားသည်မှာ- **"UNHCR ရုံး တွေက မူဆလင်တွေကို တီဘီ၊ ငှက်ဖျားအခမဲ့စစ်ပေးတယ်။ အခမဲ့ဆေးကုပေးတယ်။ ပိုက်ဆံ ပေးတယ်။ ဆေးခန်း အသွားအပြန်စရိတ်ပေးတယ်။ ထမင်းပါကျွေးလွှတ်တယ်။ ရခိုင်တွေ ဆေး ခန်းပြရင် ဆေးကုပေးပေမယ့် တခြားဘာမှခံစားခွင့်မရဘူး။"** ဟူ၍ဖြစ်ပါသည်။ ယင်းဝေဖန်ချက် များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် UNHCR အဖွဲ့အစည်း၏ မြန်မာနိုင်ငံသား အရာရှိ တစ်ဦးက- **"ဒေသခံတွေ ပြောသလို ကျွန်တော်တို့အဖွဲ့အနေနဲ့ တစ်ဖက်စောင်းနင်း အဖွဲ့အစည်းအပေါ် မှာ ပစ္စည်းပစ္စယတွေနဲ့ အလှူငွေတွေပိုပြီး ပေးနေတယ်ဆိုတဲ့အချက်ကိုတော့မငြင်းပါဘူး။ ဒါပေ မယ့် ကျွန်တော်တို့က ကျွန်တော်တို့ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ လုပ်ရတာ မဟုတ်ပါဘူး။ Mandate အရ လုပ်ရတာပါ။ ကျွန်တော်တို့က လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်တော့မယ်ဆိုရင် Mandate ကို လွန်ဆန်လို့မရပါဘူး။ အစကတည်းကလည်း ကျွန်တော်တို့အဖွဲ့အစည်း ဒီကိုရောက် လာတာကိုက သူတို့ကိုယ်သူတို့ ရိုဟင်ဂျာလို့ခေါ်တဲ့ ဒုက္ခသည်တွေ၊ တစ်နည်းအားဖြင့် Returner တွေကို ကူညီပေးဖို့ပါ။ ဒါကကျွန်တော်တို့ Mandate ပါ။ ဒါပေမယ့် ဒေသခံတွေ အတွက်လည်း ကျွန်တော်တို့ဖက်က ကျွန်တော်တို့ Mandate အရ အကူအညီပေးတာမျိုးတွေ လည်းရှိပါတယ်။ လုံးဝလစ်လျူရှုထားတာမျိုးတော့မဟုတ်ပါဘူး။ ဒါကလည်း သက်ဆိုင်ရာ အစိုးရရုံးတွေမှာ ကျွန်တော်တို့အနေနဲ့ နှစ်ဖက်အဖွဲ့အစည်းအပေါ်မှာ ဘာတွေလုပ်ပေးတယ်ဆို တဲ့ မှတ်တမ်းမှတ်ရာတွေလည်း ရှိပါတယ်။ ဒါတွေက ငြင်းလို့ရတဲ့ကိစ္စတွေလည်းမဟုတ်ပါဘူး။ နောက်တစ်ချက်ကကျွန်တော်တို့က Fund နဲ့ အလုပ်လုပ်ရတဲ့အခါ ဘယ်နေရာကိုတော့ ဘယ်**

**လောက်ပေးရမယ်ဆိုတဲ့ စာရင်းဇယားနဲ့ ကျွန်တော်တို့ဆီကို ညွှန်ကြားတာပါ။ ကျွန်တော်တို့ ဖာသာ ကိုယ့်စိတ်ကြိုက် လှူလို့ရတာလည်း မဟုတ်ပါဘူး။ နောက်ပြီးကျွန်တော်တို့အနေနဲ့ ရပ်ကွက်တစ်ခုမှာ ကျောင်းဆောက်တယ်ဆိုပါစို့၊ ဒါမှမဟုတ် ရေတွင်းတစ်တွင်းတူးတယ်ဆိုပါစို့၊ ဒါကတစ်ဦးတစ်ယောက်တည်းအတွက် ခွဲခြားပြီး လုပ်လို့ရတဲ့ကိစ္စလည်း မဟုတ်ဘူးလေ။ အကုန်လုံးအကျိုးခံစားခွင့်ရအောင်တော့ ကျွန်တော်တို့ဖက်က အတတ်နိုင်ဆုံးကြိုးစားလုပ်ခဲ့တာပါ။ ကျွန်တော်တို့ဖက်ကိုလည်း ပြည်သူတွေ နားလည်ပေးစေချင်တယ်။"** ဟူ၍ ရခိုင်တိုင်းရင်းသားများအပါအဝင် ပြည်သူလူထုအား တုံ့ပြန်ဖြေ ရှင်းထားပါ သည်။

၁၁.၈။ အောက်တိုဘာလ လဆန်းပိုင်းတွင် facebook စာမျက်များ၌ အစ္စလာမ်များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC (Organization of Islamic Countries) ဝင်ရောက်မည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်လှုံ့ဆော်မှုများ ပျံ့နှံ့နေခဲ့ပါသည်။ ရှေ့တွင်ဖော်ပြထားခဲ့ပြီးသော မယုံကြည်မှုများကြောင့် OIC ကို ကန့်ကွက်နေကြခြင်း ဖြစ်ပါသည်။ ရခိုင်များ၏ မယုံကြည်မှုအတိုင်းအတာအား OIC ကို ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် တွေ့မြင်နိုင်ပါသည်။ အောက်တိုဘာလ ဒုတိယအပတ်အတွင်း၌ ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ မင်းပြား၊ ရသေ့တောင်၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်း အစရှိသောမြို့အများစုတွင် OIC ကို ကန့်ကွက်သည့် ဆန္ဒဖော်ထုတ်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပါသည်။ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ OIC ကိစ္စနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ခဲ့ပါသည်။ အောက်တိုဘာလ (၂၀) ရက်နေ့တွင်ပြုလုပ်သော မြေပုံမြို့ ရခိုင်လူထုဆန္ဒဖော်ထုတ်ပွဲတွင် ဘင်္ဂါလီများနှင့် အတူမနေနိုင်ကြောင်း တောင်းဆိုခဲ့ပါသည်။ ရမ်းဗြဲတွင်ပြုလုပ်ခဲ့သော ရခိုင်လူထုဆန္ဒဖော်ထုတ်ပွဲတွင်လည်း ရသေ့တောင် ရခိုင်ဒေသလူထုအစည်းအဝေးတွင် တောင်းဆိုခဲ့သည့် တောင်းဆိုချက်များအတိုင်း အလားတူတောင်းဆိုခဲ့ကြပါသည်။ ထိုအတောအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၂၂) ကျောင်း မီးရှို့ခံရမှု ကြောင့် ဘင်္ဂါလီဆန့်ကျင်ရေးစိတ်ဓာတ်များ ရခိုင်လူမျိုးများအတွင်း ပိုမိုပြင်းထန်လာခဲ့ပါသည်။ အောက်တိုဘာလ (၂၁) ရက်နေ့တွင် မင်းပြားမြို့ အဝေးပြေးကားဂိတ်အနီးရှိ ပိုက်သယ်ရွာ၌ မီးရှို့မှုဖြစ်ပွားခဲ့ပြီး ဒုတိယအကြိမ် မတည်ငြိမ်မှုများ ပြန်လည်စတင်လာခဲ့ပါသည်။ ထိုမှတဆင့် မြောက်ဦး၊ ကျောက်တော်၊ ပေါက်တော၊ ရမ်းဗြဲနှင့် ကျောက်ဖြူမြို့များသို့ ထပ်မံပျံ့နှံ့ သွားခဲ့ပါသည်။

၁၁.၉။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြုလုပ်သော သဘောတူညီချက်များကို ပြည်နယ်အတွင်း အခြေအနေများ၊ တိုင်းပြည်အတွင်း အခြေအနေများနှင့် ကိုက်ညီမှုရှိ/မရှိ အသေးစိတ်ဆန်းစစ်ပြီးမှသာ ပြုလုပ်သင့်ပါသည်။ အစိုးရအနေဖြင့် အောက်ခြေပြည်သူလူထု၏အခြေအနေများကို ဦးစွာနားလည်ထားပြီး ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်ခဲ့သင့်ပါသည်။ ဥပမာ - အစ္စလာမ်နိုင်ငံများပူးပေါင်းရေးအဖွဲ့ (OIC) အား ရုံးဖွင့်ခွင့်ပေးမည်ဟူသည့်ကိစ္စသည် ပြည်တွင်း/ပြည်ပတို့တွင် မလိုလားအပ်သော နားလည်မှုလွဲမှားခြင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် OIC အား အမှန်တကယ် ရုံးဖွင့်ခွင့်

ပေးရန် သဘောတူညီခဲ့မှုနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် ယခုအထိ သေချာ ရှင်းလင်းမှု မရှိပါ။ လက်ရှိအခြေအနေတွင် **OIC** ကို ရုံးဖွင့်ခွင့်ပေးလျှင် နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင်များမှ လက်ခံနိုင်မည်မဟုတ်ကြောင်းကိုလည်း အလွယ်တကူသိရှိနိုင်ပါသည်။

၁၁.၁၀။ အစိုးရအနေဖြင့် **OIC** ရုံးဖွင့်မည်ဟူသည့်ကိစ္စနှင့်ပတ်သက်၍ အစောပိုင်းကတည်းကပင် အတိအကျကြေညာခဲ့သင့်ပါသည်။ ရုံးဖွင့်ခွင့်မပေးခဲ့ပါကလည်း မပေးခဲ့ကြောင်းကို အတိအကျကြေညာမှုပြုလုပ်သင့်ပါသည်။ ဗုဒ္ဓဘာသာများက **OIC** ရုံးဖွင့်ရန် အစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်သောအခါမှ၊ အစိုးရက **OIC** အား ရုံးများဖွင့်ခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာခဲ့ပါသည်။ အစိုးရအနေဖြင့် မိမိနိုင်ငံတွင်းရှိ အခြေအနေကို သေချာစွာဆန်းစစ်မှုမရှိဘဲ **OIC** အား ရုံးဖွင့်ခွင့်ပေးရန် သဘောတူညီမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂနှင့် **OIC** အသိုင်းအဝိုင်းတွင် ဝေဖန်ပြောဆိုနေကြပါသည်။ ဤအခြေအနေကိုအကြောင်းပြု၍ အချို့ **OIC** နိုင်ငံများက မြန်မာနိုင်ငံအပေါ် ပြစ်တင်ရှုတ်ချမှုများပြုလုပ်ရန် ပြောကြားမှုများ ရှိနေပါသည်။ ဤအခြေအနေသည် မြန်မာနိုင်ငံတွင် လက်ရှိလုပ်ဆောင်လျှက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ထိခိုက်လာနိုင်သည်ဖြစ်ရာ၊ အစိုးရအနေဖြင့် ပဋိပက္ခနှင့် နိုင်ငံတကာဆက်ဆံရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၁၂။ ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အတွက် အကြံပြုချက်

၁၂.၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အဓိကရုဏ်းများကိုကြည့်လျှင် ရခိုင်လူမျိုးများမှတစ်ဖက်၊ ဘင်္ဂါလီလူမျိုးများ၊ ကမန်လူမျိုးများနှင့် မရမာကြီးလူမျိုးများမှတစ်ဖက်ဟု မြင်တွေ့ရပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် စစ်တမ်းများတွင်ပါဝင်ခဲ့သည့် ရခိုင်လူမျိုး (၁,၂၀၀) အနက်အားလုံး လိုလိုပင် ကမန်နှင့် မရမာကြီးလူမျိုးများသည် တိုင်းရင်းသားများဖြစ်ကြသည့်အပြင် ရခိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် လိုက်လျောညီထွေ နေထိုင်ကြသူများဖြစ်၍ ၎င်းတို့အနေဖြင့် ကမန်နှင့် မရမာကြီးများ၏ ရခိုင်ပြည်နယ်အတွင်း နေထိုင်မှုအပေါ် ပြဿနာမရှိကြောင်း ပြောဆိုကြပါသည်။

၁၂.၂။ သို့ရာတွင် ကမန်အမည်ကိုအသုံးချ၍ နိုင်ငံသားအဖြစ်ရယူထားသည့် ဘင်္ဂါလီများနှင့်မူ ပြဿနာရှိကြောင်း ရခိုင်လူမျိုးအများစုက ပြောကြားကြပါသည်။ ထို ကမန်ဟန်ဆောင်ထားသည့် ဘင်္ဂါလီများကို တိုက်ခိုက်ရာတွင် ကမန်တိုင်းရင်းသားများလည်း ဓားစာခံဖြစ်သွားရသည်များ ရှိကြသည်ဟု ပြောဆိုကြပါသည်။ အလားတူပင် စစ်တမ်းကောက်ယူရာတွင် ဖြေကြားပေးသည့် ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့်ပေါင်း၍ စီးပွားရေးလုပ်ကာ ရခိုင်များကို နှိမ်ချဆက်ဆံသော မရမာကြီးများနှင့်သာ ပြဿနာရှိသည်ဟု ပြောဆိုကြပါသည်။ ဤပြောဆိုချက်များကို ဆန်းစစ်ကြည့်လျှင် ရခိုင်များနှင့် ဘင်္ဂါလီတို့၏ဆက်ဆံရေး ကောင်းမွန်မှုရှိပါက ကမန်နှင့် မရမာကြီးတို့သည်လည်း ဆက်ဆံရေးမကောင်းစရာ မရှိနိုင်ဟု ယူဆနိုင်ပါသည်။

၁၂.၃။ ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ၏ တစ်ဖက်အပေါ်တစ်ဖက် အဆင်မပြေမှုန်းတီးမှု အတွေးအမြင်များသည် ၎င်းတို့၏ ဘဝတစ်လျှောက်လုံးကို လွှမ်းမိုးလျှက်ရှိရာ ထိုလွှမ်းမိုးသည့် ဖြစ်စဉ်များသည် ရခိုင်ပြည်မြောက်ပိုင်းဒေသများ၌ ပိုမိုပြင်းထန်စွာ ဖြစ်ပေါ်လျှက်ရှိသည်ကို တွေ့ရှိရပါသည်။ ဤသို့ဖြစ်ရသည့် အကြောင်းအရင်းမှာ ၁၉၄၂ ခုနှစ်အတွင်းက ရခိုင်နှင့် ဘင်္ဂါလီတို့အကြား ဖြစ်ပွားခဲ့သောပဋိပက္ခများသည် မြောက်ပိုင်းဒေသများ၌ အများဆုံးဖြစ်ပွားခဲ့သောကြောင့် ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် စစ်တမ်းတွင်ပါဝင်သော မြောက်ပိုင်း ရခိုင် (၆၀၀) ဦး တွင် (၂၅) ရာခိုင်နှုန်းသည် ဘင်္ဂါလီအသိရှိသည်ဟု ပြောဆိုကြပါသည်။ သို့ရာတွင် ထိုသူများအနေဖြင့် ၎င်းတို့သိသော ဘင်္ဂါလီများကို တစ်ဦးတစ်ယောက်ချင်း စီးပွားရေးလုပ်ငန်းများအရ သိကြခြင်းဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းကိစ္စများမှအပ ယုံကြည်စိတ်ချစွာ ပေါင်းသင်းကြခြင်းမရှိကြသည်ကို တွေ့ရှိရပါသည်။ ထိုနည်းတူစွာပင် စစ်တမ်းတွင်ပါဝင်သည့် ဘင်္ဂါလီလူမျိုး အများစုတွင် (ရခိုင်ပြည်နယ်မြောက်ပိုင်းနေသူများ) အမှန်တကယ်ခင်မင်သည့် ရခိုင်အသိ၊ သူငယ်ချင်းများမရှိကြပါ။ ထိုသူများအနေဖြင့် အင်တာဗျူးအစပိုင်းတွင် ရခိုင်များနှင့်အတူနေ ပေါင်းသင်းဆက်ဆံမှုများရှိသည်ဟုဆိုကြသော်လည်း၊ ရခိုင်များနှင့် လုပ်ငန်းခွင်ပြင်ပတွင် အတူပေါင်း၍ အပျော်အပါးကိစ္စများတွင်လည်းကောင်း၊ မိသားစုရေးရာကိစ္စများတွင်လည်းကောင်း မည်သို့မှ နီးနီးကပ်ကပ် ပေါင်းသင်းဆက်ဆံခြင်း မရှိပါဟု ဆိုကြပါသည်။

၁၂.၄။ တောင်ပိုင်းဒေသအချို့တွင် ရခိုင်နှင့် ဘင်္ဂါလီများပို၍ ခင်မင်ရင်းနှီးစွာ နေထိုင်ကြသည်ကို တွေ့မြင်ရပါသည်။ ထိုဒေသရှိ ရခိုင်လူမျိုးများအနေဖြင့် အထက်ပါ ရခိုင်နှင့် ဘင်္ဂါလီပြဿနာများကို သိရှိကြသော်လည်း မြောက်ပိုင်းသားများလောက် ထိုကိစ္စများကို ဒေါသဖြင့်ပြောဆိုမှုများ မပြုလုပ်ကြသည်ကို တွေ့ရှိရပါသည်။ အထက်ပါအကြောင်းအရာများကို ချိုင်း၍ပြောရလျှင် ရခိုင်ပြည်မြောက်ပိုင်းတွင်နေထိုင်သည့် ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆက်ဆံမှုနည်းပါးခြင်းကို အကြောင်းပြု၍ အပြန်အလှန်နားလည်မှုလည်း နည်းပါးကြကြောင်း တွေ့ရပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား နေထိုင်ပြုကျင့်မှုများကို မကောင်းမြင်သည့်ဘက်မှသာ မြင်ကြသည်ကို တွေ့ရှိရပါသည်။

၁၂.၅။ ရခိုင်ပြည်တောင်ပိုင်းတွင် နေထိုင်ကြသူများအနေဖြင့် အပြန်အလှန်ဆက်ဆံမှု ရှိကြသည့်အလျောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်နားလည်မှုပေးနိုင်မှုများ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၃ ခုနှစ်၊ မတ်လအကြားကောက်ယူခဲ့သော စစ်တမ်းများအရ၊ စစ်တမ်းတွင် ပါဝင်သော တောင်ပိုင်းသား (၆၀၀) အနက်မှ (၄၀) ရာခိုင်နှုန်းခန့်သည် ဘင်္ဂါလီများနှင့် ယခင်အတိုင်း အတူငြိမ်းချမ်းစွာနေထိုင်နိုင်ကြောင်း ပြောကြားကြပါသည်။ သို့ရာတွင် မြောက်ပိုင်းဒေသမှ စစ်တမ်းတွင်ပါဝင်သူများ၏ (၃) ရာခိုင်နှုန်းနီးပါးကသာလျှင် ဘင်္ဂါလီများနှင့် အတူနေထိုင်နိုင်ကြောင်း ပြောကြပါသည်။ ကျန်သောသူများအနေဖြင့် ဘင်္ဂါလီနှင့် ရခိုင်များကို သီးခြားထားပေးစေချင်ကြောင်း ပြောကြားကြပါသည်။

၁၂.၆။ ရခိုင်ပြည်နယ်၏ မြောက်ပိုင်းနှင့်တောင်ပိုင်း (၂) ပိုင်းစလုံးတွင် နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးအများစုသည် ၎င်းတို့အနေဖြင့် ရခိုင်လူမျိုးများနှင့်အတူ ယှဉ်တွဲ၍နေနိုင်ပါကြောင်း ပြောကြားပါသည်။ စစ်တမ်းတွင်ပါဝင်ခဲ့သည့် ဘင်္ဂါလီ(၈၀၀) တွင် (၆၀) ရာခိုင်နှုန်းသည် လုံခြုံရေးရှိပါက ရခိုင်လူမျိုးများနှင့် ယခင်အတိုင်း နေထိုင်နိုင်ကြောင်း ပြောဆိုကြပါသည်။ သို့ရာတွင် ထိုဘင်္ဂါလီအများစုအနေဖြင့် ရခိုင်လူမျိုးများနှင့်သင့်မြတ်ရန် လိုအပ်သည့်အရာများကို လုပ်ဆောင်ရန် ဝန်လေးနေကြသည်ကို တွေ့ရှိရပါသည်။ ဥပမာ - စစ်တမ်းတွင်ပါဝင်သူများ၏ (၅) ရာခိုင်နှုန်းခန့်ကသာ နိုင်ငံတော်အလံကို အလေးပြုနိုင်ကြောင်း ပြောကြပါသည်။ ထို့ပြင် ဘင်္ဂါလီအများစုအနေဖြင့် ဗမာ-မူဆလင်များကဲ့သို့ နေထိုင်ပြုမူမှုများ မပြုလုပ်ကြသည်ကို တွေ့ရပါသည်။ ရခိုင်လူမျိုးများမှ အထူးသဖြင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် နေထိုင်ကြသည့် ဘင်္ဂါလီများကို ဘင်္ဂလားဒေ့ရှ်နှင့် အရှေ့အလယ်ပိုင်းမှ မူဆလင်ဘာသာဝင်များကဲ့သို့ နေထိုင်ခြင်းထက် ဗမာ-မူဆလင်များကဲ့သို့ ပြုမူနေထိုင်မှုများပြုလျှင် သူတို့အနေဖြင့် ဘင်္ဂါလီများနှင့်ပို၍ အဆင်ပြေစွာ ဆက်ဆံနိုင်မည်ဟု ပြောဆိုသည့်အပေါ် သဘောထားမည်သို့ရှိကြောင်း မေးမြန်းရာတွင် စစ်တမ်းတွင်ပါဝင်သည့် တောင်ပိုင်းသားဘင်္ဂါလီများ၏ (၆၀) ရာခိုင်နှုန်းသည် ဗမာ-မူဆလင်များကဲ့သို့ နေထိုင်ရန် ပြဿနာမရှိကြောင်း ပြောကြားကြပြီး၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ စစ်တမ်းတွင်ပါဝင်သူများအားလုံးလိုလိုမှ မိမိတို့ဘာသာတရား၏ လိုအပ်ချက်အရ ယခုလက်ရှိအတိုင်း ဆက်၍နေသွားမည်ဟု ပြောဆိုကြပါသည်။

၁၂.၇။ ထို့ပြင် ဘူးသီးတောင်နှင့်မောင်တောရှိ ဘင်္ဂါလီများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ အားကစားပြိုင်ပွဲများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှနေ၍အားပေးခြင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားဖြစ်ပွားသည့် နယ်စပ်ပြဿနာများတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ရပ်တည်ပြောဆိုခြင်းများသည် မြန်မာပြည်အတွင်း မြန်မာနိုင်ငံသားအဖြစ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်မှုများအား အမှန်တကယ်ပြုနိုင်မည်မဟုတ်ဟု ရခိုင်လူမျိုးများက ထင်မြင်ကြပါသည်။

၁၂.၈။ စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များတွင် အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်ကြသော ဘင်္ဂါလီလူမျိုးများသည် ဗမာစကားကို ရေရေလည်လည်ပြောဆိုနိုင်ခြင်း မရှိသည့်အပြင် ကျေးလက်နေသူအများစုမှ ဘင်္ဂါလီနှင့် အာရဗီဘာသာတို့အား ရေးတတ်ဖတ်တတ်မှု ရှိကြပါသည်။ နိုင်ငံ၏ ရုံးသုံးစကားဖြစ်သည့် ဗမာစကားကို ရေးနိုင်၊ ဖတ်နိုင်ခြင်း မရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဘင်္ဂါလီအများစုအနေဖြင့် ၎င်းတို့သည် မြန်မာတိုင်းရင်းသားများအဖြစ် တောင်းဆိုကြသော်လည်း ရခိုင်ပြည်အတွင်းနေထိုင်ကြသော ဘင်္ဂါလီများအနေဖြင့် နိုင်ငံအတွင်းနေထိုင်ကြသော အခြားသောလူမျိုးစုများနှင့် သီးခြားဖြစ်နေသည်ကို တွေ့မြင်ရပါသည်။ ထို့အတူ ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသတွင် နေထိုင်သူများ၏ လူနည်းစုသည်သာ တိုင်းပြည်အတွင်းရှိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို သိရှိကြပါသည်။ စစ်တမ်းတွင်ပါဝင်သော စစ်တွေမြို့တွင်နေထိုင်သည့် ဘင်္ဂါလီလူမျိုးများနှင့် အခြားမြို့ကြီးများတွင် နေထိုင်သော ဘင်္ဂါလီလူမျိုးများသာလျှင် တိုင်းပြည်အတွင်း နိုင်ငံရေးပြောင်းလဲမှုကို သိရှိကြပြီး၊ ကျေးလက်ဒေသတွင် နေထိုင်သူအများစုသည် သမ္မတကြီး ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ အမည်ကိုပင် မသိရှိကြကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်နေထိုင်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြောင်းနှင့် နိုင်ငံ့ခေါင်းဆောင်များကို မသိရှိခြင်းများကြောင့် ရခိုင်တိုင်းရင်းသားများအနေဖြင့် ထိုဘင်္ဂါလီလူမျိုးများအား နိုင်ငံခြားသားများအဖြစ် ပို၍ရှုမြင်လာကြပါသည်။ ထိုအကြောင်းအရာများကြောင့်လည်း ဘင်္ဂါလီများအား မြန်မာနိုင်ငံသားမဖြစ်သင့်သော အကြောင်းအချက်တစ်ခုအဖြစ် ရခိုင်လူမျိုးများက ပြောဆိုလာကြပါသည်။

၁၂.၉။ အထက်တွင်တင်ပြခဲ့သော အကြောင်းအရာများကို ဆန်းစစ်ကြည့်လျှင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးနှစ်ဦးနှစ်ဖက်စလုံးအနေဖြင့် အလွယ်တကူ ငြိမ်းချမ်းစွာနေနိုင်သည့် အခြေအနေတွင် မရှိကြဟု ဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင်လည်း ရခိုင်များနှင့် ဘင်္ဂါလီများ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်ရန်မှာ လုံးဝမဖြစ်နိုင်ဟုလည်း ပြောဆို၍မရနိုင်ပါ။ ဘင်္ဂါလီလူမျိုးများနှင့် နိုင်ငံတကာမီဒီယာများမှ ရခိုင်လူမျိုးများသည် ဘင်္ဂါလီများ၏ လူ့အခွင့်အရေးနှင့် နိုင်ငံသားအရေးလုံးဝမရသင့်ဟု သဘောထားရှိကြောင်း ပြောဆို၊ ရေးသားမှုများ ရှိကြပါသည်။ သို့ရာတွင် ရခိုင်လူမျိုး အများစုအနေဖြင့် ဘင်္ဂါလီများအား တိုင်းရင်းသားအဖြစ် လက်မခံနိုင်သော်လည်း ၎င်းတို့အား ဥပဒေ

အရ နိုင်ငံသားဖြစ်ခြင်းအား စိစစ်၍ ထိုက်တန်သူများအားလုံးကို နိုင်ငံသားအဖြစ်ပေးရန်ကိုမူ မကန့်ကွက်လိုကြကြောင်း တွေ့ရှိရပါသည်။

၁၂.၁၀။ စစ်တမ်းတွင်ပါဝင်သူ ရခိုင်လူမျိုးများ၏ (၄) ရာခိုင်နှုန်းခန့်သာလျှင် ပြည်တွင်းရှိ ဘင်္ဂါလီလူမျိုးအားလုံးကို နိုင်ငံသားမပေးသင့်ကြောင်း ပြောဆိုမှုရှိပါသည်။ ဘင်္ဂါလီလူမျိုးများအနေဖြင့်လည်း မိမိတို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလည်း အသိအမှတ်မပြုသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွားရောက်နေထိုင်သည့်အခါတွင်လည်း အဆင့်မတူသည့်၊ ခေတ်နောက်ကျသည့် လူများအဖြစ် သတ်မှတ်ခံခဲ့ရသည့်အတွက် အင်ဒိုနီးရှား၊ မလေးရှားနှင့် အခြားနိုင်ငံများသို့ သွားရောက်လိုသည်မှတပါး ကမ္ဘာပေါ်တွင် အခြားနိုင်ငံများသို့ အလွယ်တကူ ပြောင်းရွှေ့နိုင်ခြင်း မရှိကြပါ။ ထိုသို့ပြောင်းရွှေ့နေထိုင်ရန် မဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ရန် ဆန္ဒများရှိကြပါသည်။

၁၂.၁၁။ လက်ရှိအခြေအနေတွင် ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးများသည် တစ်ဖက်နှင့်တစ်ဖက် မကျေနပ်မှုများ၊ မုန်းတီးမှုများရှိသော်လည်း အဓိကရုဏ်းများထပ်မံ ဖြစ်ပွားသည်အထိ ဖြစ်စေလိုသော ဆန္ဒများမရှိကြပါ။ ယခင်အခြေအနေများတွင် မုဒိမ်းမှုများရှိခဲ့စဉ် ဥပဒေအရ အရေးယူမှုများရှိခဲ့ပြီး အဓိကရုဏ်းများဖြစ်ပွားသည်အထိ ဖြစ်မလာခဲ့ပါ။ ယခု ၂၀၁၂ ခုနှစ်တွင် လူမျိုးရေးပဋိပက္ခဖြစ်လာခြင်းသည် မကျေနပ်ချက်များအပေါ် အခွင့်အရေးယူ၍ ဘင်္ဂါလီတစ်ချို့က ရိုဟင်ဂျာတိုင်းရင်းသားဖြစ်ရေးအတွက် လှုပ်ရှားခြင်းဖြစ်သကဲ့သို့ ရခိုင်တိုင်းရင်းသားခေါင်းဆောင်အချို့တို့သည်လည်း ၂၀၁၀ ခုနှစ်တွင် နိုင်ငံရေးပါတီ တစ်ချို့နှင့် လူမှုရေးအဖွဲ့အစည်းတစ်ချို့ကိုဖွဲ့စည်းပြီး နိုင်ငံရေးနှင့် ရခိုင်အမျိုးသားရေးလှုပ်ရှားမှုများ ပြုလုပ်သည့်အနေဖြင့် ဘင်္ဂါလီများနှင့်ပတ်သက်၍ မုန်းတီးမှုများဖြစ်အောင် လုပ်လာခြင်းများဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် တိုးတက်ဖြစ်ထွန်းလာသော နိုင်ငံရေးပွင့်လင်းမှုအပေါ် အခွင့်ကောင်းယူပြီး လုပ်လာခြင်းဖြစ်ပါသည်။

၁၂.၁၂။ ရခိုင်အမျိုးသမီး မသီတာထွေး မုဒိမ်းကျင့်ခံရပြီး အသတ်ခံရမှုကိစ္စဖြစ်ပွားပြီး နောက်ဆက်တွဲအဖြစ် ရခိုင်နိုင်ငံရေးနှင့် လူမှုရေးအဖွဲ့အစည်းတစ်ချို့သည် လှုံ့ဆော်မှုများကို ပြုလုပ်လာကြပါသည်။ ထိုလှုံ့ဆော်မှုများကြောင့် တောင်ကုတ်တွင် မူဆလင်ဘာသာဝင် (၁၀) ဦး အသတ်ခံရမှုများ ဆက်စပ်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဘင်္ဂါလီများအနေဖြင့်လည်း အစဉ်အဆက်ရိုဟင်ဂျာ လှုပ်ရှားမှုများကို ပြုလုပ်ခဲ့သည်များရှိသည်။ ဘင်္ဂါလီအရေး လှုပ်ရှားမှုများသည် နိုင်ငံရေး ပွင့်လင်းလာသည်နှင့်အမျှ အရှိန်အဟုန်မြှင့် လုပ်ဆောင်လာသည်များကို တွေ့ရှိရပါသည်။ ထိုသို့ နိုင်ငံရေးနှင့် ဘာသာရေးဘက်မှ လှုံ့ဆော်မှုများမပြုလုပ်ပါက ဆိုးရွားသော ပဋိပက္ခများစွာ ဖြစ်ပေါ်လာနိုင်မှုများကို လွယ်တကူထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

၁၂.၁၃။ ရခိုင်ပြည်နယ်အတွင်း ရခိုင်နှင့်ဘင်္ဂါလီများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် အစိုးရနှင့်လူမှုအဖွဲ့အစည်းများအားလုံး စတင်လုပ်ဆောင်သင့်သည့်အချက်မှာ ပဋိပက္ခအတွင်း ပါဝင်နေသူအားလုံး ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

ပဋိပက္ခအတွင်းတွင် လူ့အခွင့်အရေး မရရှိသူများအနေဖြင့် မကျေနပ်မှုများ အစဉ်အမြဲ ရှိနေမည်ဖြစ်ပြီး၊ အခွင့်အရေးများ အပြည့်အဝရနေသည့်အဖွဲ့၏ နိုင်ထက်စီးနင်းပြုမှုများကို ခံရနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွင်း နေထိုင်သူလူတစ်စုသည် ထိုနိုင်ငံ၏နိုင်ငံသားဖြစ်မှ လူ့အခွင့်အရေးများပေးသင့်သည်ဟု ပြော၍မရနိုင်ပါ။ နိုင်ငံတကာမှလက်ခံသည့် စံနှုန်းများနှင့်အညီ လူသားတိုင်းလူ့အခွင့်အရေးရစေရန် ဆောင်ရွက်ပေးရမည်မှာယဉ်ကျေးသောလူ့အဖွဲ့အစည်းတွင် နေထိုင်သူအားလုံး၏ တာဝန်ဖြစ်ကြောင်း လက်ခံရမည်ဖြစ်ပါသည်။

၁၂.၁၄။ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျှက်ရှိကြသော ဘင်္ဂါလီအချို့၏ နိုင်ငံသားဖြစ်ရေးသည် လက်ရှိအခြေအနေတွင် ရှင်းလင်းမှုမရှိသေးသော်လည်း ထိုသူများနှင့်ဆက်ဆံရာတွင် အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးအား မချိုးဖေါက်မိစေရန်လိုအပ်သကဲ့သို့ လူမှုဘဝလုံခြုံရေးနှင့် လူမှုဖူလုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လည်းလိုအပ်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများအနေဖြင့် တရားမဝင်-ဝင်ရောက်လာသူများသည် အခြေခံလူ့အခွင့်ရေးများ ရသင့်သည်ဟုခံယူကာ ထိုသူများအပေါ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သင့်သည်များကိုလည်း အများပြည်သူ သိသာစေရန် ပွင့်လင်းမြင်သာမှု (Transparency) ရှိစွာ ဆောင်ရွက်သင့်ပါသည်။

၁၂.၁၅။ ထို့ပြင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီးသော ဘင်္ဂါလီများကိုလည်း ဥပဒေအရ၊ ရသင့်ရ ထိုက်သော အခွင့်အရေးများကို ပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ထိုသူများ၏ အခွင့်အရေးများကို နိုင်ငံတော်လုံခြုံရေးအတွက် ကန့်သတ်ရန်လိုအပ်ပါကလည်း ဥပဒေအရ တိကျစွာ ဆောင်ရွက်သင့်ပါသည်။ သို့မဟုတ်ပါက အကျင့်ပျက်ဝန်ထမ်းများ၏ အခွင့်အရေးယူ၍ ကိုယ်ကျိုးအတွက် လုပ်ဆောင်မှုများ ဖြစ်လာနိုင်ပါသည်။ ယခုလက်ရှိအခြေအနေတွင် ဘင်္ဂါလီများ၏ ခရီးသွားလာခွင့်များကို ပိတ်ထားသော်လည်း၊ ငွေကြေးတတ်နိုင်သော ဘင်္ဂါလီများသည် ရန်ကုန်မြို့သို့ပင် ဒေသရှိဝန်ထမ်းအချို့အား လာဘ်ပေး၍ ပြောင်းရွှေ့နေထိုင်မှုများ ရှိနေကြကြောင်း သတင်းများ ဖြစ်ပေါ်နေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပဋိပက္ခနှင့် ပတ်သက်နေသည့် သူများအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို မည်သူ့ကိုမျှ ချိုးဖောက်ခွင့်မပြုပါက၊ မလိုလားအပ်သည့် ပြဿနာမြောက်များစွာကို ရှောင်ကြဉ်ပြီးသား ဖြစ်သွားမည်ဖြစ်ပါသည်။

၁၂.၁၆။ သို့ဖြစ်ပါ၍ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းရာတွင် လူ့အခွင့်အရေးများ မချိုးဖောက်မိစေရန်နှင့် ပြည်နယ်တွင်းရှိ နေထိုင်သူများ၏ ဘဝလုံခြုံမှုကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ရာတွင်တိုင်းပြည်၏ အမျိုးသားအကျိုးစီးပွားနှင့် တိုင်းသူပြည်သားတို့၏ လုံခြုံရေးအပေါ် ထိခိုက်နိုင်သူများ၏ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကန့်သတ်မှုများကိုမူ နိုင်ငံတိုင်းက ပြုလုပ်တတ်ကြပါသည်။ အကယ်၍လူတစ်ဦး (သို့မဟုတ်) လူတစ်စု၏ လူ့အခွင့်အရေးများကို ကန့်သတ်ရန် လိုအပ်လာသည်ဆိုပါက၊ ဤလုပ်ဆောင်ချက်သည် တိုင်းပြည်လုံခြုံရေးအတွက် အမှန်တကယ် လုပ်ဆောင်ပေးရန် လိုအပ်မှသာ ပြုလုပ်သင့်ပါသည်။

၁၂.၁၇။ ဘင်္ဂါလီများ နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးလုပ်ငန်းရပ်အဖြစ်သတ်မှတ်ကာ စိစစ်မှုများပြုလုပ်၍ ဆောင်ရွက်ရန်လိုအပ်ပါသည်။ နိုင်ငံသားအဖြစ်ရရှိနိုင်မှသာလျှင် ပြည်တွင်းရှိ အခြားနိုင်ငံသားများနှင့်အတူ ပေါင်းစည်းနေထိုင်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ ဘင်္ဂါလီများအနေဖြင့်လည်း နိုင်ငံသားအခွင့်အရေးရမှ မြန်မာနိုင်ငံအတွင်း ပြောင်းလဲဖြစ်ပေါ်နေသော တိုင်းရေး၊ ပြည်ရေးများကို ပိုမိုစိတ်ဝင်စားမည်ဖြစ်ကာ တိုင်းပြည်အတွင်း တာဝန်ရှိ/တာဝန်သိစွာ နေထိုင်သည့်သူများ ဖြစ်လာမည်ဖြစ်ပါသည်။

၁၂.၁၈။ နိုင်ငံသားပြုခွင့်ရထားသူ၊ ဧည့်နိုင်ငံသားအဖြစ်နေထိုင်လိုသူတို့သည် ဤနိုင်ငံ၏ ဥပဒေ၊ စည်းကမ်းတို့ကို လိုက်နာ၍ မိမိနေထိုင်သည့်ဒေသနှင့် သဟဇာတဖြစ်နိုင်ရန် ဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို အတိုင်းအတာတစ်ခုအထိ သင်ကြားတတ်မြောက်ထားစေပြီး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ပြီးမှသာ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားအဖြစ် ခွင့်ပြုသင့်ပေသည်။ နိုင်ငံသားအသိအမှတ်ပြုခြင်းများကို ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားများဖြင့် ကျင်းပပေးသင့်ပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးအနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးစံများကိုသိရှိရန် ကြိုးစားလိုက်နာကြရမည်ဖြစ်ပြီး၊ ပညာပေးရေးလုပ်ငန်းများကိုလည်း တစ်ဖက်မှ ဆောင်ရွက်ပေးသင့်ပါသည်။

၁၂.၁၉။ အစိုးရအနေဖြင့် ဘင်္ဂါလီများ၏ နိုင်ငံသားဖြစ်နိုင်မှု၊ မဖြစ်နိုင်မှုကို တည်ဆဲဥပဒေများအရ ပွင့်လင်းမြင်သာသောနည်းလမ်းများဖြင့် တိကျစွာဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေကို စနစ်တကျမှန်ကန်စွာ အသုံးပြုသွားရမည်ဖြစ်ပါသည်။ နိုင်ငံခြားမှ ဝေဖန်သူတစ်ချို့က ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေသည် ဘင်္ဂါလီများကို တစ်ဖက်သတ် တရားဝင်ဖိနှိပ်နိုင်သည်ဟု ပြောဆိုနေကြသော်လည်း၊ ဤဥပဒေသည် စနစ်တကျအကောင်အထည်ဖော်သွားလျှင် လက်ရှိဖြစ်နေသော ပြဿနာအများစုကို ဖြေရှင်းပေးနိုင်မည့် ဥပဒေတစ်ခုဖြစ်ပါသည်။ ယခုအချိန်အထိ ဘင်္ဂါလီများ၏ နိုင်ငံသားဖြစ်တည်မှုပြဿနာကို မဖြေရှင်းနိုင်သည့် အကြောင်းအရင်းသည် ဥပဒေကြောင့်ချည်းသက်သက်မဟုတ်ဘဲ၊ ဥပဒေကို အကောင်အထည်ဖော်ကျင့်သုံးသည့်ပုံစံ၏ အားနည်းမှုကြောင့်လည်းဖြစ်ပါသည်။ နိုင်ငံမဲ့ဖြစ်နေသောသူများကိစ္စကို ကိုင်တွယ်ရာတွင်လည်း နိုင်ငံအတွင်း ကျင့်သုံးနေသည့် ဥပဒေများဖြင့် အရေးယူဆောင်ရွက်ခြင်းသာမက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

၁၂.၂၀။ နိုင်ငံတိုင်းသည် မိမိ၏နယ်နိမိတ်အတွင်း တရားမဝင်ခိုးဝင်လာသူများအား ပိတ်ပင်ပိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏နယ်စပ်မှ ရေကြောင်း၊ ကုန်းကြောင်းနှင့် လေကြောင်းတို့ဖြင့် တရားမဝင်ဖြတ်ကျော်လာသူ မည်သူ့ကိုမဆို မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ နိုင်ငံသားဖြစ်ခွင့်၊ ဧည့်နိုင်ငံသားဖြစ်ခွင့်၊ နိုင်ငံသားပြုခွင့် မရရှိစေရေးအတွက် ပိတ်ပင်ထားသည့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းသင့်ပါသည်။ နိုင်ငံခြားသားများ (ဘင်္ဂါလီများသာမက) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တရားမဝင်-ဝင်ရောက်ခြင်းကိုအားပေးခြင်း၊ ကူညီပေးခြင်းပြုသူ မည်သူ့ကို

မဆို တားမြစ်သည့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီး၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။

၁၂.၂၁။ ရခိုင်ပြည်နယ်တွင် ကျင့်သုံးလျှက်ရှိသော တရားရေးကဏ္ဍနှင့် ဥပဒေစိုးမိုးရေး ဆောင်ရွက်မှုများသည် ပြည်နယ်အတွင်းရှိ နေထိုင်သူများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် Problem Solving Mechanism တစ်ခုအဖြစ် ရှိရန် လိုအပ်ပါသည်။ သို့မှသာ ရခိုင်နှင့် ဘင်္ဂါလီအများစု၏ ဥပဒေမဲ့ ပြဿနာဖြေရှင်းလုပ်ဆောင်နေမှုများ လျော့နည်းလာနိုင်မည်ဖြစ်ပါသည်။ စစ်တမ်းတွင် ပါဝင်သည့်ဘင်္ဂါလီ (၅၀) ရာခိုင်နှုန်းနှင့် ရခိုင် (၆၀) ရာခိုင်နှုန်း တို့က တရားရေးကဏ္ဍအနေဖြင့် ထိရောက်မှန်ကန်စွာ အလုပ်လုပ်လျှင် ပဋိပက္ခများလျော့နည်းသွားနိုင်သည်ဟု ပြောဆိုကြပါသည်။ ထို့ပြင် အသုံးလုံး သင်တန်းများပေးခြင်း၊ တိုင်းပြည်အကြောင်း သိသင့်သိထိုက်သည်များအား သင်တန်းပေးဖွင့်လှစ်ပေးခြင်းများကို ရခိုင်၌သာမက မြန်မာပြည်တစ်ပြည်လုံးတွင် ပြုလုပ်သင့်ပါသည်။ ရခိုင်ပြည်နယ်ပြင်ပတွင် နေထိုင်ကြသော တိုင်းရင်းသား (၁,၀၀၀) အနက် (၇၅) ရာခိုင်နှုန်းသည် ဘင်္ဂါလီလူမျိုးများကို သဘောကျ၊ နစ်သက်ခြင်းမရှိကြပေ။ (၈၅) ရာခိုင်နှုန်းသည် အဓိကရုဏ်းများဖြစ်ပွားခြင်းကို အားပေး၊ ထောက်ခံခြင်းမရှိသော်လည်း ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများ၏ လွှမ်းမိုးမှုကို ကြံ့ကြံ့ခံတွန်းလှန်ကြခြင်းအား ထောက်ခံကြကြောင်းကို တွေ့ရှိရပါသည်။ ၉၆၉ လှုပ်ရှားမှုများရှိလာခြင်းသည် မူဆလင်နှင့် အခြားဘာသာဝင်လူမျိုးများအကြား ဘာသာရေးအဓိကရုဏ်းများ၊ အဆင်မပြေမှုများကို တိုးပွားစေနိုင်ပါသည်။ အထူးသဖြင့် ရန်ကုန်မြို့ သာကေတနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် ရခိုင်ပြည်နယ်မှ လာဘ်ထိုး၍ ပြောင်းရွှေ့နေထိုင်သော ဘင်္ဂါလီများရှိသောကြောင့် အချို့သောဗုဒ္ဓဘာသာဝင်များအနေဖြင့် ဂရုထားစောင့်ကြည့်ရမည် ဟူသော ကောလာဟလများ ထွက်ပေါ်လျှက်ရှိပါသည်။ အဆိုပါကိစ္စကို ကြိုတင်ကာကွယ်မှုမပြုပါက တိုင်းပြည်အတွင်း မတည်ငြိမ်မှုများ၊ မူဆလင်ဘာသာဝင်များနှင့် အခြားဘာသာဝင်များအကြား အဆင်မပြေမှုများကို ပိုမိုများပြားလာစေနိုင်ပါသည်။

၁၂.၂၂။ လက်ရှိအခြေအနေတွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးစုများကို သီးခြားစီခွဲထားရန် လိုအပ်ပါသည်။ သို့ရာတွင် ဤလူ့အဖွဲ့အစည်းနှစ်ခုကို အမြဲတမ်းခွဲထားရန်မှာမူ မဖြစ်နိုင်ပါ။ နှစ်ဖက်စလုံးမှ တစ်ဦးအပေါ်တစ်ဦး ထားရှိလာခဲ့သော အမျက်ဒေါသများလျော့သွားသည်အထိသာ ခွဲထားသင့်ပါသည်။ ဤကာလအတွင်း၌လည်း ဥပဒေချိုးဖောက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

၁၂.၂၃။ အစိုးရအနေဖြင့် ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများသည် မည်သို့မည်ပုံ၊ မည်သည့်အခြေအနေတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်မည်ကို သိရှိနိုင်ရန်အတွက် လူမျိုးစုနှစ်ခုလုံးမှ အဖွဲ့ဝင်များအားအပြန်အလှန် တွေ့ဆုံညှိနှိုင်း၍ အဖြေရှာနိုင်စေရန် လုပ်ဆောင်ပေးသွားရမည်ဖြစ်ပါသည်။ ဤနေရာတွင် အစိုးရအနေဖြင့် ကူညီပံ့ပိုးသည့် အခန်းကဏ္ဍမှသာ ပါဝင်သင့်ပါသည်။ ထိုသို့ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန် အစိုးရအနေဖြင့် ဤလူမျိုးစုနှစ်ခုစလုံးမှ သဘောထားပျော့ပျောင်း

သောခေါင်းဆောင်များနှင့် နိုင်ငံတော်သမ္မတမှ အထူးအမိန့်ဖြင့် ဖွဲ့စည်းပေးသောလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့ (Task Force) တစ်ခုကို ဖွဲ့စည်းကာ ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

၁၂.၂၄။ ထိုတွေ့ဆုံပွဲများကို ကျင်းပပြုလုပ်ရာတွင်လည်း နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းလူမှုရေးအဖွဲ့များက ကြီးမှူး၍ အဓိကထား ကျင်းပသွားသင့်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကျင်းပလိုပါက ကျင်းပမည့်အဖွဲ့အစည်းသည် ရခိုင်နှင့် ဘင်္ဂါလီ နှစ်ဖွဲ့စလုံးမှ လက်ခံနိုင်သည့် အဖွဲ့အစည်းဖြစ်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက မျက်နှာသာအပေးမခံရဟု မှတ်ယူထင်မြင်သည့်အဖွဲ့မှ မကျေနပ်ချက်များ ပို၍ ကြီးထွားလာနိုင်ပါသည်။

၁၂.၂၅။ ဘာသာတစ်ခုက အခြားဘာသာတစ်ခုအား စော်ကားခြင်း၊ ပုတ်ခတ်ခြင်း၊ ဘာသာရေးအကြောင်းပြပြီး နိုင်ငံရေးနှင့် အစွန်းရောက်သည့် အတွေးအခေါ်များ လုပ်ဆောင်ခြင်းတို့မှ ကာကွယ်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဘာသာရေးစိစစ်ရေးကို ပြန်လည်ပြုလုပ်သင့်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဗလီများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများ၊ ဟိန္ဒူဘာသာရေးဘုရားကျောင်းများ စသည်ဖြင့် ဘာသာရေးနှင့်သက်ဆိုင်သည့် အဆောက်အဦများ၊ ဘာသာရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အားလုံးကို ပြန်လည်စိစစ်ရန်နှင့် ကြပ်မတ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ထိုသို့ စိစစ်ပြီးနောက် ပြည်ထောင်စုအစိုးရအနေဖြင့် သာသနာရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုသည့် အထောက်အထား စာရွက်စာတမ်းများကို ထုတ်ဝေ ပေးထားသင့်ပါသည်။

၁၂.၂၆။ ရေရှည်ခိုင်မာသော နားလည်မှုကိုအခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန်၊ လူမျိုးစုနစ်ဖက်စလုံးရှိ အဖွဲ့ဝင်များ၏ နိုင်ငံရေးနှင့် လူမှုရေးအမြင်များကိုလည်း ပြောင်းလဲရန် လိုအပ်ပါသည်။ အစိုးရအနေဖြင့် လက်ရှိဘင်္ဂါလီနေရာများတွင် ရှိနေသော အမြင်ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်နှင့် ရခိုင်လူမျိုးများအပေါ် အမုန်းတရားများဖြစ်ပေါ်စေသည့် သင်ကြားမှုများ ပပျောက်သွားစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဖြစ်လာစေရန် အထူးပညာရေးစနစ်တစ်ရပ်နှင့် ပညာပေးမှုအစီအစဉ်များကို ဖော်ဆောင်၍၊ လက်ရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၏နေရာတွင် ထိုပညာရေးစနစ်ကို အစားထိုးပေးရပါမည်။ ထိုပညာရေးစနစ်သည် နိုင်ငံသားတစ်ယောက် သိသင့်သိထိုက်သော အချက်များကို သင်ကြားပေးရပါမည်။ ထိုနည်းတူစွာပင် အစိုးရ၊ NGO နှင့် အခြားလူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း ရခိုင်လူမျိုးများက ဘင်္ဂါလီလူမျိုးများအပေါ် မုန်းတီးမှုနှင့် မယုံကြည်မှုများ လျော့ကျသွားစေရန်နှင့် အတိတ်က လူမျိုးရေး အဓိကရုဏ်းများ၏ လွှမ်းမိုးမှု လျော့ကျသွားစေမည့် ပညာပေးအစီအစဉ်များကို အချိန်ယူ၍ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၁၂.၂၇။ ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့် အတူယှဉ်တွဲနေထိုင်ရန် ကြောက်ရွံ့သော အခြားကိစ္စရပ်တစ်ခုမှာ ဘင်္ဂါလီများ၏ လူဦးရေတိုးပွားနှုန်း ဖြစ်ပါသည်။ ထိုတိုးပွားလာသော လူဦးရေကို

ကြည့်၍ ရခိုင်လူမျိုးအချို့အနေဖြင့် ဘင်္ဂါလီများအား တရားမဝင်-ဝင်ရောက်လာသောသူများဖြစ်သည်ဟု ခံယူထားကြပြီး၊ ရခိုင်ပြည်နယ်အား ဘင်္ဂါလီများလာရောက် ထိန်းချုပ်သော ပြည်နယ် မဖြစ်အောင် လုပ်ဆောင်ရမည်ဟူသည့် အယူဝါဒ ရှိလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်လူမျိုးများနှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများက အစိုးရအနေဖြင့် ဘင်္ဂါလီများအကြားတွင် မိသားစုစီမံကိန်း ပေါ်လစီများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုသော ဆန္ဒရှိကြပါသည်။ ထိုကဲ့သို့ အစိုးရအနေဖြင့် မိသားစုစီမံကိန်းကို စနစ်တကျလုပ်ဆောင်သွားနိုင်လျှင် ရခိုင်လူမျိုးများ၏ စိုးရိမ်မှုများသည် တစ်စိတ်တစ်ဒေသ လျော့ကျသွားပြီး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို အထောက်အကူပြုနိုင်သည်ဟု ပြောဆိုကြသည်။ အစိုးရ၊ နိုင်ငံတကာနှင့် ပြည်တွင်း NGO များအနေဖြင့် ဘင်္ဂါလီမိသားစုများအား မိသားစုစီမံကိန်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို သင်ကြားပညာပေးမှုများ လုပ်ဆောင်ပေးရန် လိုအပ်မည်ဟု ပြောဆိုကြပါသည်။ သို့ရာတွင် အစိုးရသော်လည်းကောင်း၊ လူမှုရေးအဖွဲ့တစ်ခုအနေဖြင့် လည်းကောင်း၊ ဘင်္ဂါလီများအပေါ် အုပ်ချုပ်ရေးအာဏာသုံး၍ အတင်းအကြပ် သားဆက်ခြားရေး အစီအစဉ်များ မလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ပါက နိုင်ငံတကာအမြင်တွင် အစိုးရမှ ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင်၊ ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူများမှ ဤကိစ္စကို အသုံးချပြီး ပြည်နယ်အတွင်း မတည်ငြိမ်မှုများကို ဖန်တီးလာနိုင်သောကြောင့်ဖြစ်ပါသည်။

၁၂.၂၈။ ထို့ပြင် ဘင်္ဂါလီမိသားစုများကို မိန်းမတစ်ယောက်ထက် ပိုမယူရန် အုပ်ချုပ်ရေးအာဏာသုံးကာ တားမြစ်ထားခြင်းများသည် လက်တွေ့တွင်အကျိုးသက်ရောက်မှု အလွန်ပင်အားနည်း နေသည်ကို တွေ့ရပါသည်။ လက်ရှိအစိုးရတက်လာသည့်အချိန်အထိ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ အိမ်ထောင်ပြုခွင့်မရှိပါ။ ဤစည်းမျဉ်းသည် ဘင်္ဂါလီများအနေဖြင့် အိမ်ထောင်ပြုလိုပါက သက်ဆိုင်ရာအရာရှိများအား ဘင်္ဂါလီများထံမှ လာဘ်ယူရန် အခွင့်အရေးဖန်တီးပေးသကဲ့သို့ ဖြစ်နေပြီး၊ လက်တွေ့တွင် အကျိုးသက်ရောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ဘင်္ဂါလီအများအပြားမှ အစိုးရထံမှ ခွင့်ပြုချက်မယူဘဲ တိတ်တဆိတ် လက်ထပ် အတူနေသူများ အမြောက်အမြား ရှိပါသည်။ ဤကိစ္စတွင် အဓိကပြဿနာများမှာ ထိုသို့ အစိုးရအသိအမှတ်မပြုသော အိမ်ထောင်ပြုမှုမှ ရရှိလာသောကလေးများကို အစိုးရ၏ဒေသအတွင်း တရားဝင်နေထိုင်သူများစာရင်း၌ မှတ်တမ်းတင်ထားခြင်းမရှိ၍ ရေရှည်တွင် မလိုလားအပ်သည့် ပြဿနာများဖြစ် ပေါ်လာစေနိုင်ပါသည်။ ယခုအခါတွင် ထိုကဲ့သို့ စာရင်းမဝင်သော ကလေး (၆၀,၀၀၀) ကျော်ရှိသည်ဟု စစ်တမ်းများအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ အစိုးရနှင့်လူမှုရေး အဖွဲ့အစည်းများအနေဖြင့် ပါကစ္စတန်နှင့် အခြားမူဆလင်နိုင်ငံတစ်ချို့တွင် ချမှတ်အကောင်အထည်ဖေါ်လျှက်ရှိသည့် ပညာပေးရေးနှင့် ဥပဒေများကဲ့သို့သော အစီအစဉ်များကို စနစ်တကျချမှတ် ပြဋ္ဌာန်း၍ လုပ်ဆောင်သွားသင့်ပါသည်။ မိသားစုဝင်များသော ဘင်္ဂါလီမိသားစုများမှာ ဆင်းရဲပြီး အသက်ရှင်နေထိုင်ရေးအတွက် ရုန်းကန်နေကြရကာ၊ ရုပ်ရှင်ကြည့်ခြင်းနှင့် အခြားသောစိတ်အပန်းဖြေမှုများကိုပင် မပြုလုပ်နိုင်ကြသည်ကို တွေ့ရှိရပါသည်။ မိမိ၏အိမ်ထောင်ဖက်နှင့် ဆက်ဆံနေထိုင်ခြင်းသည်သာ တစ်ခုတည်း

သော အပန်းဖြေပျော်ပါးရာ ဖြစ်နေပါသည်။ ထို့ပြင် ဘင်္ဂါလီအများစုသည် သားဆက်ခြားရေးကို ဘာသာရေးအရ မလုပ်သင့်ဟု ယူဆခံယူထားကြပါသည်။ ထိုအခြေအနေကို အစွန်အဖျား ကျသောဒေသများရှိ ဆင်းရဲသည့်ကျေးရွာများတွင် နေထိုင်ကြသောသူများ၌ ပို၍တွေ့ရှိရပါ သည်။ အကြောင်းမှာ ထိုသူများ၌ ကလေးအရေအတွက် အလွန်အမင်းများနေသည်ကို တွေ့ရှိရ သောကြောင့်ဖြစ်ပါသည်။ ထိုမျှသာမက ခွင့်ပြုချက်မရရှိဘဲ တိတ်တဆိတ်ကလေးများ မွေးခြင်း ကြောင့် ထိုကလေးများစာရင်းမဝင်ဖြစ်နေခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက် အလုပ် လုပ်ကိုင်နေကြသော ၎င်းတို့၏ယောကျ်ားများနှင့် တစ်ဖက်နိုင်ငံရှိ Cox's Bazar ၌ချိန်းတွေ့ကာ ကလေးများရယူခြင်းများသည် မွေးဖွားလာသောကလေးများကို စာရင်းမဝင်ဖြစ်စေပြီး လူဦးရေ ပြဿနာများကို ပိုမိုရှုပ်ထွေးစေပါသည်။

၁၂.၂၉။ အစ္စလာမ်လူ့အဖွဲ့အစည်းတွင် လက်ရှိဦးဆောင်ဦးရွက်ပြုနေသော သဘောထားပြင်းထန်သည့် အချို့သောအစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၏ နေရာတွင် ပိုမိုသဘောထားပျော့ပျောင်း သော ဘာသာရေးခေါင်းဆောင်များ ပေါ်ပေါက်ရေးကိုလည်း အားပေးသင့်ပါသည်။ ထိုသဘော ထားပြင်းထန်သည့် လက်ရှိဘာသာရေးခေါင်းဆောင်များသည် အစ္စလာမ်ဘာသာရေးကျောင်း များမှ ဘွဲ့ရရှိထားသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏ အစ္စလာမ်လူ့အဖွဲ့အစည်းကို မည်သို့ချုပ်ကိုင် ရမည်ကို သင်ကြားပို့ချလိုက်သော ထိုအစ္စလာမ်ဘာသာရေးကျောင်းများမှ ထွက်လာသူများဖြစ် ကြပါသည်။ လက်ရှိတွင် ထိုဘာသာရေးကျောင်းထွက် အစ္စလာမ်ဘာသာရေး ခေါင်းဆောင် များကသာ ၎င်းတို့၏ အစ္စလာမ်လူ့အဖွဲ့အစည်း (ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီ များ) ကို လွှမ်းမိုးထားပြီး လက်ရှိအစ္စလာမ်လူ့အဖွဲ့အစည်းတွင်လည်း ထိုသူများသည်သာ ပညာ (ဘာသာရေးကျောင်း) တတ်သောသူများအဖြစ် ရှိနေပါသည်။

၁၂.၃၀။ သို့ရာတွင် အစ္စလာမ်ဘာသာရေးကျောင်းများမှ သင်ကြားပေးလိုက်သော ၎င်းတို့တတ်မြောက် ထားသည့်အရာများမှာ ယနေ့ခေတ်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့သည့်အပြင် သဘော ထားပြင်းထန်မှုများကိုသာ အားပေးနေသော သင်ကြားမှုများဖြစ်ပါသည်။ ထိုကျောင်းများမှ ထွက်လာကြသော အဆိုပါကျောင်းဆရာ၊ ဘာသာရေးဆရာများသည်လည်း ၎င်းတို့၏ အသိုင်း အဝိုင်းအား အစ္စလာမ်ဘာသာရေးစာပေများကို ပြန်လည်သင်ကြားပို့ချပေးသည့်အခါ ၎င်းတို့ကဲ့ သို့ သဘောထားပြင်းထန်သောသူများကိုသာ မွေးထုတ်ပျိုးထောင်ကြပါသည်။ ထို့ပြင် ၎င်းတို့၏ ဘာသာရေးထွန်းကားပြန့်ပွားရေးကို မြှင့်တင်ရန် ကြိုးပမ်းသည့်အခါတွင်လည်း ရခိုင်လူမျိုးများ အား မုန်းတီးရေးကိုပါထည့်သွင်း ပြောဆိုခြင်းများ ပြုလုပ်ကြပါသည်။ ထိုသို့သော ဘာသာရေး ကျောင်းများကို အစိုးရမှ စီစစ်ကြပ်မတ်သင့်ပြီး သင့်တော်သည့် အစ္စလာမ်ဘာသာဝင်ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့တစ်ခုဖွဲ့စည်းကာ သင်ကြားသင့်သည့် သင်ရိုးညွှန်းတမ်းများရေးဆွဲပေးပြီး ယင်း အတိုင်းသာပို့ချစေသင့်ပါသည်။

၁၂.၃၁။ စစ်တမ်းတွင်ပါဝင်သည့် ဘင်္ဂါလီ (၈၀၀) ဦးစလုံးက ၎င်းတို့၏ အလေးစားဆုံးပုဂ္ဂိုလ်များမှာ ၎င်းတို့၏ မော်လဝီဆရာများသာဖြစ်သည်ဟု ပြောဆိုကြပါသည်။ ထို့ကြောင့် ထိုမော်လဝီ

ဘာသာရေးဆရာများသည် ၎င်းတို့အားလွှမ်းမိုးမှု အရှိဆုံးသူများဖြစ်ပါသည်။ အင်တာဗျူး မေးခွန်းများကို ဖြေဆိုသူ (၈၀၀) ဦး၏ (၁၉.၅) ရာခိုင်နှုန်းက ထိုအစ္စလာမ်ဘာသာရေးဆရာများ က ရခိုင်လူမျိုးများအား မုန်းတီးရန်ပြောကြားကြပါသည်ဟူ၍ ဖြေဆိုပြီး (၈၀.၅) ရာခိုင်နှုန်းကမူ ထိုသို့ ပြောကြားခြင်းမရှိပါ ဟူ၍ ဖြေဆိုကြပါသည်။ သို့ရာတွင် (Focus Group Discussion) ဖြင့် ၎င်းတို့အား မေးမြန်းသည့်အခါတွင် ထိုမော်လဝီဆရာများက ၎င်းတို့အား ရခိုင်လူမျိုးများ မကောင်းကြောင်းကို အမြဲတမ်းပြောဆိုလေ့ရှိပါသည်ဟု ဖြေဆိုသူမှာ (၆၀) ရာခိုင်နှုန်းရှိပြီး (၃၀) ရာခိုင်နှုန်းကမူ ၎င်းတို့၏ ဘာသာရေးဆရာများက ရခိုင်လူမျိုးများမကောင်းကြောင်းကို ရံဖန်ရံခါ မှသာ ပြောဆိုလေ့ရှိသည်ဟု ဖြေဆိုပါသည်။ ကျန် (၁၀) ရာခိုင်နှုန်းကမူ မသိရှိပါဟု ဖြေဆိုပါ သည်။ မေးခွန်းများကို ဖြေဆိုသူများ၏ (၁၈) ရာခိုင်နှုန်းက မွတ်စလင် နိုင်ငံတော်တည်ထောင်ဖို့ လုပ်နိုင်လျှင် ကောင်းမည်ဖြစ်ကြောင်းနှင့် ရခိုင်များက အစ္စလာမ်ဘာသာဝင်များကို မချိုးနှိမ် နိုင်စေရန် ရခိုင်လူမျိုးများကို အားနည်းအောင်ပြုလုပ်ရန် လိုအပ်ကြောင်းကိုလည်း ပြောဆိုကြပါ သည်။ ထိုကဲ့သို့ သဘောထားပြင်းထန်သော မူဆလင်ဘာသာရေးခေါင်းဆောင်များ ရှိနေခြင်း သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသော သဘောထားဖြစ်ပေါ်လာအောင် လုပ် ဆောင်နိုင်ရေးကို နှောင့်နှေးကြန့်ကြာစေနိုင်ပါသည်။ ထိုသို့ သဘောထားပြင်းထန်သည့် ဒေသ အတွင်းရှိ မော်လဝီဆရာများအပြင်၊ ရန်ကုန်မှလာသည့် တာဘလစ်အဖွဲ့များနှင့် ယင်းအဖွဲ့ ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်အချို့သည်လည်း ဘင်္ဂါလီများနှင့် ရခိုင်လူမျိုးများကြား ဆက်ဆံရေးကို ပို၍ဆိုးဝါးလာစေသည်ဟု ရခိုင်လူမျိုးများမှ ထင်မြင်ကြပါသည်။ တာဘလစ် ကိုယ်စားလှယ်များအနေဖြင့် အစ္စလာမ်ဘာသာဝင်များအကြားတွင် ဘာသာရေး မြှင့်တင်ခြင်း ကို အဓိကလုပ်ဆောင်ခြင်းဖြစ်သောကြောင့် လည်းကောင်း၊ ၎င်းတို့အနေဖြင့် ဘင်္ဂါလီများအား ဘာသာရေးကိစ္စများကို ပြင်းပြင်းထန်ထန် တိုက်တွန်းလှုံ့ဆော်မှုများ ပြုခြင်းကြောင့်လည်း ကောင်း၊ မူဆလင်ဘာသာမဟုတ်သူများနှင့် မူဆလင်ဘာသာဝင်ဘင်္ဂါလီများအကြား နားလည် မှုများ လွဲမှားလာစေသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသဘောထားပြင်းထန်သော မူဆလင်ဘာသာရေးခေါင်းဆောင်များ၏ သဘောထားမှာ "ရခိုင်ပြည်နယ်တွင် လက်ရှိ-ရှိနေ သော ၎င်းတို့၏ အစ္စလာမ်လူ့အဖွဲ့အစည်းအတွင်းရှိ လူများတွင် ရေးရိုးကျသော အယူအဆ ဟောင်းများရှိနေမှသာ ၎င်းတို့အနေဖြင့် ထိုသူများကို လွှမ်းမိုးနိုင်မည်ဖြစ်သည်" ဟူသော သဘောထားဖြစ်ပါသည်။ ၎င်းတို့၏ ထိုသဘောထားအား ပြောင်းလဲရန်မှာ လွန်စွာ ခဲယဉ်းလှ ပါသည်။ အခြားသောနိုင်ငံများ၏ သာဓကများကို ကြည့်လျှင် မလေးရှားနိုင်ငံတွင် သဘောထား ပျော့ပျောင်းသော မူဆလင်ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ် နိုင်ငံတွင် တရုတ်အစိုးရက အစ္စလာမ်လူ့အဖွဲ့အစည်းကို ထိန်းကျောင်းသည့်အခါတွင် သဘော ထားပျော့ပျောင်းသော မူဆလင်ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင်လည်း ရန်ကုန်နှင့် မန္တလေးမြို့ကြီး များတွင်ရှိသော သဘောထားပျော့ပျောင်းသည့် အစ္စလာမ်ဘာသာရေးခေါင်းဆောင်များကို သေသေချာချာ လေ့ကျင့်ပေးကာ ထိုပုဂ္ဂိုလ်များကို ရှေ့တန်းတင်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ

အစ္စလာမ်ဘာသာရေးကျောင်းများအား ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်သင့်ပါသည်။ နိုင်ငံတော်အစိုးရမှ ရခိုင်လူမှုရေးနှင့် ဘာသာရေးခေါင်းဆောင်များကိုလည်း လူမျိုးရေးမုန်းတီးမှုများပြောဆိုဟောပြောခြင်းမပြုစေဘဲ လူသားအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် အယူဝါဒများကို လက်ခံလာစေရန် Forum များနှင့် Workshop များ မကြာခဏ ပြုလုပ်ပေးသင့်ပါသည်။

၁၂.၃၂။ အစိုးရအနေဖြင့်လူမှုရေးနှင့် ဘာသာရေးအဖွဲ့များနှင့်ပူးပေါင်းကာ Interfaith Dialogue များကျင်းပပေးပြီး၊ နိုင်ငံသားများအကြား မတူညီသော ကိုးကိုယ်မှုဘာသာရေးအကြောင်းများကို နားလည်မှုရှိအောင်လည်း ပြုလုပ်သွားသင့်ပါသည်။ စစ်တမ်းတွင်ပါဝင်သူ ရခိုင်လူမျိုးများအကြားတွင် အစ္စလာမ်ဘာသာအကြောင်းကို တိတိကျကျသိရှိသူများသည် ဘင်္ဂါလီများအပေါ် ပို၍ပျော့ပျောင်းသော သဘောထားရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အစိုးရနှင့် ဘာသာရေးအဖွဲ့များအနေဖြင့် Interfaith Dialogue Meeting များကို များများလုပ်ဆောင်သွားနိုင်ပါက ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား နားလည်မှုများ ပိုမိုရှိလာနိုင်မည် ဖြစ်ပါသည်။

## ၁၃။ သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်သည့် အကြံပြုချက်များ

၁၃.၁။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကို တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာမှ အသေအချာ စောင့်ကြည့်လျှက်ရှိသည်ဖြစ်ရာ အစိုးရတာဝန်ရှိသူများသည် ပဋိပက္ခနှင့်ပတ်သက်၍ သတင်းမီဒီယာများကို ပြောကြားရာတွင်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံ၍ လုပ်ငန်းများလုပ်ဆောင်ရာတွင်လည်းကောင်း၊ ပြည်နယ်အတွင်းရှိပြီးသား ပြဿနာများကို ပို၍ဆိုးရွားသွားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်သင့်ပါသည်။ ဥပမာအား ဖြင့် နိုင်ငံတော်အစိုးရ၏ အစိုးရအဖွဲ့ဝင်လူကြီးများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ တရားမ ဝင်-ဝင်ရောက်လာသူများမရှိပါဟု အလွယ်တကူမပြောသင့်ပါ။ ယင်းသို့ ပြောကြားခြင်းသည် ရခိုင်လူမျိုးများအား မလိုလားအပ်သည့်လှုံ့ဆော်မှုများ ပြုလုပ်သကဲ့သို့ ဖြစ်နေပါသည်။ အစိုးရအနေဖြင့် တရားမဝင်-ဝင်ရောက်လာသူများနှင့် ထိုကိစ္စများတွင် အဂတိလိုက်စားသည့် အစိုးရဝန်ထမ်းများကို ဥပဒေနှင့်အညီ စိစစ်၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဟု သာ ပြောသင့်ပါသည်။

၁၃.၂။ ထို့ပြင် ပဋိပက္ခနှင့်ပတ်သက်သောအကြောင်းအရာများကို Internet ပေါ်တွင်ဖုံးထားရန် လုံးဝမဖြစ်နိုင်ပါ။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ဖြစ်စဉ်များကို မှန်မှန်ကန်ကန်၊ တိတိကျကျ ပုံမှန်သတင်း ထုတ်ပြန်ပေးသင့်ပါသည်။ ထိုသို့ မပြုလုပ်ပါက ရခိုင်နှင့်ဘင်္ဂါလီ လူမှုအဖွဲ့အစည်းနှစ်ဖက်စလုံးမှ လှုံ့ဆော်သူများထုတ်လွှင့်သော ကောလာဟလသတင်းများ၏ လွှမ်းမိုးမှုကြောင့် အခြေအနေများ ပိုမိုဆိုးရွားလာမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်၏ သတင်းထုတ်ပြန်မှု နှေးကွေးမှုအပေါ် နှစ်ဖက်လှုံ့ဆော်သူများမှ အခွင့်ကောင်းယူကာ ဖြန့်ချီလိုက်သော ကောလာဟလများကြောင့် အခြေအနေများ ဆိုးရွားလာတတ်သည်ကို မကြာသေးခင်က ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် တွေ့ရှိနိုင်ပါသည်။

၁၃.၃။ ရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသော ပဋိပက္ခများကို ပြည်တွင်း၌သာမက၊ နိုင်ငံတကာအသိုင်းအဝိုင်းကပါ အထူးစောင့်ကြည့်နေပြီး၊ ဤပြဿနာကို နိုင်ငံတကာပြဿနာဖြစ်လာအောင် ASEAN နိုင်ငံများသို့လည်း နိုင်ငံအချို့က ကြိုးပမ်းလျှက်ရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ဆက်ဆံရာတွင် ဤပြဿနာသည် မြန်မာ့ပြည်တွင်းရေးပြဿနာဟု ပြောရုံဖြင့် မလုံလောက်ပါ။ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများကို ပြည်တွင်းပြဿနာတစ်ခုအဖြစ် ဖြေရှင်းနိုင်ကြောင်း လက်တွေ့ပြသရန် လိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်မှုများနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်မှုများကိုလည်း လိုအပ်သလို ပုံမှန်ပြုလုပ်သွားရန် လိုအပ်ပါသည်။ ရန်ကုန်ရှိ သံတမန်အသိုင်းအဝိုင်းအတွင်း၌ပင် Internet နှင့် facebook တို့မှရရှိသော မှန်/မမှန်သေချာမှုမရှိသည့် သတင်းများကို အခြေခံကာ အစိုးရအပေါ်သို့ အပြစ်တင်မှုများရှိနေပါသည်။ ဤအခြေအနေမျိုးတွင် Internet နှင့် Social Media Network (facebook) များကို ထိန်းချုပ်မှုများပြုလုပ်ခြင်းမျိုးသည် အခြေအနေကိုပို၍ ဆိုးရွားသွားစေနိုင်ပါသည်။ အစိုးရအနေဖြင့် ပို၍တိကျသော သတင်းထုတ်ပြန်မှုများကို ပြုလုပ်ခြင်းနှင့်

နိုင်ငံတော်လုံခြုံရေးအတွက် အရေးကြီးသောကိစ္စမှအပ ကျန်ကိစ္စများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခြင်းအားဖြင့် မတိကျ၊ မလိုလားအပ်သော ကောလဟာလသတင်းများကို ကျော်လွှားနိုင်ရန် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက်များအား အခါအားလျော် စွာ ထုတ်လွှင့်ခြင်းများကို ပုံမှန် ဆောင်ရွက်သင့်ပါသည်။

၁၃.၄။ ဖွန်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ရခိုင်ပြည်နယ်ရာအနှံ့အပြား၌ အဓိကရုဏ်းများ ဆိုးရွားလာသည့် အခြားသောအဓိကအကြောင်းအရင်းတစ်ခုမှာ နိုင်ငံတော်အစိုးရ၌ တိုင်းရင်းသား အဖွဲ့အစည်းများနှင့်ပတ်သက်သော လိုအပ်သည့် သတင်းအချက်အလက်များ ကြိုတင်ရရှိထားခြင်း မရှိသည့်အတွက်ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရအနေဖြင့် အဓိကရုဏ်းများကို ကြိုတင်ကာကွယ်နိုင်ရန် လိုအပ်သောအရေးယူဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် တိကျမှန်ကန်သည့် သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်သွားသင့်ပါသည်။

၁၃.၅။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် အစ္စလာမ်လူ့အဖွဲ့အစည်းတို့အကြား ဖြစ်ပျက်ခဲ့မှုမှန်သမျှ၏ မူလအကြောင်းရင်းမှန်တို့ကို သိရှိနိုင်ရန်အတွက် ရာဇဝင်စစ်ဖေါ်ထုတ်တင်ပြရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းသင့်ပါသည်။ နောင်အနာဂါတ်တွင် လူ့အဖွဲ့အစည်းနှစ်ခုအကြား ဤကဲ့သို့ သိမ်မွေ့သည့် ပြဿနာများမဖြစ်စေရန် မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို အဖြေထုတ်ထားနိုင်ရန်ဖြစ်ပြီး လိုအပ်လာပါက ပြည်ပတိုင်းပြည်များသို့ပါ ဖြစ်ရပ်မှန် ရှင်းလင်းရေးအဖွဲ့များ စေလွှတ်နိုင်ရေးကိုလည်း စဉ်းစားထားသင့်ပါသည်။

## ၁၄။ နိဂုံး

၁၄.၁။ ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် ဤအစီရင်ခံစာကိုရေးသားပြုစုရာတွင် ကန့်သတ်ချက်အချို့ ရှိနေခဲ့သည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ရရှိထားသည့်အခြေအနေများအရ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော စနစ်သစ်နှင့်အတူ ဖြစ်ပေါ်လာသည့် အစိုးရသစ်သည်လည်း ကမ္ဘာကပင်အံ့သြရလောက်အောင် ပြောင်းလဲမှုများစွာကို ဖြစ်ထွန်းအောင်မြင်အောင် အချိန်တိုအတွင်းမှာပင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုစဉ်မှာပင် ရခိုင်ပြည်နယ်အတွင်း မျှော်လင့်မထားသော ပဋိပက္ခများဖြစ်ပွားလာခဲ့ခြင်းဖြစ်ရာ ထိုပဋိပက္ခများကို တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာကပါ စိတ်ဝင်တစား အသေအချာစောင့်ကြည့်နေခဲ့ပါသည်။ ယင်းအခြေအနေသည် ဤစုံစမ်းစစ်ဆေးရေးကော်မရှင်အပေါ် အတိုင်းအတာတစ်ခုအထိ ဖိအားဖြစ်စေခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများဖြစ်ပွားခဲ့ရာဒေသများသို့ လက်တွေ့ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အခါ ပဋိပက္ခဖြစ်စဉ်များနှင့်ဆက်စပ်ပတ်သက်နေသည့်အကြောင်းအရာများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် သန္ဓေတည်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့ရပါသည်။ ဘာသာရေးယုံကြည်မှုဆိုင်ရာများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ခံယူထားသည့်စံနှုန်းများ အချင်းချင်းတွန်းတိုက်မိရာမှ ဖြစ်ပေါ်လာရသည့် ပဋိပက္ခများဖြစ်ရာ နူးညံ့သိမ်မွေ့လှသည့်အပြင် ထိလွယ်ကွဲလွယ်သော သဘောသဘာဝရှိနေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ တစ်ဖက်တွင် ဤအခြေအနေအား မိမိအုပ်စုနှင့် အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် အသုံးချရန် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်ခြယ်လှယ်ရန် ကြိုးစားလာကြသူများ၊ အသင်းအဖွဲ့များကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စအဖြစ်မှ နိုင်ငံတကာအရေးကိစ္စဖြစ်အောင် ကြိုးစားလာမှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုများနှင့် ဘာသာရေးပဋိပက္ခများဖြစ်အောင် ဖန်တီးပုံဖော်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနေကြသည့် အခြေအနေများကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု၊ မသိနားမလည်မှုများနှင့် ရိုးသားမှုများကို အမြတ်ထုတ်ကာ သွေးထိုးပေးခဲ့ကြသဖြင့် ပဋိပက္ခများ ပိုမိုကျယ်ပြန့်သွားခဲ့ရခြင်းဖြစ်ပါသည်။ ဤကော်မရှင်အား နိုင်ငံတော်သမ္မတမှ လုပ်ငန်းတာဝန် (၈) ရပ်ချမှတ်၍ တိုက်ရိုက်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုချမှတ်ပေးထားသည့် တာဝန် (၈) ရပ် မှအပ အခြားသောအရေးအရာများကို ဆောင်ရွက်ခွင့်မရှိသကဲ့သို့ ထိုသို့လုပ်ဆောင်ရန်လည်း မသင့်တော်ဟု ကော်မရှင်အဖွဲ့ဝင်များအားလုံးမှ နားလည်ခံယူထားကြပါသည်။ သို့ရာတွင် ပြည်သူအများ၏ရိုးသားစွာ မသိနားမလည်မှုများကို အသုံးချကာ အချို့သောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးပေးမှုကြောင့် ဤကော်မရှင်အား အမှား/အမှန်ကို ဆုံးဖြတ်ပေးသည့် တရားသူကြီးတစ်ဦးကဲ့သို့လည်းကောင်း၊ ကစားပွဲ အနိုင်/အရှုံးကို ခရာမှုတ်ကာ တစ်ခါတည်း အဆုံးအဖြတ်ပေးသည့် ဒိုင်လူကြီးတစ်ဦးကဲ့သို့လည်းကောင်း အထင်မှတ်မှားခဲ့ကြသည့် အခြေအနေများကိုလည်း တွေ့ကြုံခဲ့ရပါသည်။ မည်သို့ပင်ဖြစ်စေ ဤကော်မရှင်သည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ ရေရှည်အကျိုးစီးပွား

များကို အဓိကဦးထိပ်ထားကာ မိမိတို့တတ်စွမ်းသမျှဖြင့် ဤအစီရင်ခံစာကို ဝိုင်းဝန်းရေးသား ပြုစုထားခြင်းဖြစ်ပါသည်။ သို့ရာတွင် မည်မျှပင်ကြိုးစားထားကြစေကာမူ အဖက်ဖက်မှ ပြီးပြည့် စုံရန်ဆိုသည်ကား မဖြစ်နိုင်ပါ။ သို့ဖြစ်ရာ ဤအစီရင်ခံစာကို အဓိကအားဖြင့် သမိုင်းကြောင်း များကပေးသော သင်ခန်းစာယူဖွယ်ရာ အတွေ့အကြုံများ၊ အစိုးရအဆက်ဆက်၏ အားနည်း ခဲ့သည့် မူဝါဒဆိုင်ရာများ၊ ဥပဒေ၊ နည်းဥပဒေကျင့်ထုံးများ၊ ထိုနည်းဥပဒေ လုပ်ထုံးလုပ်နည်း များကို ကိုင်စွဲအသုံးပြုခဲ့ကြသူများ၏ အားနည်းချက်များ၊ တရားဥပဒေစိုးမိုးမှုနှင့်သက်ဆိုင် သော အားနည်းချက်များနှင့် တရားဥပဒေစိုးမိုးမှုအတွက် လိုအပ်ချက်များ၊ ပြုပြင်ရန်များ၊ လက်ရှိ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်သော လူ့အဖွဲ့အစည်းများ၏ လူမှုရေး၊ စီးပွားရေး အခြေအနေ သုံးသပ်ချက်များနှင့် ဖြည့်ဆည်းပေးရန်များ၊ နယ်မြေလုံခြုံရေး၊ လူ/အိုးအိမ်ပစ္စည်းများ လုံခြုံရေး စသည့် လိုအပ်ချက်များ၊ ဒေသအတွင်း နေထိုင်လျှက်ရှိကြသူ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လိုအပ်ချက်များ၊ သတင်းထုတ်ပြန်မှုများနှင့်ပတ်သက်၍ လို အပ်ချက်များ၊ နိုင်ငံတကာမှ လက်ခံကျင့်သုံးလျှက်ရှိသည့် စံနှုန်းများနှင့်အညီ သတိပြုရန်အ ချက်များ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရေးနှင့်ပတ်သက်ပြီး ကျင့်သုံးသင့်သည့် နည်းလမ်း များ၊ မတူညီသောအမြင်သဘောထားများနှင့် ငြိမ်းချမ်းစွာအတူနေထိုင်နိုင်ရန် အကြံပြုချက်များ စသည်တို့ကို မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူမှုများ အကြိမ်ကြိမ်ပြုလုပ်၍ လည်းကောင်း၊ သက်ဆိုင်သူများကို တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်၍လည်းကောင်း၊ သမိုင်းအထောက်အထား စာအုပ်၊ စာတမ်းများ၊ မှတ်တမ်းမှတ်ရာများမှ ရယူ၍လည်းကောင်း ကိုးကားပြုစုထားခြင်းဖြစ်ပါ သည်။ ပဋိပက္ခဖြစ်ပွားခဲ့ရသည့် အကြောင်းအရင်းများတွင် ဖော်ပြထားသကဲ့သို့ ဖြစ်ပွားရသည့် အကြောင်းအရင်းများသည်လည်း နက်ရှိုင်းလှသည်ဖြစ်ရာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင် ရေးအတွက်ကိုမူ နှစ်ဖက်သောလူ့အဖွဲ့အစည်းများက အစိုးရ၏ ဦးဆောင်စီမံမှုနောက်တွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြရန် အထူးပင်အရေးကြီးလှပါသည်။ ဤကဲ့သို့သော ပဋိပက္ခ များဖြစ်ပွားခဲ့ပြီးနောက် နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် အချိန်အတိုင်းအတာ တစ်ခုအထိ လိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိ အခြားဒေသများ၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအရ သိရှိခဲ့ရပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်းတွင် ပဋိပက္ခများချုပ်ငြိမ်းကာ ပြန်လည် တည်ငြိမ်အေးချမ်းမှုကို ရရှိလိုသည်ဆိုပါက ပါဝင်ပတ်သက်နေသူ Stakeholder များအားလုံး အနေဖြင့် ဤပြဿနာကိုဖြေရှင်းရာတွင် ဖြစ်စဉ်တစ်ခုလုံးအပေါ် လွှမ်းခြုံသိမြင်နိုင်မှု (Holistic Approach)၊ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ကောင်းသည်ဟူသော ဥပဒေသ (Preventive Approach)၊ အပြန်အလှန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်တတ်မှု (Cooperation and Coordination/ Team Spirit) တို့နှင့်အတူ စိတ်ပြင်းပြမှု၊ ဖွဲ့ထက်သန်မှုနှင့် သည်းခံစိတ် ရှည်မှုတို့ရှိမှသာလျှင် လိုလားမျှော်လင့်နေကြသော တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မည်ဖြစ်ပါ ကြောင်း ယုံကြည်လျှက် အကြံပြုတင်ပြရခြင်းဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**


ကျောက်နီမော်ဒေသခံ (၂၀၁၂)၊ မြန်မာနိုင်ငံစုံစမ်းရေးကော်မရှင်အဖွဲ့ သို့ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် စပ်လျဉ်းသည့် ဖြစ်ရပ်ကိုတင်သွင်းသည့်စာတမ်း။

ကျော်မြင့် (၂၀၁၂)၊ ရခိုင်ပြည်နယ်အရေးစုံစမ်းစစ်ဆေးရေးကော်မရှင်သို့ အကြံပြုစာတမ်း။

ကျော်မင်း၊ ရခိုင်ပြည်နယ်၏ တိမ်မြုပ်နေသောသမိုင်းအခန်းကဏ္ဍ တစေ့တစောင်း။

ကျော်မင်း၊ ရိုဟင်ဂျာဘယ်သူလဲ? တဖက်နိုင်ငံမှ ခိုးဝင်လာသည်ဆိုခြင်းပေါ်သုံးသပ်ချက်။

ထွန်းမြဦး (၂၀၁၂)၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားသားဘင်္ဂါလီလူမျိုးများ ခိုးဝင်လွှမ်းမိုးမှု အန္တရာယ်မှ တားဆီးကာကွယ်ရေး ချင့်ပတ်သက်၍ တင်ပြချက်။

ထွေ/အုပ် (၂၀၁၂)၊ ပေါက်တောမြို့ နယ်တွင် ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးတို့ ပဋိပက္ခဖြစ်ပွားမှုအပေါ် လုပ်ငန်းဆောင်ရွက်မှု တင်ပြအစီရင်ခံစာ။

ထွေ/အုပ် (၂၀၁၂)၊ တောင်ကုတ်မြို့နယ်ဖြစ်စဉ်နှင့်ဆက်စပ်၍ မြို့နယ်များ၌ ဖြစ်ပေါ်မှုအခြေအနေ။

ထွေ/အုပ် (၂၀၁၂)၊ ရမ်းဗြဲမြို့ နယ်ဒေသအခြေအနေတင်ပြချက်အစီရင်ခံစာ။

ထွေ/အုပ် (၂၀၁၂)၊ မြောက်ဦးမြို့ နယ်အတွင်းအဓိကရုဏ်းဖြစ်ပွားမှုဖြစ်စဉ် အခြေအနေတင်ပြချက်အစီရင်ခံစာ။

ထွေ/အုပ် (၂၀၁၂)၊ ကျောက်ဖြူခရိုင်အတွင်းဖြစ်ပွားခဲ့သောပဋိပက္ခ အခြေအနေတင်ပြချက်။

ထွေ/အုပ် (၂၀၁၂)၊ ရသေ့တောင်မြို့ နယ်အတွင်းလတ်တလောပေါ်ပေါက်ခဲ့ရသည့် ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ တင်ပြခက်အစီရင်ခံစာ။

ထွေ/အုပ် (၂၀၁၂)၊ တောင်ကုတ်မြို့ နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ စုံစမ်း စစ်ဆေးရေးကော်မရှင်သို့ တင်ပြသည့်အစီရင်ခံစာ။

ထွေ/အုပ် (၂၀၁၂)၊ ကျောက်ဖြူခရိုင်တင်ပြချက်။

ထွေ/အုပ် (၂၀၁၂)၊ မင်းပြားမြို့ နယ်အတွင်းရခိုင်-ဘင်္ဂါလီပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ တင်ပြချက် အစီရင်ခံစာ။

ပြည်နယ်အစိုးရအဖွဲ့ (၂၀၁၂)၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောဆူပူအကြမ်းဖက်ဖြစ်ပွားမှုများကြောင့်ထိခိုက်၊ ပျက်စီး၊ ဆုံးရှုံးမှုများနှင့် တည်ငြိမ်အေးချမ်းရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများအား တင်ပြခြင်း၊ စစ်တွေ။

ဖိုးလှိုင် (၂၀၁၂)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကဖွဲ့ စည်းတာဝန်ပေးအပ်သော ရခိုင်ပြည်နယ် ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ပေးပို့ သည့် အကြံပြုစာတမ်း၊ ရန်ကုန်။

မြင့်သိန်း (၂၀၀၉)၊ ရခိုင်ဒေသအတွင်းသို့ မွတ်ဆလင်များဝင်ရောက်လာခြင်းနှင့် နိုင်ငံရေးလှုပ် ရှားမှုအဆင့်ဆင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

မောင်တောမြို့ မိမြို့ ဖများ(၂၀၁၂) ၊ ဘင်္ဂါလီကုလားလူမျိုးများအကြမ်းဖက်မှုဖြစ်ရပ်မှန်မှတ်တမ်း။

မြို့မိမြို့ဖ (၂၀၁၂)၊ ရခိုင်ပြည်နယ်အရေးကိစ္စ စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ တင်ပြလွှာ၊ ဘူးသီးတောင်။

မြို့ခံရဟန်းတော်များ (၂၀၁၂)၊ အဖြစ်မှန်နှင့် အမှန်တရားများပေါ်ပေါက်နိုင်ရေးအတွက် အကြံပြုတင်ပြချက်များ၊မြို့စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေးရဟန်းတော်များ၊ စစ်တွေ။

မြို့ မိမြို့ ဖများ (၂၀၁၂)၊ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ထံသို့ ထောက်ခံတင်ပြသည့်အကြံပြုစာတမ်း၊ စစ်တွေ။

ရခိုင်မျိုးစောင့်အုပ်စု (၂၀၁၂)၊ ပါလီမန်ဒီမိုကရေစီခေတ် ရခိုင်ပြည်နိုင်ငံရေးနှင့် မျက်မှောက်ခေတ် ဘူးသီးတောင်၊ မောင်တောအခြေအနေ။

ရခိုင်အမျိုးသားအသင်း(၂၀၁၂)၊ လူ့ အခွင့်အရေးခြုံ "ရိုဟင်ဂျာ"အမည်ခံစစ်တကောင်းအနွယ်ဝင်ဘင်္ဂါလီတို့၏ နယ်ချဲ့ထွင်ရေးသမိုင်းလိမ်ကို ဝေဖန်ခြင်း၊ ရခိုင်အမျိုးသားအသင်း(ဂျပန်)။

အောင်နိုင်ဦး(၂၀၁၂)၊ မောင်တောမြို့ နယ်တည်ငြိမ်အေးချမ်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ မှ စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ တင်ပြချက်။

အေးချမ်း၊ မြန်မာနိုင်ငံရခိုင်ပြည်နယ်ရှိရိုဟင်ဂျာအမည်ခံမွတ်ဆလင်များနေရပ်။

အမျိုးသားပါတီ(၂၀၁၂)၊ ရခိုင်ပြည်နယ်နိုင်ငံရေးသမိုင်းနှင့် အနာဂတ်မြန်မာပြည်။

အမျိုးဘာသာစာစဉ်၊ အမျိုးပျောက်မှာစိုးကြောက်စရာ။

NDPD (၂၀၁၂)၊ ရခိုင်ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသောဒေသခံ အစ္စလာမ်ဘာသာဝင်များသည်ဥပဒေကြောင်းအရလည်းကောင်း၊သဘာဝအလျောက် မွေးရာပါ နိုင်ငံသားများဖြစ်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားနိုင်ငံသားဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်စာတမ်း၊အမျိုးသားဖွံ့ဖြိုးတိုးတတ်ရေးဒီမိုကရက်တစ်ပါတီ၊ရန်ကုန်။

(Maungdaw), H. E. (2012). *Bengali Kalar Lu Myo Myar Ah Kyan Phet Mu Phit Yat Man Mat Tan.* Maungdaw: Unpublished.

Chan, D. A. (n.d.). *Myanmar Naing Gan Shi Rohingya Ah Myee Kan Muslim Myar Nay Yat.* Unpublished.

Chawel, B. (1939). *Bamar Muslim Toe Ei Shae How Ah Htoke Park Ti.* Sagaing: Mya Than Publishing.

Committee, R. E. (1393). *The Interim Report.* Rangoon: Riot Enquiry Committee.

Government. (n.d.). *6/1(1), Acc No. (00636).* National Archives Department (Myanmar).

Government. (n.d.). *AG 12/14, Acc No. (236).* National Archives Department (Myanmar).

Government. (n.d.). *AG 12/6, Acc No. (186).* National Archives Department (Myanmar).

Government. (n.d.). *AG 1211, Acc No. (3156).* National Archives Department (Myanmar).

Government. (n.d.). *AG 15/3(15), Acc No. (165).* National Archives Department (Myanmar).

Government. (n.d.). *AG 15/3(21), Acc No. (215).* National Archives Department (Myanmar).

Government. (n.d.). *AG 15/3(21), Acc No. (264).*

Government. (n.d.). *AG 3/11, Acc No. (541).* National Archival Department.

Government. (n.d.). *AG 3/11, Acc No. (566).* National Archives Department (Myanmar).

Government. (n.d.). *AG 3/11, Acc No. (749).* National Archives Department (Myanmar).

Government. (n.d.). *AG 3/11, Acc No. (749).* National Archives Department (Myanmar).

Government. (n.d.). *AG15/3(15), Acc No. (164).* National Archives Department (Myanmar).

Government. (n.d.). *Series 1/35 ,Acc No.(35204).* National Archives Department (Myanmar).

Government. (n.d.). *Series 10/2 ,Acc No.(102).* National Archives Department (Myanmar).

Government. (n.d.). *Series 10/2 ,Acc No.(200).* National Archives Department (Myanmar).

Government. (n.d.). *Series 11/6 ,Acc No.13.* National Archives Department (Myanmar).

Government. (n.d.). *Series 11/7 ,Acc No.27.* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A) ,Acc No.(3136).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A) ,Acc No.(3555).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A), Acc No.(14943).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A), Acc No.(3021).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A),Acc No.(18816).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A),Acc No.(2897).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 (A),Acc No.(3301).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 ,Acc No. (3489).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 ,Acc No.(18823).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1 ,Acc No.(4081).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1, Acc No. (1128).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1, Acc No. (1128).* National Archives Department.

Government. (n.d.). *Series 12/1, Acc No. (3333).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1, Acc No. (524).* National Archives Department.

Government. (n.d.). *Series 12/1, Acc No.(225).* National Archives Department (Myanmar).

Government. (n.d.). *Series 12/1,Acc No.(4631).* National Archives Department (Myanmar).

Government. (n.d.). *Series 12/5 ,Acc No.(335).* National Archives Department (Myanmar).

Government. (n.d.). *Series 12/5 ,Acc No.(336).* National Archives Department (Myanmar).

government. (n.d.). *Series 12/6 ,Acc No. (589).* National Archives Department (Myanmar).

Government. (n.d.). *Series 12/6 ,Acc No.(1085).* National Archives Department (Myanmar).

Government. (n.d.). *Series 12/6 ,Acc No.(425).* National Archives Department (Myanmar).

Government. (n.d.). *Series 12/6 ,Acc No.138.* National Archives Department (Myanmar).

Government. (n.d.). *Series 15/3 (21) ,Acc No.(37).* National Archives Department (Myanmar).

Government. (n.d.). *Series 15/3(15), Acc No. (163).* National Archives Department (Myanmar).

Government. (n.d.). *Series 2/28 ,Acc No.(20767).* National Archives Department (Myanmar).

Government. (n.d.). *Series 20/2 (A),Acc No.(734).* National Archives Department (Myanmar).

Government. (n.d.). *Series 20/5 ,Acc No.(1372).* National Archives Department (Myanmar).

Government. (n.d.). *Series 3/11 ,Acc No.(1037).* National Archives Department (Myanmar).

Government. (n.d.). *Series 3/11 ,Acc No.(1052).* National Archives Department (Myanmar).

Government. (n.d.). *Series 3/11, Acc No. (936).* National Archives Department (Myanmar).

Government. (n.d.). *Series 3/9, Acc No. (91).* National Archives Department (Myanmar).

Government. (n.d.). *Series 4/1 (15) ,Acc No.(19094).* National Archives Department (Myanmar).

Government. (n.d.). *Series 4/1 (15) ,Acc No.19094.* National Archives Department (Myanmar).

Government. (n.d.). *Series 4/1 (27) ,Acc No.(14603).* National Archives Department (Myanmar).

Government. (n.d.). *Series 4/1(15), Acc No. (33332).* National Archives Department.

Government. (n.d.). *Series 4/1(15), Acc No. (868).* National Archives Department (Myanmar).

Government. (n.d.). *Series 4/1(15), Acc No. (871).* National Archives Department (Myanmar).

Government. (n.d.). *Series 4/1(15), Acc No. (871).* National Archives Department (Myanmar).

Government. (n.d.). *Series 4/18 (27) ,Acc No.(25530).* National Archives Department (Myanmar).

Government. (n.d.). *Series 4/18 (35) ,Acc No.(39026).* National Archives Department (Myanmar).

Government. (n.d.). *Series 4/6 ,Acc No.(593).* National Archives Department (Myanmar).

Government. (n.d.). *Series 5/7 ,Acc No.(47).* National Archives Department (Myanmar).

HRW. (2012). *The Government Could Have Stopped This.* United States: Human Rights Watch.

Oo, T. (1997). *Thar Tha Nar Yaung War Lin Say Poe.* Yangon: Lt. Col.Win Maung.

Rick Heizmanı History, Issue , and Truth in Arakan /Rakhine State , Western Burma

Shin, B. (2011). *Myanmar Naing Ngan Thar Islam Ba Tha Win Toe Ar Myanmar Min Myar Ka Chee Myint Kae Pone.* Yangon: Unpublish.

Shwe Zan, A. C. (2005). *Influx Viruses The Illegal Muslim in Arakan.* United States: Arakanese in United States.

Sount, K. M. (2010). *Paliman Democarcy Khit Rakhine Pyi Ah Yae Hint Myat Mouk Khit Butheetaung Maungdaw Ah Chay Ah Nay.* Japan: ARG.

Thein, M. (2009). *Rakhine Day Tha Thoe Muslim Myar Win Yauk Lar Chin Hint Naing Ngan Yae Loke Shar Pone Ah Sint Sint.* Nay Pyi Daw: Ministry of Culture.

UNHCR. (2012). *A Strategy to Address Issues Related to Rakhine State, Myanmar.* Yangon: Unpublished.

UNOCHA. (2013). *Displacement in Rakhine State Situation Report 11.* Yangon: UNOCHA.

UNOCHA. (2013). *Displacement in Rakhine State Situation Report 8.* Yangon: UNOCHA.

UNOCHA. (2013). *Hunanitarian Newsletter.* Yangon: UNOCHA.

UNOCHA`. (2013). *Humanitarian Newsletter.* Yangon: UNOCHA.

# နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က ၁)

ရပ်ကွက် /ကျေးရွာအုပ်စု/ကျေးရွာလူဦးရေစာရင်း

| စဉ် | ခရိုင်/မြို့နယ် | ရပ်ကွက်ပေါင်း | ရပ်ကွက်အိမ်ထောင် | ကျေးရွာအုပ်စု | ကျေးရွာငယ်ပေါင်း | ကျေးရွာအိမ်ထောင် | အိမ်ထောင်စုပေါင်း | မြို့ပေါ်လူဦးရေ | | | ကျေးလက်လူဦးရေ | | | မြို့နယ်လူဦးရေပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | စစ်တွေ | ၃၂ | ၂၁၄၇၂ | ၃၁ | ၈၉ | ၁၇၁၀၅ | ၃၈၅၇၇ | ၆၆၄၆၀ | ၇၁၂၆၀ | ၁၃၇၇၂၀ | ၇၄၈၄၂ | ၇၄၁၆၇ | ၁၄၉၀၀၉ | ၁၄၁၃၀၂ | ၁၄၅၄၂၇ | ၂၈၆၇၂၉ |
| ၂ | ရသေ့တောင် | ၄ | ၁၄၄၈ | ၈၈ | ၁၉၆ | ၂၉၆၉၅ | ၃၁၁၄၃ | ၃၇၂၈ | ၄၀၁၄ | ၇၇၄၂ | ၈၂၆၁၅ | ၈၅၃၇၁ | ၁၆၇၉၈၆ | ၈၆၃၄၃ | ၈၉၃၈၅ | ၁၇၅၇၂၈ |
| ၃ | ပုဏ္ဏားကျွန်း | ၄ | ၁၆၈၃ | ၉၂ | ၁၉၃ | ၂၁၇၉၃ | ၂၃၄၇၆ | ၅၂၄၁ | ၅၅၈၃ | ၁၀၈၂၄ | ၆၄၂၁၅ | ၆၄၀၇၂ | ၁၂၈၂၈၇ | ၆၉၄၅၆ | ၆၉၆၅၅ | ၁၃၉၁၁၁ |
| ၄ | ကျောက်တော် | ၅ | ၃၅၄၈ | ၇၉ | ၂၈၅ | ၃၅၇၉၃ | ၃၉၃၄၀ | ၁၅၀၁၃ | ၂၀၆၃၉ | ၃၅၆၅၂ | ၁၁၀၇၉၃ | ၁၀၅၈၂၆ | ၂၁၆၆၁၉ | ၁၂၅၈၀၆ | ၁၂၆၄၆၅ | ၂၅၂၂၇၁ |
| ၅ | မြောက်ဦး | ၇ | ၅၉၉၇ | ၉၄ | ၂၄၈ | ၃၂၈၁၇ | ၃၈၈၁၄ | ၂၁၄၁၈ | ၁၄၃၇၇ | ၄၅၇၉၅ | ၉၆၆၀၈ | ၉၄၁၄၈ | ၁၉၀၇၅၆ | ၁၁၈၀၂၆ | ၁၁၈၅၂၅ | ၂၃၆၅၅၁ |
| ၆ | မင်းပြား | ၃ | ၄၂၂၀ | ၆၂ | ၂၄၆ | ၃၀၄၇၆ | ၃၄၆၉၆ | ၁၂၃၇၄ | ၁၃၁၈၅ | ၂၅၅၅၉ | ၉၀၈၂၂ | ၉၀၂၅၀ | ၁၈၁၀၇၂ | ၁၀၃၁၉၆ | ၁၀၃၄၃၅ | ၂၀၆၆၃၁ |
| ၇ | ပေါက်တော | ၅ | ၆၀၆၆ | ၅၃ | ၁၈၂ | ၂၅၅၂၃ | ၃၁၅၈၉ | ၁၅၁၃၃ | ၁၅၃၉၇ | ၃၀၅၃၀ | ၆၉၆၆၇ | ၆၉၇၄၀ | ၁၃၉၄၀၇ | ၈၄၈၀၀ | ၈၅၁၃၇ | ၁၆၉၉၃၇ |
| ၈ | မြေပုံ | ၉ | ၂၇၁၈ | ၅၁ | ၁၃၉ | ၂၃၉၁၇ | ၂၆၆၃၅ | ၇၁၅၀ | ၇၁၂၅ | ၁၄၂၇၅ | ၅၇၀၄၇ | ၅၈၀၃၁ | ၁၁၅၀၇၈ | ၆၄၁၉၇ | ၆၅၁၅၆ | ၁၂၉၃၅၃ |
| | စစ်တွေခရိုင်ချုပ် | ၆၉ | ၄၇၁၅၂ | ၅၄၉ | ၁၅၇၈ | ၂၁၇၁၁၉ | ၂၆၄၂၇၁ | ၁၄၆၅၁၇ | ၁၆၁၅၈၀ | ၃၀၈၀၉၇ | ၆၄၆၆၀၉ | ၆၄၁၆၀၅ | ၁၂၈၈၂၁၄ | ၇၉၃၁၂၆ | ၈၀၃၁၈၅ | ၁၅၉၆၃၁၁ |
| ၉ | မောင်တော | ၆ | ၄၈၈၅ | ၈၈ | ၃၇၁ | ၄၇၆၉၃ | ၅၂၅၇၈ | ၁၅၈၉၈ | ၁၇၂၇၂ | ၃၃၁၇၀ | ၁၉၁၃၂၆ | ၁၉၀၂၂၆ | ၃၈၁၅၅၂ | ၂၀၇၂၂၄ | ၂၀၈၄၉၈ | ၄၁၅၇၂၂ |
| ၁၀ | ဘူးသီးတောင် | ၇ | ၃၃၇၄ | ၇၈ | ၃၈၅ | ၄၂၈၁၁ | ၄၆၁၈၅ | ၁၅၀၆၈ | ၁၈၂၄၈ | ၃၃၃၁၆ | ၁၃၅၉၄၁ | ၁၃၃၅၉၆ | ၂၆၉၅၃၇ | ၁၅၁၀၀၉ | ၁၅၁၈၄၄ | ၃၀၂၈၅၃ |
| ၁၁ | တောင်ပြိုလက်ဝဲ | ၅ | ၆၃၇ | ၁၀ | ၃၄ | ၄၃၇၂ | ၅၀၀၉ | ၂၅၅၂ | ၂၇၃၄ | ၅၂၈၆ | ၁၈၄၃၇ | ၁၇၅၄၉ | ၃၅၉၈၆ | ၂၀၉၈၉ | ၂၀၂၈၃ | ၄၁၂၇၂ |
| | မောင်တောခရိုင်ချုပ် | ၁၈ | ၈၈၉၆ | ၁၇၆ | ၇၉၀ | ၉၄၈၇၆ | ၁၀၃၇၇၂ | ၃၃၅၁၈ | ၃၈၂၅၄ | ၇၁၇၇၂ | ၃၄၅၇၀၄ | ၃၄၂၃၇၁ | ၆၈၈၀၇၅ | ၃၇၉၂၂၂ | ၃၈၀၆၂၅ | ၇၅၉၈၄၇ |
| ၁၂ | ကျောက်ဖြူ | ၁၀ | ၄၄၆၉ | ၅၄ | ၂၆၆ | ၂၉၁၀၉ | ၃၃၅၈၈ | ၁၅၅၉၉ | ၂၀၅၆၀ | ၃၆၁၅၉ | ၈၂၈၈၀ | ၈၅၉၁၇ | ၁၆၈၇၉၇ | ၉၈၄၇၉ | ၁၀၆၄၇၇ | ၂၀၄၉၅၆ |
| ၁၃ | ရမ်းဗြဲ | ၆ | ၂၀၂၅ | ၅၁ | ၂၀၇ | ၁၉၂၃၁ | ၂၁၂၅၆ | ၆၉၅၅ | ၈၄၁၀ | ၁၅၃၆၅ | ၆၅၉၅၇ | ၇၃၁၅၅ | ၁၃၉၁၁၂ | ၇၂၉၁၂ | ၈၁၅၆၅ | ၁၅၄၄၇၇ |
| ၁၄ | မာန်အောင် | ၅ | ၁၀၉၈ | ၃၆ | ၁၃၈ | ၁၃၀၄၃ | ၁၄၁၄၁ | ၇၅၉၆ | ၉၃၁၃ | ၁၆၉၀၉ | ၄၁၈၈၇ | ၄၅၂၇၇ | ၈၇၁၆၄ | ၄၉၄၈၃ | ၅၄၅၉၀ | ၁၀၄၀၇၃ |
| ၁၅ | အမ်း | ၄ | ၁၆၈၀ | ၂၉ | ၂၄၂ | ၂၁၃၉၀ | ၂၃၀၇၀ | ၄၆၃၇ | ၄၈၆၁ | ၉၄၉၈ | ၅၇၂၃၆ | ၅၇၄၅၃ | ၁၁၄၆၈၉ | ၆၁၈၇၃ | ၆၂၃၁၄ | ၁၂၄၁၈၇ |
| | ကျောက်ဖြူခရိုင်ချုပ် | ၂၅ | ၉၂၇၂ | ၁၇၀ | ၈၅၃ | ၈၂၇၈၃ | ၉၂၀၅၅ | ၃၄၇၈၇ | ၄၃၁၄၄ | ၇၇၉၃၁ | ၂၄၇၉၆၀ | ၂၆၁၈၀၂ | ၅၀၉၇၆၂ | ၂၈၂၇၄၇ | ၃၀၄၉၄၆ | ၅၈၇၆၉၃ |
| ၁၆ | သံတွဲ | ၈ | ၃၈၂၄ | ၆၃ | ၂၆၂ | ၂၂၆၆၀ | ၂၆၄၈၅ | ၁၀၈၂၁ | ၁၁၃၀၅ | ၂၂၁၂၆ | ၆၇၆၁၁ | ၆၉၇၉၈ | ၁၃၇၄၀၉ | ၇၈၄၃၂ | ၈၁၁၀၃ | ၁၅၉၅၃၅ |
| ၁၇ | တောင်ကုတ် | ၄ | ၅၁၈၆ | ၄၂ | ၁၄၅ | ၁၈၀၅၅ | ၂၃၂၄၁ | ၁၂၂၈၆ | ၁၃၆၄၀ | ၂၅၉၂၆ | ၄၃၅၉၃ | ၄၅၆၄၈ | ၈၉၂၄၁ | ၅၅၈၇၉ | ၅၉၂၈၈ | ၁၁၅၁၆၇ |
| ၁၈ | မအီ | ၃ | ၉၂၃ | ၂၀ | ၁၀၄ | ၇၄၅၅ | ၈၃၇၈ | ၁၇၅၈ | ၁၉၄၈ | ၃၇၀၆ | ၁၆၃၉၈ | ၁၇၀၂၁ | ၃၃၄၁၉ | ၁၈၁၅၆ | ၁၈၉၆၉ | ၃၇၁၂၅ |
| ၁၉ | ဂွ | ၄ | ၂၂၉၆ | ၁၀ | ၆၀ | ၉၈၈၉ | ၁၂၁၈၅ | ၄၇၇၄ | ၅၄၂၂ | ၁၀၁၉၆ | ၂၀၇၆၀ | ၂၀၉၅၃ | ၄၁၇၁၃ | ၂၅၅၃၄ | ၂၆၃၇၅ | ၅၁၉၀၉ |
| ၂၀ | ကျိန္တလီ | ၃ | ၁၂၀၀ | ၁၂ | ၅၃ | ၄၄၄၈ | ၅၆၅၈ | ၄၄၉၂ | ၄၃၈၄ | ၈၈၇၆ | ၁၁၀၉၉ | ၁၁၀၀၇ | ၂၂၁၀၆ | ၁၅၅၉၁ | ၁၅၃၉၁ | ၃၀၉၈၂ |
| | သံတွဲခရိုင်ချုပ် | ၂၂ | ၁၃၄၃၉ | ၁၄၈ | ၆၂၅ | ၆၂၅၀၈ | ၇၅၉၄၇ | ၃၄၁၃၁ | ၃၆၆၉၉ | ၇၀၈၃၀ | ၁၅၉၅၆၁ | ၁၆၄၄၂၇ | ၃၂၃၉၈၈ | ၁၉၃၆၉၂ | ၂၀၁၁၂၆ | ၃၉၄၈၁၈ |
| | ပြည်နယ်ချုပ် | ၁၃၄ | ၇၈၇၅၉ | ၁၀၄၃ | ၃၈၄၆ | ၄၅၇၂၈၆ | ၅၃၆၀၄၅ | ၂၄၈၉၅၃ | ၂၇၉၆၇၇ | ၅၂၈၆၃၀ | ၁၃၉၉၈၃၄ | ၁၄၀၀၂၀၅ | ၂၈၀၀၀၃၉ | ၁၆၄၈၇၈၇ | ၁၆၇၉၈၈၂ | ၃၃၂၈၆၆၉ |

source: ပြည်နယ်လဝက

နောက်ဆက်တွဲ (က ၂)

မျိုးနွယ်စုအလိုက်လူဦးရေစာရင်း

| ကမန် | | | ချင်း | | | ဗမာ | | | ကချင် | | | ကရင် | | | ကယား | | | မွန် | | | ရှမ်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ |
| ၂၄၀၇ | ၂၅၆၆ | ၄၉၇၃ | ၂၆၅ | ၂၇၀ | ၅၃၅ | ၄၁၅၁ | ၄၂၆၁ | ၈၄၁၂ | ၄၃ | ၄၆ | ၈၉ | ၅၀ | ၄၆ | ၉၆ | | | | ၄၃ | ၄၉ | ၉၂ | ၄၄ | ၄၈ | ၉၂ |
| | | | ၂၃၆ | ၂၅၈ | ၄၉၄ | ၄၉၉ | ၃၈၉ | ၈၈၈ | | | | ၁၈ | ၁၅ | ၃၃ | | | | | | | ၃ | ၁ | ၄ |
| | | | ၁၁ | ၅ | ၁၆ | ၁၇ | ၂၁ | ၃၈ | | | | | | | | | | | | | | ၁ | ၁ |
| | | | ၃၇ | ၂၅ | ၆၂ | ၁၈၂၃ | ၁၄၉၅ | ၃၃၁၈ | | | | | | | | | | | | | | | |
| | | | ၁၆၈၁ | ၁၆၀၆ | ၃၂၈၇ | ၅၆၇ | ၃၁၂ | ၈၇၉ | ၅ | ၇ | ၁၂ | ၁၇ | ၁၈ | ၃၅ | ၁ | | ၁ | | | | ၂ | ၁ | ၃ |
| ၁ | | ၁ | ၁၅၉၁၀ | ၁၄၁၅၅ | ၃၀၀၆၅ | ၉၈၂ | ၇၃၄ | ၁၇၁၆ | ၁၂ | ၁၀ | ၂၂ | ၂၄ | ၂၂ | ၄၆ | | | | ၄ | ၈ | ၁၂ | ၁၁ | ၁၁ | ၂၂ |
| | | | | | | ၃၄ | ၃၃ | ၆၇ | | | | | | | | | | | | | | | |
| ၉၀ | ၇၇ | ၁၆၇ | ၉၀၃၄ | ၈၇၃၅ | ၁၇၇၆၉ | ၃၂ | ၁၆ | ၄၈ | ၂ | | ၂ | ၁ | | ၁ | | | | | | | | | |
| ၂၄၉၈ | ၂၆၄၃ | ၅၁၄၁ | ၂၇၁၇၄ | ၂၅၀၅၄ | ၅၂၂၂၈ | ၈၁၀၅ | ၇၂၆၁ | ၁၅၃၆၆ | ၆၂ | ၆၃ | ၁၂၅ | ၁၁၀ | ၁၀၁ | ၂၁၁ | ၁ | | ၁ | ၄၇ | ၅၇ | ၁၀၄ | ၆၀ | ၆၂ | ၁၂၂ |
| ၁ | | ၁ | ၃၉ | ၂၇ | ၆၆ | ၅၉၆ | ၅၃၉ | ၁၁၃၅ | | | | ၇ | ၄ | ၁၁ | | | | | | | ၃ | | ၃ |
| | | | ၃ | ၄ | ၇ | ၅၄၃ | ၄၀၂ | ၉၄၅ | | | | | | | | | | | | | | | |
| | | | | | | ၁၅၈ | ၁၃၈ | ၂၉၆ | | | | | | | | | | | | | | | |
| ၁ | | ၁ | ၄၂ | ၃၁ | ၇၃ | ၁၂၉၇ | ၁၀၇၉ | ၂၃၇၆ | | | | ၇ | ၄ | ၁၁ | | | | | | | ၃ | | ၃ |
| ၄၁၇ | ၅၂၇ | ၉၄၄ | ၄၁၆ | ၄၅၀ | ၈၆၆ | ၆၀ | ၅၃ | ၁၁၃ | | | | ၇ | ၆ | ၁၃ | | | | | | | | | |
| ၅၂၁ | ၆၁၈ | ၁၁၃၉ | ၆၃၅ | ၇၃၂ | ၁၃၆၇ | ၃၄ | ၃၇ | ၇၁ | | | | ၄ | ၃ | ၇ | | | | ၃ | ၄ | ၇ | ၈ | ၅ | ၁၃ |
| | | | ၅၂၀ | ၅၀၉ | ၁၀၂၉ | ၈ | ၁၁ | ၁၉ | | | | | | | | | | | | | | | |
| | | | ၁၇၀၃၁ | ၁၆၇၂၈ | ၃၃၇၅၉ | ၂၁၈၂ | ၁၄၉၂ | ၃၆၇၄ | ၆ | ၂ | ၈ | ၃၀ | ၂၂ | ၅၂ | | | | ၁၀ | ၆ | ၁၆ | ၁၃ | ၁၃ | ၂၆ |
| ၉၃၈ | ၁၁၄၅ | ၂၀၈၃ | ၁၈၆၀၂ | ၁၈၄၁၉ | ၃၇၀၂၁ | ၂၂၈၄ | ၁၅၉၃ | ၃၈၇၇ | ၆ | ၂ | ၈ | ၄၁ | ၃၁ | ၇၂ | | | | ၁၃ | ၁၀ | ၂၃ | ၂၁ | ၁၈ | ၃၉ |
| ၂၃၄ | ၂၄၀ | ၄၇၄ | ၃၄၅၇ | ၃၄၄၃ | ၆၉၀၀ | ၁၇၀၅ | ၂၇၉၈ | ၄၅၀၃ | ၂၅ | ၃၂ | ၅၇ | ၁၂၀ | ၂၂၇ | ၃၄၇ | ၃ | ၄ | ၇ | ၄၀ | ၄၉ | ၈၉ | ၃၉ | ၇၀ | ၁၀၉ |
| | | | ၄၈၂၈ | ၄၇၅၃ | ၉၅၈၁ | ၁၁၀၃ | ၈၁၆ | ၁၉၁၉ | ၁ | | ၁ | ၄ | ၃ | ၇ | | | | ၂ | ၁ | ၃ | ၂ | | ၂ |
| | | | ၉၃၄ | ၁၀၂၄ | ၁၉၅၈ | ၃၇ | ၅၅ | ၉၂ | | | | | | | | | | | | | | | |
| ၁ | ၂ | ၃ | ၂၀၃ | ၂၁၃ | ၄၁၆ | ၁၁၅၁ | ၉၉၂ | ၂၁၄၃ | ၃ | ၄ | ၇ | ၃၇ | ၁၅ | ၅၂ | | | | ၅ | ၃ | ၈ | | | |
| | | | ၉၇၇ | ၉၀၃ | ၁၈၈၀ | ၂၇ | ၃၁ | ၅၈ | | | | | | | | | | | | | | | |
| ၂၃၅ | ၂၄၂ | ၄၇၇ | ၁၀၃၉၉ | ၁၀၃၃၆ | ၂၀၇၃၅ | ၄၀၂၃ | ၄၆၉၂ | ၈၇၁၅ | ၂၉ | ၃၆ | ၆၅ | ၁၆၁ | ၂၄၅ | ၄၀၆ | ၃ | ၄ | ၇ | ၄၇ | ၅၃ | ၁၀၀ | ၄၁ | ၇၀ | ၁၁၁ |
| ၃၆၇၂ | ၄၀၃၀ | ၇၇၀၂ | ၅၆၂၁၇ | ၅၃၈၄၀ | ၁၁၀၀၅၇ | ၁၅၇၀၉ | ၁၄၆၂၅ | ၃၀၃၃၄ | ၉၇ | ၁၀၁ | ၁၉၈ | ၃၁၉ | ၃၈၁ | ၇၀၀ | ၄ | ၄ | ၈ | ၁၀၇ | ၁၂၀ | ၂၂၇ | ၁၂၅ | ၁၅၀ | ၂၇၅ |

Source: ပြည်နယ်လဝက

နောက်ဆက်တွဲ (က ၂)

မျိုးနွယ်စုအလိုက် လူဦးရေစာရင်း

| စဉ် | ခရိုင်/မြို့နယ် | ရခိုင် | | | ခမီး | | | ဒိုင်းနက် | | | မြို | | | သက် | | | မရမာကြီး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ | က | မ | ပ |
| ၁ | စစ်တွေ | ၇၁၁၇၅ | ၇၀၄၅၄ | ၁၄၁၆၂၉ | ၅၃ | ၅၈ | ၁၁၁ | ၄၅ | ၄၁ | ၈၆ | ၃၃ | ၄၀ | ၇၃ | ၁၀၉ | ၁၁၄ | ၂၂၃ | ၁၃၃၈ | ၁၅၁၀ | ၂၈၄၈ |
| ၂ | ရသေ့တောင် | ၆၈၇၆၈ | ၇၁၆၄၆ | ၁၄၀၄၁၄ | ၂၆၄ | ၂၅၈ | ၅၂၂ | ၃၁ | ၂၅ | ၅၆ | | | | ၁၁၃ | ၁၃၉ | ၂၅၂ | | | |
| ၃ | ပုဏ္ဏားကျွန်း | ၆၁၅၉၉ | ၆၂၁၄၉ | ၁၂၃၇၄၈ | ၅၁၂၅ | ၄၈၈၇ | ၁၀၀၁၂ | ၄၆၁ | ၅၁၁ | ၉၇၂ | ၁၂၂၇ | ၁၁၂၇ | ၂၃၅၄ | | | | ၁၁၉ | ၁၁၈ | ၂၃၇ |
| ၄ | ကျောက်တော် | ၉၀၁၄၈ | ၈၉၆၂၆ | ၁၇၉၇၇၄ | ၁၀ | ၁၂ | ၂၂ | ၁၁၄၄ | ၁၁၆၆ | ၂၃၁၀ | ၁၂၄၀၈ | ၁၂၉၁၃ | ၂၅၃၂၁ | | | | | | |
| ၅ | မြောက်ဦး | ၉၇၀၃၀ | ၉၇၉၂၇ | ၁၉၄၉၅၇ | ၄၀၃၂ | ၄၀၄၂ | ၈၀၇၄ | ၉၇၉ | ၉၁၄ | ၁၈၉၃ | ၂၄၁၀ | ၂၄၄၀ | ၄၈၅၀ | ၁၃၄ | ၁၈၁ | ၃၁၅ | ၆၆၅ | ၇၁၀ | ၁၃၇၅ |
| ၆ | မင်းပြား | ၇၂၄၈၈ | ၇၄၇၃၇ | ၁၄၇၂၂၅ | | | ၀ | ၉၀၄ | ၉၄၅ | ၁၈၄၉ | ၃ | | ၃ | | | | ၁၈၁၀ | ၁၈၀၁ | ၃၆၁၁ |
| ၇ | ပေါက်တော | ၇၄၂၂၇ | ၇၅၀၁၃ | ၁၄၉၂၄၀ | ၂၁၄၈ | ၂၁၄၅ | ၄၂၉၃ | | | | | | | | | | | | |
| ၈ | မြေပုံ | ၅၃၃၁၇ | ၅၄၄၈၉ | ၁၀၇၈၀၆ | | | ၀ | | | | | | | | | | ၁၂ | ၁၆ | ၂၈ |
| | စစ်တွေခရိုင် | ၅၈၈၇၅၂ | ၅၉၆၀၄၁ | ၁၁၈၄၇၉၃ | ၁၁၆၃၂ | ၁၁၄၀၂ | ၂၃၀၂၄ | ၃၅၆၄ | ၃၆၀၂ | ၇၁၆၆ | ၁၆၀၈၁ | ၁၆၅၂၀ | ၃၂၆၀၁ | ၃၅၆ | ၄၃၄ | ၇၉၀ | ၃၉၄၄ | ၄၁၅၅ | ၈၀၉၉ |
| ၉ | မောင်တော | ၉၄၁၃ | ၁၀၀၀၃ | ၁၉၄၁၆ | ၄၄ | ၅၀ | ၉၄ | ၅၅၇ | ၅၂၃ | ၁၀၈၀ | ၁၈၄၉ | ၁၇၂၇ | ၃၅၇၆ | ၇၆၇ | ၈၀၈ | ၁၅၇၅ | ၄၅ | ၅၀ | ၉၅ |
| ၁၀ | ဘူးသီးတောင် | ၁၃၀၅၁ | ၁၂၇၃၀ | ၂၅၇၈၁ | ၃၈၇၈ | ၃၇၀၉ | ၇၅၈၇ | ၃၄၆၃ | ၃၆၆၉ | ၇၁၃၂ | ၁၇၆၄ | ၂၂၂၆ | ၃၉၉၀ | ၁၆၁ | ၁၃၉ | ၃၀၀ | ၃ | ၃ | ၆ |
| ၁၁ | တောင်ပြိုလက်ဝဲ | ၂၁၁ | ၂၀၆ | ၄၁၇ | | | | ၅၇၇ | ၅၅၃ | ၁၁၃၀ | | | | | | | ၁၀၅ | ၁၀၇ | ၂၁၂ |
| | မောင်တောခရိုင် | ၂၂၆၇၅ | ၂၂၉၃၉ | ၄၅၆၁၄ | ၃၉၂၂ | ၃၇၅၉ | ၇၆၈၁ | ၄၅၉၇ | ၄၇၄၅ | ၉၃၄၂ | ၃၆၁၃ | ၃၉၅၃ | ၇၅၆၆ | ၉၂၈ | ၉၄၇ | ၁၈၇၅ | ၁၅၃ | ၁၆၀ | ၃၁၃ |
| ၁၂ | ကျောက်ဖြူ | ၉၄၆၀၇ | ၁၀၂၂၃၈ | ၁၉၆၈၄၅ | | | | | | | | | | | | | ၃၅၄ | ၃၆၇ | ၇၂၁ |
| ၁၃ | ရမ်းဗြဲ | ၆၉၃၇၁ | ၇၇၅၉၇ | ၁၄၆၉၆၈ | | | | | | | | | | | | | | | |
| ၁၄ | မာန်အောင် | ၄၈၉၅၅ | ၅၄၀၇၀ | ၁၀၃၀၂၅ | | | | | | | | | | | | | | | |
| ၁၅ | အမ်း | ၄၂၅၃၃ | ၄၃၉၇၂ | ၈၆၅၀၅ | ၆၈ | ၇၉ | ၁၄၇ | | | | | | | | | | ၃၅၄ | ၃၆၇ | ၇၂၁ |
| | ကျောက်ဖြူခရိုင် | ၂၅၅၄၆၆ | ၂၇၇၈၇၇ | ၅၃၃၃၄၃ | ၆၈ | ၇၉ | ၁၄၇ | | | | | | | | | | ၇ | ၆ | ၁၃ |
| ၁၆ | သံတွဲ | ၆၆၃၀၀ | ၆၈၁၀၄ | ၁၃၄၄၀၄ | | | | ၂ | ၄ | ၆ | | | | | | | | | |
| ၁၇ | တောင်ကုတ် | ၄၉၉၃၉ | ၅၃၇၁၅ | ၁၀၃၆၅၄ | | | | | | | | | | | | | | | |
| ၁၈ | မအီ | ၁၇၁၈၅ | ၁၇၈၉၀ | ၃၅၀၇၅ | | | | | | | | | | | | | | | |
| ၁၉ | ဂွ | ၂၄၁၃၂ | ၂၅၁၄၃ | ၄၉၂၇၅ | ၁ | ၂ | ၃ | | | | | | | | | | | | |
| ၂၀ | ကျိန္တလီ | ၁၄၆၈၆ | ၁၄၄၅၇ | ၂၉၁၄၃ | | | | | | | | | | | | | | | |
| | သံတွဲခရိုင် | ၁၇၂၂၄၂ | ၁၇၉၃၀၉ | ၃၅၁၅၅၁ | ၁ | ၂ | ၃ | ၂ | ၄ | ၆ | | | | | | | ၇ | ၆ | ၁၃ |
| | ပြည်နယ်ချုပ် | ၁၀၃၉၁၃၅ | ၁၀၇၆၁၆၆ | ၂၁၁၅၃၀၁ | ၁၅၆၂၃ | ၁၅၂၄၂ | ၃၀၈၆၅ | ၈၁၆၃ | ၈၃၅၁ | ၁၆၅၁၄ | ၁၉၆၉၄ | ၂၀၄၇၃ | ၄၀၁၆၇ | ၁၂၈၄ | ၁၃၈၁ | ၂၆၆၅ | ၄၄၅၈ | ၄၆၈၈ | ၉၁၄၆ |

source: ပြည်နယ်လဝက

နောက်ဆက်တွဲ (က ၃)

ကိုးကွယ်မှု ဘာသာအလိုက် လူဦးရေစာရင်း

| စဉ် | မြို့နယ် | ဗုဒ္ဓဘာသာ | | | ခရစ်ယာန် | | | ဟိန္ဒူ | | | အစ္စလာမ် | | | နတ် | | | လူဦးရေစုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | စစ်တွေ | ၇၇၃၁၄ | ၇၆၉၃၀ | ၁၅၄၂၄၄ | ၁၉၁ | ၁၈၂ | ၃၇၃ | ၁၄၀၈ | ၁၅၄၆ | ၂၉၅၄ | ၆၂၃၈၉ | ၆၆၇၆၉ | ၁၂၉၁၅၈ | | | | ၁၄၁၃၀၂ | ၁၄၅၄၂၇ | ၂၈၆၇၂၉ |
| ၂ | ရသေ့တောင် | ၆၉၉၃၃ | ၇၂၇၃၁ | ၁၄၂၆၆၄ | | | | ၃၈ | ၄၂ | ၈၀ | ၁၆၃၇၂ | ၁၆၆၁၂ | ၃၂၉၈၄ | | | | ၈၆၃၄၃ | ၈၉၃၈၅ | ၁၇၅၇၂၈ |
| ၃ | ပုဏ္ဏားကျွန်း | ၆၈၃၅၈ | ၆၈၆၇၀ | ၁၃၇၀၂၈ | ၂၀၁ | ၁၅၀ | ၃၅၁ | ၃၂ | ၂၉ | ၆၁ | ၈၆၅ | ၈၀၆ | ၁၆၇၁ | | | | ၆၉၄၅၆ | ၆၉၆၅၅ | ၁၃၉၁၁၁ |
| ၄ | ကျောက်တော် | ၁၀၃၁၇၂ | ၁၀၂၇၈၀ | ၂၀၅၉၅၂ | ၂၃၉၉ | ၂၄၅၇ | ၄၈၅၆ | ၂၀၃ | ၂၂၄ | ၄၂၇ | ၂၀၀၃၂ | ၂၁၀၀၄ | ၄၁၀၃၆ | | | | ၁၂၅၈၀၆ | ၁၂၆၄၆၅ | ၂၅၂၂၇၁ |
| ၅ | မြောက်ဦး | ၁၀၇၄၄၅ | ၁၀၈၀၈၂ | ၂၁၅၅၂၇ | ၇၈ | ၇၈ | ၁၅၆ | ၂၇ | ၂၈ | ၅၅ | ၁၀၄၇၆ | ၁၀၃၃၇ | ၂၀၈၁၃ | | | | ၁၁၈၀၂၆ | ၁၁၈၅၂၅ | ၂၃၆၅၅၁ |
| ၆ | မင်းပြား | ၈၉၉၅၆ | ၉၀၂၄၉ | ၁၈၀၂၀၅ | ၂၁၉၃ | ၂၁၇၄ | ၄၃၆၇ | ၄၈ | ၄၂ | ၉၀ | ၁၀၉၉၉ | ၁၀၉၇၀ | ၂၁၉၆၉ | | | | ၁၀၃၁၉၆ | ၁၀၃၄၃၅ | ၂၀၆၆၃၁ |
| ၇ | ပေါက်တော | ၇၆၄၀၂ | ၇၇၁၈၁ | ၁၅၃၅၈၃ | ၇ | ၁၀ | ၁၇ | ၁၅ | ၁၃ | ၂၈ | ၈၃၇၆ | ၇၉၃၃ | ၁၆၃၀၉ | | | | ၈၄၈၀၀ | ၈၅၁၃၇ | ၁၆၉၉၃၇ |
| ၈ | မြေပုံ | ၅၇၄၃၅ | ၅၈၅၀၁ | ၁၁၅၉၃၆ | ၃၄၇၀ | ၃၄၅၇ | ၆၉၂၇ | | | | ၁၈၁၀ | ၁၉၁၅ | ၃၇၂၅ | ၁၄၈၂ | ၁၂၈၃ | ၂၇၆၅ | ၆၄၁၉၇ | ၆၅၁၅၆ | ၁၂၉၃၅၃ |
| စစ်တွေခရိုင် | | ၆၅၀၀၁၅ | ၆၅၅၁၂၄ | ၁၃၀၅၁၃၉ | ၈၅၃၉ | ၈၅၀၈ | ၁၇၀၄၇ | ၁၇၇၁ | ၁၉၂၄ | ၃၆၉၅ | ၁၃၁၃၁၉ | ၁၃၆၃၄၆ | ၂၆၇၆၆၅ | ၁၄၈၂ | ၁၂၈၃ | ၂၇၆၅ | ၇၉၃၁၂၆ | ၈၀၃၁၈၅ | ၁၅၉၆၃၁၁ |
| ၉ | မောင်တော | ၁၃၂၇၄ | ၁၃၇၀၀ | ၂၆၉၇၄ | ၄၆ | ၃၁ | ၇၇ | ၁၈၂၀ | ၁၈၂၆ | ၃၆၃၆ | ၁၉၂၀၈၄ | ၁၉၂၉၄၁ | ၃၈၅၀၂၅ | | | | ၂၀၇၂၂၄ | ၂၀၈၄၉၈ | ၄၁၅၇၂၂ |
| ၁၀ | ဘူးသီးတောင် | ၂၂၈၆၃ | ၂၂၈၇၈ | ၄၅၇၄၁ | ၃ | ၄ | ၇ | ၅၆၈ | ၄၉၁ | ၁၀၅၉ | ၁၂၇၅၇၅ | ၁၂၈၄၇၁ | ၂၅၆၀၄၆ | | | | ၁၅၁၀၀၉ | ၁၅၁၈၄၄ | ၃၀၂၈၅၃ |
| ၁၁ | တောင်ပြိုလက်ဝဲ | ၁၀၅၁ | ၁၀၀၄ | ၂၀၅၅ | | | | ၂၁ | ၂၃ | ၄၄ | ၁၉၉၁၇ | ၁၉၂၅၆ | ၃၉၁၇၃ | | | | ၂၀၉၈၉ | ၂၀၂၈၃ | ၄၁၂၇၂ |
| မောင်တောခရိုင် | | ၃၇၁၈၈ | ၃၇၅၈၂ | ၇၄၇၇၀ | ၄၉ | ၃၅ | ၈၄ | ၂၄၀၉ | ၂၃၄၀ | ၄၇၄၉ | ၃၃၉၅၇၆ | ၃၄၀၆၆၈ | ၆၈၀၂၄၄ | | | | ၃၇၉၂၂၂ | ၃၈၀၆၂၅ | ၇၅၉၈၄၇ |
| ၁၂ | ကျောက်ဖြူ | ၉၅၀၂၁ | ၁၀၂၆၅၉ | ၁၉၇၆၈၀ | ၄၂၃ | ၄၅၆ | ၈၇၉ | ၉၇ | ၁၂၄ | ၂၂၁ | ၂၉၃၈ | ၃၂၃၈ | ၆၁၇၆ | | | | ၉၈၄၇၉ | ၁၀၆၄၇၇ | ၂၀၄၉၅၆ |
| ၁၃ | ရမ်းဗြဲ | ၇၀၀၅၅ | ၇၈၃၇၈ | ၁၄၈၄၃၃ | | | | | | | ၂၈၅၇ | ၃၁၈၇ | ၆၀၄၄ | | | | ၇၂၉၁၂ | ၈၁၅၆၅ | ၁၅၄၄၇၇ |
| ၁၄ | မာန်အောင် | ၄၉၄၈၃ | ၅၄၅၉၀ | ၁၀၄၀၇၃ | | | | | | | | | | | | | ၄၉၄၈၃ | ၅၄၅၉၀ | ၁၀၄၀၇၃ |
| ၁၅ | အမ်း | ၆၀၇၂၅ | ၆၁၁၁၀ | ၁၂၁၈၃၅ | ၁၁၁၈ | ၁၁၅၉ | ၂၂၇၇ | | | | | | | ၃၀ | ၄၅ | ၇၅ | ၆၁၈၇၃ | ၆၂၃၁၄ | ၁၂၄၁၈၇ |
| ကျောက်ဖြူခရိုင် | | ၂၇၅၂၈၄ | ၂၉၆၇၃၇ | ၅၇၂၀၂၁ | ၁၅၄၁ | ၁၆၁၅ | ၃၁၅၆ | ၉၇ | ၁၂၄ | ၂၂၁ | ၅၇၉၅ | ၆၄၂၅ | ၁၂၂၂၀ | ၃၀ | ၄၅ | ၇၅ | ၂၈၂၇၄၇ | ၃၀၄၉၄၆ | ၅၈၇၆၉၃ |
| ၁၆ | သံတွဲ | ၇၃၄၉၀ | ၇၅၇၀၉ | ၁၄၉၁၉၉ | ၁၁၃၉ | ၁၁၀၃ | ၂၂၄၂ | ၁ | ၄ | ၅ | ၃၈၀၂ | ၄၂၈၇ | ၈၀၈၉ | | | | ၇၈၄၃၂ | ၈၁၁၀၃ | ၁၅၉၅၃၅ |
| ၁၇ | တောင်ကုတ် | ၅၅၅၄၄ | ၅၈၉၁၉ | ၁၁၄၄၆၃ | ၃၂၄ | ၃၅၆ | ၆၈၀ | | | | | | | ၁၁ | ၁၃ | ၂၄ | ၅၅၈၇၉ | ၅၉၂၈၈ | ၁၁၅၁၆၇ |
| ၁၈ | မအီ | ၁၈၁၂၀ | ၁၈၉၂၆ | ၃၇၀၄၆ | ၁၇ | ၂၁ | ၃၈ | | | | | | | ၁၉ | ၂၂ | ၄၁ | ၁၈၁၅၆ | ၁၈၉၆၉ | ၃၇၁၂၅ |
| ၁၉ | ဂွ | ၂၅၃၀၈ | ၂၆၁၅၇ | ၅၁၄၆၅ | ၂၂၆ | ၂၁၈ | ၄၄၄ | | | | | | | | | | ၁၅၅၃၄ | ၂၆၃၇၅ | ၅၁၉၀၉ |
| ၂၀ | ကျိန္တလီ | ၁၄၉၇၃ | ၁၄၅၉၄ | ၂၉၅၆၇ | ၇၁၈ | ၇၉၅ | ၁၅၁၃ | | | | | | | | | | ၁၅၆၉၁ | ၁၅၃၉၁ | ၃၁၀၈၂ |
| သံတွဲခရိုင် | | ၁၈၇၄၃၅ | ၁၉၄၃၁၅ | ၃၈၁၇၅၀ | ၂၄၂၄ | ၂၄၉၅ | ၄၉၁၉ | ၁ | ၄ | ၅ | ၃၈၀၂ | ၄၂၈၇ | ၈၀၈၉ | ၃၀ | ၃၅ | ၆၅ | ၁၉၃၆၉၂ | ၂၀၁၁၂၆ | ၃၉၄၈၁၈ |
| စုစုပေါင်း | | ၁၁၄၉၉၂၂ | ၁၁၈၃၇၄၈ | ၂၃၃၃၆၇၀ | ၁၂၅၅၃ | ၁၂၆၅၃ | ၂၅၂၀၆ | ၄၂၇၈ | ၄၃၉၂ | ၈၆၇၀ | ၄၈၀၄၉၂ | ၄၈၇၇၂၆ | ၉၆၈၂၁၈ | ၁၅၄၂ | ၁၃၆၃ | ၂၉၀၅ | ၁၆၄၈၇၈၇ | ၁၆၈၉၈၈၂ | ၃၃၃၈၆၆၉ |

Source: ပြည်နယ်လဝက

နောက်ဆက်တွဲ (ခ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## <u>အမိန့် ကြော်ငြာစာ</u>

အမှတ်၊ ၅၈/၂၀၁၂

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

## စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့ စည်းခြင်း

၁။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ခုနှစ်၊ မေလနှင့်ဇွန်လအတွင်း၌ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြား စေသည့် လူစုလူဝေးဖြင့် ဥပဒေမဲ့ဆောင်ရွက်မှုများ၊ တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ပဋိပက္ခ ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန်နှင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးအကြံပြုရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော "စုံစမ်းစစ်ဆေးရေးကော်မရှင်" ကို ဖွဲ့ စည်းတာဝန်ပေးအပ်လိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာမျိုးမြင့်<br>ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | သိက္ခာတော်ရဆရာတော်ဦးကျော်ညွန့်<br>ဂျပ်ဆင်ဘုရားကျောင်း ၊ရန်ကုန်မြို့ | အဖွဲ့ ဝင် |
| (ဂ) | သိက္ခာတော်ရဆရာတော် ဦးစောမာဂေကြီး<br>အတွင်းရေးမှူး<br>မြန်မာဘက်(ပ်)တစ်(စ်)ကွန်ဗင်းရှင်း | အဖွဲ့ ဝင် |
| (ဃ) | ဦးသိန်းထွန်း<br>စီးပွားရေးလုပ်ငန်းရှင် | အဖွဲ့ ဝင် |

(င) ဦးစိုးသိန်း (ခ) မောင်ဝံသ အဖွဲ့ဝင်

စာရေးဆရာ

(စ) ဦးသူရ (ခ) ဦးဇာဂနာ အဖွဲ့ဝင်

အနုပညာရှင်

(ဆ) ဦးခွန်ထွန်းဦး အဖွဲ့ဝင်

ဥက္ကဋ္ဌ

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

(ဇ) ဒေါ်သန်းသန်းနု အဖွဲ့ဝင်

ဒီမိုကရက်တစ်ပါတီ (မြန်မာ)

(ဈ) ဦးခင်မောင်ဆွေ အဖွဲ့ဝင်

ဥက္ကဋ္ဌ

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

(ည) ဒေါက်တာအေးမောင် အဖွဲ့ဝင်

ဥက္ကဋ္ဌ

ရခိုင်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

(ဋ) ဦးအေးသာအောင် အဖွဲ့ဝင်

ဥက္ကဋ္ဌ

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

(ဌ) ဦးကိုကိုကြီး အဖွဲ့ဝင်

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့

(ဍ) ဒေါက်တာဒေါ်ရင်ရင်နွယ် — အဖွဲ့ဝင်

UNICEF အကြီးတန်းအရာရှိ (ငြိမ်း)

(ဎ) ဒေါက်တာဆလိုင်းငွန်ကျုံးလျန် — အဖွဲ့ဝင်

နိုင်ငံတကာ ဥပဒေကျွမ်းကျင်သူ

(ဏ) ဦးတင်အောင်မိုး — အဖွဲ့ဝင်

သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်

(တ) ဦးအောင်နိုင်ဦး — အဖွဲ့ဝင်

အမှုဆောင်အဖွဲ့ဝင်

ဗဟုဖွံ့ဖြိုးရေးအဖွဲ့

(ထ) ဒေါ်ဝါဝါထွန်း — အဖွဲ့ဝင်

ဥက္ကဋ္ဌ

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဒ) ဒေါ်ဂျာနန် — အဖွဲ့ဝင်

အမှုဆောင်ညွှန်ကြားရေးမှူး

ငြိမ်းဖောင်ဒေးရှင်း

(ဓ) ဦးထွန်းအောင်ချိန် — အဖွဲ့ဝင်

အဖွဲ့ဝင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(န) ဟာဂျီ ဦးလှဝင်း — အဖွဲ့ဝင်

ဥက္ကဋ္ဌ

မြန်မာမွတ်ဆလင်အမျိုးသားရေးရာအဖွဲ့ချုပ်(မ အ ဖ ဌာနချုပ်)

(ပ) ဦးကျော်ခင် အဖွဲ့ဝင်

အထွေထွေအတွင်းရေးမှူး

မြန်မာမွတ်ဆလင်အမျိုးသားရေးရာအဖွဲ့ ချုပ်(မ အ ဖ ဌာနချုပ်)

(ဖ) ဟာဂျီဦးမြင့်ထွန်း အဖွဲ့ဝင်

ဥက္ကဋ္ဌ

မြန်မာမွတ်ဆလင်လူငယ်များ (ဘာသာရေး) အဖွဲ့ ချုပ်

(မ မ လ ဌာနချုပ်)

(ဗ) ဦးလှဝင်း အဖွဲ့ဝင်

အတွင်းရေးမှူး

မြန်မာမွတ်စလင်လူငယ်များ (ဘာသာရေး) အဖွဲ့ ချုပ်

(မ မ လ ဌာနချုပ်)

(ဘ) ဒေါက်တာလှထွန်း အဖွဲ့ဝင်

အကျိုးတော်ဆောင်

သနန္တ ရဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ ချုပ်

(မ) ဒေါက်တာကျော်ရင်လှိုင် အတွင်းရေးမှူး

Myanmar Egress

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရန်အတွက် သုံးသပ်ချက်နှင့်တကွ အကြံပြုတင်ပြရမည်-

(က) တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသော ပဋိပက္ခဖြစ်ပွားစေရသည့် အကြောင်းရင်းများ၊

(ခ) ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးဒဏ်ရာရမှုများ၊ ပျက်စီးဆုံးရှုံးမှုများနှင့် အခြားထိခိုက်မှုများ၊

(ဂ) တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် ဥပဒေစိုးမိုးဆောင်ရွက်မှု၊

(ဃ) ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှု၊

(င) ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ရေတို၊ရေရှည်ဆောင်ရွက်သင့်သည့်အချက်များ၊

(စ) ကွဲပြားသော ဘာသာအယူဝါဒရှိသူ မတူညီသည့် လူမျိုးစုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်မည့်နည်းလမ်းများ၊

(ဆ) ဥပဒေစိုးမိုးရေးအကြံပြုချက်များ၊

(ဇ) စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြံပြုချက်များ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တို့မှ စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းဆိုခြင်းနှင့် လိုအပ်သည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့ အရောက်တိုက်ရိုက် အစီရင်ခံ တင်ပြရမည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ ၁၁၂ (၁) / ၈ / သမ္မတရုံး

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

နောက်ဆက်တွဲ (ဂ)

## ဖွန်လနှင့်အောက်တိုဘာလ ပဋိပက္ခများအတွင်း ရခိုင်နှင့် ဘင်္ဂါလီများ၏ ပျက်စီးဆုံးရှုံးမှုများ

| မြို့နယ် | ပထမအကြိမ်ဖြစ်စဉ် | | | | | | | | | ဒုတိယအကြိမ်ဖြစ်စဉ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | သေဆုံး | | | ဒဏ်ရာရ | | | အိမ်ပျက်စီး | | | သေဆုံး | | | ဒဏ်ရာရ | | | အိမ်ပျက်စီး | | |
| | ရခိုင် | ဘင်္ဂါလီ | ပေါင်း | ရခိုင် | ဘင်္ဂါလီ | ပေါင်း | ရခိုင် | ဘင်္ဂါလီ | ပေါင်း | ရခိုင် | ဘင်္ဂါလီ | ပေါင်း | ရခိုင် | ဘင်္ဂါလီ | ပေါင်း | ရခိုင် | ဘင်္ဂါလီ | ပေါင်း |
| စစ်တွေ | ၁၁ | ၂၄ | ၃၅ | ၃၅ | ၂၅ | ၆၀ | ၆၆၉ | ၂၉၆၇ | ၃၆၃၆ | - | - | | | | | | | |
| မောင်တော | ၁၀ | ၁၀ | ၂၀ | ၇ | - | ၇ | ၄၆၀ | ၁၄ | ၄၇၄ | - | - | | | | | | | |
| ရမ်းဗြဲ | - | ၁ | ၁ | - | ၁ | ၁ | - | ၃၅ | ၃၅ | ၁ | - | ၁ | ၁ | | ၁ | | | |
| ပေါက်တော | - | ၃ | ၃ | ၆ | ၁၂ | ၁၈ | ၂၁ | ၁၀၃ | ၁၂၄ | | | | ၁ | | ၁ | | ၅၀၃ | ၅၀၃ |
| ရသေ့တောင် | ၁၀ | ၄ | ၁၄ | ၃ | ၂၆ | ၂၉ | - | ၃၆၇ | ၃၆၇ | ၂ | | ၂ | ၁၂ | | ၁၂ | | | |
| ကျောက်တော် | ၁ | ၁၄ | ၁၅ | - | ၇ | ၇ | - | ၆၈၇ | ၆၈၇ | ၈ | ၅ | ၁၃ | ၁၃ | ၆ | ၁၉ | | | |
| မြောက်ဦး | - | - | - | | | | | ၁၅ | ၁၅ | ၁၁ | ၅၂ | ၆၃ | ၂၆ | ၇ | ၃၃ | | ၅၇၉ | ၅၇၉ |
| ကျောက်ဖြူ | - | - | | | | | | | | ၂ | ၉ | ၁၁ | ၂၄ | ၁၈ | ၄၂ | | | ၈၆၃ |
| တောင်ကုတ် | - | ၁၀ | ၁၀ | | | | | | | | | | | | | | | |
| မင်းပြား | - | | | | ၁ | ၁ | | | | ၂ | ၂ | ၄ | ၂ | ၁၄ | ၁၆ | | ၆၅၇ | ၆၅၇ |
| မြေပုံ | - | - | | | | | | | | | | | ၁၈ | | ၁၈ | ၄၂ | ၆၃၂ | ၆၇၄ |
| စုစုပေါင်း | ၃၂ | ၆၆ | ၉၈ | ၅၁ | ၇၂ | ၁၂၃ | ၁၁၅၀ | ၄၁၈၈ | ၅၃၃၈ | ၂၆ | ၆၈ | ၉၄ | ၉၇ | ၄၅ | ၁၄၂ | ၄၂ | ၂၃၇၁ | ၃၂၇၆ |

Source: ပြည်နယ်အစိုးရ

# ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်(ကောက်နုတ်ချက်)များနှင့် ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်ဝန်ကြီးဌာနများ၊ လုပ်ငန်းအကောင်အထည်ဖော်မည့်ကော်မတီများ

| စဉ် | အကြောင်းအရာ | အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ | လုပ်ငန်းအကောင် အထည်ဖော်မည့်ဌာန | လုပ်ငန်းအကောင်အထည်ဖော်မည့်ကော်မတီ |
|---|---|---|---|---|
| ၁။ | **ဒုက္ခသည်များကိစ္စ**<br><br>မိုးမကျမီအမိုးအကာ အောက် ရောက်ရှိရေး | (က) ရခိုင်လူမျိုး ဒုက္ခသည်များကို အထိုက်အလျောက်နေရာချထားပြီးဖြစ် သော်လည်း၊ ဘင်္ဂါလီလူမျိုး ဒုက္ခသည်များအား ပြန်လည်နေရာ ချထားပေးရန်၊ အခက်အခဲများဖြင့်ရင်ဆိုင်နေရသည်။ ရခိုင်လူမျိုးများကဘင်္ဂါလီများကို နိုင်ငံသားစိစစ်မှုလုပ်ငန်းများ လုပ်ဆောင်ပြီးမှသာနေရာချထားပေးရန် တောင်းဆိုနေပါသည်။ သို့ရာတွင် မကြာမီ မိုးကျလာတော့မည်ဖြစ်ရာ မိုးမကျမီ ဒုက္ခသည်များ၊ လုံခြုံသော အမိုးအကာအောက်ရောက်ရှိရေးသည် အထူးအရေးကြီးပြီး၊ ဦးစားပေး လုပ်ဆောင် ပေးရပါမည်။ | နယ်စပ်ရေးရာဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>နိုင်ငံတကာအဖွဲ့အစည်းများ | ဒေသတွင်းယာယီနေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီ<br><br>ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ |
| | ပြန်လည်နေရာချထားရေး | (ခ) ဘင်္ဂါလီဒုက္ခစခန်းများတွင် လူဦးရေ သိပ်သည်း နေခြင်း၊ ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အိမ်သာများ လုံလောက်စွာစီမံပေးရေး၊ မိုးရာသီတွင် ဖြစ်ပွားလာနိုင်သည့် အခြေအနေများကို ကြိုတင်ခန့်မှန်းကာ လုပ်သင့်လုပ်ထိုက်သည်များ လုပ်ဆောင်ထားရပါမည်။ | - ၎င်း - | ဒေသတွင်းယာယီနေရာချထားရေး နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီ |

| | | | | |
|---|---|---|---|---|
| | စာသင်ကျောင်းဖွင့်လှစ်နိုင်ရေး၊ | (ဂ) ဘင်္ဂါလီဒုက္ခသည်စခန်းများရှိ ကျောင်းသား/သူများအတွက် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရပါမည်။ | - ၎င်း - | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ |
| | အစားအစာဖူလုံရေးနှင့် အဟာရချို့တဲ့မှုများ | (ဃ) အစာအစာ ဖူလုံရေးအတွက် လိုအပ်ချက်များ ကြိုတင်တွက်ချက်စီမံထားခြင်း၊ အဟာရချို့တဲ့မှု များရှိနေ၍ တိုက်ဖျက်နိုင်ရေး ပူးပေါင်းဆောင်ရွက် ရပါမည်။ | - ၎င်း - | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ<br><br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ |
| | အသက်မွေးဝမ်းကျောင်းလုပ်ငန်း | (င) ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ် ငန်း များ ကို ပြန်လည် လုပ်ကိုင်ခွင့်မရမချင်း ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးသည် အစိုးရအပေါ်တွင် တာဝန်ရှိလာပါသည်။ သို့ဖြစ်၍အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ပေးရပါမည်။ | - ၎င်း - | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ<br><br>ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ |
| | အခြေတကျနေထိုင်နိုင်ရေး | (စ) အခြေအနေများ ပြန်လည်တည်ငြိမ် လာသည့် အခါ အခြေချနေထိုင်နိုင်မည့်အစီအမံများကို အစိုးရအနေဖြင့် ရေးဆွဲလျာထားရပါမည်။ | - ၎င်း - | ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| ၂ | **လူမှုရေး**<br><br>တိုင်းရင်းသားကမန်များ ကိစ္စ | (က) လက်ရှိအခြေအနေတွင် ရခိုင်လူမျိုးများသည် ဘင်္ဂါလီ လူမျိုးများအပေါ်၊ နာကျည်းစိတ် ပြင်းထန်နေသဖြင့် စီးပွားရေး၊ လူမှုရေးများအရ ဆက်ဆံမှု လုံးဝမပြုလုပ်ကြရန်နှင့်ဆက်ဆံမိသူများကို ပြင်းထန်သည့် လူမှုရေး နှိမ့်ချမှုများ၊ ပြုလုပ်နေကြသဖြင့် လူ့အဖွဲ့အစည်း နှစ်ခု အကြား ဆက်ဆံရေး လုံးဝ ပြတ်တောက် ခဲ့ရသည်။ ရမ်းဗြဲမြို့မှ တိုင်းရင်းသား ကမန်လူမျိုးများသည် အစဉ်အလာအားဖြင့် ပညာရေးနှင့် ဆက်သွယ်ရေးရုံးများတွင် အစိုးရဝန်ထမ်းများ ဖြစ်ကြပါသည်။ ယခုအခါ ၎င်းတို့သည် ဒုက္ခသည် စခန်းများတွင် ပိတ်မိနေခြင်းနှင့် စပ်လျဉ်း၍လွတ်လပ်စွာသွားလာခွင့်ပြန်လည်ရရှိနိုင်ရေး နိုင်ငံတော်အစိုးရမှ အရေးယူပေးနိုင်ရန် တင်ပြတောင်းဆိုမှုများအပေါ် အမြန်ဆုံးဆောင်ရွက် ပေးသင့်ပါသည်။ | ရခိုင်ပြည်နယ်အစိုးရ | ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်း ကော်မတီ |
| | လူဦးရေတိုးပွားနှုန်းကိစ္စ | (ခ) ရခိုင်လူမျိုးများ အနေဖြင့် ဘင်္ဂါလီများနှင့် အတူယှဉ်တွဲ နေထိုင်ရန် ကြောက်ရွံ့သော ကိစ္စတစ်ခုမှာ ဘင်္ဂါလီများ၏ လူဦးရေတိုးပွားနှုန်း အဆမတန် မြင့်မား ခြင်းပင်ဖြစ်သည်။ ၎င်းတို့အပေါ် အုပ်ချုပ်ရေးအာဏာဖြင့် အတင်းအကြပ် သားဆက်ခြားရေး အစီအစဉ်များ မလုပ်သင့်ပါ။ နိုင်ငံတကာအမြင်တွင် ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင် ဘင်္ဂါလီနိုင်ငံရေး လှုပ်ရှားသူများမှ ဤကိစ္စကို အသုံးချ၍ ပြည်နယ်အတွင်း မတည်ငြိမ်မှုများကို ဖန်တီးလာနိုင်ပါ သည်။ | လဝကဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>နစက | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ<br><br>လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | လူမှုရေးသဟဇာတဖြစ်စေရေးကိစ္စ | (ဂ) နိုင်ငံသားပြုခွင့်ရထားသူ၊ ဧည့်နိုင်ငံသားအဖြစ် နေထိုင်လိုသူတို့သည် ဤနိုင်ငံ၏ ဥပဒေ၊ စည်းကမ်း တို့ကို လိုက်နာ၍ မိမိနေထိုင်သည့် ဒေသနှင့် သဟဇာတဖြစ်စေရန် ဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့ကို အတိုင်းအတာတစ်ခုအထိသင်ကြားတတ် မြောက်ထားစေပြီး၊ စီစစ်ပြီးမှသာ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားအဖြစ် ခွင့်ပြုသင့်သည်။ မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးမြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှု၊ဓလေ့ထုံးတမ်းများကိုသိရှိလိုက်နာကြရမည်ဖြစ်ပြီး ပညာပေးလုပ်ငန်းများကိုလည်း တစ်ဖက်မှ ဆောင်ရွက်ပေးသင့်ပါသည်။ | လဝက၊ပြည်ထဲရေးဝန်ကြီးဌာနများ<br><br>ရခိုင် ပြည်နယ်အစိုးရ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ<br><br>လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ |
| | ဖြစ်ရပ်မှန်ရှင်းလင်းရေးကော်မတီတစ်ရပ်ဖွဲ့စည်းရေးကိစ္စ | (ဃ) နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် အစ္စလာမ် လူ့အဖွဲ့အစည်းတို့အကြား ဖြစ်ပျက်ခဲ့သမျှတို့၏မူလအကြောင်းရင်းမှန်တို့ကို ရှာဖွေစိစစ်ဖော်ထုတ်တင်ပြရေးကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ပါသည်။ နောင်တွင် ပြဿနာထပ်မဖြစ်စေရန် မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို အဖြေထုတ်နိုင်ရန်ဖြစ်ပြီး လိုအပ်ပါက ပြည်ပတိုင်းပြည်များသို့ပါ ဖြစ်ရပ်မှန် ရှင်းလင်းရေးအဖွဲ့များစေလွှတ်နိုင်ရေးကိုလည်း စဉ်းစားထားသင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| ၃ | **နိုင်ငံသားပြုရေးကိစ္စ** | (က) နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးကို အလျင်အမြန် စိစစ်ရန် လိုအပ်ပါသည်။ နိုင်ငံသားအဖြစ် ရရှိနိုင်မှသာလျှင် ပြည်တွင်းရှိ အခြား နိုင်ငံသားများနှင့်အတူ ပေါင်းစည်းနေထိုင်နိုင်မည် ဖြစ်သည်။ ထို့အတူ ဘင်္ဂါလီများ အနေဖြင့်လည်း နိုင်ငံသားအခွင့်အရေးရမှ မြန်မာနိုင်ငံတွင် ပြောင်းလဲ ဖြစ်ပေါ်နေသော တိုင်းရေးပြည်ရေးများကို ပိုမို စိတ်ဝင်စားလာမည်ဖြစ်ပြီး တိုင်းပြည်အတွင်း တာဝန်ရှိစွာ နေထိုင်သူများ ဖြစ်လာမည် ဖြစ်သည်။ | လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ<br><br>ရခိုင် ပြည်နယ်အစိုးရ | လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ |
| | | (ခ) အစိုးရသည် ဘင်္ဂါလီများ၏နိုင်ငံသားဖြစ်နိုင်မှု၊မဖြစ်နိုင်မှုကို တည်ဆဲဥပဒေများအရ ပွင့်လင်းမြင်သာစွာ၊ တိကျစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံမဲ့ ဖြစ်နေသူများကိစ္စကို နိုင်ငံအတွင်း ကျင့်သုံးနေသည့် ဥပဒေများဖြင့် အရေးယူဆောင်ရွက်ရန်သာမက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆက်လက်အရေးယူရန်လိုအပ်ပါသည်။နိုင်ငံသားဖြစ်ခွင့်ရရှိသူများ၊ အသိအမှတ်ပြုခြင်းများကို အခမ်းအနားဖြင့် ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပပေးသင့်ပါသည်။ | လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ<br><br>ရခိုင် ပြည်နယ်အစိုးရ | လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| ၄ | **စီးပွားရေးကိစ္စ** | (က) လူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား နိမ့်နေခြင်း၊ စီးပွားရေးအသိပညာ နည်းပါးခြင်းတို့ကြောင့် လူအများ စုသည် သယံဇာတအပေါ်အခြေခံသည့် စီးပွားရေး လုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်း အပေါ်တွင်သာ အသက်မွေးဝမ်းကျောင်း နေကြရပါ သည်။ စိုက်ပျိုးရေးကဏ္ဍတွင် ရခိုင် ပြည်နယ်မြောက် ပိုင်းသည် ဆားငံရေ ဝင်ရောက်၍ အခွင့်လမ်း နည်းပါး သဖြင့် မြန်မာ့မျိုးရင်းစပါးကောင်းများ၊ နည်းပညာမြင့် အထွက်တိုး စပါးများကို ရခိုင်ဒေသို့ ဖြန့်ဝေပေးသင့် ပါသည်။ | လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊<br><br>ရခိုင်ပြည် နယ်အစိုးရ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ |
| | | (ခ) နိုင်ငံသား မဟုတ်သူများကို အသက်မွေးဝမ်းကျောင်း လုပ်ငန်း ခွင့်မပြုပါက ၎င်းတို့၏ စားဝတ်နေရေး ပြဿနာသည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမည့်အပြင် ဆင်းရဲမှုကြောင့်၊ ပဋိပက္ခများ ထပ်မံ ဖြစ်ပေါ်လာနိုင်ပါသည်။ ပျက်စီးသွားခဲ့သော နေအိမ် အဆောက်အဦများပြန်လည်ဆောက် လုပ်ပေးခြင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် ရေ၊မီးတို့ကို ပြန်လည်ရရှိ အောင် ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေး လုပ်ငန်း များတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ စီးပွားဖြစ် ထွန်းမှုကို ရည်ရွယ်၍ လူမျိုး၊ ဘာသာ ကွဲပြားသော စီးပွားရေး လုပ်ငန်းရှင်များ၊ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်စေရေး၊ စီးပွားကုန်သွယ်စီးဆင်းမှု မှန်ကန် | စွမ်းအင်၊ လျှပ်စစ်၊ နယ်စပ် ဒေသဝန်ကြီး ဌာနများ နှင့် ရခိုင် ပြည်နယ်အစိုးရ | ဒေသတွင်းယာယီနေရာချထား ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ<br><br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ၊ |

| | | | | |
|---|---|---|---|---|
| | | စေရေးတို့ကို သက်ဆိုင်ရာအစိုးရနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းမှ ရရှိလာသော သဘာဝ ဓါတ်ငွေ့၏ အစိတ်အပိုင်းအချို့ကိုသုံးကာ ကျောက်ဖြူ ဒေသအား လျှပ်စစ်ဓါတ်အားမပေးပါက အစိုးရ အပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ် လာစေနိုင်ပါသည်။ | | |
| | | (ဂ) ရခိုင်ပြည်နယ်တွင် သမိုင်းအမွေအနှစ်များ၊ သာယာလှပ သောကမ်းခြေများရှိသဖြင့် အပန်းဖြေစခန်းနှင့်ခရီးသွား လုပ်ငန်းများ ဖော်ဆောင်လုပ်ကိုင် သင့်ပါသည်။ ထို့ပြင် လှေ၊သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ အများပိုင် လျှပ်စစ်ဓါတ်အားပေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းနှင့် အအေးခန်းစက်ရုံများ တည်ဆောက်ခြင်း၊ CMP (Cutting, Making and Packing) လုပ်ငန်းများ၊ ရေသွင်းပုဇွန်မွေးမြူရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း များနှင့် အပန်းဖြေဥယျာဉ်များ တည်ထောင်ခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ | သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ရခိုင်ပြည်နယ်အစိုးရ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ဃ) စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်အတိုးနှုန်းမြင့်မား စွာ ချေးငွေယူနေရခြင်းကို ထည့်သွင်း စဉ်းစားပေးခြင်း ဖြင့် ၎င်းတို့၏ လူမှုရေး၊ စီးပွားရေးအတွက် များစွာ အထောက်အကူရရှိမည်ဖြစ်ပါသည်။ | သက်ဆိုင်ရာဝန်ကြီးဌာနများ နှင့် ရခိုင်ပြည်နယ်အစိုးရ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| ၅ | **ကျန်းမာရေး** | (က) ဒုက္ခသည်စခန်းများတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေးနှင့် ယင်လုံအိမ်သာ လုံလောက်မှုရှိရေးသည် အရေးတကြီး လိုအပ်ချက် ဖြစ်ပါသည်။ | ကျန်းမာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>INGO, NGO များ။ | ဒေသတွင်းယာယီနေရာချထားရေး နှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းကော်မတီ<br><br>ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ |
| | | (ခ) အစားအစာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင်ငတ်မွတ်မှု မရှိနိုင်သော်လည်း၊ သန့်ရှင်းသောအစားအစာနှင့် မှန်ကန်သော အစားသောက်နည်းလမ်းများကို ကျင့်သုံးနိုင်မှုအားနည်းပါသည်။ ထို့ကြောင့် ကလေးသူငယ်များ၊ ငတ်မွတ်မှု မရှိနိုင်သော်လည်း အဟာရဓါတ်ချို့တဲ့မှုများ ရှိနိုင်ပါသည်။ | - ၎င်း - | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ |
| | | (ဂ) အစိုးရ အနေဖြင့် ဒုက္ခသည်များ၏ စိတ်ဓါတ်ရေးရာ မတည်ငြိမ်မှုများနှင့် အကြောက်တရားများ လွှမ်းမိုးနေမှုများကို ကူညီကုစားပေးရေး အလေးထား၍ အလျင်အမြန် ဆောင်ရွက်ပေးသင့်ပါသည်။ | - ၎င်း - | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ<br>တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း ကော်မတီ |

| | | | | |
|---|---|---|---|---|
| ၆ | **ပညာရေး** | (က) ရခိုင်ဒုက္ခသည်များအတွက် စာသင်ကျောင်းများ ၂၀၁၂ - ၂၀၁၃ ခုနှစ်၊ ပညာသင်နှစ်တွင်း အားလုံးနီးပါးပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သော်လည်း၊ ဘင်္ဂါလီဒုက္ခသည်စခန်းများရှိ ကလေးများအတွက် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ ခြင်းမရှိခဲ့ပါ။ ၂၀၁၃- ၂၀၁၄ခုနှစ် ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ | ပညာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>INGO, NGO များ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br><br>ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ |
| | | (ခ) လုံခြုံရေးအားနည်းသဖြင့် ရခိုင်နှင့်ဘင်္ဂါလီကျောင်းသားများ ရောနှောတက်ရောက်ရသည့် ကျောင်းများတွင် လုံခြုံရေးစိတ်မချရသဖြင့်ကျောင်းသားများတက်ရောက်မှုနည်းပါးပါသည်။ ထိုကဲ့သို့သော ကျောင်းများကို စိစစ်၍ လုံခြုံရေးတိုးမြှင့် ချထားရန် လိုအပ်ပါသည်။ | ပညာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>INGO, NGO များ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ |
| | | (ဂ) ဘင်္ဂါလီကျေးရွာရှိ ကျောင်းများ၊ ပဋိပက္ခဖြစ်နိုင်ချေများသော ရခိုင်နှင့် ဘင်္ဂါလီများ နီးကပ်စွာ ရှိနေသည့် ကျောင်းများတွင် ဆရာ၊ဆရာမများ မလာရဲတော့သဖြင့် ဒေသခံများကို အမြန်ခန့်အပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ | ပညာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>INGO များ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (ဃ) နိုင်ငံတော်အပေါ်သစ္စာစောင့်သိလာစေရေး၊ အချင်းချင်း အပြန်အလှန်လေးစားတတ်စေရေးတို့အတွက်ဘာသာ ရေး ကျောင်းများ၏ သင်ရိုးညွှန်းတမ်းများကို အမြန်ဆုံး စိစစ်ပြီး ပြင်ဆင်ပြောင်းလဲမှုများ အမြန်ဆုံး ပြုလုပ်သင့် ပါသည်။ ဒေသခံကလေးများ၏ အသိပညာ ရေချိန် မြှင့်တင်နိုင်ရန် ပြည်သူ့နီတိ ( Civic Education) ကို ပြည်နယ်တဝှမ်း ပို့ချသင့်ပါသည်။ | ပညာရေးဝန်ကြီးဌာန<br><br>သာသနာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ<br><br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ |
| | | (င) ဘင်္ဂါလီများအား မြန်မာစာ အရေး၊ အဖတ်၊ အပြော အတွက် အသုံးလုံးကျေသင်တန်းများ ပို့ချမှုကို လူထု လှုပ်ရှားမှုတစ်ရပ်ဖြင့် ရခိုင်ပြည်နယ်တွင် ဖော်ဆောင် သင့်ပါ သည်။ | ပညာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ |
| | | (စ) ဒုက္ခသည်စခန်းရှိ ဘင်္ဂါလီ စာသင်ကျောင်းများတွင် တက်ရောက်မည့် ကလေးသူငယ်များ လက်လှမ်းမီ စေရန် စီမံဆောင်ရွက်ပေးသင့်ပါသည်။ | ပညာရေးဝန်ကြီးဌာန၊<br><br>ရခိုင်ပြည်နယ်အစိုးရ၊<br><br>INGO များ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ<br><br>ဒေသတွင်းယာယီနေရာချထား ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ<br>ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (ဆ) ရခိုင်နှင့်ဘင်္ဂါလီများရောနှော တက်ရသည့် ကျောင်းများတွင် လုံခြုံရေးအစီမံ များချမှတ်ခြင်း၊ ဝေးလံခေါင်သီသည့် ဒေသများတွင် ကျောင်းဆရာ၊ ဆရာမများ မှ ယုံကြည်စွာ တာဝန်များ ပြန်လည် ထမ်းဆောင်စေနိုင်မည့် အစီအမံများ၊ အာမခံချက်များကို အစိုးရအနေဖြင့် ချမှတ်ပေးသင့်ပါသည်။ | ပညာရေးဝန်ကြီးဌာန<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ |
| | | (ဇ) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန်နှစ်ဖက်လူမျိုးများတွင်ရှိနေသည့် လူမျိုးရေး အမြင်ကျဉ်းမြောင်းမှုများ၊ အမုန်းတရားများ ပပျောက်ပြီး လူမှုရေး အမြင်များ ပြောင်းလဲ သွားစေမည့် အထူးပညာရေး စနစ်နှင့် အစီအစဉ်များကို ဖော်ဆောင်သွားရန် လိုအပ်ပါသည်။ ဒေသခံပြည်သူများ၏ ဘာသာစကားဖြင့် ထုတ်လွှင့်သော ရေဒီယိုအသံလွှင့်ဌာန (FM Radio Station) တစ်ခု တည်ထောင်ပေးရန်နှင့် နောင်တွင် TV Channel တစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ပြုလုပ်ထားသင့်ပါသည်။ | ပညာရေး၊ သာသနာရေးဝန်ကြီးဌာနများ<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ<br><br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| ၇ | **ဘာသာရေး** | (က) လက်ရှိရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာရေးကျောင်းများတွင် သဘောထားပြင်းထန်သည့် ဘာသာရေးခေါင်းဆောင်များ၏နေရာတွင် ရန်ကုန် နှင့် မန္တလေးမြို့များရှိ သဘောထား ပျော့ပျောင်းသော အစ္စလာမ် ဘာသာရေး ခေါင်းဆောင်များကို သေချာလေ့ကျင့်ပေးကာ ၎င်းတို့ကိုရွှေ့တန်းတင်ပြီး ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာရေး ကျောင်းများအား ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်သင့်ပါသည်။ | သာသနာရေး၊<br><br>ရခိုင်ပြည်နယ်အစိုးရ၊ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ခ) အစိုးရအနေဖြင့် ဘာသာရေးဂိုဏ်းပေါင်းစုံနှင့်ပူးပေါင်း၍ Interfaith Dialogue Meeting များပြုလုပ်ပေးခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား နားလည်မှုပိုမိုရရှိအောင် ပြုလုပ်ပေးသင့်ပါသည်။ | သာသနာရေး၊<br><br>ရခိုင်ပြည်နယ်အစိုးရ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ဂ) သဘောထား ပြင်းထန်သည့် ဘာသာရေး ခေါင်းဆောင်များဦးစီးသော ဘာသာရေးကျောင်းများကို အစိုးရမှ စိစစ်ကြပ်မတ်သင့်ပြီး သင့်တော်သည့် အစ္စလာမ် ဘာသာဝင်ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့တစ်ခုဖွဲ့စည်းကာ သင်ကြားသင့်သည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲစေပြီး ယင်းအတိုင်းသာ သင်ကြားပို့ချစေသင့်ပါသည်။ | သာသနာရေး၊<br><br>ရခိုင်ပြည်နယ်အစိုးရ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ် ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းရှိ ဘာသာရေးစိစစ်ရေး ကိုပြန်လည်ပြုလုပ်သင့်ပါသည်။ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဗလီများ၊ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းများ၊ဟိန္ဒူဘာသာရေး ကျောင်းများစသည့် ဘာသာရေး အဆောက်အဦများ၊ ဘာသာရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအားလုံးကို ပြန်လည် စိစစ်ကြပ်မတ် ထိန်းသိမ်းရန် လိုအပ်ပါသည်။ ထိုသို့ စစ်ဆေးပြီးပါကသာသနာရေးဝန်ကြီးဌာနမှအသိအမှတ် ပြုသည့် တရားဝင် စာရွက်စာတမ်း အထောက်အထား များကို ထုတ်ပေးသင့်ပါသည်။ | - ၎င်း - | တည်ငြိမ်အေးချမ်းရေးနှင့်တရား ဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ |
| ၈ | **INGO, NGO များ** | (က) နိုင်ငံတော်အစိုးရ အနေဖြင့် ရခိုင်ပြည်နယ် အရေးနှင့် ပတ်သက်၍နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပြုလုပ်သော သဘောတူညီချက်များကိုပြည်နယ်အတွင်းအခြေအနေ များ၊ တိုင်းပြည်တွင်းအခြေအနေများနှင့် ကိုက်ညီမှု ရှိ/မရှိ အသေးစိတ်ဆန်းစစ်ပြီး၊ အောက်ခြေ ပြည်သူ လူထု၏ အခြေအနေများကို နားလည်ထားပြီးမှ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်သင့်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့ | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (ခ) ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အစိုးရ၊ အလှူရှင် အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာကျွမ်းကျင်သူ ဒေသခံခေါင်းဆောင်တို့ဖြင့် ဆွေးနွေး လုပ်ကိုင်သင့်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအတွက် ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရန်နှင့် မှန်ကန်သော သတင်းအချက်အလက်များ မျှဝေသွားရန်လည်း လိုအပ်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရ အဖွဲ့<br><br>INGO, NGO, CBO များ | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ဂ) ပြည်ထောင်စု အစိုးရမှ ဦးဆောင်ကာ ဒေသအစိုးရ၊ NGOs, CBOs နှင့် အကျိုးဝင်ပတ်သက်သူများအားလုံး ပါဝင်စေနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်သင့်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့အစည်းများအကြား နားလည်မှုပိုမိုမြင့်မားလာသည့်အပြင်၊ အခြေခံရမည့် နိုင်ငံတကာစံများ အတိုင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကိုရေးဆွဲဖော်ထုတ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာမည်ဖြစ်သည်။ | ပြည်ထောင်စုအစိုးရ<br><br>ရခိုင်ပြည်နယ်အစိုးရ<br><br>INGO, NGO, CBO များ | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| ၉ | **လုံခြုံရေးနှင့်အုပ်ချုပ်ရေး** | (က) ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီများအကြား ပဋိပက္ခများစွာဖြစ်ပွားနေခဲ့ခြင်းဖြစ်ရာ အခြားနိုင်ငံများထံမှ သင်ခန်းစာယူ၍ Conflict Management Center ကဲ့သို့သော ဌာနတစ်ခုအားဖွဲ့စည်းထားသင့်ပြီး၊ ပဋိပက္ခဖြစ်ပွားစေနိုင်သည့် အချက်အလက်များ စုဆောင်းခြင်း၊ ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းရေး နည်းလမ်းများ ရေးဆွဲပြုစုခြင်း၊ ပဋိပက္ခများဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြင်ဆင်ပြုစုခြင်းများ လုပ်ဆောင် ထားသင့်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင် ပြည်နယ် အစိုးရအဖွဲ့ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ခ) ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ အချိန်မရွေးဖြစ်ပွားနိုင်သည့်အခြေအနေ တွင်ရှိနေသေးရာ အစိုးရအနေဖြင့် ပဋိပက္ခများကို အချိန်မီကြိုတင်ခန့်မှန်း သိရှိနိုင်ရန်နှင့် ပြင်ဆင်ထားနိုင်ရန် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးစနစ် (Early Warning System) တစ်ခုကို တည်ဆောက်ရန်လိုအပ်ပါသည်။ ထိုသို့သောအခြေအနေတွင် လုံခြုံရေးတပ်အင်အားများ များပြားစွာ ရုတ်တရက် လျှော့ချခြင်းမျိုး မပြုလုပ်သင့်ပါ။ လုံခြုံရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ထားရန်လိုအပ်ပါသည်။ ထို့အပြင် အကြမ်းဖက်/အစွန်းရောက်အဖွဲ့အစည်းများ၏အန္တရာယ်မှကြိုတင်ကာကွယ်ထောက်လှမ်းသိရှိနိုင်ရန်၊ စစ်ဘက်၊ အရပ်ဘက်ထောက်လှမ်းရေးများပါဝင်သည့် Special Team တစ်ခုဖွဲ့စည်းတာဝန်ပေးအပ်ရန် လိုအပ်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ<br><br>တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ<br><br>ဒေသတွင်းယာယီနေရာချထားရေး နှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (ဂ) အစိုးရအနေဖြင့်ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများမည်သို့မည်ပုံ၊ မည်သည့်အခြေ အနေတွင်ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေနိုင်မည်ကို သိရှိနိုင်ရန် လူမျိုးစုနှစ်ခုလုံးမှ အပြန် အလှန် တွေ့ဆုံညှိနှိုင်း၍ အဖြေရှာရန် လုပ်ဆောင်ပေး ရပါမည်။ အစိုးရအနေဖြင့် ကူညီပံ့ပိုးပေးသည့် အခန်း ကဏ္ဍမှပါဝင်သင့်ပါသည်။ ထိုသို့ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အစိုးရအနေဖြင့် လူမျိုးစုနှစ်ခုစလုံးမှ သဘောထား ပျော့ပျောင်းသော ခေါင်းဆောင်များနှင့် ကော်မရှင်၏ အကြံပြုချက်များကို နိုင်ငံတော်သမ္မတ၏ အထူးအမိန့်ဖြင့် ဖွဲ့စည်းပေးမည့် လုပ်ငန်း အကောင် အထည် ဖော်ဆောင်ရွက်မည့်အဖွဲ့ (Task Force) တစ်ခုဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက် သင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ဃ) ထိုတွေ့ဆုံပွဲများကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း လူမှုရေးအဖွဲ့များက ကြီးမှူး၍အဓိကထား ကျင်းပသွား သင့်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် ကျင်းပလိုပါက ကျင်းပမည့် ထိုအဖွဲ့အစည်းသည် ရခိုင် နှင့် ဘင်္ဂါလီနှစ်ဖွဲ့စလုံးမှ လက်ခံနိုင်သည့် အဖွဲ့အစည်း ဖြစ်ရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက မျက်နှာသာပေး မခံရဟု မှတ်ယူသည့်အဖွဲ့မှ မကျေနပ်ချက်ပို၍ ကြီးထွား လာနိုင်ပါသည်။ | နိုင်ငံတော်သမ္မတရုံး | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (င) လက်ရှိအခြေအနေတွင် ရခိုင်နှင့် ဘင်္ဂါလီ လူမျိုးများကို သီးခြားစီခွဲထားရန် လိုအပ်ပါသည်။ သို့သော် ဤလူ့အဖွဲ့အစည်းနှစ်ခုကို အမြဲတမ်းခွဲထားရန်မှာမူ မဖြစ်နိုင်ပါ။ တစ်ဦးပေါ်တစ်ဦး ထားရှိလာခဲ့သော အမျက်ဒေါသများ လျော့သွားသည်အထိ ခွဲထားသင့်ပါသည်။ ဤအတောအတွင်း ဥပဒေချိုးဖောက်သူများကိုတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရပါမည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ပြည်နယ်အစိုးရ အဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>ဒေသတွင်းယာယီနေရာချထားရေး နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ |
| | | (စ) ရခိုင်ပြည်နယ်သည် လူဦးရေတိုးတက်နှုန်းအလွန်အမင်းမြင့်မားနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းရေနယ်နိမိတ်များ ထိစပ်နေသည့်အပြင် အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက် ပေါက်ရောက်သည့် ရှည်လျားလှသောပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထား သည်ဖြစ်ရာ မြန်မာနိုင်ငံသာမက ဒေသလုံခြုံရေး၊ စီးပွားရေးတို့အတွက်အလွန် အချက်အခြာကျနေပါသည်။ သို့ဖြစ်၍ မြန်မာ့ပင်လယ်ပြင်ကို စိုးမိုးထားနိုင်ရေး အတွက် တပ်မတော်ရေတပ် အင်အားကို မဖြစ်မနေ တိုးချဲ့ထားရပါမည်။ ထိုနည်းတူစွာ ကမ်းခြေစောင့်ရဲ (Marine Police) ကိုလည်းဖွဲ့စည်းချထားရန် လိုအပ်ပါသည်။ ၎င်းလုံခြုံရေး လက်နက်ကိုင် တပ်ပေါင်းစုကို ထိပ်ဆုံးမှ တပ်မှူးကြီးတစ်ဦးက ပေါင်းစပ်ညှိနှိုင်း ကွပ်ကဲစေရပါမည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ဘက်စုံလုံခြုံရေး | နိုင်ငံတော်သမ္မတရုံး၊<br><br>ပြည်ထောင်စုအစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်း ကော်မတီ<br><br>လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ |

| | | | | | |
|---|---|---|---|---|---|
| | | | မဟာဗျူဟာစီမံချက်များကို ရေးဆွဲချမှတ်ထားရှိ ရပါမည်။ (holistic approach) နှင့် (preventive approach) ရပ်ခံချက်(paradigm) ဖြင့် စီမံဆောင်ရွက်ထားသင့်ပါသည်။ | | |
| | | (ဆ) | ယခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၌ အထွေထွေရွေး ကောက်ပွဲကျင်းပမည် ဖြစ်ရာအနည်းနှင့်အများ ဂယက်ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။ နယ်စပ်အခြေအနေများကို မျက်ခြေမပြတ် စောင့်ကြည့်ထားသင့်ပါသည်။ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလအတွင်း နယ်စပ်ခြံစည်း ကာနေသော တပ်မတော်အင်ဂျင်နီယာတပ်မှ စစ်သည်အချို့အား တစ်ဖက် နိုင်ငံအခြေပြု စစ်သွေးကြွများက အလစ်အငိုက်ယူ တိုက်ခိုက် သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များနှင့် မကြာခဏ နှောက်ယှက်မှုများရှိနေခဲ့ကြောင်း ကြားသိရပါသည်။ သို့ဖြစ်ရာ နယ်စပ်လုံခြုံရေးအတွက် ကြိုတင်မျှော်တွေးပြီး လုံခြုံရေးအစီအမံများ ထားရှိခြင်း၊ လုံခြုံရေးတပ်ဖွဲ့အင်အားတိုးမြှင့်ချထားခြင်းများ ဆောင်ရွက်ထားသင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး၊<br><br>ပြည်ထောင်စုအစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ |
| | | (ဇ) | လက်ရှိနယ်စပ်အခြေအနေများကြောင့်၊ နစကအနေဖြင့် နယ်စပ် ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရအာမိန့်များထုတ်ပြန်ကာဆက်လက်ထိန်းချုပ်ထားသင့်ပါသည်။ သို့ရာတွင်နစကအဖွဲ့များသည်နယ်မြေဒေသ အေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကိုဦးတည်၍ တာဝန်များကို ဆောင်ရွက်သင့်ပါသည်။ နစကအဖွဲ့ဝင်များသည် | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | တရားဥပဒေဘောင်အတွင်းနေထိုင်သော ပြည်သူလူထု၏ အကျိုးစီးပွားကိုထိခိုက်စေမည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ရပါမည်။ တရားဥပဒေကို ချိုးဖောက်သူများကို ဆက်ဆံရာတွင်လည်း တရားဥပဒေကြောင်းအရ အရေးယူမှုမျိုးကိုသာပြုလုပ်သင့်ပါသည်။နစကအဖွဲ့ဝင်များသည်ဥပဒေနှင့်မညီသောလုပ်ဆောင်မှုများ အားလုံးကို ရှောင်ကြဉ်သင့်ပြီး ပြည်သူ့ဆက်ဆံရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံး သင့်ပါသည်။ အကယ်၍ နစက တပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဥပဒေချိုးဖောက်မှု ရှိခဲ့ပါကလည်း တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။ | | |
| | | (ဈ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဓိကရုဏ်းများ ဖြစ်ပွားသည့်အခါ တာဝန်ယူမည့် အဓိကရုဏ်း ဖြေရှင်းရေး တပ်ကို ဖွဲ့စည်းခြင်း၊ ထိုတပ်ဖွဲ့များ အားလိုအပ်လိုသည့် လက်နက်များ အပြည့် တပ်ဆင်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထူး သင်တန်းများပေးခြင်း၊ အရေးအခင်းဖြစ်သည်နှင့် အဓိကရုဏ်းကိုင်တွယ် ဖြေရှင်းသည့်တပ်အား ရှေးဦးစွာ တာဝန်ပေးပြီး ပဋိပက္ခအား ကိုင်တွယ်ဖြေရှင်းစေခြင်း တို့ပြုလုပ် သင့်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခကဲ့သို့ အထူးလေး နက်သိမ်မွေ့သည့် ပြဿနာများအား ဖြေရှင်းရာတွင် အထူး သင်တန်းပေးထားသော အဓိကရုဏ်း ကိုင်တွယ်ဖြေရှင်းသည့် | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | တပ်ရှိမှသာ ပဋိပက္ခများကို လျော့နည်းစေနိုင်မည်ဟု ယူဆပါသည်။ တပ်မတော်၏ အကူအညီရယူရပါက လည်း တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို အဓိကရုက်း နိမ်နင်းရေးလက်နက်၊ ခဲယမ်းများ လုံလောက်စွာ ထုတ်ပေးထားသင့်ပါသည်။ | | |
| | | (ည) ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများ ချုပ်ငြိမ်းစေရန် လုံခြုံရေး တာဝန်ယူနေသည့် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့နှင့် ထောက်လှမ်းရေးတပ်ဖွဲ့များ၊ နစက စသည့်အင်အားစုများကို ယခုအခါ အင်အားနစ်ဆအထိ တိုးမြှင့်ချထားပေးရန် လိုအပ်ပါသည်။ ထိုလုံခြုံရေးအဖွဲ့အစည်းများသည် မိမိတို့၏ တာဝန်ဝတ္တရားများကို ဥပဒေနှင့်အညီ ထမ်းဆောင်ရမည်ဖြစ်ပါသည်။ အကယ်၍ ဤလုံခြုံရေးအဖွဲ့များမှ တာဝန်ရှိသူများသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက ထိုသူများကို တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ |
| | | (ဋ) ဖြစ်ပွားခဲ့သော ရခိုင်အရေးအခင်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများ(ပြည်ထောင်စုအစိုးရအဖွဲ့) ၏ ပါဝင်လုပ်ဆောင်မှုများ အခန်းကဏ္ဍမှာ နည်းပါးလွန်းသည်ဟုယူဆကြောင်း၊ အားမရပါကြောင်း၊အထူးသဖြင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများအနေဖြင့် | ပြည်ထောင်စုအစိုးရအဖွဲ့၊ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | ယခုထက် ပိုမို ပါဝင်သင့်သည်ဟု ယူဆကြောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပင်လျှင်ခဏတစ်ဖြုတ် လာပြီးပြန်သွားကြောင်း၊ ပြည်နယ်အစိုးရမှာ လုပ်ပိုင်ခွင့် အကန့်အသတ်နှင့် သာဖြစ်၍ ဤပြဿနာကို ပြည်ထောင်စုအစိုးရမှ ယခုထက် ပိုမိုပါဝင် စွက်ဖက်သင့်သည်ဟု ယူဆကြောင်း စစ်တွေမြို့ ခံရပ်မိရပ်ဖများထံမှ ကြားသိရပါသည်။ | | |
| | | (၄) ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများသည် ရခိုင်လူမျိုး အရာရှိများသာဖြစ်ပါက ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များသည်ရခိုင်ကိုမျက်နှာသာပေးသည် ဟုပြောလာနိုင်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ် အတွင်း လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်ရသည့်အဖွဲ့များတွင် ရခိုင်အမျိုးသားသာမက တိုင်းရင်းသားပေါင်းစုံကို တာဝန်ပေးအပ်သင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ |
| | | (၅) လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ပင်တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အထွေထွေအုပ်ချုပ်ရေး၊ လဝက၊ အကျဉ်းဦးစီး၊ တရားရေးနှင့် ဥပဒေဌာန များသည် ဖွဲ့စည်းပုံအင်ပြည့်မှီခြင်းမရှိသဖြင့် ပဋိပက္ခများကို ထိရောက်စွာကိုင်တွယ်နိုင်ခြင်းမရှိကြပါ။ အထူးသဖြင့် မောင်တော | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | တွင် အခင်းဖြစ်ပွား သည့်အခါတိုင်း ရင်ဆိုင်ရသည့် အင်အား နှင့်လုံခြုံရေး တပ်ဖွဲ့ဝင်အင်အား မမျှခဲ့သဖြင့် ထိန်းသိမ်းရာတွင် အားနည်းချက် များစွာ ရှိခဲ့သည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံပြည့်မှီရေး အင်အားဖြည့်တင်း ပေးထားသင့်ပါသည်။ အထူးသဖြင့် လဝက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာနတို့ အားအထူးကိစ္စရပ်အနေဖြင့် အင်းအားဖြည့်တင်းပေးပြီး ကျေးရွာအဆင့်အထိ ကွင်းဆင်းကာ စိစစ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်စေသင့်ပါသည်။ | | |
| | | (ပ) ရခိုင်ပြည်နယ်၏ပထဝီအနေအထားအရ မြစ်ချောင်းများ အလွန်ပေါများသဖြင့် တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သွားရောက်နိုင်ခြင်း မရှိခြင်းကြောင့် အရေးပေါ်ကိစ္စများတွင် ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဦးစားပေး ဆောင်ရွက်ပေးထားသင့်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန<br><br>နယ်စပ်ရေးရာဝန်ကြီးဌာန<br><br>ပြည်နယ်အစိုးရအဖွဲ့ | လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (ဖ) ဆူပူ အကြမ်းဖက်မှုများ ဖြစ်ပေါ် လာပါက အမြန်ဆုံး တည်ငြိမ်မှုများ ပြန်လည်ရရှိရေး ဆောင်ရွက်ရာတွင်လည်းကောင်း၊ မဖြစ်ပွားမီ ကြိုတင်ကာကွယ်ရေးကိစ္စရပ်များဆောင်ရွက် ရာတွင်လည်းကောင်း ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းရသည့် တာဝန်ရှိသူ ပုဂ္ဂိုလ်များအား ထိရောက်သည့် ဆုံးဖြတ်ချက်များချ မှတ်နိုင်ရေး | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | အတွက် အားပေးရန်လိုအပ်သကဲ့သို့ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လုံလောက်သည့် လုပ်ပိုင်ခွင့်အမိန့် အာဏာများကိုလည်း ပေးအပ်ထားသင့်ပါသည်။ ထိုသို့ တာဝန်ယူစိတ်အပြည့်ဖြင့် နည်းလမ်းတကျ လုပ်ငန်း ဆောင်ရွက်သူကိုလည်း လုံလောက်သည့် ထောက်ခံမှု များနှင့် အကာအကွယ်များ ပေးထားသင့် ပါသည်။ | | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (တ) နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် (နစက)သည် မတူညီ သောဝန်ကြီးဌာန (၄)ခုမှ ထုတ်နုတ် ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်းနှင့် ကက(ကြည်း)၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိနေ ကြောင်းသိရှိရပါသည်။ တစိတ်တဝမ်းတည်း ဖြစ်စေရန် ဖွဲ့စည်းမှုများကို ပြန်လည်သုံးသပ် သင့်ပါသည်။ လက်ရှိ နစကသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ဟု ဒေသခံများမှ ပြောကြပါသည်။ သို့ရာတွင် ကွပ်ကဲမှု လမ်းကြောင်း မတူညီမှုကြောင့် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အပိုင်းတွင် အားနည်းနေ သေးသည်ကိုတွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်ရှိ တပ်မ တော်မှအပ နယ်ဘက်အုပ်ချုပ်ရေးနှင့် ဆက်စပ်သော ဌာနအားလုံးသည် ပြည်နယ်ဝန်ကြီးချုပ်ကို အပြည့်အဝ တာဝန်ခံမှုမျိုး ဖြစ်သင့်ပါသည်။ လုံခြုံရေး အဖွဲ့အစည်း များသည် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် နယ်မြေ ဒေသအတွင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန် | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လုံခြုံရေး အဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အမိန့်ကို နာခံရပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေး ဆောင်ရွက်သူများ၏ အမိန့်ကိုနာခံနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ လုံခြုံရေးအဖွဲ့အစည်းများသည် ပဋိပက္ခများကို မဖြစ်ခင်ကြိုတင်ကာကွယ်ရာတွင်လည်းကောင်း၊ ဖြစ်ပြီးချိန်တွင် အခြေအနေကို ထိန်းချုပ်နိုင်ရေးအတွက် ထမ်းဆောင်ရာတွင်လည်းကောင်း ၎င်းတို့၏တာဝန်များကို အချိန်မီထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဆောင်ရွက်နိုင်မည့်နည်းလမ်း (Mechanism) များရှိရန် လိုအပ်ပါသည်။ | | |
| | | (ထ) ဘင်္ဂလားဒေ့ရှ်မှတရားမဝင်ခိုးဝင်လာသူများ(Migration) ကိစ္စများကို ကိုင်တွယ်ရာတွင် ဘင်္ဂလားဒေ့ရှ်အစိုးရ မပါဘဲ ဖြေရှင်းရန် မဖြစ်နိုင်ပါ။ နယ်စပ်တွင်ဖြစ်ပွားသော အခြားပြဿနာများသည်လည်း အလားတူဖြစ်ပါသည်။ လက်ရှိတွင် နစကတစ်ခုတည်းကသာ ကိုင်တွယ်ဆက်ဆံနေခြင်းဖြစ်ပါသည်။ ပိုမိုထိရောက် စေရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးအား နိုင်ငံတော် အဆင့်ဖြင့် ဆက်ဆံသွားသင့်ပါသည်။ သို့ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နှင့်ဆက်ဆံရေးကို တိုးမြှင့်ထားသင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ<br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ<br>တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br>လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| **၁၀** | **တရားဥပဒေစိုးမိုးရေး** | (က) ရခိုင်ပြည်နယ်အတွင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားများ နှင့် နိုင်ငံသားမဟုတ်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အမိန့်များကို သိရှိနားလည်သူအလွန်နည်းပါးနေပါသည်။ ထိုဥပဒေများကို သိရှိနားလည်ပြီး ထိုဥပဒေများ၏ အကာအကွယ်ပေးမှုကို ရရှိခံစားနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အစိုးရဌာနများ၊ စစ်တွေတက္ကသိုလ်၊ မြန်မာနိုင်ငံရှေ့နေများ ကောင်စီ (ဘားကောင်စီ)၊ မြန်မာနိုင်ငံတက္ကသိုလ်များရှိဥပဒေသင်ကြားနေသည့်ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းကာ နွေရာသီ ဥပဒေပညာပေးသင်တန်းများကို ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ |
| | | (ခ) နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်နိုင်ငံရေး အဖွဲ့အစည်း၊လူပုဂ္ဂိုလ်ကိုမဆို ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသော လူမျိုးရေးပြဿနာများအပေါ် မိမိတို့အဖွဲ့အစည်းအကျိုးအမြတ်အတွက် အသုံးပြုခြင်းကို ဥပဒေများပြဋ္ဌာန်း၍ ထိရောက်စွာတားမြစ်သွား သင့်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ<br><br>တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ |
| | | (ဂ) တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနိုင်ရေးအတွက်၊ ဥပဒေချိုးဖောက်သူများကို တရားရုံးမှ အရေးယူအပြစ်ပေးခြင်းပြုလုပ်ရာတွင် ရခိုင်၊ ဘင်္ဂါလီ၊ အခြားတိုင်းရင်းသားများဟူ၍ ခွဲခြားဆက်ဆံခြင်းမပြုဘဲ၊ တရားဥပဒေရှေ့တွင် အားလုံး တန်းတူဆက်ဆံခြင်း ပြုနိုင်ရေး အလေးထား | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | သင့်ပါသည်။ ပဋိပက္ခများ ထိန်းသိမ်းကိုင်တွယ်ရာတွင် လိုအပ် သည့်ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ပြန်တမ်းများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအများစု သိရှိနားလည်နိုင်ရန် ထုတ်ဝေသင့်ပါသည်။ | | |
| | | (ဃ) လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ယှဉ်တွဲ နေထိုင် သည့်တိုင်းပြည်ဖြစ်သည်နှင့်အညီ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု အစရှိသည်တို့ကို အခြေခံပြီး ပဋိပက္ခဖြစ်ရန် သို့မဟုတ် အဓိကရုဏ်းများဖြစ်ရန် လှုံ့ဆော်မှု ပြုသူများကို ထိရောက်စွာ အရေးယူ ဆောင်ရွက်သင့်ပါသည်။ယဉ်ကျေးသောလူ့ဘောင်အဖွဲ့အစည်းတွင် အမုန်းတရားကို အခြေခံပြီး ဖြစ်ပွားလာသည့်မှုခင်းများကို ထိထိရောက်ရောက် အရေးယူနေပါသည်။ ထို့ကြောင့် လက်ရှိကျင့်သုံးနေသော ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဌာန်းချက်များအတိုင်း ထိရောက်စွာ အရေးယူမှုများကို ပြုလုပ်ရန်လိုအပ်ပြီး၊ ဟန့်တားနိုင်ရန် ထိရောက်သည့်ပြစ်ဒဏ်များပေးနိုင်ရေးအတွက်ပြင်ဆင်ရန် လည်းလိုအပ်ပါသည်။ ဥပဒေပြုရေးကဏ္ဍမှ လည်း ထိရောက်သော အရေးယူမှုများလုပ်နိုင်ရန် လိုအပ်သည့် ဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်း ပေးသင့်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်းကော်မတီ |

26

| | | | | |
|---|---|---|---|---|
| ၁၁ | **ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်နိုင်ရေး** | (က) ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအချို့၏နိုင်ငံသားဖြစ်ရေးသည် လက်ရှိအခြေအနေတွင် ရှင်းလင်းမှုမရှိသေးပါ။ သို့ရာတွင် အစိုးရနှင့် လူမှုအဖွဲ့အစည်းများ အနေဖြင့် သူတို့အပေါ် လူ့အခွင့်အရေး မချိုးဖောက်မိစေရန်နှင့် လူမှုဘဝလုံခြုံရေး၊ လူမှုဖူလုံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။ အစိုးရအဖွဲ့အစည်းများအနေဖြင့် တရားမဝင် ဝင်ရောက်လာသူများသည် အခြေခံလူ့အခွင့်အရေးများ ရသင့်သည်ဟု လက်ခံ၍ ထိုသူများအပေါ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သင့်သည်များကို အများပြည်သူသိသာစေရန် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သင့်ပါသည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ<br><br>လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသား စိစစ်ရေးလုပ်ငန်းကော်မတီ<br><br>တည်ငြိမ်အေးချမ်းရေးနှင့်တရား ဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ |
| | | (ခ) နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီးသော ဘင်္ဂါလီများကိုလည်း ဥပဒေအရ၊ ရသင့်ရထိုက်သော အခွင့်အရေးများကို ပေးရမည်ဖြစ်ပါသည်။ အစိုးရ အနေဖြင့် နိုင်ငံတော်လုံခြုံရေးအတွက် ထိုသူများ၏ အခွင့်အရေးများကို ကန့်သတ်ရန် လိုအပ်ပါကလည်း ဥပဒေအရ တိကျစွာ ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့် ပဋိပက္ခနှင့် ပတ်သက်နေသူ အားလုံး၏ လူ့အခွင့်အရေးများကို မည်သူမျှ ချိုးဖောက်ခွင့် မပြုခဲ့ပါက၊ မလိုလားအပ်သည့် ပြဿနာမြောက်များစွာကို ရှောင်ကြဉ်ပြီးသားဖြစ်သွားမည် ဖြစ်ပါ သည်။ | ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရား ဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | (ဂ) အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းရာတွင် လူ့အခွင့်အရေးများ မချိုးဖောက်မိစေရန်နှင့် ပြည်နယ်အတွင်းရှိ နေထိုင်သူများ၏ ဘဝလုံခြုံမှုကို အလေးပေးဆောင်ရွက်ရပါမည်။ သို့ရာတွင် တိုင်းပြည်၏ အမျိုးသားအကျိုးစီးပွားနှင့် မြန်မာပြည်သူတို့၏ လုံခြုံရေးအပေါ် ထိခိုက်နိုင်သူများ၏ လူ့အခွင့်အရေး ကန့်သတ်မှုများကိုမူ နိုင်ငံတိုင်းကပြုလုပ် တတ်ကြပါသည်။ အကယ်၍ လူတစ်ဦး သို့မဟုတ် လူတစ်စု၏ လူ့အခွင့်အရေးများကို ကန့်သတ်ရန် လိုအပ်လာသည်ဆိုပါက တိုင်းပြည်လုံခြုံရေးအတွက် အမှန်တကယ် လုပ်ဆောင်ရန် လိုအပ်မှသာ ပြုလုပ်သင့်ပါသည်။ | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ |
| | | (ဃ) ရခိုင်ပြည်နယ်တွင် ကျင့်သုံးလျက်ရှိသော တရားရေး ကဏ္ဍနှင့် ဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များသည် ပြည်နယ်အတွင်းနေထိုင်သူများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် (Problem Solving Machanism) တစ်ခုအဖြစ်ရှိနေရန် လိုအပ်ပါသည်။ ထိုသို့ဖြစ်မှသာ ရခိုင်နှင့် ဘင်္ဂါလီအများစု အနေဖြင့် ဥပဒေမဲ့ပြဿနာ ဖြေရှင်းမှုများ လျော့နည်းလာမည်ဖြစ်ပါသည်။ | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ပြည်နယ်အစိုးရအဖွဲ့ | တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |
| | | (င) ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့် အတူယှဉ်တွဲနေထိုင်ရန်ကြောက်ရွံ့နေသော ကိစ္စတစ်ခုမှာဘင်္ဂါလီများ၏ လူဦးရေတိုးပွားနှုန်းဖြစ်သည်။ ထို တိုးပွားလာသော လူဦးရေကိုကြည့်၍ ရခိုင်အချို့မှ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြသည်ဟုခံယူထားကြပြီးရခိုင်ပြည်နယ် | နိုင်ငံတော်သမ္မတရုံး<br><br>ပြည်ထောင်စုအစိုးရအဖွဲ့<br><br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ<br>ဘက်စုံမဟာဗျူဟာရေးဆွဲရေး |

| | | | | |
|---|---|---|---|---|
| | | အား ဘင်္ဂါလီများ ထိန်းချုပ်သော ပြည်နယ်မဖြစ်စေရန် လုပ်ဆောင်ရမည်ဟူသည့် အယူဝါဒရှိလာ ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်တိုင်းရင်းသားများက အစိုးရအနေဖြင့် ဘင်္ဂါလီများအပေါ် ပေါ်လစီများချမှတ်အကောင်အထည်ဖော်ရန် ဆန္ဒရှိနေကြပါသည်။ အစိုးရအနေဖြင့် မိသားစုစီမံကိန်းကို စနစ်တကျ လုပ်ဆောင်သွားနိုင်လျှင် ရခိုင်လူမျိုးများ၏ စိုးရိမ်မှုများ တစိတ်တဒေသ လျော့ကျသွားပြီး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို အထောက်အကူ ပြုနိုင်သည်ဟု ပြောဆိုကြပါသည်။ အစိုးရကသော်လည်းကောင်း၊ လူမှုအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း ဘင်္ဂါလီများအပေါ် အုပ်ချုပ်ရေး အာဏာသုံးကာ သားဆက်ခြားရေးအစီအစဉ်များ အတင်းအကြပ် မလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ပါက နိုင်ငံတကာအမြင်တွင် ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင်၊ ဘင်္ဂါလီ နိုင်ငံရေး လှုပ်ရှားသူများမှ ဤကိစ္စကို အသုံးချ၍ ပြည်နယ်အတွင်း မငြိမ်မသက်မှုများကို ဖန်တီးလာနိုင်ပါသည်။ ထိုအပြင် မိန်းမတစ်ယောက် ထက်ပိုမယူရန် အုပ်ချုပ်ရေး အာဏာကိုသုံးကာ တားမြစ်ခြင်းများသည် လက်တွေ့တွင် အကျိုးသက်ရောက်မှု အလွန်ပင် အားနည်းနေသည်ကို တွေ့ရပါသည်။ လက်ရှိအစိုးရ တက်လာသည့် အချိန်ထိ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီများ အနေဖြင့် ဒေသ | INGO, NGO များ | လုပ်ငန်းကော်မတီ<br><br>လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ အိမ်ထောင်ပြုခွင့်မရှိပါ။ ဤစည်းမျဉ်းသည် သက်ဆိုင်ရာအရာရှိမှ ဘင်္ဂါလီများထံ လာဘ်ယူရန် အခွင့်အရေး ဖန်တီးပေးသလိုဖြစ်နေပြီး လက်တွေ့တွင် အကျိုးသက်ရောက်မှု မရှိသည်ကိုတွေ့ရသည်။ ဘင်္ဂါလီ အများအပြားသည် သက်ဆိုင်ရာမှ ခွင့်ပြုချက် မယူဘဲ တိတ်တဆိတ် လက်ထပ်ထားသူ အမြောက်အမြား ရှိနေပါသည်။ ပြဿနာမှာ ထိုသူများမှ မွေးဖွားလာသည့်ကလေးများသည် မှတ်တမ်းတင် မထားသည့် ကလေးများ ဖြစ်သွားကာ စစ်တမ်းကောက်ယူထားမှုများအရ ထိုကဲ့သို့သော ကလေးပေါင်း ၆၀၀၀၀ ကျော်ခန့်ရှိနေကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ နောင်တစ်ချိန်တွင် လူဦးရေပြဿနာများ ရှုပ်ထွေးလာနိုင်ပါသည်။ သို့ဖြစ်၍ အစိုးရအနေဖြင့် ပါကစ္စတန်နှင့် အခြားမူဆလင်နိုင်ငံများတွင် ချမှတ်အကောင် အထည်ဖော်သည့် ပညာပေးရေးနှင့် ဥပဒေများ စနစ်တကျ ပြဌာန်း၍ အစီအစဉ်များ ချမှတ် အကောင်အထည်ဖော်သွားသင့်ပါသည်။ | | |
| ၁၂ | **မီဒီယာကဏ္ဍ** | (က) ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကို တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာမှ အသေအချာ စောင့်ကြည့်လျှက်ရှိသည်ဖြစ်ရာ၊ အမြဲသတိရှိရပါမည်။ အစိုးရတာဝန်ရှိသူများသည် ပဋိပက္ခနှင့်ပတ်သက်၍ သတင်းမီဒီယာများကို ပြောကြားရာတွင် လည်းကောင်း၊ | နိုင်ငံတော်သမ္မတရုံး<br>ပြည်ထောင်စုအစိုးရအဖွဲ့<br>ရခိုင်ပြည်နယ်အစိုးရ | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်ဆံ၍ လုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း၊ ပြည်နယ်အတွင်း ရှိပြီးသားပြဿနာများကို ပို၍ဆိုးရွားသွားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်သင့်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်အစိုးရ၏ အစိုးရအဖွဲ့ဝင် လူကြီးများအနေဖြင့် ရခိုင်ပြည်နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမရှိပါဟု အလွယ်တကူ မပြောသင့်ပါ။ ယင်းသို့ ပြောကြားခြင်းသည် ရခိုင်လူမျိုးများအား မလိုလားအပ်သည့် လှုံ့ဆော်မှုများ ပြုလုပ်သလို ဖြစ်နေပါသည်။ အစိုးရအနေဖြင့် တရားမဝင် ဝင်ရောက် လာသူများနှင့် ထိုကိစ္စများတွင် အဂတိလိုက်စားသည့် အစိုးရဝန်ထမ်းများကို ဥပဒေနှင့်အညီ စီစစ်၍ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဟုသာ ပြောသင့်ပါသည်။ | | |
| | | (ခ) ထိုအပြင် ပဋိပက္ခနှင့်ပတ်သက်သော အကြောင်းအရာများကို **internet** ပေါ်တွင် ဖုံးထားရန် လုံးဝ မဖြစ်နိုင်တော့ပါ။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ဖြစ်စဉ်များကို မှန်မှန်ကန်ကန်၊ တိတိကျကျ ပုံမှန်သတင်းထုတ်ပြန်ပေးသင့်ပါသည်။ ထိုသို့မပြုလုပ်ပါက နှစ်ဖက်စလုံးမှ လှုံ့ဆော်သူများ၏ ထုတ်လွှင့်သော ကောလာဟလသတင်းများ၏ လွှမ်းမိုးမှုကြောင့် အခြေအနေများ | - ၎င်း - | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | ပိုမိုဆိုးရွားလာမည် ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်၏ သတင်းထုတ်ပြန်မှု နှေးကွေးမှုအပေါ် နှစ်ဖက်လှုံ့ဆော်သူများမှ အခွင့်အရေးယူကာ ဖြန့်ချီလိုက်သော ကောလာဟလများကြောင့် အခြေအနေများ ဆိုးရွားလာတတ်သည်ကို မကြာသေးခင်က ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် တွေ့ရှိနိုင်ပါသည်။ | | |
| | | (ဂ) ရခိုင်ပြည်နယ်၌ဖြစ်ပွားနေသောပဋိပက္ခများကိုပြည်တွင်းကသာမက၊ နိုင်ငံတကာ အသိုင်းအဝိုင်းကပါ အထူးစောင့်ကြည့်နေပြီး၊ **ASEAN** နိုင်ငံ များသို့လည်း နိုင်ငံအချို့က ဤပြဿနာကို နိုင်ငံတကာ ပြဿနာဖြစ်လာအောင် ကြိုးပမ်းလျှက် ရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်ဆက်ဆံရာတွင် ဤပြဿနာသည် မြန်မာပြည်တွင်းရေးပြဿနာဟု ပြောရုံဖြင့် မလုံလောက်ပါ။ အစိုးရအနေဖြင့် ရခိုင်ပြည်ရှိ ပဋိပက္ခများကို ပြည်တွင်းပြဿနာတစ်ခုအဖြစ် ဖြေရှင်းနိုင်ကြောင်း လက်တွေ့ပြသရန် လိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင် နိုင်မှုများနှင့် ပတ်သက်သော သတင်းထုတ်ပြန်မှုများကို ပုံမှန် ပြုလုပ်သွားရန်လိုအပ်ပါသည်။ ရန်ကုန်ရှိ သံတမန်အသိုင်းအဝိုင်း အတွင်း၌ပင် **internet** နှင့် **facebook** တို့မှရရှိသော မှန်/မမှန် သေချာမှု မရှိသည့် သတင်းများကို အခြေခံ၍ အစိုးရအပေါ် အပြစ်တင်မှုများ ရှိနေပါသည်။ | - ၎င်း - | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ |

| | | | | |
|---|---|---|---|---|
| | | ဤအခြေအနေမျိုးတွင် **internet** နှင့် **social media network (facebook)** များကို ထိန်းချုပ်မှုများ ပြုလုပ်ခြင်းမျိုးသည် အခြေအနေကိုပို၍ ဆိုးရွားသွားစေနိုင်ပါသည်။ အစိုးရအနေဖြင့် ပို၍တိကျသော သတင်း ထုတ်ပြန်မှုများကို ပြုလုပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးအတွက် အရေးကြီးသောကိစ္စမှအပ ကျန်ကိစ္စများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခြင်းဖြင့် မတိကျ၊ မလိုလားအပ်သော ကောလာဟလသတင်းများကို ကျော်လွှားနိုင်ရန် သတင်းစာ ရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်း ထုတ်ပြန်ချက်များ အခါအား လျော်စွာ ထုတ်လွှင့်ခြင်းများကို ပုံမှန်ဆောင်ရွက်သင့်ပါသည်။ | | |
| | | (ဃ) ဖွန်လ၊ဩဂုတ်လနှင့်စက်တင်ဘာလများတွင် ရခိုင်ပြည်နယ်နေရာအနှံ့အပြား၌ အဓိကရုဏ်းများ ဆိုးရွားလာသည့် အဓိကအကြောင်းအရင်းတစ်ခုမှာ နိုင်ငံတော် အစိုးရ၌ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပတ်သက်သော လိုအပ်သည့် သတင်းအချက် အလက်များအား ကြိုတင်ရရှိထားခြင်း မရှိသည့်အတွက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရအနေဖြင့် အဓိကရုဏ်းများကို ကြိုတင်ကာကွယ်နိုင်ရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို အချိန်မီ ဆောင်ရွက်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရန် ဆောင်ရွက်သွားသင့်ပါသည်။ | - ၎င်း - | ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ<br><br>တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ<br><br>လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ |

# ရခိုင်ပြည်နယ်မြို့နယ်များတွင် လူမျိုးစုအလိုက် ပြန့်နှံ့နေထိုင်မှုပြပုံ

နောက်ဆက်တွဲ (င)



## ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင် ရုံးအဖွဲ့ဝင်များ

| | | |
|---|---|---|
| ၁။ | ဦးထန်ကျင်ထောင်း | ရုံးအဖွဲ့မှူး |
| ၂။ | ဦးအောင်ထွန်း | ဒုရုံးအဖွဲ့မှူး |
| ၃။ | ဦးဇင်မောင်လင်း | သုတေသနလက်ထောက် |
| ၄။ | ဦးထက်ပိုင်ဦး | သုတေသနလက်ထောက် |
| ၅။ | ဦးကျော်မင်းလွင် | သုတေသနလက်ထောက် |
| ၆။ | ဒေါ်ရီမြတ်အောင် | သုတေသနလက်ထောက် |